www.burmeseclassic.com

ဝိုး ဝိုး လှ ငပ


# မြူလသွယ်

နှလုံးသားမိုင်တိုင်အမှတ် တစ်ထောင့်ငါးရာ

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၁၇၂၀၂၀၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၂၈၅၀၃၀၀၈ |
| ပုံနှိပ်ခြင်း | - | ၂၀၀၈ ခုနှစ်၊ ဧပြီလ။<br>ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |
| အဖုံးဒီဇိုင်း | - | ဘိုဘိုထွန်း |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂)<br>စံပယ်အော့ဖ်ဆက်<br>၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်။ |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ)<br>(မြ-၀၃၈၅၁)<br>အမှတ် ၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်[illegible] |


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

မြူးကြွသော တေးဂီတသံနှင့်အတူ ရောင်စုံဆလိုက်မီးလုံးတွေကလည်း တီးလုံးသံနှင့်အပြိုင် မှိတ်ချည်လင်းချည်။ ရောင်စုံဖြိုးကြနေသည့် လူရောင်စုံကလည်း ကိုယ့်အုပ်စုနှင့်ကိုယ်။ ဟိုတစ်စု ဒီတစ်စု။ တချို့ကြတော့လည်း နှစ်ယောက်တည်း တီးတိုးစကားဆိုချက် တချို့ကြတော့ နှစ်ယောက်သုံးယောက်။

အားလုံးလူငယ်တွေချည်း ပျော်တဲ့ပွဲဟုဆိုရမည့် အခြေအနေထဲမှာ မြပချုပ် သူမ မြင်လိုတွေ့လိုသူကို ရောင်စုံလူများကြားမှာ မျက်လုံးဝိုင်းကြီးတွေနှင့် ဝင့်ခနဲ ဝင့်ခနဲ အပြေးအလွှားရှာဖွေကြည့်နေသည်။

တစ်နေရာပြီး တစ်နေရာ။

တစ်ယောက်ပြီး တစ်ယောက်။

မြပချုပ် တွေ့လိုမြင်လိုသူကိုက မမြင်မတွေ့ရသေး။ နေခို ဘ ဒီလိုပွဲများကို နှစ်သက်လေ့ရှိသူမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



တည်ငြိမ်သောအသွင်ဖြင့် အေးချမ်းစွာနေတတ်သူ။ နေချို က ရုပ်ချောသလို သဘောလည်းကောင်းသည်။ နေချိုဆိုလျှင် မိန်းကလေးတိုင်းက စိတ်ဝင်စားကြသလို အလေးလည်းထားကြ သည်။ ထိုသူတွေထဲမှာ မြပချူပ်လည်း အပါအဝင်ပါ။

မြပချူပ်နှင့် နေချို အခြေအနေကလည်း တရားဝင်မဟုတ် သော ချစ်သူတွေ။ ဒါကို နေချိုလည်း သိသည်။ ဒါပေမယ့် ဒီလိုအဖြစ်မျိုး ဖြစ်လာလိမ့်မည်ဟု မြပချူပ် ထင်မထားခဲ့ပါ။ သို့ပါ သော်လည်း လက်ရှိအခြေအနေမှာတော့ မြပချူပ် ထင်မှတ်မထား တာတွေ ဖြစ်လာခဲ့သည်။ တစ်နေ့မှာ နေချိုဆိုတာ မြပချူပ်ရဲ့ ချစ်သူဖြစ်ရမည်ဟု ယုံကြည်စိတ်ချထားခဲ့သမျှ အခုတော့ မြပချူပ် ရင်ကွဲဖို့ဖြစ်လာခဲ့ရလေပြီ။ မိန်းကလေးတွေ အမြင်ကလည်း သေချာ တွေးကြည့်ရင် ရယ်စရာလည်းကောင်းသလို သနားစရာလည်း ကောင်းသည်။ နေချိုတို့လို ယောကျ်ားတွေက စိတ်ကြိုက်ဆော့ ကစားနိုင်သည်။ ဒါကို မြပချူပ်ကိုယ်တိုင်လည်း သိသည်။ ခံစား နားလည်ပါလျက် မြပချူပ်ကိုယ်တိုင်က နေချိုနှင့် ပြောဆိုဆက်ဆံ ရသည့်အပေါ်မှာ သာယာကြည်နူးနေမိတော့ ကိုယ့်ဒုက္ခကိုယ်မမြင်။ ကိုယ့်ကိုယ်ကို သူတစ်ဖက်သားက လှောင်ပြောင်ရယ်မောစရာ၊ သနားစရာဖြစ်နေတာကိုလည်း မတွေး။

သူမအတွေးထဲမှာ နေချိုဆိုသည့် လူတစ်ယောက်တည်းကို ထည့်ထားမိသည်။ ဒီတော့ မြပချူပ် လှုပ်ရှားကြံစည်တွေးတော စိတ်ကူးယဉ်သမျှအားလုံး နေချိုနှင့်သာ သက်ဆိုင်သည့် အပြုအမူ





ချည်းဖြစ်သည်။

ဒီနေ့ ပါတီပွဲကို နေချိုလာမည်ဆိုတာသိ၍ မြပချူပ်ကိုယ် င်လည်း သူမကိုယ်သူမ အလှဆုံး ပြင်ဆင်ခြယ်မှုန်းလာသည်။ ပျော့ပျောင်းအိနွဲ့သော အနက်ရောင်ဝတ်စုံလေးက ဝင်းဝါသော ချူပ် ကိုယ်ခန္ဓာကိုယ် အလှကောက်ကြောင်းကို အလှပ အသက် ဆုံး ဖန်တီးပေးထားသည်။

ခွာမြင့်ဖိနပ်ချွန်ချွန်လေးနှင့် ကြိုးသေးသေးလေးတွေ တွေးစွာ လှပနေသော ဖိနပ်လေးက မြပချူပ်၏ ဖြူနုသော နုရောင် ခြေချောင်းအလှလေးကို အလှဆင်ယင်ထား၏။

နားမှာ ရွှေရောင်နားကွင်းကြီးကို ဆွဲထားပြီး လည်မှာ ည်း ရွှေကြိုးမျှင်မျှင်နှင့် စိန်ပွင့်သေးသေးလေးတစ်လုံးထဲ မြုပ်ထား ည့် လော့ကက်လေးဖြင့် တွဲဝတ်ထားသည်။

ကျောလယ်ထိ ရွှေညိုရောင် ဖြောင့်စင်းနေသော ဆံပင် င်လေးတွေက အဖျားနားလေးမှာ ကပ်ပြီး ခွေလိပ်သွား၏။ ပြီးဆိုရလျှင် ဒီနေ့ မြပချူပ် သိပ်လှနေသည်။

ထိုအလှကို နေချိုဆိုသည့် ရွှေမင်းသား သတိပြုမိသွား ချင်သည်။ အဲဒီနောက်မှာ မြပချူပ်ဆိုတာ နေချိုရဲ့ လက်ထပ် ည့်သူအဖြစ် ရဲဝံ့စွာ တက်လှမ်းဂုဏ်ယူလိုက်ချင်သည်။ ဒါ ချူပ်ရင်ထဲက ဆန္ဒနှင့် လောဘလေးများဟုဆိုလျှင်လည်း မမှား ။

ဟော…



www.burmeseclassic.com

www.burmeseclassic.com



မြပချုပ် မျက်ဝန်းအစုံမှာ အရောင်လက်သွားသလို နီရဲ ထွအမ်းသည့် နှုတ်ခမ်းအစုံကလည်း ကျေနပ်ခြင်းပီတိဖြင့် ပြုံးမိ သွား၏။ သူမအကြည့်တွေက တစ်နေရာထဲမှာ စူးစိုက်သွားသည် တခြားဘာကိုမှ မမြင်တော့။

မြပချုပ် မျက်ခုံးထဲမှာ နေချိုတစ်ယောက်တည်းကိုသာ ထွက်ပြီးမြင်နေမိပေမယ့် နေချိုက တစ်ယောက်တည်းမဟုတ်။ သူ့နား မှာ နေချိုမျက်နှာကို ပြုံးပြုံးလေးကြည့်နေသည့် နေချို့ရဲ့ ချစ်သူ ပက်ထရစ်ရှာရှိနေသည်။

နှစ်ယောက်တည်း တိုးတိုးတိုးတိုးနှင့် ဘာတွေပြော ကြသည်မသိ။ နေချိုက ပက်ထရစ်ရှာ မျက်နှာကို ပြုံးလျက် ငုံ့ကြည့်လိုက်တာ မြင်ရတော့ မြပချုပ်ရင်ထဲ စပ်ဖျင်းဖျင်း အခံ ခက်သွားသည်။

တကယ်ဆို မြပချုပ်ကိုယ်တိုင်လည်း နေချို့ရဲ့ အလိုလိုက် အရေးပေးခြင်း ခံရသူတွေထဲက တစ်ယောက်အပါအဝင်ပါ။ မြပချုပ် မျက်နှာညိုလျှင် မနေတတ်သော နေချိုက မြပချုပ်က သူ့ကို စိတ်ဆိုးစိတ်ကောက်ပြီး မခေါ်မပြောဘဲ ပစ်ထားလျှင် သူက မြပချုပ်ကို အမြဲလို အရေးတယူ ချော့မော့တတ်သူ။

အို…သူဟာ မြပချုပ်ရဲ့ချစ်သူပါ။

မြပချုပ်ကို သူချစ်တာ စိတ်ဝင်စားတာ မြပချုပ်သိသည် မြပချုပ် ဆိုးနွဲ့သမျှ ပြုံးပြုံးနှင့် အလိုလိုက်တတ်သူ။ သူ့မျက်လုံး အကြည့်တွေကို မြပချုပ် နားလည်သည်။ သူ့အပြုံးတွေကို သူမမြတ်





နိုးသည်။

သူချစ်တာကို မြပချုပ်သိသလို မြပချုပ် သူ့ကို မြတ်နိုး တွယ်တာတာကိုလည်း နေချို သိသည်။ ဒါနဲ့များ ဘာဖြစ်လို့ မြပချုပ်ကိုထားပြီး ပက်ထရစ်ရှာဆိုသည့် မိန်းမနှင့် စေ့စပ်လိုက်ရ သနည်း။

နေချိုလို လူချောတစ်ယောက်အနေနှင့် ပက်ထရစ်ရှာလို မိန်းကလေးတစ်ယောက်ကို ရွေးချယ်လိုက်ခြင်းမှာ လုံးဝမဖြစ်သင့် သောကိစ္စဖြစ်သည်။ ပက်ထရစ်ရှာက မြပချုပ်ဆိုသည့် သူမလောက် လှတာလည်းမဟုတ်။ မြပချုပ်ထက်လည်း အသက်ကြီးသေးသည်။

လူကလည်း သေးသေးညက်ညက်နှင့် စကားပြောကောင်း သည်။ ငယ်ငယ်ရွယ်ရွယ်နှင့် ပက်ထရစ်ရှာက တကယ့်လူကြီးလေး တစ်ယောက်လို မိဘစီးပွားရေးလုပ်ငန်းကို ဦးဆောင်နိုင်သူ။ အရောင်းအဝယ် ကျွမ်းကျင်သည်။ စီးပွားရေး လာဘ်မြင်သည်။ ကိုယ်တိုင်လည်း အထည်ချုပ်စက်ရုံကို ဦးစီးနေသည့် ဖက်ရှင် ဒီဇိုင်နာတစ်ယောက်။ နေချိုနှင့် ငယ်ငယ်လေးထဲက သူငယ်ချင်းဟု ဆိုသည်။

မြပချုပ်နှင့် ပက်ထရစ်ရှာကို နေချိုကိုယ်တိုင် မိတ်ဆက် ပေးတုန်းကလည်း ထိုအတိုင်းပဲ ပြောခဲ့သည်။ အခုကြမှ ဖြုန်းစား ကြီး နေချိုနှင့် ပက်ထရစ်ရှာ စေ့စပ်လိုက်သည်ဆိုတော့ မြပချုပ် အသက်ရှူရပ်မလို ဖြစ်သွား၏။

ပက်ထရစ်ရှာနှင့် နေချိုဟု တွေးလိုက်တိုင်း မြပချုပ်



www.burmeseclassic.com

www.burmeseclassic.com



မယုံကြည်နိုင်။

"နေချို"

"ဟော…ပချုပ် လာလေ"

နေချိုကို လှမ်းခေါ်လိုက်ချိန် ပက်ထရစ်ရှာက အရင်ဦးအောင် မြပချုပ်ကို ခင်မင်ရင်းနှီးစွာ ပြုံးရယ်နှုတ်ဆက်ခေါ်ငင်လိုက်ခြင်းဖြစ်သည်။

"ကြည့်ပါဦး ပချုပ်က သိပ်လှတာပဲချိုရယ်၊ ဒီနေ့ပွဲမှာ ပချုပ်အလှဆုံးပဲထင်တယ်"

ပက်ထရစ်ရှာက နေချိုဘက်ကို လှည့်ပြီး ပြောလိုက်ခြင်းဖြစ်သည်။ ဤသည်ကို မြပချုပ် သဘောမကျပါ။ ပက်ထရစ်ရှာကို မြပချုပ် မုန်းသည်။ သူ့ကြောင့် နေချိုကို မြပချုပ် လက်လွှတ်ဆုံးရှုံးရတော့မည့်အဖြစ်ကို တွေးမိလျှင် ပက်ထရစ်ရှာကို ကမ္ဘာ့အပြင်ဘက် တစ်နေရာရောက်အောင် ဆွဲယူလွှင့်ပစ်လိုက်ချင်မိသည်။

"တစ်ယောက်တည်းလား ပချုပ်"

"နေချိုဟာ ဘယ်နှစ်ယောက် မြင်နေလို့လဲ"

ရင်နာစွာ သူမမေးလိုက်တော့ နေချိုက မြပချုပ် နှစ်သက်မြတ်နိုးလှသော အပြုံးလှလှဖြင့် ကလေးငယ်တစ်ယောက်လို နှုတ်ခမ်းစူပြီး မျက်နှာညိုသွားသော သူမကိုကြည့်ကာ ကြည်သာရွှင်ပျစွာ အသာအယာရယ်မောပါသည်။

"ဆောရီး…စိတ်မဆိုးပါနဲ့ကွာ၊ တို့က ပချုပ်မှာ တခြားအဖော်ပါလာမယ်ထင်လို့ပါ"





"ပက်ထရစ်ရှာ"

"ဩော်…ဖွန်မီ"

"ဟိုမှာ ပက်ထရစ်ရှာကို တွေ့ချင်လို့တဲ့ လူတစ်ယောက်စောင့်နေလို့ လိုက်ခဲ့ဦး"

"အဟင်း…ဟင်း ချို ခဏနော်၊ ပချုပ် ချိုနဲ့ စကားပြောနေဦးနော်၊ ပက်ထရစ်ရှာ သူနဲ့ခဏလိုက်သွားဦးမယ်"

"ကောင်းပါပြီဗျာ"

ပက်ထရစ်ရှာ လက်တစ်ဖက်ကိုဆွဲပြီး ဖွန်မီက မြပချုပ်တို့နှင့် ဆန့်ကျင်ဘက်ရှိရာကို ခေါ်သွားချိန်မှာ မြပချုပ်ရင်ထဲက အလုံးကြီး ဝုန်းခနဲ ပြုတ်ကျသွား၏။ ရင်ထဲက တင်းကြပ်မှုတွေ အနည်းငယ် ပြေလျော့သွားကာ သူမရှေ့တည့်တည့်တွင် ရှိနေသော နေချိုမျက်နှာကို ဝမ်းနည်းကြေကွဲစွာ စူးစိုက်ကြည့်ပစ်လိုက်သည်။ နေချိုကလည်း လှပသော မြပချုပ်၏ မျက်နှာလေးကို ခပ်ပြုံးပြုံး အမူအရာဖြင့် သူမကို တုံ့ပြန်ငေးကြည့်နေပုံက အသည်းယားစရာ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

မြပချူပ်သည် မှောင်ရိပ်ထဲမှနေကာ လူအများဖြင့် စည်ကားပျော်ရွှင်နေသော ညှော်ခံပွဲကျင်းပရာနေရာကို ငူငူငိုင်ငိုင် စူးစိုက်ငေးကြည့်နေသော်လည်း မျက်လုံးထဲမှာ ဘာကိုမှ မမြင် မတွေ့။ မည်သည့်အသံဗလံကိုမှလည်း မကြား။

သူမဘဝတစ်သက်တာတွင် အကြီးမားဆုံးသော မှားယွင်းမှုကြီးတစ်ခုကို ကျူးလွန်လိုက်မိရပါပြီကောဟု တွေးကာ ကိုယ့်ကိုယ်ကို ခါးနေအောင် မုန်းတီးရွံရှာစက်ဆုပ်သွား၏။

သူမ ဘာတွေလုပ်မိသနည်း။

သေချာသည်ကတော့ မြပချူပ် တစ်သက်တာတွင် နေချို ကို စွန့်လွှတ်ဆုံးရှုံးလိုက်ရခြင်းပင်။ သူမကို နေချိုစိတ်ထဲမှာ အထင် မြင်သေးစွာ မုန်းတီးသွားတော့မည်။ သူမကိုမြင်တိုင်း သူ့ပါးကို ရိုက်ခံတာကို သတိရနေမည်။

ဘယ်လောက်များ နာကြည်းကြေကွဲစရာ ကောင်းလိုက်တဲ့





အဖြစ်အပျက်တွေပါလိမ့်။ မြပချူပ်အတွေးထဲကို ဖျတ်ခနဲ အိုင်းရစ် ရောက်လာတော့ မြပချူပ်မှာ သူ့အဖြစ်ကို နာကြည်းမဆုံးချေ။

မြပချူပ်၏ သူငယ်ချင်း အိုင်းရစ်ကို ရဲတင်းလွန်းသည်။ အရှက်နည်းလွန်းသည်ဟု လူတိုင်းက ထင်ကြသည်။ ဒီလိုထင် အောင်လည်း အိုင်းရစ်က အနေမတတ်။ လူတိုင်းကို အလွယ်နှင့် ခင်တတ်သည်။ အကူအညီလိုလျှင် ပေးသည်။ တွဲသွားတွဲလာ ယောကျ်ားလေးအဖော်များသဖြင့် အိုင်းရစ်ကို ဘယ်သူကမှ အကောင်းမပြော။

မြပချူပ်ကိုယ်တိုင် အိုင်းရစ်ထက်ပင် ဆိုးနေပြီလားဟု တွေးကာ ကိုယ့်ကိုယ်ကို ဒေါသထွက်လာ၏။ ယူကျုံးမရစိတ်ဖြင့် ရင်တစ်ခုလုံး မွမွကြေနေသည်။

မြပချူပ်သည် သူမကိုယ်သူမ မုန်းသည့်အတွက် အားလုံး ကို မုန်းသည်။ နေချိုကိုလည်း မုန်းသည်။ ကမ္ဘာကြီးတစ်ခုလုံးကို လည်း မုန်းသည်။

စင်စစ် သူမအချစ်တွင် နူးညံ့ညင်သာသိမ်မွေ့ခြင်း ဟူ၍ မရှိ။ ကိုယ်ချစ်မြတ်နိုးသူကို ရယူပိုင်ဆိုင်လိုသော လောဘများဖြင့် သာ မိမိသာ အပိုင်ရရမည်ဆိုသော တစ်ဖက်သားကို ပိုင်စိုးလိုသော ဆန္ဒများဖြင့် ပူလောင်နေသောအချစ်မျိုးဖြစ်သည်။

အခု သူမရှုံးပြီ။

မိန်းမတစ်ယောက်၏ အရှက်နှင့်ဂုဏ်သိက္ခာကို သူမ အင်မတန်ချစ်မြတ်နိုးသော ယောကျ်ားတစ်ယောက်၏ ခြေဖဝါး



www.burmeseclassic.com

www.burmeseclassic.com



အောက်မှာ အပိုင်းပိုင်းကျိုးပြတ်ကာ မြုမှုန်ဖြစ်စေခဲ့ပြီ။

သူမ ဘာလုပ်ရမည်နည်း။

အခုချိန်ကြမှ ဓားဓားက အချိန်တွေကို ပြန်မလိုချင်တော့ ပါဟု ပြောချွမရတော့။ နောက်ဆုံးတော့ မြပချူပ်သည် ဘယ်လိုမှ သူမစိတ်ကို ထိန်းချုပ်နိုင်စွမ်းမရှိတော့ဘဲ အနားတွင်ရှိနေသော ပန်းအိုးလေးကို ဆွဲယူကာ မြေပေါ်သို့ စိတ်ရှိလက်ရှိ ပစ်ပေါက် ရိုက်ခွဲခြင်းဖြင့် သူမ၏ ရှုံးသွပ်သွားလုမတတ် ခံစားနာကျင်ကွဲကြေ နေရသော စိတ်ကို ထွက်ပေါက်ပေးလိုက်ခြင်းဖြင့် အဆုံးသတ် နိဂုံးချုပ်လိုက်၏။

"မုန်းတယ်…မုန်းတယ်၊ နေချိုကိုမုန်းတယ်"

"ကဲဟယ်…ခွမ်း"

မြေပန်းအိုးလေးမှာ မြပချူပ်ရှေ့မှာပင် အစိတ်စိတ်အမွှာ မွှာဖြစ်အောင် တစ်စစီကွဲကြေသွား၏။ မြပချူပ်သည် တစ်စစီ ကြေသွားသည့် ပန်းအိုးလေးကို ဒီအတိုင်း ရပ်ကြည့်နေရုံနှင့် အား နိုင်သေးဘဲ ခြေဖြင့် နောက်ထပ် အစိတ်စိတ်အမွှာမွှာဖြစ်အော ဖိနင်းပစ်လိုက်၏။

"ဒါတော့ လွန်တာပေါ့"

"ဟင်"

အမှောင်ရိပ်ထဲက အသံတစ်သံ။

တိတိကျကျ ပြောရလျှင် ယောကျ်ားတစ်ယောက် ပီသကြည်မြသောအသံ။ ဘယ်နေရာက ထွက်လာသည်မ





တိတ်ဆိတ်နေသော ဝန်းကျင်မှ ထွက်ပေါ်လာသည့်အသံကြောင့် မြပချူပ် ကိုယ်လေး ဆတ်ခနဲ တုန်သွား၏။

အမှောင်ရိပ်ထဲက လူတစ်ယောက် ထွက်လာသည်။ ရုတ်တရက် မြပချူပ်သည် ထိုလူကိုကြည့်ပြီး ဘာမှမပြောနိုင်။ သူမနှင့် နေချိုအကြောင်းကို ဒီလူ အစအဆုံးသိသွားပြီဆိုသည့် အတွေးနှင့် နေရာမှာပင် ဒူးညွှတ်ခွေကျမသွားအောင် အနားရှိ သစ်ပင် တစ်ပင်ကို အားပြုဖမ်းကိုင်လျက် သူမကိုယ်လေးကို သစ်ပင်မှာ ကျောမှီထားလိုက်ရ၏။

"ရှင်…ရှင် ဘယ်သူလဲ၊ ဘာဖြစ်လို့ ရှင်ရှိနေတာကို အသိမပေးရတာလဲ"

"ဗျာ"

"အသိပေးရမယ်ဟုတ်လား"

"အဟွန်း…ဟွန်း…ဟွန်း"

"မလွယ်ပါလားဗျာ…ကိုယ့်ဘာသာကိုယ် အေးရာအေး ကြောင်းရှာပြီး လူတွေနဲ့ဝေးတဲ့နေရာကို ရွေးပြီးလာနေပါတယ် ဘယ်နှယ့် နေရင်းထိုင်ရင်း ရန်လိုခံနေပါလားဗျာ"

စူးရှနက်မှောင်သော မျက်လုံးများက ညအချိန်မှာပင် အရောင်တစ်ဖျပ်ဖျပ်လက်နေကာ မြပချူပ်၏ မျက်နှာကို ခပ်ရှောင် ရှောင် အမူအရာဖြင့် ကြည့်နေ၏။ ဒီလူဘယ်သူဆိုတာ မြပချူပ် မသိ။

စိတ်လည်းမဝင်စား။



www.burmeseclassic.com

www.burmeseclassic.com



ခက်တာက နေချိုနှင့် မြပချုပ်တို့ ပြောနေသည့်စကားနှင့် ဖြစ်ပျက်ခဲ့သည့် အခြေအနေတွေအားလုံး ဤလူကြီး အကုန်ကြားသိသွားပြီ။

"ကျုပ်နာမည် စောနက်ကြယ်"

"ဘာ"

"စောနက်ကြယ်လို့ပြောတာ…မင်းတို့ပြောနေတဲ့ စကားတွေ၊ အဖြစ်အပျက်တွေအားလုံးကို ကျုပ် မမြင်ဘူး၊ မကြားဘူးလို့ပဲ မှတ်ထားလိုက်ပေါ့"

ပြောပြီး ပခုံးနှစ်ဖက်ကို တွန့်ပြလျက် ခပ်အုပ်အုပ်ရယ်လိုက်ပုံက အတော့်ကို ခံပြင်းဒေါသဖြစ်စရာဖြစ်သည်။

"ဒီနေရာကို ရှင် ဘယ်အချိန်ထဲက ရောက်နေတာလဲဟင်၊ ပြီးတော့ ရှင်ဟာ သူများစကားပြောတာကို ချောင်းနားထောင်တဲ့လူ"

ရှက်လည်းရှက် ဒေါသလည်းထွက်သဖြင့် မြပချုပ်တစ်ကိုယ်လုံး တုန်ရီပြာနှမ်းနေသည်။

"အင်း…တစ်ခါတလေတော့လည်း ချောင်းနားထောင်ရတာ တော်တော်ပျော်စရာကောင်းတယ်၊ ဗဟုသုတလည်းရတယ်"

သူ ပြုံးရယ်လိုက်သဖြင့် ဖြူဖွေးညီညာသော သွားများပေါ်လာကြ၏။

"ကျုပ် ချောင်းနားထောင်ခဲ့ဘူးတဲ့ အတွေ့အကြုံအရပြောရမယ်ဆိုရင်"





"ရှင်…ရှင် လူကြီးလူကောင်းမဟုတ်ဘူး"

"မင်းထင်တာမဆိုးပါဘူး… လူကဲခတ်ကောင်းသားပဲ"

မျက်ခုံးနှစ်ဖက်ကိုပင့်ပြီး ခပ်လှောင်လှောင်ပြောလျှင် ြပချုပ်မှာ ထိုလူကို သတ်ပစ်ချင်လာ၏။

"ဒါပေမယ့် မင်းလည်း ဂုဏ်သရေရှိ အမျိုးသမီးဟုတ်ရဘူး၊ ကျုပ်ကြားလိုက်ရတဲ့စကားတွေကို ထောက်ရင် မင်းဟာ ယ်နည်းနဲ့မှ ဂုဏ်သရေရှိ အမျိုးသမီးမဖြစ်နိုင်ဘူး၊ အတော်ပဲ ျုပ်ကလည်း ဂုဏ်သရေရှိ အမျိုးသမီးဆိုရင် သိပ်စိတ်မဝင်စား း၊ ဂုဏ်သရေရှိ မိန်းမတွေမှာ သတ္တိမရှိဘူး၊ ကိုယ် စိတ်ထဲရှိတာ ို ပွင့်ပွင့်လင်းလင်း မပြောရဲဘူး၊ လူကဲ့ရဲ့မှာ အထင်အမြင်သေးမှာ ြာက်လို့ သူတို့စိတ်ထဲကဆန္ဒနဲ့ ဆန့်ကျင်ဘက်စကားတွေပြော း ကိုယ့်ကိုယ်ကို လူအထင်ကြီးအောင် လူလေးစားအောင် ဟန်လုပ် း သူတို့ကိုယ်သူတို့ရော တခြားသူတွေကိုရော အမြဲလိမ်ညာနေတဲ့ တွေချည်းပဲ"

"အဲဒီလိုလူမျိုးတွေကို မြင်ရတွေ့ရတာ တော်တော်စိတ် ာ်စရာကောင်းတယ်၊ ဒါပေမယ့် မင်းကတော့ စိတ်ဝင်စားစရာ ာင်းတယ်၊ မင်းလိုစိတ်ဓာတ်မျိုး ရှားပါတယ်၊ မင်းစိတ်ဓာတ်ကို ျုပ် ချီးကျူးတယ်၊ မင်းလို မိန်းကလေးတစ်ယောက်က နေချိုလို မျိုးကို ဘာတွေများ သဘောကျနေတာလဲ၊ တကယ်ဆို သူက င်းရှေ့မှာ ဒူးထောက်ဖို့ကောင်းတာ"

"ရှင်…ရှင် ဘာစကားပြောတာလည်း၊ ရှင်နဲ့မဆိုင်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



နေချို့ကို ဘာတစ်ခုမှ ချိုးချိုးဖွဲ့ဖွဲ့ ဝေဖန်စရာမလိုဘူး''

စိတ်ဆိုးဒေါသဖြစ်စွာ မြပချူပ် စကားသံတွေက တုန်

နေသည်။

''သြော်…ကလေးမနှယ် ဘယ်လိုဖြစ်သွားတာလဲ၊ ချ

တုန်းကတော့ နေချို့ကို မင်းပဲမုန်းတယ်ဆို''

စောနက်ကြယ်ဆိုသည့်လူက ပြောပြီးရယ်နေ၏။

အားမတန်၍သာ။

ဖြစ်နိုင်ရင် ထိုလူကို သတ်ပစ်ချင်သည်။

သို့ရာတွင် ဘာမျှမတတ်နိုင်။

စကားအနိုင်ပြော၍လည်း မဖြစ်။ နောက်ဆုံး စောန

ကြယ်ဆိုသည့်လူကို မီးထွက်လုမတတ် မျက်လုံးများဖြင့် စူးစို

ကြည့်ကာ နေရာမှ ဆောင့်ကြီးအောင့်ကြီးဖြင့် ချာခနဲ လှည့်ထွက်

၏။

ဒါတောင်မှ ထိုလူရယ်သံက မြပချူပ်နောက်ကိုလိုက်ပြ

သရော်မော်ကား လှောင်ပြောင်နေလိုက်သေးသည်။

''ဟေး…မြပချူပ်လေး''

''ဟင်…နော်မာ''

''အမလေး…လူတစ်ယောက်လုံး ရှင့်မျက်စိရှေ့တည်

တည့်မှာ ရပ်နေတာကိုတောင် မမြင်တော့ဘူးလားရှင်''

နော်မာအသံက ခပ်ကျယ်ကျယ်။

''မိန်းမတော့ မရှိးတော့ဘူးနော်၊ ဘာလဲ ရှင့်နောက်က





ကျားလိုက်လာလို့လား''

''အေး…ကျားထက်ဆိုးတဲ့လူ လိုက်လာလို့''

''တကယ်''

''အဟက်…ခစ်…ခစ်''

နော်မာရယ်သံက စီစီလောင်လောင် ကျယ်လွင့်သွားသဖြင့်

အနီးအနားက လူတချို့က မြပချူပ်တို့နှစ်ယောက်ရှိရာကို စိတ်ဝင်စား

ဟန်ဖြင့် စပ်စုလိုစွာ လှမ်းကြည့်ကြသည်။

ထိုအထဲတွင် ပက်ထရစ်ရှာလည်းပါသည်။ ပက်ထရစ်ရှာ

မျက်နှာက ပြုံးနေသည်။ ထိုအပြုံးမှာ အောင်နိုင်သူတစ်ယောက်၏

အပြုံးမျိုးဖြစ်ကာ မြပချူပ် အလွန်မုန်းတီးသော အပြုံးဆိုလည်း

မှားချေ။

မြပချူပ်သည် အတောင်ပေါက်ကာ အိမ်သို့ ချက်ချင်းပြန်

ရောက်သွားချင်သည်။ ထိုသို့မဟုတ်လျှင် ပက်ထရစ်ရှာကို မုန်းသည့်

အမုန်းနှင့် နှလုံးသွေးရပ်လုမတတ် ခံစားနေရခြင်း မကျေနပ်နိုင်

အောင် ဖြစ်နေ၏။

''ဟဲလို…နော်မာ''

''သြော်…တဒင်္ဂပါလား''

''သူကဘယ်သူလဲ၊ တို့နဲ့မိတ်ဆက်ပေးဦးလေ''

မြပချူပ်တို့အနား အသားလတ်လတ်၊ အရပ်မနိမ့်မမြင့်နှင့်

လူတစ်ယောက်ရောက်လာပြီး ပြောလိုက်ခြင်းဖြစ်သည်။ ရုပ်အချော

ကြီးက မဟုတ်။ ကြည့်ပျော်ရှုပျော်ဖြစ်သော်လည်း သူ့ကိုယ်ပေါ်ရှိ



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားများနှင့် စိန်ထည်ရွှေထည်များက ဖိတ်ဖိတ်လက်နေ၏။

တခဏ်ဆို သူမျက်လုံးတွေက မြပချူပ်ကိုယ်ပေါ်မှ မခွာ… ရွှန်းလဲ့သည့် အကြည့်အပြုံးတွေက မြပချူပ်ကို အဘယ်မျှ စိတ်ဝင်… စားနေပါကြောင်း ဖွင့်ပြောစရာပင်မလိုချေ။ ဤအခြေအနေကို ဒီလို… နေရာမျိုးတွင် အင်မတန် အကင်းပါးသော နော်မာက တခဏ်… တစ်ယောက် အဘယ်မျှ မြပချူပ်ကို သဘောကျနေပြီကို သိပြီးဖြစ်… ၏။

“မိတ်ဆက်ပေးရမှာပေါ့ရှင် မိတ်ဆက်ပေးရမှာပေါ့… ဟောဒီ ညှော်ခံပွဲတစ်ခုလုံးမှာ သိပ်လှတဲ့ မဟူရာမင်းသမီးလေး… မြပချူပ်ကို လူတိုင်း စိတ်ဝင်စားနေကြတာ မသိဘူးမှတ်နေလား”

“မြပချူပ်တဲ့လား”

“ဟုတ်ပါသတဲ့ရှင်…နှလုံးသားရေးရာမှာ အင်မတန်… အသည်းမာတဲ့ မိန်းမလှလေးပေါ့”

“ဟုတ်ပါ့မလားဗျာ၊ ဒီလောက်ချောမောလှပတဲ့ မိန်း… လေးက အသည်းမာတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား”

“ဒါတော့ ကိုယ်တိုင်ကြုံမှ သိနိုင်တာမျိုးကိုးရှင့်”

မြပချူပ်သည် နော်မာနှင့် တခဏ် အချီအချပြောနေသည့်… စကားများကို ဘာတစ်ခုမှ စိတ်မဝင်စား။ သူမ မျက်စိရှေ့… မြင်ကွင်းထဲ ရောက်လာသည့်လူတစ်ယောက်ကို မြင်လိုက်ရခြင်း… နှင့်ပင် အတော့်ကို စိတ်ကသိကအောက်ဖြစ်လျက် ကြီးစွာသော… အနှောင့်အယှက်တစ်ခုနှင့် ရင်ဆိုင်တိုးလိုက်ရသကဲ့သို့ ရှိလေသည်…





ထိုသူက တခြားသူမဟုတ်။

စောနက်ကြယ်ဆိုသည့် မှန်းစရာကောင်းသည့်လူ။ သူနှား… နီးလူတစ်ယောက်က စောနက်ကြယ်ဆိုသည့်လူကို အာပေါင်အာရင်း သန်သန်ဖြင့် စကားအမျှင်မပြတ်အောင် ပြောနေ၏။ စောနက်ကြယ် က ထိုလူပြောသမျှစကားလုံးတိုင်းကို အင်မတန်မှ အလေးအနက် ထားဟန်၊ စိတ်ဝင်စားမှု အပြည့်ဖြင့် လေးလေးစားစား အရေးတယူ နားထောင်နေ၏။

ရုတ်တရက် သူ့အကြည့်များက မြပချူပ်ရှိရာသို့ ဘာညှိမတ်စူးနစ်စွာ ရောက်ရှိလာရာ သူမတွင် ရှောင်တိမ်းဖို့ရာပင် အချိန်မရလိုက်ချေ။

အကြည့်ချင်းဆုံလျှင် သူက မြပချူပ်ကို အလွန်အင်မတန် ယဉ်ကျေးသိမ်မွေ့သော လူကြီးလူကောင်းတစ်ယောက်၏ အမူအရာ ဖြင့် ဦးခေါင်းကို ညွှတ်လျက် နှုတ်ဆက်လိုက်၏။ သို့ရာတွင် သူ့ အကြည့်က မြပချူပ်ကို နောက်ပြောင်သည့်အကြည့်။

အရုပ်မြင့်မြင့်။

ဗလကောင်းကောင်း။ အသက်သုံးဆယ်လောက်ရှိမယ်။

သူ့လောက် ပခုံးကျယ်သူကို မြပချူပ် တစ်ခါမျှမတွေ့ဘူး။ ကြွက်သားတွေက ဖုထစ်မောက်ကြွနေ၏။ အထက်တန်းစား ယဉ်ကျေးတစ်ယောက်အတွက် ကြံ့ခိုင်လွန်းသည်။

အသားညိုညို

မျက်လုံးနက်နက် ကြည့်ပုံက စူးစူးရှရှ။ သူ့မျက်နှာထားက



www.burmeseclassic.com

www.burmeseclassic.com



သွေးအေးအေးနှင့် ရက်စက်မည့်ပုံ။ သူ့အပြုံးက တစ်ဖက်သားကို ပမာမခန့်ပြုသည့်ဟန်။ သို့ရာတွင် ညိုရောင်သန်းသော သူ့မျက်နှာက အထက်တန်းစား ဆွေကြီးမျိုးကြီးထဲက လာသည့် မျက်နှာမျိုး ကျက်သရေရှိလှပေသည်။

မျက်ခုံးထူထူ၊ မျက်အိမ်ကျယ်ကျယ် သေးသွယ်ဖြောင့်စင်းသည့်နှာတံ၊ နီရဲပြည့်တင်းသည့် နှုတ်ခမ်း၊ ကျယ်လွင့်သည့် နဖူးပြင်၊ စူးရှတောက်ပ မျက်လုံးများက ယောကျ်ားပီသ၍ ခန့်ညားသောအသွင်ကို ဖော်ပြနေကြ၏။

မြပချူပ်က သူ့ကို တစ်စုံတစ်ရာ တုံ့ပြန်ခြင်းမပြုဘဲ မျက်နှာကို တခြားဘက်သို့ လွှဲလိုက်၏။

"ဘယ်လိုလဲ ဦးဘမန်၊ ခင်ဗျားတစ်ယောက်တည်းကိုစောနက်ကြယ်ကို မောင်ပိုင်စီးပြီး စကားတွေပြောနေတော့မှာလားဗျာ၊ ကျုပ်တို့ပြောဖို့ အလှည့်လေးများ ထားစမ်းပါဦး"

"လာဗျို့...ဦးစောနက်ကြယ်၊ ခင်ဗျားကို သိပ်လှပြီးဆွဲဆောင်အားအပြည့်ပါတဲ့ မိန်းမမျိုးနဲ့ တွေ့ပေးရဦးမယ်"

လူတစ်ယောက်ရောက်လာပြီး စောနက်ကြယ်ဆိုသည့် လူကို လာခေါ်သွား၏။ စောနက်ကြယ်က ရယ်ရယ်မောမောနှင့် အတူ လိုက်သွားတာ မြင်လိုက်ရ၏။ နာမည်ဆန်းနှင့် လူတစ်ယောက်။ တစ်ခါမှ မကြားဘူးချေ။ စိတ်ထဲမှာ ထူးခြားဆန်းကြယ်သွားသလို ထင်ပေမယ့် မြပချူပ်စိတ်သည် နေချို့ထံသို့ ရောက်သွားသဖြင့် စောနက်ကြယ်ဆိုသည့် လူအကြောင်း ချက်ချင်း





င် မေ့ပျောက်သွားသည်။

"ပချူပ် ပြန်တော့မယ်"

မြပချူပ်သည် နေချို့နှင့် သူမအဖြစ်ကို ပြန်မတွေးချင်သည့် း မြန်းခနဲ နော်မာကို နှုတ်ဆက်ကျော်ခိုင်းလိုက်၏။ မြက်ခင်း ကိုဖြတ်ကာ နေချို့နှင့်တကွ အားလုံးကို ကျောခိုင်းလိုက်၏။

နေချို့သည် မြပချူပ်နှင့် အဝေးဆုံးမှာ ကျန်ရစ်ခဲ့ပြီ။ နေချို့ တ်ထပ်မည့် သတို့သမီးမှာ မြပချူပ် ဘယ်တော့မှ မဖြစ်နိုင်တော့။

နေချို့ရယ် ရှင်ဟာ မြပချူပ်အပေါ်မှာ တော်တော်စိမ်း းရက်စက်ပါလား။

ကားကို နေရာမှ အကြမ်းရမ်းဆုံး မောင်းထွက်ခဲ့သည်။

မြပချူပ်တစ်ယောက် စိတ်နောက်ကိုယ်ပါ စိတ်ရှိ လာက် ထင်ရာတွေ လျှောက်လုပ်လိုက်မိပြီ။ နာကြည်းသည့် နှင့် လက်တွေ့ကျသည့်သဘောထား၏ နောက်ကွယ်တွင် ချူပ် နှလုံးသားအစုံမှာ ရစရာမရှိအောင် မွမွကြေခဲ့သည်။

ယူကျုံးမရခြင်းဆိုသည့်အဖြစ်သည် သူမ၏ မာနထက် ည်းကောင်း၊ နာကြည်းခံပြင်းခြင်းထက်လည်းကောင်း လှိုက်လှဲ လှုပ်ခတ်ကွဲကြေလျက်ရှိသည်။

နေချို့ကို သူမချစ်သည်။

ဤသည်ကို နေချို့လည်းသိသည်။

မြပချူပ်လည်း သိသည်။

မြပချူပ် ရင်ထဲတွင် ဆောင်ဘင်ခတ်လျက်ရှိရာ မိုးကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကင်သည် သူမကိုယ်ပေါ်သို့ တအိအိပြိုဆင်းဝိကျလာသလို ထင်
၏။

သူမဘဝတွင် ဤနေလောက် ဆိုးရွားခါးသီးသော နေ့
နောက်ထပ်ဘယ်သောအခါမှ ထပ်မံကြုံတွေ့စရာ မရှိတော့ချေ



## အခန်း (၃)

ပေလီကမ်းခြေ၏ည။

ပင်လယ်လှိုင်းတွေက မည်းနက်သော ကျောက်ဆောင်များကို အင်နှင့်အားနှင့် ရိုက်ခတ်အဆုံးသတ်ပြီးနောက် အစိတ်စိတ်အမွှာမွှာ ကွဲကြေသွား၏။

မြပချုပ်သည် ရွှန်းရွှန်းမြမြသာနေသည့် လရောင်ဖွေးဖွေးအောက်တွင် မြင်တွေ့နေရသော ပင်လယ်ပြင်၏ ညမြင်ကွင်းကို စူးစိုက်ငေးမောကြည့်ရင်း အိပ်မပျော်နိုင်သည့်ညကို ခက်ခဲပင်ပန်းစွာရင်ဆိုင်ဖြတ်သန်းလျက်ရှိသည်။

အချိန်က ဝေဒနာကို ကုစားသည်ဟုဆိုသော်လည်း မည်မျှအချိန်ကြာကြာ စောင့်စားရမည်ကိုက မြပချုပ်ကိုယ်တိုင် မသိချေ။ တစ်လလား၊ တစ်နှစ်လား။ တစ်သက်လုံးပဲလား။

မြပချုပ်အတွေးမှာ ထိုနေရာတွင် အဆုံးသတ်သွားသော အတော့်ကို မချိမဆန့် ဖြစ်သွားသည်။ အချစ်ခိုသည့် စကားကို



www.burmeseclassic.com

www.burmeseclassic.com



မြပချုပ် ကြားဘူးသော်လည်း ကိုယ်တိုင်ကြုံတွေ့ရသောအခါမှာ တော့ အတော့်ကို စိတ်ပျက်မိ၏။

လူတစ်ယောက်ကို ချစ်မိသဖြင့် ခံစားရသော ဝေဒနာ အတိမ်အနက်က ပြင်းထန်ဆိုးရွားလှပေရာ ထိုအရာကို မြပချုပ် စိတ်နှလုံးထဲက ဘယ်လိုဖြေဖျောက်ဆွဲနှုတ်ဖယ်ရှားရမည်ကို မသိဘဲ ဖြစ်နေ၏။

နေချိုထံမှ စိမ်းကားရက်စက်ခြင်း၊ ဥပေက္ခာပြု လျစ်လျူရှုခြင်းကို သိသိနှင့် ဘာကြောင့် နေချိုကို မမုန်းနိုင်မမေ့နိုင် ဖြစ်နေရသနည်း။ နေချိုကိုယ်တိုင် မြပချုပ်ကို ချစ်ပါသည်ဟု ဝန်ခံခဲ့တာကို သူမ ဘယ်သောအခါမှ မေ့မည်မဟုတ်။

မေ့စရာလည်းမလို။

မြပချုပ် ချစ်တဲ့သူက မြပချုပ်ကို ချစ်သည်ဟု ဆိုခဲ့ခြင်းမှာ အဘယ်မျှ ဝမ်းသာကျေနပ်စရာ ကောင်းသနည်း။ တစ်ပြိုင်နက်ထဲမှာပင် မြပချုပ် ချစ်ရသူက မြပချုပ်ကို လက်မထပ်နိုင်ပါဟု ဆိုလာခြင်းကလည်း ဤကမ္ဘာမြေရှိ ဝမ်းနည်းစရာကောင်းသော အဖြစ်အပျက်များအားလုံး သူမထံ စုပြုံရောက်သကဲ့သို့တည်း။

မြပချုပ်သည် ဆန်းကြယ်လှသော သူမကံကြမ္မာ တွေးမိလျှင် နှုတ်ခမ်းတွန့်ရုံမျှ တစ်ချက်ရယ်မောလိုက်၏။ ဖြူဖွေးအေးမြသော လ၏အလင်းရောင်က ပင်လယ်ကမ်းခြေတစ်ခုလုံးကို နေ့ခင်းမှာ မြင်တွေ့ရသလိုပင် တွေ့မြင်နေရသည်ဖြစ်ရာ မြပချုပ်သည် သူမ၏ ဘန်ဂလိုမှ ဆင်းလာကာ ဖြူလွှသော သဲမြေသောင်စပ်ကို





နင်းလျက် ရေပြင်ရှိရာကို လျှောက်မှန်းမသိ လျှောက်လာခဲ့၏။

လရောင်၏အလင်းသည် လူတို့စိတ်ကို ပြောင်းလဲစေသည် ဟု ဆိုသည့်အတိုင်း မြပချုပ်သည် နေချိုကို နာကျင်နေသည့် ကြားမှ အထွေးပင်သတိရကာ တစိမ့်စိမ့် ခံစားနာကျင်နေလျက်ရှိသည်။

အခုချိန်ဆိုလျှင် နေချိုတစ်ယောက် ဘာတွေလုပ်နေမည်နည်း။ ပက်ထရစ်ရှာကို လက်ထပ်ရတော့မည့် သတို့သားလောင်းကြီးအဖြစ် သူ့ကိုယ်သူ ကျေကျေနပ်နပ်ကြီး ဂုဏ်ယူနေမည်လား။

ဒါမှမဟုတ် မြပချုပ်တစ်ယောက် အရူးထပုံကို ပြန်တွေးပြီး တစ်ယောက်တည်း လှောင်ပြောင်ရယ်မောနေမည်လား။ စွဲလမ်းခြင်းနှင့် ရူးသွပ်သော နှလုံးသား၏အလိုကို လိုက်ခဲ့မိသော မြပချုပ် ကိုယ်တိုင်သည်က ဖြေသိမ့်စရာဟူ၍ ဘာတစ်ခုမှ မကျန်ရစ်ချေ။

မြပချုပ်၏ ဖြူလွှသော ဂါဝန်မှ လေထဲမှာ ဖျတ်ဖျတ်မြည် နေသလို နက်မှောင်သော ဆံပင်ရှည်တို့ မျောလွင့်နေပုံကလည်း အံ့မက်ဆန်လှပေသည်။ မြပချုပ်သည် ခြေဗလာဖြင့် ပင်လယ်တွင်းသို့ စတင်ဆင်းလိုက်၏။

အရှိန်ပြင်းစွာ ရိုက်ခတ်လာသော အဖြူရောင်လှိုင်းများက သဲမြေနှင့် ရိုက်ခတ်ပြီးလျှင် ညင်သာပြေလျော့စွာ တစ်ဖန်ပြန်လည်ဆုတ်ဆင်းသွားကြသည်။ ထို့နောက် တစ်ဖန် အဖြူရောင်ရေလှိုင်းတစ်ခုအဖြစ် မြပချုပ်ခြေရင်းသို့ ထပ်မံဝပ်ဆင်း၍ ရောက်ရှိလာကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြပချုပ်သည် ရေပြင်စပ်မှာ ရပ်လျက် မိုးကောင်းကင်ကို မော့လျက် စူးစိုက်ကြည့်လိုက်၏။ နားထဲမှာ ပင်လယ်ပြင်၏ ရိုက်ခတ်သံ တဝေါဝေါ တိုးဝင်လာသော်လည်း သူမနားထဲတွင် မကြားတစ်ချက် ကြားတစ်ချက် မပီပြင်ပိုးတဝါး နိုင်လှ၏။

မြပချုပ်ကိုယ်တိုင် သူမကိုယ်သူမ သတိမထားမိခင်မှာပင် ဒီရေသည် လရောင်နှင့်အတူ တရိပ်ရိပ်မြင့်တက်လာ၏။ သိပ်မကြာခင်မှာပင် မြပချုပ်၏ ဒူးဆစ်အောက်ပိုင်းမှာ ရေမြုပ်စပြုလာသည်။

"ကြည့်စမ်းပါဦးဗျာ…ရွှန်းရွှန်းမြမြသာနေတဲ့ လရောင်နဲ့ ရေပြင်ထိစပ်နေတဲ့ပုံက ဘယ်လောက်များ သက်ဝင်လှပလိုက်သည်လည်းဆိုတာ"

ယောကျ်ားတစ်ယောက်၏ အောင်မြင်ပီသသော အသံ ကျယ်ကျယ်က ည၏ ဆိတ်ငြိမ်သော ရှုခင်းနှင့် ပင်လယ်ရေလှိုင်းသံတို့ကို ထွင်းဖောက်လွှမ်းခြုံသည်အထိ နီးနီးကပ်ကပ် ထွက်ပေါ်လာရာ လနှင့်ရေပြင်တို့ ညို့ဓာတ်အတွင်းသို့ သက်ဆင်းစပြုနေပြီဖြစ်သော မြပချုပ်ကိုယ်လေးကို ဆတ်ခနဲ တုန်ခါလှုပ်နိုးစေလိုက်ပါသည်။

"ကျုပ်အထင်ပြောရရင် ဒီလောက်လှပတဲ့ ညတစ်ညကို အကျည်းတန် အရုပ်ဆိုးသွားအောင် လူသားတစ်ယောက်အနေနဲ့ မလုပ်သင့်ဘူး၊ မလုပ်အပ်ဘူးလို့ထင်တယ်"

နောက်ပါးက အသံရှင်ထံမှ ထပ်ဆင့်ထွက်ပေါ်လာသော စကားလုံးများကို မြပချုပ်အနေဖြင့် ဘာတစ်ခုမှ ထောက်ခံခြင်းမပြ





သလို ငြင်းဆန်ခြင်းလည်း မပြုပါ။

သို့ပါသော်လည်း တစ်ဖက်လူပြောနေသည့် စကား၏ အဓိပ္ပါယ်ကိုတော့ သူမ ကောင်းစွာသဘောပေါက်လိုက်ပါသည်။

"ဒီလောက် ပျော်စရာကောင်းတဲ့ လောကကြီးမှာ ကိုယ့်အသက်ကိုယ် အနှမြောမရှိဘဲ ရန်ရှာတာဟာ အဆိုးရွားဆုံးနဲ့ အရက်စက်ဆုံး စီရင်မှုဆိုရင် မင်းလက်ခံမလား"

အသံရှင်ကို မြပချုပ် အခုချိန်ထိ လှည့်မကြည့်သေးပါ။ ရေထဲမှာရပ်နေသည့် မြပချုပ်ကို ထိုအသံပိုင်ရှင် ဘယ်အချိန်ထဲက မြင်တွေ့ထားသည်မသိ။ သူ့မျက်စိရှေ့မှာ လူတစ်ယောက် ကိုယ့်ကိုယ်ကို ရေထဲမှာ အဆုံးစီရင်ဖို့ ကြိုးစားနေသူအဖြစ် နားလည်ထားဟန် သူပြောသည့်စကားများက သက်သေခံလျက်ရှိ၏။

မြပချုပ်သည် နေချို့ကို ချင်၍ မရနိုင်မှန်းသိထားသည့်တိုင် ကိုယ့်အသက်ကိုယ် ရန်ရှာသည့်အထိ မိုက်မဲသော အပြုအမူမျိုးကို လုပ်မည့်သူမဟုတ်ချေ။ ကြေကွဲစုတ်ပြတ်သွားသည့် ဒဏ်ရာရ နှလုံးသားအတွက် ထွက်ပေါက်တစ်ခု ပေးသည့်အနေဖြင့် အခုလို စိတ်အနည်မကျနိုင်ဘဲ ခြေဦးတည့်ရာ သွားလာရုံမျှဖြစ်ရာ သူမအခြေအနေမှာ တစ်ဖက်က အသံပိုင်ရှင် စိုးရိမ်ပူပန်နေသလို မဟုတ်ကြောင်း ရှင်းပြမနေလိုပေ။

"ဘယ်လိုပဲဖြစ်ဖြစ်ပါလေ မင်းက ကျုပ်မျက်စိရှေ့ အညံ့တည့်ကို ရောက်လာတဲ့အတွက် ကံကောင်းပြီးသားပါလို့ ဘာဖြစ်လို့လဲဆိုတော့…"



www.burmeseclassic.com

www.burmeseclassic.com



"အလို…တခြားဘယ်သူများလဲမှတ်တယ် မင်းပဲကိုး

အသံပိုင်ရှင်ရှိရာဘက်သို့ မြပချုပ် ကိုယ်လေးကို ဖြည်းဖြည်းချင်းအလှည့် တစ်ဖက်လူထံမှ မြပချုပ်ကို အကျွမ်းတဝင်သိရှိပြီးဖြစ်ဟန်ဖြင့် ပြောဆိုလာသည့်လေသံကြောင့် သူမနှင့် မျက်နှာချင်းဆိုင်နေရာတွင် ရှိနေသည့် ရှည်လျားမြင့်မိုးသော သဏ္ဌာန်ကို အမှတ်မထင် မော့အကြည့်…

"ဟင်…ရှင်"

"ဟုတ်ပါ့ဗျာ…ကျုပ်လေ စောနက်ကြယ်ကိုယ်တိုင်ပါ၊ မင်းအတွက် ကျုပ်လိုလူဟာ ဒီတစ်သက် ဘယ်လိုမှ မမေ့နိုင်စရာဖြစ်သလို ကျုပ်အတွက်လည်း မင်းလို မိန်းမချောလေးဟာ ဘယ်လိုမှ မေ့ပစ်ရက်စရာ မရှိပါဘူးဗျာ"

"ဘယ်နှယ့်…တစ်ယောက်တည်း စိတ်ညစ်ညစ်နဲ့ ရေထဲဆင်းသေဖို့ ကြံစည်တာတော့ မဟုတ်လောက်ပါဘူးနော်"

"အဟွန်း…ဟွန်း…ဟွန်း"

ပြောပြီး ခပ်ကျယ်ကျယ် ရယ်မောလိုက်သံက မထိတရိနိုင်လှတာမို့ မြပချုပ်မှာ တိုက်တိုက်ဆိုင်ဆိုင် စောနက်ကြယ်ဆိုသည့် လူနှင့် လာဆုံတွေ့ရသည့်အဖြစ်ကို အလွန်စိတ်ပျက်သွားမိသည်။

ဒီလူနှင့်အတူ ဆက်ရှိနေသ၍ မြပချုပ်မှာ အကုသိုလ်တွေ ဆက်တိုက်ဖြစ်လာရပေတော့မည်။ မိန်းကလေးတစ်ယောက်၏ ရင်ထဲက ခံစားချက်ကို နည်းနည်းမှ စာနာနားလည်ပေးမည့် လူမျိုးလည်းမဟုတ်။ မြပချုပ်ကို တွေ့သည့်အချိန် တွေ့သည့်နေရာမှာ





ရယ်စရာလုပ်ပစ်ဖို့ ကြိုးစားနေသော ရိုင်းပျသည့် ဒီလူကို မြပချုပ် မုန်းလှသည်။

"ဟိတ်…နေဦးလေ ကျုပ်ကို ဘာမှမပြောဘဲ ဒီအတိုင်းထွက်သွားတော့မလို့လား"

"ကျေးဇူးပြုပြီး ကျွန်မ တစ်ယောက်တည်းနေပါရစေ"

"မင်းတစ်ယောက်တည်းနေရင် ပျင်းနေမှာပေါ့ ကလေးမရဲ၊ အခုလိုအချိန်မှာ မင်းအတွက် စကားပြောဖော် ကျုပ်လိုလူမျိုးရှိနေတာ ပိုအဆင်ပြေတာပေါ့"

မည်သည့်စကားမှမဆိုဘဲ သူ့အနားက ကျောခိုင်းထွက်ခွာလာသည့် မြပချုပ်နောက်ကို ခြေလှမ်းကျဲကြီးများနှင့် အတူလိုက်ပါလာပြီး သူပြောချင်တာတွေ လျှောက်ပြောနေသည့် စောနက်ကြယ်ဆိုသည့် လူ၏ မျက်နှာကို ဖျတ်ခနဲ ခြေအစုံကိုရပ်ပြီး မော့အကြည့်မှာ မြပချုပ်၏ ကိုယ်လေးမှာ သူ့ရင်ခွင်ထဲ ဝင်တိုးမိလုမတတ်ဖြစ်သွား၏။

"ရှင်ဘယ်လိုလုပ်ရုံကတာလဲ"

"ဘာမှလည်း မလုပ်ရပါလားဗျာ၊ ကျုပ်က မြပချုပ်ကို ထူးထူးဆန်းဆန်း ပြန်တွေ့ခွင့်ရလို့ ဝမ်းသာနေတာပါ"

"ကျွန်မကတော့ ရှင့်ကိုပြန်တွေ့ရလို့ ဒီကမ္ဘာပေါ်မှာ ဝမ်းအနည်းဆုံးပဲ"

"ဘာဖြစ်လို့ပါလိမ့်ဗျာ၊ ကျုပ်က ဟိုညက အဖြစ်အပျက်တွေကို မေ့ပစ်လိုက်ပြီးပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားအဆုံးမှာ မြပချုပ် မျက်နှာ ဖြန်းခနဲ ပူနွေးသွားရကာ အသည်းနှလုံးတွေ ဆတ်ဆတ်ခါနာသွားသည်။

''ကျုပ်တို့နှစ်ယောက် အခုလို အနေအထားမျိုးနဲ့ ပြန်ဆုံရလိမ့်မယ်လို့ မျှော်လင့်မထားခဲ့ဘူး''

''ကျွန်မကိုလည်း နောက်ထပ် လုံးဝမနှောင့်ယှက်ပါနဲ့၊ ဒီနေရာမှာ ရှင်နေခဲ့ပါ''

စောနက်ကြယ်ဆိုသည့် လူနှင့် နောက်ထပ်မတွေ့မဆုံလိုတော့သည့်အတူ သူမဘက်က ခပ်ပြတ်ပြတ် ပြောဆိုတုံ့ပြန်ပစ်လိုက်သည့်တိုင် သူက မြပချုပ်စကားလုံးတွေအပေါ်မှာ ဘယ်လိုစိတ်ဆိုးနာကျင်မှုမှ မရှိလေဟန်ဖြင့်…

''မင်းတည်းခိုတဲ့ နေရာအရောက် ကျုပ်ကိုယ်တိုင် လိုက်ပို့ရမှ ဒီညအတွက် ကျုပ် စိတ်ချလက်ချ အိပ်နိုင်လိမ့်မယ်ထင်တယ် မြပချုပ်''

''ရှင့်စကားက သိပ်လွန်နေပြီနော်၊ အခုချိန်မှာ ကျွန်[illegible] ဘယ်သူနဲ့မှ ရန်ဖြစ်စကားမများချင်ဘူး၊ ရှင့်ဘာသာ အေးအေး[illegible] ရင်ကောင်းမယ်''

''ကျုပ်က နဂိုထဲက အေးဆေးတဲ့လူတစ်ယောက်ပါဗျာ[illegible] မယုံရင် ကျုပ်ကို မြပချုပ် ပေါင်းကြည့်ပါလား''

''ရှင် ကျွန်မကို ဘာစော်ကားတာလဲ''

''ဘာမှလည်း မစော်ကားရပါလားဗျာ၊ ကျုပ်လို [illegible] တစ်ယောက်ကို မြပချုပ်ရဲ့ မိတ်ဆွေတစ်ယောက်အဖြစ် ပေါင်းသ[illegible]





[illegible]ည့်လို့ မြပချုပ်အနေနဲ့ မနစ်နာနိုင်ဘူးလို့ ပြောတာပါ''

''နစ်နာတယ်ရှင့်…နစ်နာတယ်၊ ရှင့်လို အလိုက်ကမ်းဆိုး[illegible]တဲ့ လူမျိုးနဲ့ အခုလည်း မိတ်ဆွေမဖြစ်ချင်ဘူး၊ နောက်ကို[illegible]ည်း မိတ်ဆွေဖြစ်ရဖို့ ဒီတစ်သက် မမျှော်လင့်နဲ့ မှတ်ထား''

''ခက်နေပါလား ကလေးမရယ်''

မြပချုပ်က ဒေါသဖြစ်နေသလောက် သူ့ပုံစံက ခပ်မြူး

လရောင်က ရွှန်းရွှန်းမြမြသာနေ၏။

ထို့အတူ ဖြူလွှသောဝတ်စုံဖြင့် မြပချုပ်၏အလှကလည်း[illegible]ောင်းကင်က သက်ဆင်းလာသော နတ်ကညာနှယ် မျက်စိ[illegible]ချင်အောင် လှပညို့ငင်နိုင်လွန်းသူဖြစ်သည်။

ကျောလယ်ထိ ဖွဲ့ဝဲနေသော ရွှေညိုရောင်ဖျော့ဖျော့ ဆံနွယ်[illegible]လေးတွေက ပင်လယ်လေနှင့်အတူ မြူးကြွစွာ လှုပ်ခတ်နေ[illegible]ကဲ့သို့ မြပချုပ် သေးသွယ်ညွှတ်ပြောင်းသော ခန္ဓာကိုယ်[illegible]က်ကြောင်း ပါးပါးလေးက သေးကျဉ်းသောခါးဖြင့် စည်းခြား[illegible] ဖြူဥနုထွားသော အလှအပများက လရောင်ဆမ်းသည့်[illegible]စ်ပွင့်နှယ် ပြည့်ပြည့်ဝဝ လှချင်တိုင်းလှလျက်ရှိသည့် အဖြစ်[illegible] ကိုယ့်ဒေါသနှင့်ကိုယ် စောနက်ကြယ်ကို စိတ်ဆိုးဒေါသဖြစ်[illegible] ကိုယ်တိုင်သတိမထားမိချေ။

ကလေးလေးတစ်ယောက်ပမာ ဘာကိုမှ ဆတ်ဆတ်ထိ[illegible]ငအောင် ဒေါသတွေ ပေါက်ကွဲနေသော မြပချုပ်၏ လှပသော



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလှလှလေးကို စူးရှနက်မှောင်သော မျက်လုံးအစုံဖြင့် စူးစိုက်[illegible]သည်။
ကြည့်ရင်း စောနက်ကြယ် နှုတ်ခမ်းအစုံ ပြုံးသွား၏။

ထို့နောက် အလွန်တရာ ကျေနပ်နှစ်သိမ့်သော ရယ်နည်း[illegible] မျိုးဖြင့် တိုးတိုးအုပ်အုပ် ရယ်မောလိုက်ရာ ဖြူဖွေးသောသွားများ[illegible] ပေါ်သည့်အထိ ဖြစ်သည်။

"ကောင်းပြီ…ကောင်းပြီ မြပချုပ်ပြောတဲ့အတိုင်း ကျုပ်[illegible] မြပချုပ် ဒီတစ်သက် မိတ်ဆွေတွေဖြစ်ဖို့ မမျှော်လင့်ဘူးဟုတ်လား"

ကြည်လင်ဝိုင်းစက်သော မြပချုပ်၏ မျက်လုံးများနှ[illegible] စူးရှနက်ရှိုင်းတောက်ပသော စောနက်ကြယ်၏ မျက်လုံးများ ဆုံသွ[illegible] ကြသည်။ သူ့အကြည့်တွေ စူးစူးရှရှ။ တစ်ဖက်သားရင်က[illegible] ထွင်းဖောက်ကြည့်သော အကြည့်မျိုးဖြစ်ကာ မြပချုပ်ကို ရွှန်းရွှ[illegible]သီ။ စားစားကြီး ကြည့်နေ၏။ ရဲတင်းသောအကြည့်။

ချော့မြှူလိုသော ကျီစယ်လိုဟန်။

နေရာမှ မြပချုပ် ချာခနဲ လှည့်ထွက်ခဲ့သည်။

မြပချုပ်နှင့်အတူ စောနက်ကြယ်ဆိုသည့်လူ အတူပါလ[illegible] ခဲ့၏။ နေခဲ့လို့ ပြော၍ရမည်မဟုတ်သည့်အတူ နောက်ထပ်ပြောမ[illegible] တော့။

သူမတည်းခိုသည့် ဘန်ဂလိုရောက်သည့်အထိ မြပချုပ်[illegible] သူ ဘာတစ်ခွန်းမှ စကားမဆိုဖြစ်ကြတော့။ ရိုင်းသည်ဟု ဆိုချင်[illegible] သဲမြေဖွဖွကို ကျောနင်းပြီး သူမဘန်ဂလိုရှေ့ကို ရောက်သည်အ[illegible] စောနက်ကြယ်ဆိုသည့်လူကို နှုတ်မဆက်ဘဲ ကျောခိုင်းလမ်း[illegible]







ရေချိုးခန်းထဲဝင် ခြေလက်ဆေး အဝတ်လဲပြီး အိပ်ရာပေါ် [illegible]ရောက်မှာ ဘန်ဂလိုရှေ့တွင် ရပ်ကျန်ရစ်ခဲ့သူကို သတိရကာ [illegible]န်းဆီးလိုက်ကာစကို အသာမပြီး ကြည့်လိုက်သည်။

ကြည့်စမ်း…ဒီလူ။

စောနက်ကြယ်ဆိုသည့်လူက မြပချုပ်ရဲ့ ဘန်ဂလိုရှေ့က [illegible]သောင်ပြင်မှာ စီးကရက်တစ်လိပ်ကို မီးညှိရှိုက်ဖွာလျက် လနှင့် [illegible]ပြင် ထိစပ်နေပုံကို အေးဆေးငြိမ်သက်သော အမူအရာနှင့် [illegible]တ်သောင့်သက်သာ ငေးကြည့်နေသည့်ပုံစံက စတိုင်လ်အပြည့်။ [illegible]ယ်အချိန်ထိအောင် သူမဘန်ဂလိုရှေ့မှာ ဒီလိုပုံစံနှင့် ရှိနေမည်

ဆက်မကြည့်တော့ဘဲ အိပ်ရာထက်မှာ နွေးထွေးစွာ [illegible]လျောင်းအိပ်စက်လိုက်တော့ နေချိုကြောင့် ခံစားနေရသည့် [illegible]ဒနာတွေ အနည်းငယ်လျော့သွားသလိုလို ထင်မိသည်။ ဒါက [illegible]ည်း ဟိုလူစောနက်ကြယ်ဆိုသည့် လူကြောင့်ပါ။

စောနက်ကြယ်ဆိုသည့်လူကို စိတ်ဆိုးဒေါသဖြစ်ရလွန်းလို့ [illegible]ချိုကိုပင် မေ့သွားမိသည့်အထိ။

နေချိုရယ်…။

ရှင့်ကိုတော့ ကျွန်မ မုန်းပစ်လိုက်ချင်တယ်။

စီးကျလာသော မျက်ရည်တွေကို မဖယ်ရှားဘဲ လှပသော [illegible]ာ်နှာလေးကို ခေါင်းအုံးလေးထဲ ထိုးနှစ်ကွယ်ဝှက်လျက် တိုး[illegible]



www.burmeseclassic.com

www.burmeseclassic.com



ညင်သာစွာ ရှိက်ငင်ငိုကြွေးလိုက်သံသဲ့သဲ့က ရေလှိုင်းသံ တဝုန်းဝုန်းထဲမှာ တိုးဝင်ကွယ်ပျောက်သွားသည့်အဖြစ်ကို မည်သူမျှ မသိလိုက်ချေ။

✿✿✿



## အခန်း (၄)

“ဒီနေ့ညဒင်နာမှာ ညှော်သည်ပါပါတယ် မပချုပ်”

“အဲဒီတော့ ပချုပ်က ဘာလုပ်ရမှာလဲ”

“လှလှပပလေး ပြင်ဆင်ထားဖို့ အန်ကယ်က မှာလိုက်ဆိုပါ”

“ကောင်းပါပြီ”

ဒက်ဒီ၏လူယုံတပည့်ဖြစ်သူ ကိုရွှေစင်က မြပချုပ်ကို သူ့ပြောစရာရှိတာ ပြောပြီးတာနှင့် ချက်ချင်းလိုပင် သူနှင့်အတူပါလာသည့် သူ့တပည့်တွေကို လိုအပ်တာတွေကို စီစဉ်ညွှန်ကြားခိုင်းစေနေတာမို့ မြပချုပ်လည်း နေရာက ကျောခိုင်းခဲ့သည်။

ပင်လယ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသည့်လေက ကြမ်းတမ်းသည်ဆိုပေမယ့် ပင်လယ်ရနံ့သင်းပျံ့ခြင်းကို အပြည့်အဝခံစားနိုင်တာကို မြပချုပ် နှစ်မြို့က်မိသည်။

သူမမှာ စိတ်ညစ်ညျူး ရှုပ်ထွေးမှု တစ်စုံတစ်ရာနှင့်

www.burmeseclassic.com

www.burmeseclassic.com



ကြုံလာရတိုင်း မြပချုပ် အမြဲလာတတ်သည့်နေရာက သူမဒက်
ပိုင် ကမ်းသာယာ ပချုပ်ဟိုတယ်ရှိရာ ပေလီပင်လယ်ကမ်းခြေသ
ဖြစ်သည်။

တခြားအချိန်မှာ မြပချုပ်တစ်ယောက်တည်း ဤနေရာ
လာလေ့မရှိပါ။ မာမီဆုံးပြီး မြပချုပ်တစ်ယောက်တည်း စိတ်ထ
လေလွင့်ခံစားကြေကွဲနေရချိန်က တစ်ကြိမ်၊ အခုတစ်ကြိမ် ဤနေရ
ကို မြပချုပ် တစ်ယောက်တည်း ရောက်လာခဲ့ရသူဖြစ်သည်။

ဟိုတုန်းကတော့ မိသားစုသုံးယောက် စုံစုံညီညီ။ ရယ်မေ
ပျော်ရွှင်ခဲ့ရသည့် အချိန်တွေကို အခုနေ ပြန်တွေးကြည့်လိုက်တော
အိပ်မက်တစ်ခုနှယ် ဝိုးတဝါးမျှသာ မြင်ရသည်။

အခုဆိုလျှင် မာမီဆုံးတာ ဆယ်နှစ်ရှိပြီဖြစ်သလို ဒက်
နောက်အိမ်ထောင်သစ် ထူထောင်လိုက်သည်မှာလည်း ရှစ်နှစ်တ
တင်း ပြည့်ခဲ့ပြီဖြစ်သည်။ ဒက်ဒီ နောက်ထပ်ဇနီးသစ် ဒေါ်ခင်
ရင်နှင့် မြပချုပ်က ထုံးစံအတိုင်း ခေတ်သစ်မိထွေးနှင့် သမီးဇာ
ကို ပညာသားပါပါ ခင်းကျင်းပြသခဲ့ကြသည်။

ဒက်ဒီရှေ့မှာ ဒေါ်ခင်စစ်ရင်နှင့် မြပချုပ်ကြား ဘာပြဿ
မှ မရှိလေဟန် လုပသောမျက်နှာထက်မှာ အပြုံးမျက်နှာဖုံး
တပ်ဆင်ထားသော်လည်း ဒေါ်ခင်စစ်ရင်နှင့် မြပချုပ်ကြား
ပြဿနာမှာလည်း မသေးလှချေ။ ဒေါ်ခင်စစ်ရင်လောက် မာယ
များသော မိန်းမကို မမြင်ဘူး။

မြပချုပ်ကို ဒက်ဒီရှေ့မှာရော ကွယ်ရာမှာပါ စေတ





ထားသလိုလို၊ မေတ္တာထားသလိုလိုနှင့် သူလိုချင်သည့်အကွက်ကို ဆင်ကာ မြပချုပ်ကို ဂျောက်ကျစေပြီးမှ အလိုရှိရာကို ရယူတတ်သော မိန်းမမျိုးဖြစ်သည်။

မာယာများသော ဒေါ်ခင်စစ်ရင်နှင့် ရင်ထဲရှိသည့်အတိုင်း ခံစားပြောဆိုပြမှုတတ်သော မြပချုပ်တို့ ဒက်ဒီရှေ့မှာ မကြာခဏ ထိပ်တိုက်ရင်ဆိုင်ပေါက်ကွဲဘူးသော်လည်း မျက်ရည်တစမ်းစမ်းနှင့် ကြေကွဲဟန်၊ သည်းညည်းခံပြနိုင်ခြင်းများအပေါ် ဇနီးသည်ကို ချစ်သည့်စိတ်ဖြင့် ဒက်ဒီကိုယ်တိုင် အကောင်းမြင်ဘက်လိုက်ပြီး မြပချုပ်ကို တစ်ခါမှ အပြစ်မတင်စဖူး ပြစ်တင်ခံလိုက်ရပြီးနောက် ရင်ထဲ ဆတ်ဆတ်ခါသွားကာ ဒေါ်ခင်စစ်ရင်နှင့် ထိပ်တိုက်တွေ့ မည့်ပွဲမျိုးကို သိသိသာသာရော မသိမသာပါ ရှောင်လွှဲထွက်ခဲ့သည်။

ဒေါ်ခင်စစ်ရင်ဆိုသည့် မြပချုပ်၏ မိထွေးကို ကြောက်၍ တမဟုတ်။ ရှုံ့ရှာစက်ဆုပ်စွာ မုန်းတီးရခြင်းကြောင့် ထိုမိန်းမနှင့် စကားအနိုင်လုရခြင်းကို ရပ်တန့်လိုက်ခြင်းဖြစ်သည်။

မာမီမရှိသည့်နောက်ပိုင်းမှာ မြပချုပ်၏ တစ်ဦးတည်းသော မြတ်နိုးတွယ်တာရာက ဒက်ဒီတစ်ယောက်တည်းရှိသည်။ သူမနှင့် မိထွေးပြဿနာကြောင့် ဒက်ဒီကို စိတ်မဆင်းရဲစေချင်။ စကားနည်း ရန်စဲလုပ်ပြီး သူမနှင့် သက်ဆိုင်ပတ်သက်သမျှ ကိစ္စအားလုံး ဒက်ဒီ နှင့်သာ တိုက်ရိုက်ပြောဆိုတိုင်ပင်ရယူသည်။

ဒေါ်ခင်စစ်ရင်ဆိုသည့် မိန်းမကို မြပချုပ်ဘဝထဲက အပြီး



www.burmeseclassic.com

www.burmeseclassic.com



ဇော်ထုတ်ဝစ်လိုက်သည်။ ဒက်ဒီ့ကိုလည်း မြပချူပ်၏ သဘောထားကို ရှင်းလင်းစွာ အသိပေးခဲ့သဖြင့် နောက်ပိုင်းမှာ ဒေါ်ခင်စစ်ရင်နှင့် မြပချူပ်တို့ကြား ဘာတစ်ခုမှ ပတ်သက်မှုမရှိတော့။

မှန်တင်ခုံရှေ့မှာ မြပချူပ် ရပ်လိုက်သည်။ ညစာဒင်နာကို မြပချူပ်တို့သားအဖ နှစ်ယောက်တည်း လွတ်လပ်စွာစားဖို့ စီစဉ်ထားပြီးမှ ဒက်ဒီဧည့်သည်ပါမည်ဟု ဆိုထားသည်။

ဒက်ဒီ့ဧည့်သည်ဆိုသည်မှာ ဒေါ်ခင်စစ်ရင်တော့ မဖြစ်နိုင်ပါ။ ဒေါ်ခင်စစ်ရင်ဆိုသည့် မိန်းမကို မြပချူပ် ဘယ်လောက်မုန်းသည်ဆိုတာကို ဒက်ဒီသိသည်။ ဒါဖြင့် ဒက်ဒီ့ဧည့်သည်ဆိုသူက မည်သူနည်း။

သားအဖနှစ်ယောက် မတွေ့ဖြစ်ကြသည်မှာ ကြာ၍ အတူတွေ့ဆုံကြသည့်ပွဲမှာ ဧည့်သည်ပါလာခြင်းကို မြပချူပ် သဘောမကျလှပေမယ့် မတတ်နိုင်။ ခဏခေတ္တ လာရောက်လည်ပတ်သည့်အချိန်လေးမှာ ဒက်ဒီကို သူမကြောင့် စိတ်မညစ်စေလိုသဖြင့် ဒက်ဒီ့ဆန္ဒအတိုင်း သူမကိုယ်သူမ အလှဆုံးဖြစ်အောင် စိတ်တိုင်းကျပြင်ဆင်ပေးဖို့ပဲရှိသည်။

အမှန်အတိုင်း ဝန်ခံရမည်ဆိုလျှင် အခုလိုအချိန်မျိုးမှာ အလှအပပြင်တာဆင်တာမျိုး၊ ဧည့်သည်နှင့်တွေ့ဆုံရမှာမျိုး ဘာတစ်ခုမှ မလုပ်ချင်။ နေချိုစိတ်နှင့် မြပချူပ် ရင်ထဲ နာကျင်ကြေကွဲရတာတွေကိုပဲ တစ်ယောက်တည်း ကြိတ်မှိတ်ကုစားနေချင်သည်။

သို့ပါသော်လည်း မြပချူပ် အလိုဆန္ဒက မပြည့်။ ဖြစ်ချင်





တာတွေ မဖြစ်ရသည့်ဘဝမှာ ဖြစ်သင့်တာတွေ ဖြစ်ဖို့သာ ကြိုးစားရန်အပြင် တခြားမရှိ။ အနက်ရောင် တစ်ဆက်တည်း ဂါဝန်လေးဖြင့် ရိုးရှင်းလှပစွာ ပြင်ဆင်ထားသော မြပချူပ်၏အလှကို မြင်တွေ့ရသူတိုင်း လည်ပြန်ငေးမောကြည့်မိကြသူတွေချည်း ဖြစ်သော်လည်း ထုံးစံအတိုင်း မြပချူပ်က မည်သူ့ကိုမှ ဂရုမစိုက်။

ရင့်ကျက်တည်ငြိမ်သော အမူအရာဖြင့် သူမဒက်ဒီရှိရာသို့ ဦးတည်လျှောက်ခဲ့သည်။ ပတ်ဝန်းကျင်ကို စိတ်မဝင်စား။ သူမ ဦးတည်ရာကိုသာ အာရုံစူးစိုက်တတ်သူ ဖြစ်သည့်အတိုင်း ဒက်ဒီ့ရှေ့မှာ မြပချူပ်ရပ်လိုက်တော့ ဒက်ဒီက မြပချူပ်၏ အလှအပကို ဝမ်းသာဂုဏ်ယူဟန်ဖြင့် ပြုံးပြုံးကြီး ကျေနပ်စွာ ကြိုဆိုပါသည်။

"ဒီနေ့တော့ ခန်းမကြီးတစ်ခုလုံးထဲမှာ ဟောဒီက ဒက်ဒီ့သမီးလေး မြပချူပ် အလှဆုံးပဲထင်တယ်ဟော့"

"အဲဒါ...ဒက်ဒီ့သမီးဖြစ်နေလို့ပဲပေါ့"

"ဟုတ်ပါ့ဗျာ..ဟုတ်ပါ့"

"ဟား...ဟား...ဟား"

"သမီးကတော့ တွေ့တဲ့နေရာ၊ တွေ့တဲ့အချိန်တိုင်း သူ့ဒက်ဒီကို အမြဲစိတ်ချမ်းသာစေတဲ့ သမီးလိမ္မာလေးပဲ"

ဒက်ဒီက မြပချူပ်စကားကို သဘောကျစွာ ရယ်မောလျှင် လှပသော မြပချူပ်မျက်နှာလေးမှာလည်း ဒက်ဒီ၏ အပျော်မျက်နှာကိုကြည့်ကာ ပြုံးကြည်နေပါသည်။ ထိုအချိန်အထိ မြပချူပ်သည် ဒက်ဒီအနားမှာ အတူရှိနေသည့်လူကို သတိမထားမိခြင်း မျှော်သေးပါ။



www.burmeseclassic.com

www.burmeseclassic.com



ထိုလူက မြပချုပ်တို့သားအဖကို စူးရှတောက်ပလင်းလက်သော မျက်လုံးအစုံဖြင့် စူးစိုက်ကြည့်ရင်း ပြုံးနေပါသည်။ အထူးသဖြင့် မြပချုပ်၏ ဒက်ဒီ ဦးမြဟန်၏ သမီးလိမ္မာလေးဆိုသည့် စကားအပေါ်မှာ မပြုံးဘဲ ဝါးလုံးကွဲရယ်လိုဟန်ကို ချုပ်တီးမျိုသိပ်ထားရသည့်ပုံစံမျိုးဆိုလျှင်လည်း မမှားပါ။

"သမီးကို ဒက်ဒီ အရင်းနှီးဆုံးမိတ်ဆွေတစ်ယောက်နဲ့ မိတ်ဆက်ပေးချင်လို့ပါဗျာ၊ ဟောဒီမှာ သူ့နာမည်က မောင်စောနက်ကြယ်တဲ့"

"ဟင်"

"တွေ့ရတာဝမ်းသာပါတယ် မမြပချုပ်၊ ကျုပ်က စောနက်ကြယ်ပါ"

"အို"

ကမ္ဘာလောကကြီးက စိတ်ပျက်စရာ ကောင်းအောင်ပင် ဤမျှ ကျဉ်းမြောင်းသေးငယ်နေလိမ့်မည်ဟု မြပချုပ် ထင်မထားခဲ့ပါ။ အခုတော့ ဒီကမ္ဘာကြီးထဲမှာ သူမကြည့်မရဆုံးသော၊ အမုန်းဆုံးလူတစ်ယောက်ကို ဒက်ဒီ၏ အရင်းနှီးဆုံး မိတ်ဆွေတစ်ယောက်အဖြစ် မြပချုပ်နှင့် အထူးတလည် ပြန်၍ မိတ်ဖွဲ့ပေးခြင်းခံရသည့်အဖြစ်ကြောင့် မြပချုပ်မှာ ဒက်ဒီရှေ့မှာပင် ဟန်မဆောင်နိုင်လောက်အောင် မျက်နှာကွက်ခနဲ ပျက်သွားမိ၏။

စောနက်ကြယ်ဆိုသည့်လူက စောစောထဲက မြပချုပ်ဝင်လာသည်ကို ကြိုတင်တွေ့မြင်ထားပြီး ဖြစ်ပုံရသလို မြပချုပ်ကို





ဒက်ဒီ့သမီးအဖြစ် ကြည့်လာသည့် အကြည့်တွေမှာလည်း မုန်းချင်စရာကောင်းလောက်အောင်ပင် လှောင်ပြောင်ကျီစယ်မှုများ ပြည့်ဖွမ်း နေ၏။

"တွေ့ရတာ ဝမ်းသာပါတယ်"

မြပချုပ်ရှေ့ကို ကမ်းပေးလာသည့် စောနက်ကြယ်၏ နီရဲပြည့်တင်းသော လက်အစုံကို ကြည့်ကာ ဘာလုပ်ရမှန်းမသိအောင် မြပချုပ် အခက်တွေ့သွားပေမယ့် ဒက်ဒီ့ရှေ့မှာမို့ သူမ၏ ဖြူနုအိထွေးသော လက်ကလေးတစ်ဖက်ကို စောနက်ကြယ်ဆိုသည့်လူ၏ လက်ထဲသို့ မထည့်ချင်ထည့်ချင်နှင့် အသာထည့်ပေးလိုက်ရ၏။

မြပချုပ်နှင့် စောနက်ကြယ်တို့ တစ်ယောက်လက်ကို တစ်ယောက် ဆုပ်ကိုင်လှုပ်ရမ်း နှုတ်ဆက်လိုက်ကြသည်။ ရိုးရိုးနှုတ်ဆက်ခြင်းက မဟုတ်။ စောနက်ကြယ်ဆိုသည့်လူက မြပချုပ်၏ ဖြူနုသေးသွယ်သော လက်လှလှလေးကို အားမာန်အပြည့်ပါသော သူ့လက်ကြီးများဖြင့် နာကျင်သွားစေသည့်အထိ တမင်ဖျစ်ညှစ်လိုက်၏။

"အိုး"

မြပချုပ်မှာ နာကျင်သွားသော သူမလက်ကလေးကို စောနက်ကြယ်၏ လက်ထဲမှ ခပ်မြန်မြန် ဆွဲနှုတ်ဖို့ ကြိုးစားသော်လည်း သူကမလွှတ်။ ဒေါသဖြင့် စောနက်ကြယ်၏ မျက်နှာကို မော့ကြည့်လိုက်မှ သူက ဘာမှမဖြစ်လေဟန်ဖြင့် မြပချုပ် လက်ကလေး အသာဖြေလွှတ်ပေးသည်။

www.burmeseclassic.com



စောနက်ကြယ်ဆိုသည့် လူကြောင့် မြပချူပ်ရင်ထဲမှာ ဒေါသတွေ ဆူဝေလာသည်။ ကျက်သရေမင်္ဂလာရှိသည့် ဒီလိုညမျိုးမှာ နေချိုနှင့်သူမ အကြောင်းကို အစအဆုံး မြင်တွေ့ကြားသိထားသော ဒီလူကို တွေ့ရခြင်းက မြပချူပ်၏ ဂုဏ်သိက္ခာကို အဘယ်မျှ ထိခိုက်နာကျင်စေသည်ကို မြပချူပ်သိသလို စောနက်ကြယ်ဆိုသည့် လူလည်း သိပေမည်။

ဒါကိုသိရက်နှင့် မိန်းကလေးတစ်ယောက်၏ ဂုဏ်သိက္ခာနှင့် အရှက်ကို ငဲ့ကွက်စာနာသော သဘောဖြင့် နေချိုနှင့် သူမကိစ္စကို မသိသလို ဟန်ဆောင်နေသင့်ပါလျက် မြပချူပ်ကို တွေ့လေတိုင်း သူ့မျက်နှာက မင်း နေချိုဆိုတဲ့ ကောင်လေးကို သိပ်ချစ်တာ ငါသိတယ်နော်ဟု ဆိုနေသယောင် အကြည့်အပြုံးများကို မုန်းလှသည့်အဖြစ်ပါ။

ညစာစားပွဲမှာ မြပချူပ်တို့သားအဖနှင့် စောနက်ကြယ်တို့ အတူထိုင်ကြသည်။ ထိုထမင်းပွဲမှာ ဒက်ဒီနှင့်အပြိုင် စီးပွားရေးလုပ်ငန်းများအကြောင်း၊ လူမှုရေး၊ ကမ္ဘာ့နိုင်ငံတကာသတင်းများ အားလုံး ဗဟုသုတကြွယ်ဝစွာ ပြောနိုင်ဝေဖန်နိုင်သည့် စောနက်ကြယ်ကို တခြားမိန်းကလေးတစ်ယောက်သာဆိုလျှင် အထင်ကြီး စိတ်ဝင်စားမိမှာဖြစ်သော်လည်း မြပချူပ်ကတော့ သူမအပေါ် လှောင်ပြောင်သရော်သော ထိုလူကို နည်းနည်းမှ အထင်မကြီးချေ။

"မောင်စောနက်ကြယ် ဒီတစ်ခေါက် အမေရိကန်မှာ အတော်ကြာပဲ၊ အန်ကယ်အထင်ပြောရရင် အနည်းဆုံး နှစ်နှစ်သုံးနှစ်





မကာလောက်ဘူးမှတ်တယ်"

"ဩစတေးလျကာ မိဘတွေအိမ်ကိုလည်း မဝင်မဖြစ်ဝင်ရသေးတာကိုး အန်ကယ်ရဲ့"

"ဘယ်လိုလဲ သားအဖတွေ ပြေလည်သွားကြပြီလား"

"ဒီတစ်သက်တော့ ကျွန်တော်တို့သားအဖ ပြေလည်ဖို့ မလွယ်လှပါဘူးဗျာ၊ သိတဲ့အတိုင်း ဒက်ဒီ့စိတ်နဲ့ ကျွန်တော့်စိတ် မတူသလို အတွေးအမြင် ခံယူချက်တွေကြပြန်တော့လည်း အားလုံးလို ဆန့်ကျင်ဘက်တွေချည်းပဲ"

"တစ်ခါတလေ ကျွန်တော်နဲ့ ဒက်ဒီ သားအဖဖြစ်နေရတာကို သိပ်အံ့ဩတာပဲခင်ဗျာ၊ ကျွန်တော်က အရှေ့ဆိုရင် ဒက်ဒီက အနောက်၊ ကျွန်တော်က အဖြူဆို ဒက်ဒီက အမည်း၊ လူတိုင်း ကျွန်တော်တို့သားအဖကို မအံ့ဩဘဲ မနေကြဘူး"

"အဟွန်း…ဟွန်း…ဟွန်း"

စောနက်ကြယ်က သူ့စကား့ကို သူ့ဘာသာသဘောကျပြီး ရယ်နေ၏။ မြပချူပ်ကတော့ ကိုယ့်အဖေနှင့်ကိုယ်ပင် တည့်အောင် မနေနိုင်သော သားတစ်ယောက်အဖြစ် သူ့ကို သဘောမကျစွာ ကြည့်လိုက်၏။

တကယ်ဆို ဒီအဖေမွေးမှ လူဖြစ်ရသော သားတစ်ယောက် အနေနှင့် ကိုယ့်အဖေ၏စကားကို မြေဝယ်မကျ နားမထောင်နိုင်သည့်တိုင် အထိုက်အလျောက် ယဉ်ကျေးသိမ်မွေ့သူတစ်ယောက် အဖြစ် ဤမျှ ဖခင်ကြီးနှင့် ဆန့်ကျင်ဘက်စကားများဆိုကာ



www.burmeseclassic.com

www.burmeseclassic.com



**ထိပ်တိုက်ရင်ဆိုင်ရန်** မသင့်ဟုထင်သည်။

**မြပချုပ်ဆိုလျှင်** ဒက်ဒီနှင့် သားအဖချင်း တစ်ကြိမ်တစ်ခါ**မှ ပြဿနာမဖြစ်ဘူးပါ**။ မိထွေးဖြစ်သူ ဒေါ်ခင်စစ်ရင် မကောင်းမှု**ကြောင့်သာ** ဒက်ဒီနှင့်သူမကြား ပြဿနာဖြစ်ခဲ့ရတာပဲ ရှိသည်။ **ထိုအချိန်က** သမီးဖြစ်သူနှင့် ဇနီးကြား စိတ်ဒုက္ခများလျက် **ညည်းသွားကာ** လိုက်ရမှန်းမသိ ဖြစ်ခဲ့ရှာသော ဒက်ဒီ၏ စိတ်ဆင်းရဲ**နေသော** မျက်နှာကို မြင်တွေ့ရပြီးနောက် ဒေါ်ခင်စစ်ရင်နှင့် နောက်ဘယ်တော့မှ ထိပ်တိုက်တွေ့ရန် စိတ်မကူးခဲ့သူဖြစ်သည်။

ဒါဟာ သမီးတစ်ယောက်အနေနဲ့ ဖခင်ကြီး ကိုယ့်ကြောင့် စိတ်ထိခိုက်မှာ စိတ်မချမ်းမသာဖြစ်နေရတာကို မမြင်မတွေ့ရက်သော ဖခင်ကြီးကိုချစ်သည့် စိတ်ကြောင့် ဖြစ်သလို သားသမီးဝတ္တရားဟုဆိုလျှင်လည်း မမှားချေ။

စောနက်ကြယ်ဆိုသည့်လူမှာ ဒီလိုအသိမျိုး မရှိတာကို စိတ်ထဲက ကျိတ်ပြီး ကဲ့ရဲ့ပြစ်တင်ဝေဖန်နေမိသည့်အဖြစ်ကို ထိုလူမသိ။

"ဒီတစ်ခေါက်သွားတာကလည်း မာမီက ကျွန်တော်နဲ့ မတွေ့ရတာကြာပြီဆိုတော့ သူ့သားလေးကို တွေ့ချင်လှချည်ဆိုပြီး ငိုယိုဖုန်းဆက်လာတာနဲ့ မာမီ့ကို သနားပြီးသွားဖြစ်ခဲ့တာပါ၊ ကျွန်တော့်သဘောနဲ့ဆိုရင်တော့ အခုအချိန်ထိ အိမ်ဘက်ကို ခြေဦးလှည့်ဖြစ်ဦးမယ် မထင်ဘူး"

"အိမ်ကိုမပြန်ဖြစ်တာ အတော်ကြာပြီထင်ပါရဲ့ မောင်စောနက်ကြယ်"





"လွန်ခဲ့တဲ့ ငါးနှစ်လောက်ကတော့ တစ်ခါရောက်ပါတယ်၊ ကြာကြာတော့ မနေဖြစ်ခဲ့ဘူး၊ အလုပ်ကိစ္စနဲ့ ခရီးကြုံလို့ နှစ်ရက်လောက်ဝင်ခဲ့တာပဲ ရှိတာပါ၊ နောက် မရောက်တော့ဘဲ အာဖရိက ကွန်ဂိုဘက် ရောက်သွားတာနဲ့ အိမ်ကိုမေ့သွားတာပဲ"

"အိမ်ကိုမေ့ရတယ်လို့ပဲ မောင်စောနက်ကြယ်ရယ်"

ဒက်ဒီက သူ့စကားကို မိဘတစ်ယောက်အနေနှင့် သဘောမကျစွာ ပြောလိုက်မှန်း မြပချုပ် သိသလို သူလည်းသိမှာဖြစ်ပေမယ့် မျက်နှာတစ်ချက်မပျက် ပြုံးလဲ့လဲ့လုပ်နေသော အမူအရာကို ပမာမခန့်နိုင်သလို ထင်မိသည်။

"ဒီလိုပဲပေါ့ အန်ကယ်ရယ်၊ အတောင်အလက်စုံတဲ့တစ်နေ့ အသိုက်အမြုံကို စွန့်ခွာကြတာ သဘာဝပဲ၊ ပြီးတော့ ကျွန်တော်က ခြေထောက်ဖွေ့ပါတဲ့ သူမို့လားမသိဘူး နေရာတစ်ခုထဲမှာ အတည်တကျနေတာမျိုး သဘောမကျလှဘူးဗျာ၊ နိုင်ငံပေါင်းစုံ၊ လူမျိုးပေါင်းစုံ ယဉ်ကျေးမှုအစုံကြားမှာ သွားလာလှည့်ပတ်နေတာမျိုး ကျွန်တော့်ဘဝမှာ နေသားကျနေပြီ"

"ဒါပေါ့…ဒါပေါ့ မောင်စောနက်ကြယ်လို လူမျိုးကလည်း အရှားသားကိုး"

ဒက်ဒီနှင့်သူက အတိုင်အဖောက်ညီစွာ စကားတပြောပြောနှင့် မပျင်းမရိ ရှိနေကြသော်လည်း သူတို့ပြောသမျှ စကားအားလုံးဘာတစ်ခုမှ စိတ်ဝင်စားခြင်းမရှိသော မြပချုပ်အတွက်တော့ အချိန်ကြာလာသည်နှင့်အမျှ ဘယ်လိုမှ သည်းမခံနိုင်သည့်အဆုံး ဒက်ဒီ



www.burmeseclassic.com

www.burmeseclassic.com



ကို နှုတ်ဆက်တာ သူမနေသည့် ဘန်ဂလိုသို့ ပြန်ခဲ့သည်။

ရွှန်းမြမြသာနေသည့် လနှင့် ညက မြပချုပ်ရင်အစုံကို နာကျင်ထုံလှစေသလို ပင်လယ်လှိုင်းပုတ်သံနှင့် ရေပြင်ကျယ်အလှ ထလည်း ရှုံးနိမ့်ခဲ့သော မြပချုပ်၏ အချစ်ရေးအတွက် ရတက် အေးနိုင်ဖွယ် ပုပင်သောကတွေ လွှမ်းခြုံနေဘိသကဲ့သို့ မှတ်ထင်ရ စေသည်။

ဤသည်မှာ နှလုံးသားတွင် ဒဏ်ရာနက်နက်ရခဲ့သော မိန်းမတစ်ယောက်နှင့် သူမရောက်ရှိနေသော ပတ်ဝန်းကျင်အပေါ် ထင်မြင်ယူဆသည့် သဘောထားမျှ ဖြစ်သော်လည်း ကိုယ် အင်မတန် ချစ်မြတ်နိုးသော ချစ်သူနှင့် ချစ်ခရီးလမ်း ဖြောင့်ဖြူးသာယာ နေသော မိန်းမတစ်ယောက်အတွက် ယခု မြပချုပ် ခံစားတွေးမြင် လျက်ရှိသော အယူအဆများအားလုံး ဆန့်ကျင်ဘက် ရယ်မောပျော် ရွှင်ဖွယ်ရာတွေချည်း ဖြစ်နေပေလိမ့်မည်။

လူတစ်ယောက် စိတ်ခံစားချက်ကပင် သဘာဝလောက ကြီး၏ အလှတရားအပေါ် ပြောင်းလွဲထင်မြင်တတ်ခြင်း သဘောမှာ ဘာမှမထူးဆန်းသယောင်နှင့် အထူးခြားဆုံး ထူးဆန်းမှုဖြစ်ကြောင်း ကိုက မည်သူမျှ ငြင်းဆန်နိုင်မည်မဟုတ်ချေ။

ရုတ်တရက် မြပချုပ်၏ ခြေလှမ်းများသည် သူမတည်းခို ရောက်ရှိနေသည့် ဘန်ဂလိုဆီသို့ ဦးတည်ခြင်းမရှိဘဲ သဲသောင်စပ် မှာ ရပ်တန့်လိုက်၏။



## အခန်း (၅)

ပင်လယ်ခြားသော်လည်း မြပချုပ်၏ စိတ်ဝိညာဉ်က ချစ်မိ သူရှိရာကို အပြေးအလွှား ရောက်ရှိသွားကာ အသိအမှတ်ပြုခြင်း ခံရဘဲ ရင်ကွဲနာကျင်ရသော အချစ်အတွက် တိတ်ဆိတ်စွာ ဆို့နင့် ကြေကွဲလျက်ရှိသည်။

ဖြစ်နိုင်လျှင် မြပချုပ်သည် နေချို့ရှိသည့် အရပ်မှာ မနေ ချင်။ နေချို့နှင့် အဝေးဆုံးဝေးနိုင်မည့် အရပ်မှာ သွားပုန်းနေချင် သည်။ နေချို့နှင့် ပက်ထရစ်ရှာတို့ သတင်းကို မကြားနိုင်သည့် နေရာ။ ထိုသူနှစ်ဦးကို မမြင်တွေ့ရသည့်အရပ်မှာ သူမ နေခွင့်ရ လျှင် အဘယ်မျှ ကောင်းလိုက်မည်နည်း။

အခုတော့ နေချို့နှင့် မြပချုပ်တို့က အသိုင်းအဝိုင်းတစ်ခု၊ ပတ်ဝန်းကျင်တစ်ခုထဲမှာ အတူရှိနေခြင်းဖြင့် သူ့အကြောင်း ကိုယ့် အကြောင်း မကြားချင်၍မရ။ မမြင်မတွေ့လို၍ တမင်ရှောင်လွဲ ထွက်သွားမည်ဆိုလျှင်တောင် မလွယ်။



www.burmeseclassic.com

www.burmeseclassic.com



[illegible]မဟုတ် တစ်နည်းနည်းနှင့်တော့ ဆက်နွယ်ပတ်သက် [illegible] အထူးသဖြင့် နေချိုတို့မိသားစုက သူတို့မိသားစု၏ [illegible]အလာနှင့် ဂုဏ်သိက္ခာအပေါ် အင်မတန် အမွန်အမြတ် [illegible]ထား၍ ဂုဏ်ယူအမွန်းတင်တတ်ကြသူများ ဖြစ်သလို [illegible] အစဉ်အဆက်ကလည်း ရှေးအစဉ်အလာအတိုင်း ဆက်ခံ စောင့်ထိန်းလာကြသူများလည်းဖြစ်သည်။

ဤသည်ကို အမွေဆက်ခံသူက နေချို။

ချိုမိသားစု၏ အစဉ်အလာအတိုင်း သူတို့နှင့် မျိုးရိုးတူ ဂုဏ်အဆင့်အတန်းချင်း ညီသူအဖြစ် ပက်ထရစ်ရှာကို လက်ထပ်ခဲ့ သူ။ သူတို့အသိုင်းအဝန်းထဲကို တခြားသူစိမ်းတရံစာ ဆွဲသွင်းခြင်း မပြု။ မျိုးရိုးစောင့်ထိန်းခြင်းဆိုသည့် စကားအတွက် မြပချုပ် ငိုရ ခက် ရယ်ရခက် ဖြစ်ခဲ့ရဘူးသည်။

နေချိုကို မြပချုပ်၏မိထွေးဖြစ်သူ ဒေါ်ခင်စစ်ရင်နှင့် ပတ်သက်ပြီး စတင်သတိပြုမိကာ ဒေါ်ခင်စစ်ရင်၏ မိတ်ဆက်ပေးမှု ကြောင့်ပင် သိကျွမ်းခင်မင်ခဲ့ရခြင်းဖြစ်သည်။

သိပ်လှသည့် မြပချုပ်ကို မြင်မြင်ချင်း နေချိုတစ်ယောက် အတော်လေး တုန်လှုပ်ချောက်ချားခဲ့ကြောင်း နောင်မှ သူမကိုယ်တိုင် ရိပ်စားမိခဲ့ခြင်းဖြစ်သည်။ ဘာဖြစ်လို့ စောစောထဲက နေချို သူမ အလှမှာ ငြိတွယ်ဝင်စားခဲ့သည့်အဖြစ်ကို ကြိုစော၍ မရိပ်မိခဲ့ရသလဲ ဟု သူမကို တစ်စုံတစ်ယောက်က မေးလာခဲ့မည်ဆိုလျှင် သူမကိုယ် တိုင်က နေချိုအပေါ်မှာ မြင်မြင်ချင်းပင် ထူးခြားဆန်းကြယ်စွာ





စိတ်ဝင်စားနေခဲ့မိ၍ တစ်ဖက်လူ၏ အခြေအနေကို မရိပ်စားခဲ့မိခြင်း ဖြစ်သည်။

ထိုအတူ နေချိုဘက်က သူ့ရင်ထဲရှိသမျှ ခံစားချက်အစစ် အမှန်ကို ကွယ်ဝှက်ထိန်ချိန် ဟန်ဆောင်ရာမှာလည်း ဣန္ဒြေရရနှင့် ပိပိရိရိ ဟန်ဆောင်နိုင်တာကို ချီးကျူးသင့်သည်။

သူ့မငယ်ရွယ်စဉ် မိခင်ကြီး ကွယ်လွန်ပြီးနောက် မြပချုပ် ဆိုသော သူမမှာ မိခင်ရင်ခွင်မဲ့စွာဖြင့် အထိန်းတော် အချော့တော်များ လက်ဝယ် ကြီးပြင်းလာခဲ့ရသူဖြစ်သည်။ မြပချုပ်၏ ဒက်ဒီက သမီးကို ငုံထားမတတ်ချစ်သော်လည်း မိတဆိုးသမီးလေးအဖြစ် ငယ်စဉ် ကလေးဘဝထဲက အရာရာတိုင်း မြပချုပ်သဘောကို အလိုလိုက် အကြိုက်ဆောင်ပေးခဲ့သူ။

အကြောက်အလန့်ဆိုသည့် စကား မြပချုပ်ဘဝတွင်မရှိ။ မြပချုပ်အလိုရှိသောအရာကို မရဆိုတာမျိုးလည်း မရှိစဖူး။ သူမ ဘဝက သာယာချိုမြိန်ခြင်းတွေ အတိဖြင့်သာ အစဉ်ပြည့်လျှမ်းခဲ့ရ သမျှ နေချိုနှင့် တွေ့ဆုံပြီးနောက်မှာ မြပချုပ်ဘဝက ဘာတစ်ခုမှ ပျော်စရာမကောင်းတော့သလို ထင်မိသည်။

အထိန်းတော် အချော့တော်တွေနှင့်သာ ရွှေမင်းသမီး လေးလို နေခဲ့ရသော မြပချုပ်က ဘဝအကြောင်း၊ လူတွေအကြောင်း တခြားသူတွေလောက် နက်နက်ရှိုင်းရှိုင်းမသိ။ သူမဝန်းကျင်တစ်ခု လုံးမှာ မြပချုပ်က ဒက်ဒီသမီးအဖြစ် ဘယ်နေရာသွားသွား ပွဲထိပ် တင့်သူ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလူမျိုးကိုမှလည်း အရေးစိုက်စရာရယ်လို့လည်း မရှိခြင်း၊ ဒတ်ဒီသမီးဆိုတာနှင့် မြပချူပ်လိုချင်တာတွေ၊ ဖြစ်ချင်တာတွေ ဖြစ်ခွင့်ရှိသည်။

မြပချူပ်ဆိုတာ သူမတို့ အသိုင်းအဝိုင်းမှာ နာမည်ကြီး ရွှေခင်းသမီးလေးအဖြစ် ဝိုင်းဝိုင်းလည်နေသည့် ရွှေမင်းသားတွေကလည်း အများကြီး။ အချစ်ကို မတွေ့ခင်တုန်းကတော့ မြပချူပ်က ယောက်ျားလေးတွေ အသည်းနှလုံးကို ဆော့ကစားရခြင်းကို ကျေနပ်ပျော်ရွှင်ဖွယ် ကစားနည်းအသစ်တစ်ခုအဖြစ် သဘောထားခဲ့သည်။

ထိုထက်ပိုသော ခံစားချက်အမြင်လည်း မရှိ။ တချို့ယောက်ျားတွေကလည်း မြပချူပ် သဘောအတိုင်းပင်။ မိန်းကလေးတွေကို သူတို့ အပျင်းပြေဆော့စရာ ကစားစရာအရုပ်လောက်သာ ထင်ကြသည်။

ဒီလိုလူတွေချည်း ထိပ်တိုက်တွေ့ကြသည့်ပွဲမှာ ဘယ်သူကသာသည်။ ဘယ်သူကနာသည် မရှိ။ ကြည်လျှင်တွဲသည်။ မကြည်လျှင် ခွဲသည်။ ဒါမျိုးအဖြစ်တွေက ရိုးအီလွန်းလို့ ပျင်းစရာ တောင်ကောင်းနေချိန်မှာ နေချိုဆိုသည့် ရွှေမင်းသားက ဒေါ်ခင်စစ်ရင်၏ တူသားတစ်ယောက်လို ခင်မင်ရသော လူတစ်ယောက်အဖြစ် မြပချူပ်ဘဝထဲကို ဝင်ရောက်လာခဲ့သည်။

ဖြစ်ချင်တော့ ဒေါ်ခင်စစ်ရင် နေမကောင်းဖြစ်ပြီး အိပ်ရာထဲ လဲသွားသည်။ ရောဂါကို ဆေးကုသဖို့ သူ့မိသားစုဆရာဝန်ကို ဖုန်းဆက်ခေါ်တော့ နေချိုက ထိုဆရာဝန် ဒေါ်ရှိန္နယ်နှင့်အတူ ပါလာသည်။ သူ့အဒေါ်ကို ကားမောင်းပို့ခြင်းဖြစ်သည်။ မြပချူပ်နှင့် သိကျွမ်းပြီးနောက်မှာ နေချိုက ဒေါ်ခင်စစ်ရင်ဆီကို အကြောင်းအမျိုးမျိုးဖြင့် မကြာခဏ ရောက်ရောက်လာသည်။



ပထမတုန်းကတော့ မြပချူပ်ကိုယ်တိုင် ထိုအဖြစ်ကိုမသိ။ မိုးလင်းမိုးချုပ် အိမ်ကပ်လေ့မရှိသူဖြစ်သည့်အတိုင်း သူမ မိတွေးရှိရာသို့ နေချို လာလာနေတာကို သိလည်းမသိ၊ ရိပ်လည်းမရိပ်မိ။

ထည်လဲတွဲနေသော ကောင်လေးတွေနှင့် အိမ်အဝင်အထွက်မှာ သူနှင့် နှစ်ခါသုံးခါ ဆုံဖြစ်မှ မြပချူပ်အိမ်ကို သူဝင်ထွက်နေတာ သတိထားမိလာခြင်းဖြစ်သည်။

သူနှင့်တစ်ခါတွေ့တိုင်း မြပချူပ်နားက လူတွေကလည်း တစ်ယောက်ပြီးတစ်ယောက် ပြောင်းနေသည့်အဖြစ်ကို မြပချူပ်ကိုယ်တိုင် စိတ်တိုင်းမကျ သဘောမကျပေမယ့် မတတ်နိုင်။

နောက်တော့ သူနှင့် မြပချူပ် ခင်မင်ရင်းနှီးလာတော့မှ သူကိုယ်တိုင် မြပချူပ်အပေါ် စိတ်ဝင်စားနေတာကို သိလာခဲ့ရခြင်းဖြစ်သည်။ သိသိခြင်း မြပချူပ် ပျော်သည်မှာ ပြောစရာမရှိ။ သူမကိုယ်တိုင်ကလည်း နေချိုကို ရင်ခုန်နေပြီဆိုတော့ တစ်နေ့ဖွင့်ပြောလာနိုးနှင့် တိတ်တခိုး ကျိတ်မျှော်လင့်ခဲ့သည်။

အချိန်တွေသာ တရွေ့ရွေ့ပြောင်းသွားသည် အခြေအနေက မြပချူပ် မျှော်လင့်သလို ဖြစ်မလာခဲ့။ နေချိုက မြပချူပ်ကို ချစ်ကြောင်း တစ်ခါမှ ဖွင့်ဟဝန်ခံခြင်းမရှိသော်လည်း နေချိုနှင့် သူမ အခြေအနေက တစ်ယောက်ရင်ကို တစ်ယောက် ထွင်းဖောက်မြင်နေ




www.burmeseclassic.com

www.burmeseclassic.com



သူများအဖြစ် ချစ်သူတွေလိုပင် စိတ်ကောက်လိုက်ကြ၊ ပြန်ချော့လိုက်ကြ၊ ဖုန်းတွေအကြာကြီးပြောကြနှင့် အပြေလည်ကြီး ပြေလည်ပြီးကာမှ ပက်ထရစ်ရှာကို နေချိုလက်ထပ်ဖို့ ရွေးချယ်လိုက်ခြင်း ဖြစ်တာ ဘာကြောင့်ပါနည်း။

ဤအဖြေကို မြပချုပ်မသိ။ နောင်ကိုလည်း သိမည်မထင်။ သိသည့်တိုင်အောင်လည်း စိတ်ဝင်စားလိမ့်မည်မဟုတ်။ လူတစ်ယောက်ကို ချစ်မိသည့်အတွက် ခံစားရသော ဒုက္ခဆင်းရဲက ကြောက်စရာကောင်းကြောင်းကို တစိမ့်စိမ့်တွေးနေမိသည်။

အချစ်ကြောင့် မြပချုပ်သည် စိတ်နောက်ကိုယ်ပါ သူမလုပ်ချင်ရာတွေ လျှောက်လုပ်ခဲ့မိသည်။ ထိုအတွက်ကြောင့်ပင် မြပချုပ်ကိုယ်တိုင် အကြီးမားဆုံးသော ဆုံးရှုံးမှုနှင့် စိတ်ဆင်းရဲမှုကြီးကို ခံစားခဲ့ရသည်။

မိန်းမတစ်ယောက်အနေဖြင့် ယောကျ်ားတစ်ယောက်ဆီက အချစ်ကို ရယူပိုင်ဆိုင်လို၍ ရှေ့ကို တစ်လှမ်းတိုးမိလေ ထိုမိန်းကလေးသည် ဆုံးရှုံးမှုပို၍များလေ ဖြစ်သည်။ မြပချုပ်သည် သူမကိုယ်သူမ အတော်အထင်ကြီးခဲ့မိသည်။

မြပချုပ်သည် တွေးမိတွေးရာ တွေး၍ ငေးမိငေးရာငေးနေ၏။ တိတ်ဆိတ်သောညနှင့် ပင်လယ်လှိုင်းသံများကြားမှာ ထူးခြားသော အသံတစ်ခု မြပချုပ်ရှိရာသို့ ရုတ်တရက် လွင့်မျောရောက်ရှိလာ၏။

ထိုအသံက လူတစ်ယောက်၏ သီချင်းသံဖြစ်သည်။





သီချင်းသံက ဝေးရာမှ တဖြည်းဖြည်း နီးလာသည်နှင့်အမျှ လရောင်အောက်မှာ ထင်ရှားသောသဏ္ဌာန်ကို မြင်လိုက်ရလျှင် မြပချုပ်သည် ထိုလူနှင့် အဝေးဆုံးသို့ ထွက်သွားရန် ခြေလှမ်းပြင်လိုက်၏။

သို့သော်လည်း မြပချုပ်၏ ခြေလှမ်းအစုံက နောက်ကျခဲ့ပြီဟု ဆိုရမည်။ စောနက်ကြယ်က ခြေလှမ်းကျဲကြီးများဖြင့် သူမရှေ့သို့ လွှားခနဲ ရောက်လာကာ မြပချုပ်ရှေ့တွင် ရပ်လာသောကြောင့် ဖြစ်သည်။

"အလို…မြပချုပ်ပါလားဗျာ၊ ကျုပ်ဖြင့် လရောင်လှူနေတဲ့ နတ်သမီးလေးများလားလို့ ထင်နေတာ"

စောနက်ကြယ်၏ အသံက ချိုသာနူးညံ့ကာ တမင်သဥ်ကျေးဟန်ဆောင်သည်ဟု မြပချုပ်ထင်သည်။ ပြီးတော့ သူ့မျက်လုံးနက်နက်တွေက မြူးနေ၏။ မြပချုပ် သူ့ကို အခုရောနောက်ရော ဘယ်အချိန်မှာမှ မဆုံမတွေ့လို။

မြပချုပ်မှာ သူ့ကိုမြင်တိုင်း ရင်ထဲမှာ ရောဂါဝေဒနာသည်းလာ၏။ မြပချုပ်သည် စောနက်ကြယ်ဆိုသည့်လူကို မရယ်မပြုံးမျက်နှာဖြင့် မျက်ခုံးလေးတွန့်ကာ မကြည်သလို ကြည့်လိုက်၏။

"အပိုစကားတွေ လျှောက်ပြောမနေစမ်းပါနဲ့ရှင်၊ ရှင့်မျက်နှာကို ကျွန်မမျက်စိရှေ့မှာ နောက်ထပ် ဘယ်တော့မှ မမြင်မတွေ့ရရင်ကောင်းမယ်"

"ရက်စက်စိမ်းကားလှချည်လား မြပချုပ်ရယ်၊ ကျုပ်မျက်နှာကို နောက်ဘယ်တော့မှ မမြင်ချင်ဘူးဆိုတဲ့ စကားကြီးက



www.burmeseclassic.com

www.burmeseclassic.com



တဆိတ်လွန်လွန်းလှပါတယ်ဗျာ၊ ကျုပ်ကတော့ မြပချုပ်နဲ့ ဆန့်ကျင်ဘက်ဖြစ်နေပြီ''

''အခု…ခရီးထွက်ဖို့ကိစ္စကိုတောင် ရွှေ့ဆိုင်းထားဖို့ ဆုံးဖြတ်ထားတယ်''

သူက မြပချုပ်တစ်ကိုယ်လုံးကို စေ့စေ့စပ်စပ် စူးစူးရဲရဲ ကြည့်ကာ ပြောလိုက်ခြင်းဖြစ်သည်။ သူကြည့်ပုံက ရဲတင်းသည်။ ရိုင်းပျသည်။ သူ့အကြည့်က ခုန်အုပ်ရန်ချောင်းနေသည့် ကြောင်ပါးတစ်ကောင်၏ အကြည့်။ မိန်းကလေးတစ်ယောက် ရှက်သွားမည်ကို စိုးရိမ်သဖြင့် ညှာညှာတာတာ ကြည့်သော အကြည့်မျိုးမဟုတ်။

''သိပ်ရိုင်းတဲ့လူ''

မြပချုပ်မှာ စိတ်ဆိုးဆိုးဖြင့် ခပ်တိုးတိုး ရေရွတ်လိုက်၏။ ထို့နောက်မှာတော့ မျက်လုံးကို ဖျတ်ခနဲလွှဲ၊ ခေါင်းကို ချာခနဲလှည့်ကာ နူးညံ့အိထွေးသော သဲမြေကို ဖြတ်နင်းလျက် ကျောခိုင်းထွက်ခဲ့၏။

''မင်း…အထင်ကြီးနိုင်မယ့် ယောကျ်ားဟာ ဒီကမ္ဘာပေါ်မှာ နေချိုတစ်ယောက်တည်းပဲ ရှိမယ်ထင်တယ်''

မြပချုပ်သည် စောနက်ကြွယ်ထံမှ မှတ်ချက်ချသံကို ဂရုမစိုက်သလို လှည့်လည်းမကြည့်။ သို့သော်လည်း စောနက်ကြွယ်၏အသံက သူမနှင့်အတူ ကပ်လျက်ပါလာသည်။

''ကျုပ်အထင်ပြောရရင် နေချိုဆိုတဲ့လူ အထင်ကြီးနိုင်မယ့် မိန်းမဟာလည်း ပက်ထရစ်ရှာဆိုတဲ့ မိန်းမတစ်ယောက်တည်းပဲ





ရှိတယ်၊ ဒါကြောင့်မို့ နေချိုက…''

''တော်ပါတော့ရှင်…ကျွန်မကို ဒီထက်ပိုပြီး စနောင့်ယှက်ချင်စမ်းပါနဲ့''

မြပချုပ်၏ စူးစူးရှားရှား ဟစ်အော်သံက ပင်လယ်လှိုင်းပုတ်သံများကို ဖြတ်ကျော်လျက် ပဲ့တင်ထပ်သွား၏။ စောနက်ကြွယ်သည် မြပချုပ်၏ နာကျင်နီရဲနေသည့် မျက်နှာကိုကြည့်ကာ ရုတ်တရက် ဆွံ့အသွားသော်လည်း ချက်ချင်းလိုပင် သူ့မျက်နှာပေါ်မှာ မြင်တွေ့နေကျ မထိတရီအပြုံး ပြန်ပေါ်လာ၏။

''မိန်းမတွေ သိပ်ပြီး ရယ်စရာကောင်းတဲ့ သတ္တဝါတွေပဲ''

''ဟုတ်တယ်..ကျွန်မက ကမ္ဘာပေါ်မှာ ရယ်စရာအကောင်းဆုံးသတ္တဝါပဲ၊ အဲဒီတော့ ရှင်ဘာလုပ်ချင်လဲ''

''ကျုပ်လုပ်ချင်တာကို မေးတာလား၊ ကျုပ်စိတ်ထဲရှိတဲ့အတိုင်းပြောရရင် မင်း သိပ်ပြီး စိတ်ဆိုးဒေါသဖြစ်လိမ့်မယ် မြပချုပ် ဒီတော့ မင်းမေးခွန်းကို အချိန်မီ ပြန်ရုပ်သိမ်းပါလို့ပဲ ကျုပ်ပြောချင်တယ်''

မြပချုပ်မှာ စောနက်ကြွယ်ဆိုသည့်လူကို ဒေါသဖြစ်ရလွန်း၍ပဲလားမသိ။ သူပြောသည့်စကားများအပေါ် ထပ်ပြီး ဒေါသဖြစ်စရာမကျန်ဘဲ သူ့မျက်နှာကိုသာ စိုက်ကြည့်ပစ်လိုက်သည်။

သူကလည်း လှပသော မြပချုပ်မျက်လုံးအစုံအတွင်းသို့ စူးစိုက်ကြည့်လျက်ရှိရာ မျဉ်းတစ်ဖြောင့်တည်းဖြစ်၍ နေသည့်တိုင်



www.burmeseclassic.com

www.burmeseclassic.com



မည်သူမျှ တောင်အကြည့်မလွဲကြချေ။

"ရှင့်ကိုမြင်တဲ့အချိန်တိုင်း စိတ်ဆိုးဒေါသဖြစ်နေရတာပဲ"

"ဒါဖြင့်လည်း မထူးတော့မယ်အတူ ဆက်ပြောမှပဲထင်တယ်၊ ကျုပ်ကိုမြင်တိုင်း စိတ်ဆိုးဒေါသဖြစ်တဲ့ မိန်းမကို ကျုပ်သဘောကျတယ်"

"ဘာ"

"မင်းကို ကျုပ်ချစ်တယ် မြပချုပ်၊ ဘယ်လိုနည်းကိုပဲသုံးရသုံးရပေါ့၊ အနည်းဆုံးတော့ မြပချုပ်ဆိုတဲ့ မိန်းမတစ်ယောက်ကို ကျုပ် ပိုင်ဆိုင်ချင်တယ်"

"ရှင်…ရှင် ကျွန်မကို ဘယ်လိုမိန်းမစားမျိုးများ ထင်နေလဲဟင်"

"အရှိကိုအရှိအတိုင်း ရင်ထဲရှိတာကို ပွင့်ပွင့်လင်းလင်း ပြောတတ်တဲ့ ရိုးသားတဲ့မိန်းမပေါ့၊ ကမ္ဘာအနှံ့ ပတ်ခဲ့ပြီးပြီ၊ ကျုပ်လိုချင်တဲ့ မိန်းမမျိုးကို အခုတွေ့ပြီ"

မြပချုပ်မှာ ဒေါသဖြစ်လွန်း၍ ခေါင်းထဲမှာ မိုက်ခနဲပြာသွား၏။ စောနက်ကြယ်ဆိုသည့်လူကို ဤမျှရဲတင်းလိမ့်မည်ဟု မထင်ချေ။

"ရှင်…ထွက်သွား၊ အခုထွက်သွား၊ ကျွန်မ မျက်စိရှေ့ကို ဘယ်တော့မှ ပြန်မလာနဲ့"

"ရှူး"

"ဒီလောက်ကြီး စိတ်ဆိုးဒေါသမဖြစ်ပါနဲ့လေ၊ ကျုပ်လိုလူတစ်ယောက်က မင်းလိုမိန်းမတစ်ယောက်ကို အပိုင်လိုချင်တာဒါပထမဆုံးအကြိမ်ပဲ၊ ကျုပ်ဘဝမှာ ဘယ်မိန်းမကိုမှ မင်းလို အပိုင်မလိုချင်ဘူး"





"သြော်…ဟော်…အဲဒီအတွက် ကျွန်မကတော့ ရှင့်ကို ကျေးဇူးတင်ရမယ်ပေါ့ ဟုတ်လား"

"ဒါတော့ မြပချုပ်သဘောပါ၊ ဒီမယ် မင်းသာ သဘောတူမယ်ဆိုရင် ကျုပ်တို့လက်ထပ်ပွဲကို အကောင်းဆုံး၊ အခမ်းနားဆုံးဖြစ်စေမယ်၊ ပြီးရင် ကျုပ်တို့နှစ်ယောက်"

"ရှင်ဟာ တော်တော်ရူးပါလား ဦးစောနက်ကြယ်၊ အကောင်းမှတ်လို့ နားထောင်နေတာ အခုမှ ရှင်ဟာ အရူးမှန်းသိတော့တယ်"

"ဒီမယ်…မသေမချင်းမှတ်သွား မြပချုပ်လက်ထပ်မယ့်ယောကျ်ားက ရှင့်လိုလူစားမျိုး ဘယ်တော့မှ မဖြစ်စေရဘူး"

"ဘာဖြစ်လို့လဲ"

"တကယ်တော့ မြပချုပ်နဲ့ ကျုပ်က"

မြပချုပ်သည် သူ့စကားကို မကြားချင်တော့သဖြင့် နားနှစ်ဖက်ကို လက်ဖြင့်ပိတ်ကာ နေရာမှ ပြေးထွက်ကျောခိုင်းလိုက်၏။ မြပချုပ်တို့နှစ်ယောက်၏ အဖြစ်ကို ပင်လယ်ပြင် လှိုင်းပုတ်သံသဲ့သဲ့က ခနဲ့တဲ့တဲ့ လှောင်ပြောင်ရယ်မောလျက် ကျန်ရစ်၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"မနေ့ညက မြပချုပ်နဲ့ စောနက်ကြယ် နှစ်ယောက်ထဲ အတူရှိနေကြတယ်ဆို"

မြပချုပ်သည် မိထွေးဖြစ်သူ ဒေါ်ခင်စစ်ရင်၏ မျက်နှာကို ဆတ်ခနဲ လှမ်းကြည့်လိုက်၏။ အေးစက်တင်းမာစွာ တုံ့ပြန်လာသည့် ဒေါ်ခင်စစ်ရင်၏ အကြည့်က မြပချုပ်ရင်ကို စပ်ဖျင်းဖျင်း ဖြစ်သွားစေအောင်ပင် ထိရောက်လှသည်။

"အဲဒီတော့ ဘာဖြစ်လဲ"

အဖြစ်မှန်ကို မိထွေးဖြစ်သူကို ရှင်းပြမနေချင်။

စောနက်ကြယ်ဆိုသည့်လူနှင့် မြပချုပ် နှစ်ယောက်တည်း အတူရှိနေကြသည်ဆိုသော စကားအပေါ်မှာ ဒေါ်ခင်စစ်ရင်၏ သဘောထားအဓိပ္ပါယ်က ကျယ်ပြန့်လွန်းလှသည်။

မြပချုပ်ကို ဒီလိုမျိုးလာလုပ်လို့မရ။

ဒေါ်ခင်စစ်ရင်က တစ်ဆအေးစက်လျှင် မြပချုပ်က





ထိုထက်ပို၍ ဆယ်ဆပြဖို့ရန် ဝန်လေးသူမဟုတ်။

သူမစကားအဆုံးမှာ ဒေါ်ခင်စစ်ရင် မျက်ခုံးနှစ်ဖက် လှုပခနဲ မြင့်တက်သွားပုံက မြပချုပ်ကို မနှစ်မြို့ဟန်။ အနားမှာ ဒက်ဒီ မရှိ။ မြပချုပ်နှင့် ဒေါ်ခင်စစ်ရင် နှစ်ယောက်ထဲ ထိပ်တိုက်တွေ့ကြသည့်ပွဲမှာ ဘယ်သူကမှ အလျှော့ပေးလေ့မရှိ။

မနက်စာစားပြီး လမ်းလျှောက်နေချိန်မှာ ထူးထူးခြားခြား မြပချုပ်နားသို့ မိထွေးဖြစ်သူ ဒေါ်ခင်စစ်ရင် ရောက်လာခြင်းဖြစ်သည်။

"စောနက်ကြယ်ဆိုတဲ့ လူအကြောင်း မြပချုပ် ဘယ်လောက်သိလို့လဲ"

"သူဘာဖြစ်ဖြစ် ကျွန်မ စိတ်မဝင်စားဘူး ဒေါ်ခင်စစ်ရင်"

"စိတ်မဝင်စားဘူးတဲ့လား…ထားပါလေ ကိုယ်က တာဝန်ရှိတဲ့ အုပ်ထိန်းသူတစ်ယောက်အနေနဲ့ သတိပေးစရာရှိတာတော့ ပေးရမှာပဲ"

"ဒေါ်ခင်စစ်ရင် သတိပေးခံရလောက်အောင် ကျွန်မဘက်က သတိတရားပျောက်ဆုံးနေသူမျိုးမှ မဟုတ်ဘဲ၊ နောက်ပြီး တာဝန်နဲ့ ဝတ္တရားဆိုတဲ့စကားက မိထွေးနဲ့လင်ပါသမီးကြားမှာ မရှိလောက်ဘူးထင်တယ်၊ ဒီတော့ ဒေါ်ခင်စစ်ရင်အနေနဲ့ ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စတွေကို နောက်ဘယ်တော့မှ ဝင်စွက်ဖက်ဖို့ မကြိုးစားပါနဲ့လို့ သတိပေးချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ သွားမယ်"

"နေဦးလေ မြပချုပ်"

ကျောခိုင်းအနေအထားနှင့် နေရာမှာ မြပချုပ် ရပ်လိုက်သည်။

"မပြောမဖြစ်လို့ ပြောလိုက်ရတယ်လို့ပဲ မှတ်ပါ၊ စောနက်ကြယ်ဆိုတဲ့လူကို အစ်ကိုကြီးက ဘာကြောင့် သူ့သမီးနဲ့ မိတ်ဆက်ပေးတယ် မဆိုနိုင်ဘူး၊ ထားပါလေ ဒါက မြပချုပ်တို့ သားအဖကိစ္စပါ"

"စောနက်ကြယ်ဆိုတာ ချွေကြီးမျိုးကြီးထဲက ပိုက်ဆံကို ရေလိုသုံးနိုင်တဲ့ လူတစ်ယောက်ဆိုတာ မှန်ပေမယ့် ဒီလူမှာ နာမည်ကောင်းမရှိဘူး၊ နာမည်ဆိုး၊ နာမည်ကြီးနေတဲ့လူပဲ၊ မိန်းမနဲ့ ပတ်သက်တဲ့ ကိစ္စမှာလည်း အဲဒီလိုပဲ မိန်းကလေးတွေကို လက်မထပ်ဘဲနဲ့ ဖျက်စီးတာမျိုး ကိုယ်ဝန်ရှိလာမှ လက်မထပ်နိုင်ဘူးလို့ငြင်းတာ မျိုးစုံနေတာပဲ"

"ရှင်ပြောချင်တာ ဒါပဲမဟုတ်လား၊ ကျွန်မသွားမယ်"

ဒေါ်ခင်စစ်ရင် ဘာကိုဆိုလိုမှန်း မြပချုပ် သိပ်သိတာပေါ့။ ဒီစကားတွေပြောနေတာကလည်း မြပချုပ် အကျိုးအတွက်မဟုတ်။ ဒက်ဒီရှေ့မှာ အမှတ်ကောင်းယူချင်၍ အကျိုးလိုလို့ ညောင်ရေလောင်းနေခြင်းမျှသာ။

ဒေါ်ခင်စစ်ရင်ကို ကျောခိုင်းလာခဲ့ရပေမယ့် သူမနဲ့ စောနက်ကြယ် နှစ်ယောက်အတူရှိနေသည်ဆိုသော သတင်းအတိ





အကျကို သူဘယ်လိုရပါလိမ့်ဟု စဉ်းစားအဖြေရှာပေမယ့် မရ။ တစ်နည်းပဲရှိသည်။

မြပချုပ်ကို စောင့်ကြည့်ဖို့ လူတစ်ယောက် ဒေါ်ခင်စစ်ရင်မှာရှိလျှင်ရှိ။ မရှိလျှင် မြပချုပ်နှင့် စောနက်ကြယ်ကို ဒေါ်ခင်စစ်ရင် ကိုယ်တိုင် တွေ့ဖို့ပဲရှိသည်။ ဒါထက်မပို။ သေချာတာကတော့ မြပချုပ်ကို စောနက်ကြယ်ဆိုသည့်လူနှင့် ဆက်ဆံပတ်သက်တာကို မကြိုက်ခြင်းဖြစ်သည်။

ဒါကို စိတ်စေတနာကောင်းနှင့် ပြောသည်ဟုမယုံ။ ဒေါ်ခင်စစ်ရင်က မြပချုပ်အပေါ်မှာ ဘယ်တုန်းကမှ စေတနာမေတ္တာထားခဲ့သူမဟုတ်။

စောနက်ကြယ်ဆိုသည့်လူ မကောင်းသလို ဒေါ်ခင်စစ်ရင်ကလည်း မိထွေးပီပီ မြပချုပ်အပေါ်မှာ ဘာတစ်ခုမှ မကောင်း။ ဘန်ဂလိုတံခါးကို ဖွင့်လိုက်သည်။ အေးမြလတ်ဆတ်သော လေတွေက အဖြူရောင်လိုက်ကာစတွေကို တိုးဝှေ့ပြီး ဝေါခနဲဝင်လာတော့ အခန်းပြတင်းမှာ ရပ်လိုက်သည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် သူမမြင်ကွင်းထဲကို အမျိုးသားတစ်ယောက်နှင့် အမျိုးသမီးတစ်ယောက် ဝင်လာသည်။ ညိုသောမြင့်သောယောကျ်ားနှင့် ဖြူသောမြင့်သော မိန်းမက ရယ်ရယ်မောမော။ နှစ်ယောက်စလုံး ခန္ဓာကိုယ်ချင်း၊ အရပ်အမောင်းချင်း လိုက်ဖက်ညီလှသော စုံတွဲမှာ ညိုညိုနှင့် အမျိုးသားက တခြားသူမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



စောနက်ကြယ်ဆိုသည့်လူ။

အမျိုးသမီးကဲ့စောနက်ကြယ်၏ လက်မောင်းကို ပိုင်နိုင်စွာ မှီလျှောက်ရင်း ရယ်မောချိန်မှာ သူမခေါင်းနှင့် စောနက်ကြယ်၏ ရင်ခွင်ကျယ်ကြီးကို ကလေးတစ်ယောက်လို တိုးဝှေ့တွတ်တာကို မြင်တွေ့နေရသည်။

ရုတ်တရက် စောနက်ကြယ်ဆိုသည့်လူ၏ အကြည့်များက မြပချုပ်ရှိရာသို့ ဖျတ်ခနဲ ရောက်လာ၏။ ပြတင်းမှာရပ်နေသော မြပချုပ်ကို မြင်တွေ့သွားဟန်ဖြင့် လက်တစ်ဖက်ကို ဝှေ့ရမ်းနှုတ်ဆက်လိုက်ပုံက သူနဲ့မြပချုပ်တို့က ဟိုတုန်းထဲက သိကျွမ်းရင်းနှီးထားကြသူတွေလိုလို၊ ဘာလိုလို။

ဒီလူလောက် မျက်နှာပြောင်သူမတွေ့ဘူး။ သူ့ကိုယ်သူ ဘာထင်နေသည်မသိ။ တစ်လောကလုံးရှိသမျှ မိန်းမတွေကို သူ့အပျင်းပြေ ဆော့ကစားစရာအရုပ်လို့ ထင်နေပုံရသည်။ မိန်းမတွေအားလုံးကို အရူးလုပ်ရုံနှင့် အားမရ။ မြပချုပ်ကိုပင် ညကပုံပြင်တွေလာပြောနေလိုက်သေးသည်။ ဘယ်ဝတ္ထုပြဇာတ်ထဲက စာသားတွေလာရွတ်ပြနေသည်မသိ။ သူ့ကိုယ်သူ မင်းသားဟု ထင်နေပုံရသည်။

မြပချုပ်ကတော့ စောနက်ကြယ်ဆိုသည့်လူကို ဘဝင်မြင့်ရောဂါ စွဲကပ်နေသော အရူးတစ်ယောက်လို့ပဲ သဘောထားသည်။ သူ့ဘာသာသူ ဘာပြောပြော ဂရုမစိုက်။ စိတ်လည်းမဝင်စား။

ဒီလူနှင့် မျက်နှာချင်းဆိုင်နေရသော ဝန်းကျင်မှာလည်း ကြာရှည်မနေလို။ ဖုန်းကို ကောက်ယူပြီး လေယာဉ်လက်မှတ်မှာ





လိုက်သည်။ ဒီမှာဆက်နေလျှင် ဟိုလူရှုပ်ကြောင့် ကြားထဲက မြပချုပ်ပဲ့ နာမည်ပျက်မည်။

ပြီးတော့ စောနက်ကြယ် စကားတွေက သူမအပေါ်မှာ မထိခလုတ်၊ ထိခလုတ်။ အမူအရာတွေ ကြပြန်တော့လည်း ဘာတစ်ခုမှ ထောင့်မကျိုး။ သူမအတွက် ဒက်ဒီပို့ပေးထားသည့် ကောင်မလေးကိုခေါ်ပြီး သူမအဝတ်အစားတွေ သိမ်းနိုင်းလိုက်သည်။

မြပချုပ် ရန်ကုန်ကို ပြန်တော့မည်။ ဟိုရောက်မှ သူငယ်ချင်းတွေစုပြီး စင်ကာပူဖြစ်ဖြစ်၊ ဘန်ကောက်ဖြစ်ဖြစ် ဈေးဝယ်ထွက်မည်။ နေချိုကြောင့် လှုပ်ခတ်သွားသော သူမဘဝကို အနည်ထိုင်ချင်သည်။

ဒက်ဒီ့ဆီ ဖုန်းလှမ်းဆက်ပြီး မြပချုပ် ပြန်မည့်အကြောင်း ပြောလိုက်တော့ ဒက်ဒီက ဘာမှမပြော။ သမီး စိတ်ချမ်းသာသလို လုပ်ပါ၊ ဒက်ဒီကတော့ သမီးပျော်မယ်ဆိုရင် ပြီးတာပဲဆိုတာနှင့် အဆုံးသတ် ဖုန်းချသွားတော့ မြပချုပ်ရင်ထဲ နင့်ခနဲ ဖြစ်သွားသည်။

ဒက်ဒီက အမြဲတမ်း မြပချုပ်ကို ဦးစားပေးသည်။ အခုချိန်ထိလည်း အရာရာတိုင်းမှာ မြပချုပ်သဘောအတိုင်း ခေါင်းညိတ်အလိုလိုက်မြဲ။ မြပချုပ်ကသာ အခုချိန်ထိ ဒက်ဒီကို စိတ်ချမ်းသာအောင် ဘာတစ်ခုမှ လုပ်ပေးနိုင်သေးတာမရှိ။

ကိုယ့်အပူ ကိုယ့်သောကထဲမှာ ဗျာများရှုပ်ထွေး မိသွားကြောင့် စိတ်အဆင်းရဲကြီး ဆင်းရဲနေသူ။ ဘာပဲဖြစ်ဖြစ် အခုနေ



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်ချိန်မှာတော့ ဒက်ဒီ့ဆန္ဒကို မြပချုပ်လည်း လိုက်လျောဖြည့်[illegible]နိုင်မည်ဟု ယုံကြည်သည်။

ထိုနေ့တစ်နေ့လုံး မြပချုပ် ဘယ်ကိုမှမထွက်။ အခန်းထဲမှာ စိတ်ကို အတည်ငြိမ်ဆုံးထားကာ အဆုံးမသတ်ဘဲ ပစ်ထားသည်မှာ ကြာပြီဖြစ်သော ပန်းချီကားချပ်ကို စိတ်နှစ်ပြီး ရေးဆွဲနေမိသည်။

ပထမဆုံး ပန်းချီကားချပ်ပေါ် ဆေးစက်တင်တုန်းက တစ်နေ့မှာ ထိုပန်းချီကားလေးကို မြပချုပ်ကိုယ်တိုင် ရေးဆွဲပြီး သူမချစ်သူအဖြစ် ယုံကြည်ထားခဲ့သော နေချိုကို ချစ်သက်လက်ဆောင်အဖြစ် တမြတ်တနိုးပေးရန် ရည်ရွယ်ခဲ့သော်လည်း မြပချုပ် ရည်ရွယ်သလို ဘာတစ်ခုမှ ဖြစ်မလာခဲ့။

မြပချုပ် အသည်းကွဲတာပဲ အဖတ်တင်သည်။

"တူ…တူ…တူ"

တိတ်ဆိတ်ခြင်းတွေ ကြီးစိုးနေချိန်မှာ မြပချုပ် ဖုန်းလေး အသံမြည်လာတော့ အတွေးအာရုံတွေ ပြယ်လွင့်သွားသည်။

"ဟဲလို"

"ပချုပ်…တို့ပါ၊ နော်မာလေ"

"အင်း…ပြောလေ"

"တဒင်္ဂက ရှင့်ကို အသည်းအသန် စိတ်ဝင်စားပြီး တမေးထဲမေးနေလို့ ရှင့်ဖုန်းနံပါတ်နဲ့ ရှင်ရှိနေတဲ့နေရာကို ပြောလိုက်ရမလား"





"တဒင်္ဂ"

"သူကဘယ်သူလဲ"

ထိုအမည်ကို မြပချုပ် မကြားဘူး။ လူကိုလည်းမသိ။ …သာသော နော်မာရယ်သံက ဖုန်းထဲမှာ စီးမျောလာ၏။

"ပချုပ်ရယ်…ရှင်ကတော့ ရွှေမင်းသမီးလေး ပီသလှပါ…၊ တဒင်္ဂဆိုတာ နေချို သူငယ်ချင်းပါတီမှာ တွေ့ခဲ့ရတဲ့ …ဖြောင့်ဖြောင့်နဲ့ တစ်ယောက်လေကွာ"

"အဲဒီနေ့က ပချုပ်နားကို ရောက်လာပြီး သူ့ကိုယ်သူ …မိတ်ဆက်ခိုင်းခဲ့တဲ့လူလေ မှတ်မိပြီလား"

"အင်း…အင်း"

စိတ်ထဲမှာ ရေးတေးတေးပေမယ့် ရုပ်ကိုတော့ အတိအကျ မမှတ်မိတော့။

အဲဒီအချိန်တုန်းက နေချိုကြောင့် မြပချုပ် စိတ်တွေ …သွပ်ချောက်ချားစွာ ရှုးသွပ်သွားခဲ့တာကို မမေ့။

"မင်းရှိနေတဲ့နေရာကို သူ့ကို ပြောပြလိုက်ရမလား"

"မနက်ဖြန်ဖလိုက်နဲ့ ပချုပ်ပြန်လာမယ်"

"ဒါဆို အတော်ပဲပေါ့၊ သူ့ကို လေယာဉ်ကွင်းကို လာကြို…လိုက်မယ်"

"ပချုပ် ဘယ်သူနဲ့မှ မတွေ့ချင်ဘူးနော်မာ"

"ဘာဖြစ်လို့လဲ၊ တဒင်္ဂက ပချုပ်မှ ပချုပ်နော်၊ ဖုန်း…တော့ နော်မာပဲ ပေးလိုက်တော့မယ်နော်၊ သိတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



လား၊ နော်မာ မပေးလည်း တဒင်္ဂက သူ့နည်းသူ့ဟန်နဲ့ စမ်းပြ
သိအောင်လုပ်မှာပဲလေ”

“နော်မာ သဘောပါ”

ရှည်ရှည်ဝေးဝေး သိပ်မပြောလိုသဖြင့် ဒီလောက်ပဲ ပြေ
လိုက်သည်။

“နေချိုတို့ လင်မယားနဲ့ရော တွေ့ပြီးပြီလား”

“ဟင့်”

“သူတို့က ဘယ်မှာမို့လဲ”

“ဟောတော့ ...ပချုပ် တကယ်မသိဘူးလား၊ သူ
လင်မယား အခု ပေလီမှာပဲလေ၊ နော်မာက ပချုပ်နဲ့တောင်တွေ့ပြ
လောက်ပြီထင်နေတာ”

“ဟုတ်လား”

“ပချုပ်လည်း ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေတာဆိုတော့
ဘယ်သူနဲ့မှ မတွေ့ဖြစ်ပါဘူး နော်မာရယ်”

“ပချုပ်ကိုတော့ နော်မာ တကယ်အားကျတယ်သိလား
နော်မာလည်း ပချုပ်လို အသည်းမာနိုင်ရင် သိပ်ကောင်းမှာပဲ”

သြော်...နော်မာရယ်။

ရှင်တို့ပြောသလို ပချုပ် အသည်းနှလုံးတွေ တကယ်
မာကျောနိုင်ခဲ့ရင် သိပ်ကိုကောင်းမှာပါ။

အခုတော့ မြပချုပ်ဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ နှလုံးသား
အစုံဟာလည်း အချစ်ဆိုတဲ့အရာအောက်မှာ ပြားပြားမှောက်





ာက်ရှုံးမှုကြေခဲ့ရပြီကောကွယ်။

“ဒါပဲနော် ပချုပ်၊ နော်မာ ဖုန်းချလိုက်ပြီ”

လက်ထဲကဖုန်းလေးကို ပိတ်ပြီး အိပ်ရာပေါ် ပစ်တင်လိုက်
ပန်းချီကားချပ်ကို ကျောခိုင်းလိုက်သည်။ ဆက်ဆွဲဖို့ ဘယ်လို
စိတ်မပါတော့။

နေချိုနှင့် ပက်ထရစ်ရှာတို့၏ အပျော်မျက်နှာတွေကို တွေး
ကြည့်ဘဲ စိတ်ကူးထဲမှာ ပေါ်လာတာတော့ မြပချုပ်လည်း
ာတ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"မြပချုပ်ပါလား"

"ဟင်…ရှင်"

"ဟုတ်ပါတယ် စောနက်ကြယ်ပါ၊ ဘာဖြစ်လို့ ဒီလောက်တောင် အံ့သြနေရတာလဲဗျာ၊ ကျုပ်နဲ့ မြပချုပ်ကတော့ တကယ့်ကို ရေးရေစက်ရှိနေပြီ"

စောနက်ကြယ်ဆိုသည့်လူ။

ဘယ်လိုလုပ်ပြီး မြပချုပ် ပြန်မည့်လေယာဉ်ခရီးစဉ်မှာ အတူပါလာရသနည်း။ မတွေ့ချင် မြင်လျက်သားဆိုသည်က စောနက်ကြယ်နှင့် မြပချုပ်အဖြစ်ကိုများ ရည်ညွှန်းလေသလားမသိပါ။

"ကျွန်မတစ်ယောက်တည်း အေးအေးနေပါရစေရှင်"

"နေပါ…နေပါ၊ မျက်နှာကလည်း ဖြူဖတ်ဖြူရော်နဲ့ နေမကောင်းဘူးထင်တယ်၊ အကူအညီလိုရင် ကျုပ်ကို အချိန်မရွေး





ပြောပါ"

မြပချုပ် ဘာမှပြန်ပြောနေခြင်း မပြုတော့။ စောနက်ကြယ်ဆိုသည့်လူနှင့် ဝေးနိုင်သမျှဝေးသည့်ခုံတစ်လုံးမှာ တစ်ယောက်တည်း သီးသန့်ရွေးပြီး ထိုင်လိုက်သည်။

ဒီခရီးစဉ်မှာ စောနက်ကြယ်ဆိုသည့်လူပါ အတူပါလာမည်မှန်းသိလျှင် မြပချုပ် လိုက်မိဦးမည်မဟုတ်။ တစ်နည်းနည်းဖြင့် ရှောင်လွှဲထွက်မိမှာ သေချာသည်။ အခုတော့ စောနက်ကြယ်ဆိုသည့်လူနှင့် အတူသွားရမည့်ခရီးက စိတ်ညစ်စရာ။

သူနှင့်စကားမပြောချင်သဖြင့် အသင့်ထည့်ယူလာသော မဂ္ဂဇင်းတစ်အုပ်ကို ထုတ်ဖတ်နေလိုက်သည်။

သိပ်ကြာကြာ မစောင့်လိုက်ရ။ လေယာဉ်ရောက်လာသဖြင့် ခရီးသည်အားလုံး လေယာဉ်ပေါ် တက်ကြသည်။ မြပချုပ်နှင့် ကပ်လျက်ခုံမှာ ဝင်ထိုင်သည့်လူက တခြားသူမဟုတ်။ စောနက်ကြယ်ဆိုသည့်လူ။ မြပချုပ်စိတ်ထဲက ထိုလူကို သိပ်မကြည်ချင်တော့။ ဒီလူ မြပချုပ်သွားမည့်ခရီးမှန်းသိ၍ တမင်လိုက်လာခြင်းလားဟု သံသယဖြစ်မိပေမယ့် ထိုအတွေးကို သူမခေါင်းထဲက ချက်ချင်းဖယ်ထုတ်ပစ်လိုက်သည်။

"နေချိုတို့နဲ့ မနက်ကတောင် တွေ့သေးတယ်"

သူ့စကားကို မြပချုပ် မကြားဟန်ဆောင်နေလိုက်တော့ မျက်လုံးနက်နက်တွေနှင့် သူက မြပချုပ်ကို စူးစိုက်ကြည့်ပြီး သပ်တိုးတိုးရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြပချူပ် အမုန်းဆုံးသော ရယ်နည်းဆိုလျှင်လည်း မမှား။

"ဒီလောက်လည်း စိတ်မလှုပ်ရှားပါနဲ့လေ၊ ကျုပ်အထင် ပြောရရင် တခြားယောကျ်ားတွေအားလုံး နေချိုလိုလူထက်တော့ သာမယ်ထင်တယ်"

"ရှင် ဘာစကားပြောတာလဲ"

"ဩော်…ကိုယ်ကလည်း သူ့ကိုချစ်တယ်၊ သူကလည်း ကိုယ့်ကိုချစ်မှန်းသိသိနဲ့ ကိုယ်ချစ်တဲ့ မြတ်နိုးတဲ့ မိန်းကလေးကို စွန့်လွှတ်ပြီး ကိုယ်လုံးဝမချစ်တဲ့ တခြားမိန်းမတစ်ယောက်ကို လက်ထပ်လိုက်တဲ့ နေချိုလိုလူထက်စာရင် တခြားယောကျ်ားတွေက တော့ ကိုယ်ချစ်တဲ့သူကိုပဲ လက်ထပ်မယ်ထင်လို့ပါ"

စောနက်ကြယ်၏ စကားက မြပချူပ် ဟက်တက်ကွဲနေသော နှလုံးသားတည့်တည့်ပေါ်သို့ အက်စစ်ရေ ပြင်းပြင်း လောင်းချလိုက်သကဲ့သို့ ဖြစ်သွားကာ အသက်ရှုရပ်မတတ်ဖြစ်သွား၏။

"ကျုပ်သာ သူ့နေရာမှာဆိုရင် ကျုပ်ချစ်တဲ့မိန်းမကလွဲပြီး တခြားဘာကိုမှ ဂရုစိုက်မှာမဟုတ်ဘူး"

ထိုစကားမှာ မှန်လောက်ပါသည်။

စောနက်ကြယ်ဆိုသည့်လူက သူမှန်သည်ဟုထင်လျှင် ဘာကိုမှ ဂရုစိုက်တတ်သူမဟုတ်။ ဒါကြောင့်လည်း လူအများစုနှင့် ဆန့်ကျင်ဘက်ဖြစ်နေရုံမက သူ့မိသားစုနှင့်ပင် အဆင်ပြေအောင် မနေနိုင်သူအဖြစ် နာမည်ဆိုးနှင့် ကျော်ကြားသူ။

ပြီးတော့ လူရုပ်လူပွေအဖြစ် နာမည်ပျက်ရှိသူတစ်ယောက်





က အင်မတန်နူးညံ့သိမ်မွေ့သော အချစ်အကြောင်းကို ဘုမသိ ဘမသိနှင့် ဝင်ရောက်စွက်ဖက် ဆွေးနွေးနေလိုက်သေးသည်။

"ရှင်ချစ်တဲ့မိန်းမ ဟုတ်လား"

"ဟုတ်ပါ့ဗျာ"

"ရှင့်လိုလူတစ်ယောက်ဆီက အချစ်ဆိုတဲ့စကားကို ကြားရတာ ကျွန်မအတွက်တော့ ရယ်စရာအကောင်းဆုံး ပြက်လုံး တစ်ပုဒ်ပါပဲ"

"ဘာဖြစ်လို့ပါလိမ့် မြပချူပ်ရယ်၊ ကျုပ်မှာလည်း ချစ်ဟတ်တဲ့ နှလုံးသားတော့ ရှိပါသေးတယ်ဗျာ"

"ချစ်တတ်တဲ့နှလုံးသား"

စောနက်ကြယ်ထံမှ အချစ်နှင့်နှလုံးသားဆိုသည့် စကားကို ထပ်ကြားရသဖြင့် မြပချူပ် မရယ်ချင်ရယ်ချင် တစ်ချက်ရယ်လိုက် သည်။

"ဘာလဲ၊ မင်းက ကျုပ်ကို လှောင်တာလား"

"ဒါပေါ့ရှင်…ရှင်ပြောတဲ့စကားက ဘယ်လောက်တောင် ရယ်စရာကောင်းသလဲ၊ မိန်းမတွေကို ထည်လဲတွဲပြီး ပန်းကောင်း အညွှန့်ချိုးလုပ်နေတဲ့လူက"

"ဟိတ်…ဟိတ် မင်းစကားတစ်ခွန်းကို အခုချက်ချင်း ရုပ်သိမ်းပါ"

"ကျွန်မပြောတာ အမှန်တွေပဲ၊ ဘာကိုရုပ်သိမ်းရမှာလဲ"

"ပန်းကောင်းအညွှန့်ချိုး လုပ်နေတဲ့လူဆိုတဲ့စကား၊ အဲဒီလို



www.burmeseclassic.com

www.burmeseclassic.com



လူ့စားထဲမှာ ကျုပ်မပါဘူး၊ ဘယ်ပန်းကိုမှလည်း အညွှန့်မချိုးဖူးဘူး"

သူ့မျက်နှာက ခပ်တည်တည်။ မြပချုပ်ကို ကြည့်ပုံကလည်း ခပ်တင်းတင်း။ မြပချုပ် ပြောလိုက်သည့်စကားက သူ့အရှိက်ကို တိုက်ရိုက်ထိမှန်သွားပြီဟု သိလိုက်သည်။

"ရှင်ပြောတိုင်း ကျွန်မက ယုံရမှာလား"

"ယုံသင့်ရင်ယုံရမှာပေါ့၊ မင်းအခုလို စိတ်ထင်ရာလျှောက်ပြောနေတာ ကျုပ်ရဲ့ဂုဏ်သိက္ခာကို ဘယ်လောက်ထိခိုက်တယ်ထင်လဲ"

"ဂုဏ်သိက္ခာ...ရှင်လိုလူမှာလည်း ဂုဏ်သိက္ခာရှိတယ်လား"

သူ့အကြောင်းကို နားနှင့်မဆန့်အောင် ကြားထားသည့် မြပချုပ်က စောနက်ကြယ်ဆိုသည့်လူကို လှောင်ပစ်လိုက်သည်။ မြပချုပ်တုန်းကလည်း သူ့စိတ်ကြိုက် လှောင်ခဲ့ပြောင်ခဲ့ပြီးပြီဆိုတော့ ဒီတစ်ခါ သူမအလှည့်ဟု သဘောထားလိုက်သည်။

"ဒီမှာ မြပချုပ် လူကောင်းမှာလည်း လူကောင်းဂုဏ်သိက္ခာရှိသလို လူဆိုးမှာလည်း လူဆိုးဂုဏ်သိက္ခာဆိုတာရှိတယ်ဆိုတာရော မင်းနားလည်ရဲ့လား"

"ကျွန်မက ရှင့်လိုလူဆိုးမဟုတ်လို့ အဲဒါတွေ နားမလည်ဘူးရှင့်"

လေယာဉ်က တိမ်တိုက်တွေကြားမှ ပျံသန်းနေပြီဖြစ်သလို





မြပချုပ်နှင့် စောနက်ကြယ်ဆိုသည့် လူမှာလည်း လေယာဉ်စက်သံနှင့်အပြိုင် တိုးတိုးကျိတ်ကျိတ် နှစ်ကိုယ်ကြား ခေါင်းချင်းဆိုင်မတတ် မကျေမချမ်း စကားများ ရန်ဖြစ်လျက်ရှိနေကြရာ စိတ်ဝင်စားသူတချို့က သူနှင့်မြပချုပ်ရှိရာသို့ လှမ်းကြည့်ကြသည့်အထိ ဖြစ်လေသည်။

ထို့ကြောင့် မြပချုပ်က စကားကို အနိုင်နှင့်ပိုင်းကာ တစ်ဖက်ရှိ လေယာဉ်ပြတင်းပေါက်ဘက်သို့ သူမမျက်နှာလေးကို လှည့်ကာ စောနက်ကြယ်ဆိုသည့်လူကို ခပ်တည်တည်လေး ကျောခိုင်းထားလိုက်ခြင်းဖြင့် စကားများခြင်းအလုပ်ကို အဆုံးသတ်လိုက်၏။

သိပ်မကြာလိုက်ပါ။

လေယာဉ်မယ်လေးများက အချိုရည်နှင့်မုန့် လိုက်ဝေသောအခါ မြပချုပ်ကို လှမ်းခေါ်ပြီး ဘာသုံးဆောင်မလဲဟု မေးရာ မြပချုပ်မှာ ခပ်လွယ်လွယ်ရှိသော အချိုရည်ကို လှမ်းယူထားလိုက်ပါသည်။

မြပချုပ် ရင်ထဲမှာ ပူနေသည်။

မတွေ့ချင်သည့်လူနှင့် တွေ့ရပြီး မပြောချင်ဘဲနှင့် စကားပြောနေရခြင်းကိုလည်း မနှစ်မြို့ဘဲဖြစ်နေ၏။

"တခြားလူတစ်ယောက်ကိုသာ မင်းကိုယ်မင်း လူဆိုးမဟုတ်ဘူးလို့ သွားပြောချင်ရင် ပြောလို့ရမယ်၊ ကျုပ်အမြင်မှာတော့ မင်းဟာလည်း ကျုပ်လို ခပ်ဆိုးဆိုးမိန်းကလေးဖြစ်ထက်



www.burmeseclassic.com

www.burmeseclassic.com



[illegible] ဒီမှာမတွေ့တော့ဘူး"

"ဟင်"

"မင်းပဲစဉ်းစားကြည့်လေ၊ ဟိုတစ်ည မင်းလုပ်ပုံဟာ ဘယ်လောက်ဆိုးသလဲဆိုရင်"

"သတ္တိရှိရင် ရှင့်ပါးစပ်က အဲဒီအကြောင်း ထပ်ပြောရဲရင် ပြောကြည့်စမ်း"

"ကျုပ်ကို သတ်ပစ်မယ်ပေါ့၊ ဘယ်လည်း ကြောက်စရာကောင်းလှချည်လား ကလေးမရယ်"

မြပချုပ်ကို ကြောက်စရာကောင်းလှချည်လားဟု ပြောနေသူ၏ နှုတ်ခမ်းအစုံက ပြုံးနေသလို နက်မှောင်သော မျက်လုံးအစုံမှာလည်း ရယ်မြူးရိပ်သန်းနေပုံမှာ အတော့်ကို မုန်းဖို့ကောင်းလေသည်။ မြပချုပ်မှာ သူမနှင့် နီးကပ်စွာရှိနေသည့် ဓာနက်ကြယ်ကို စေ့စေ့ကြည့်လိုက်၏။ ယောက်ျားတစ်ယောက်ဖြစ်ပြီး အမွေးအကြိုင်အသန့်အပြန့်ကြိုက်၍ အသုံးအဆောင်ပစ္စည်းတွေ အားလုံးမှာလည်း အဖိုးတန်တွေချည်းဖြစ်ကာ ဘယ်လိုပဲနေနေ ဘာတွေပဲပြောပြော အထက်တန်းကျလှသော လူကြီးလူကောင်းတစ်ယောက်၏ သွင်ပြင်အမှတ်အသားက ဘာတစ်ခုမှ ပျောက်မသွားချေ။ နဖူးပြင်ပေါ်သို့ ဆံပင်တချို့ ဝဲကျနေ၏။ စူးရှသောမျက်လုံးများက နက်မှောင်ကာ အရောင်ဖိတ်ဖိတ်လက်နေသည်။

ဝတ်စားထားပုံကလည်း အထက်တန်းကျ သပ်ရပ်ကာ တခြားဘယ်သူနှင့်မှမတူဘဲ လူအများကြားမှာ ထင်ထင်ရှားရှား





ပေါ်လွင်သော ဥပဓိရုပ်ပိုင်ရှင်ဆိုလည်း မမှားချေ။ မှန်ညွှင်းစေ့ရောင် ရှပ်အင်္ကျီပေါ်တွင် အဖြူရောင်အစင်းလေးများပါသော လည်စည်းနက်ကို တပ်လျက် အနက်ရောင် ဘောင်းဘီရှည်၊ မာတင်ရှူးနက်ဖြင့် တွဲလျက်ဝတ်ဆင်ထား၏။

"ဘယ်နှယ့်လဲ...ကျုပ်ဝတ်ထားတာ အဆင်ပြေရဲ့မဟုတ်လား"

သူက မြပချုပ်မျက်နှာနား ထိလုမတတ် တိုးငှဲ့ပြီး နှစ်ကိုယ်ကြားလေသံဖြင့် တီးတိုးပြောလိုက်ရာ မြပချုပ်မှာ အလစ်အငိုက်မိသွားပြီးနောက် ဖြူဖွေးသော ပါးလေးနှစ်ဖက်မှ ဖြန်းခနဲ ပူနွေးနီရဲသွား၏။ ဒီလူကတော့ တစ်ဖက်သား အနေရခက်သွားလိမ့်မည်ဟု ဘယ်တော့မှ ညှာတာလိမ့်မည်မဟုတ်ချေ။

"စိတ်ချပါဗျာ...နောက်ကို မြပချုပ် မကြိုက်တဲ့စကားမျိုး အခုချိန်ကစပြီး လုံးဝမပြောတော့ပါဘူး၊ ဒါပေမယ့် တစ်ခုတော့ ကျုပ်ပြောတာကို မြပချုပ် လက်ခံဖို့ သဘောတူရလိမ့်မယ်"

ဘာကိုသဘောတူရမှာလဲဟု သူ့ကို မြပချုပ် မမေးပါ။ သူကပဲ သူပြောချင်တာကို ဆက်ပြောပါသည်။

"အဲဒါက ဘာလဲဆိုတော့ ကျုပ်ကို မြပချုပ်ရဲ့ မိတ်ဆွေတစ်ယောက်အဖြစ် လက်ခံပေးပါ"

မြပချုပ်က အင်းအဲမလုပ်။

သူလိုလူမျိုးနှင့်လည်း ဘယ်တော့မှ မိတ်ဆွေဖြစ်လာနိုင်စရာမရှိဟု သူမကိုယ်သူမ စိတ်ထဲက ပြောနေမိသည့် စကားကို



www.burmeseclassic.com

www.burmeseclassic.com



စောနက်ကြယ်ဆိုသည့်လူ မကြားပါ။

"မြပချုပ်"

"ကျေးဇူးပြုပြီး ကျွန်မကို ဒီထက်ပိုပြီး စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ပါနဲ့လားရှင်"

"ကောင်းပြီ...ကောင်းပြီ အခုချိန်ကစပြီး အားလုံး မြပချုပ် သဘောအတိုင်းဖြစ်ရစေမယ်ဟုတ်ပြီလား"

ထိုစကားအတွက် မြပချုပ် သူ့ကို ကျေးဇူးမတင်ပါ။ စောနက်ကြယ်ဆိုသည့်လူကို မြပချုပ် စိတ်ထဲက အယုံအကြည်လည်းမရှိ။ လောလောဆယ် စကားနည်းရန်စဲဖြစ်သွားသဖြင့် နားအေးသွားသည့်အဖြစ်ကိုပဲ ကျေနပ်နေမိသည်။

ရန်ကုန်လေဆိပ်ကို လေယာဉ်ရပ်နားတော့မည့်အကြောင်း ကြေညာပြီး မကြာမီ ကွင်းတွင်းသို့ စတင်ဆင်းသက်ပါသည်။ မြပချုပ်ကို ဦးညီလာကြိုသလို စောနက်ကြယ်ကိုလည်း လှပသော အမျိုးသမီးတစ်ယောက်က ဖက်လှဲတကင်း ဝမ်းသာအားရ ကြိုဆိုသွားတာကို မြင်လိုက်ရသည့်အတွက် ထူးပြီးမအံ့သြမိပါ။

ဤသည်ပင်လျှင် စောနက်ကြယ်၏ အမှတ်အသားဟု ဆိုရမလောက်ပင်။ လေယာဉ်ကွင်းက အထွက်မှာ မြပချုပ်ဖုန်းက အသံမြည်လာ၏။ ဖုန်းနံပါတ်က မြပချုပ် တစ်ခါမှ မမြင်ဘူးသည့် နံပါတ်တစ်ခုဖြစ်သည်။

"ဟဲလို"

"ကျုပ်ပါ မြပချုပ်"





စောနက်ကြယ်ဆိုသည့်လူ။ ဘယ်လိုလုပ်ပြီး မြပချုပ်ရဲ့ ဖုန်းနံပါတ်ကို ရသည်မသိ။

"အခုချိန်ကစပြီး ကျုပ်နဲ့ မြပချုပ်ဟာ မိတ်ဆွေတွေဖြစ်သွားပြီလို့ ဆိုနိုင်ပါတယ်၊ နောက်တစ်ခါတွေ့ရင် မြပချုပ်နဲ့ ကျုပ် ပြေလည်ချင်တယ်"

"တိ"

မြပချုပ်က သူမဖုန်းလေးကို ပိတ်ပစ်လိုက်သည့်အတွက် စောနက်ကြယ်၏ဖုန်းလိုင်း ပြတ်တောက်သွားသည်။

ဒီလူနှင့်တော့ နည်းနည်းမှမလွယ်။

မြပချုပ်ကို သူမြင်ဘူးတွေ့ဘူးသည့် မိန်းမတွေလို ထင်နေပုံရသည်။ ဖုန်းသံထပ်မြည်မလာခင် မြပချုပ်က သူမဖုန်း ဘက်ထရီကြိုးလေးကို တစ်ခါထဲ ဆွဲဖြုတ်ပစ်လိုက်သည်။

စောနက်ကြယ်ဆိုသည့်လူနှင့် မြပချုပ် ဘဝမှာ နောက်ထပ်တစ်စုံတစ်ရာ ပတ်သက်ရန်အကြောင်းမရှိ။ ဒီလိုလူမျိုးနှင့် ဒီလောက်ကြုံရဆုံရတာပဲ လွန်လှပြီဟုထင်သည်။

အိမ်ပြန်ရောက်တာနှင့် မြပချုပ် ဘာမှမလုပ်တော့ဘဲ အိပ်ရာထဲ ထိုးအိပ်ပစ်လိုက်သည်။ အိပ်ရာက နိုးလာချိန်မှာ မြပချုပ် တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းနေ၏။

နေချိုကြောင့် ရရှိခဲ့သော မြပချုပ်ရင်ထဲက ဒဏ်ရာကို ကုစားချင်သည်။ ကုစားရန်နည်းက မရှိ။ မြပချုပ် ဖုန်းဘက်ထရီကို ပြန်လည်တပ်ဆင်လိုက်၏။ တိုက်ဆိုင်စွာပင် တဒင်္ဂဆိုသူ၏ဖုန်း



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာသည်။

အစားထိုးဖြေသိမ့်ရန် တဒင်္ဂဖုန်းကို လက်ခံလိုက်ပြီးသည့်နောက်မှာ မြပချူပ်တစ်ယောက် သူမကိုယ်သူမ အလှဆုံးပြင်ဆင်လိုက်သည်။

ဤနည်းဖြင့် နေချိုကို မေ့ပစ်ခြင်းသည်သာလျှင် မြပချူပ်အတွက် အကောင်းဆုံးဟု သူမကိုယ်သူမ အပြစ်အားပေးလိုက်သည့်တိုင် နှလုံးသားထောင့်တစ်နေရာမှာ နာကျင်နေဆဲ။



## အခန်း (၈)

တဒင်္ဂနှင့် မြပချူပ်က သက်တူရွယ်တူ။

အရပ်မနိမ့်မမြင့်၊ အသားဖြူဖြူ၊ လူပုံဟန်သွယ်သွယ်နှင့် တဒင်္ဂပုံစံလေးက တခြားသော မိန်းကလေးတစ်ယောက်အတွက် တစ်မျိုးစိတ်ဝင်စားစရာ ရင်ခုန်စွဲမက်ဖွယ်ရာဖြစ်နေနိုင်သော်လည်း မြပချူပ်အတွက်တော့ တဒင်္ဂဆိုသည့် ယောကျ်ားက ဘာတစ်ခုမှ မထူးခြား။

မြပချူပ်က တဒင်္ဂအပေါ်မှာ ဟန်ဆောင်ပန်ဆောင် ဝတ်ကျေတန်းကျေရုံမျှလောက်သာ ပြောဆိုဆက်ဆံခြင်း ဖြစ်သော်လည်း တဒင်္ဂက မြပချူပ်လိုမဟုတ်။ မြပချူပ်လို မိန်းမလှလေးတစ်ယောက်အပေါ်မှာ အရူးအမူး စွဲလမ်းနေသူပီပီ မြပချူပ်နှင့် ဤမျှလောက် ခင်မင်ရင်းနှီးခွင့်ရတာကိုပင် ရင်ခုန်လှုပ်ရှားနေသည်။

မြပချူပ်ကို မျက်နှာတစ်ချက် အညိုမခံ။ မြပချူပ်ပြောသမျှစကားကို မြေဝယ်မကျ နားထောင်သူ။ မြပချူပ်က ဘာဆို



www.burmeseclassic.com

www.burmeseclassic.com



လျှင်သေ၊ ရှင်ဆိုလျှင်ရှင်မည့် အနေအထားမျိုး ဖြစ်နေတာကို မြပချုပ် စိတ်ထဲမှာ အထင်အမြင်သေးစွာ လှောင်ပြောင်ရယ်မောနေမိပေမယ့် အပြင်မှာတော့ မြပချုပ်၏ စကားလုံးအပြုအမူတွေက တဒင်္ဂအသည်း နှလုံးကို အရည်ပျော်ကျစေခဲ့သည်။

"ဒါပဲနော်…နောက်မှ မြပချုပ်ကို အသည်းခွဲမယ်မကြံနဲ့၊ မြပချုပ် နှလုံးသားက တကယ့်ကို ပါးပါးနုနုလေးရှင့်"

"ကိုယ်က အဲဒီလိုလူစားမျိုး မဟုတ်ပါဘူး ပချုပ်ရယ်၊ ပချုပ်ကို တို့တကယ်ချစ်တာပါဗျာ"

တဒင်္ဂအသံက လှိုက်လှဲတုန်ရီနေသလို လှပသော မြပချုပ်၏ မျက်နှာလေးကို အမြတ်တနိုး ကြည့်မဝဟန် ဖြစ်နေပုံက သူ့ရင်ထဲက ခံစားချက်ကို ထင်းခနဲ ရှင်းခနဲ ဖော်ပြနေပါသည်။

သူမ၏ အသည်းနှလုံးကို ရက်ရက်စက်စက် အခွဲခံလိုက်ရ၍ တခြားသူတစ်ယောက်၏ အသည်းနှလုံးကို ရက်စက်စွာခွဲရန် ကြိုးစားနေသော မြပချုပ်၏ စိတ်တွေအားလုံးကို အဟုတ်ထင်နေသည်။

"ပချုပ်တစ်ယောက်တည်းကိုပဲ ချစ်မယ်ပေါ့"

"ချစ်ရုံတင် မဟုတ်ပါဘူး၊ ပချုပ်သာ သဘောတူမယ်ဆိုရင် ပချုပ်ကို တို့လက်ထပ်ပါရစေ"

"လက်ထပ်မယ်"

"ဟုတ်တယ်၊ တို့ချစ်တဲ့ပချုပ်ကို တို့ကလွဲပြီး တခြားသူ စေ့စေ့ကြည့်တာတောင် မခံနိုင်ဘူး၊ ကိုယ့်ကို လက်ထပ်ပါ"





"တို့ ပချုပ်ကိုချစ်တယ်၊ သိပ်လှတဲ့ပချုပ်ကိုလည်း လုံးဝစိတ်မချဘူး"

"တဒင်္ဂ စိတ်မချရအောင် ပချုပ်လည်း ဘာမှမလုပ်ပါလား"

ပြောပြီး မြပချုပ် ရယ်ပစ်လိုက်သည်။

လောကကြီးက တကယ်ရယ်စရာကောင်းသည်ကိုး။ ကိုယ်တကယ်ချစ်သည့်လူကြတော့ ကိုယ့်ကိုမချစ်။ မြပချုပ် လုံးဝမချစ်သည့်လူကြတော့ မြပချုပ်ကို သိပ်ချစ်လွန်းလို့ပင် စိတ်မချနိုင်ပါ။

"တစ်နေ့တစ်နေ့ ပချုပ်နားမှာ ဝိုင်းဝိုင်းလည်နေတဲ့ ကောင်တွေကို တို့မသိဘူးထင်နေလား၊ ပချုပ်သာ တခြားလူနောက် ပါသွားရင်ဆိုတဲ့ အတွေးနဲ့ တို့ အိပ်ရေးပျက်တဲ့ညတွေ ပချုပ်မသိပါဘူးဗျာ"

"သိပ်ချစ်တာပဲ ပချုပ်ရယ်၊ တို့ကို အမြန်ဆုံး လက်ထပ်ခွင့်ပြုပါကွာ၊ လက်ထပ်မယ်မဟုတ်လားဟင်"

တဒင်္ဂက မြပချုပ်ကို ဘယ်လိုချစ်ကြောင်း ဘယ်လိုမြတ်နိုးကြောင်းတွေ တသွင်သွင်ပြောနေပေမယ့် မြပချုပ်က သူ့စကားတွေ တစ်လုံးမှ နားထဲမဝင်။

လက်ထပ်ဖို့ စကားချည်း တွင်တွင်ပြောနေသူကို မြပချုပ် စိတ်ရှုပ်စွာ ကြည့်မိသည်။ မြပချုပ်ကို အသနားခံနေသော တဒင်္ဂ မျက်လုံးညိုညိုတွေကိုလည်း သဘောမကျ။ တဒင်္ဂထက် အဆ



www.burmeseclassic.com

www.burmeseclassic.com



ရာထောင်မက ရုပ်ဖြောင့်သော ယောကျ်ားပိုမျိုးကမြပချုပ်ကို ရည်းစားစကား ပြောခဲ့ဖူးလှပြီ။

အားလုံးက တခင်ထက် မိန်းမကျမ်းကျေပြီးသူတွေချည်း ဖြစ်ကာ မိန်းကလေးတစ်ယောက်၏ အခြေအနေကို ကြည့်ကာ သူတို့အနေအထားကို လျှင်မြန်စွာ သဘောပေါက်နားလည်လွယ်ကြသူတွေချည်း ဖြစ်သည်။

မြပချုပ်ဘက်က မီးနီပြလိုက်တာနှင့် သူ့အလိုလို ကိုယ်ရှိန်သတ် ဘရိတ်အုပ် ကျန်ရစ်သူတွေဖြစ်ပြီး ဘယ်သူမှ သူတို့ကိုယ်သူတို့ မိန်းမတစ်ယောက် အထင်အမြင်သေးအောင်၊ ရှုံ့ရှာစက်ဆုပ်အောင် မနေကြပါ။

တခင်က ထိုသို့မဟုတ်။

မိန်းကလေးဘက်က အခြေအနေကိုလည်းမသိ။ သူ့အနေအထားကိုလည်း နားမလည်။ သူဖြစ်ချင်တာတွေချည်း ဖွတ်တိုးပြောနေပုံကလည်း စိတ်ပျက်စရာ။

"ပချုပ်"

"အခု တခင်ပြောနေတဲ့စကားတွေကို ပချုပ် ဘာတစ်ခုမှ စိတ်မဝင်စားဘူး၊ ပချုပ်ကို နောက်ထပ် စိတ်ရှုပ်အောင် ဘာတစ်ခုမှ ထပ်မပြောပါနဲ့"

"ဆောရီး ပချုပ်ရယ်၊ တို့ကြောင့် ပချုပ် စိတ်ရှုပ်သွားရင် တောင်းပန်ပါတယ်ဗျာ၊ တို့ကို ပချုပ် မမုန်းပါနဲ့နော်"

"ပချုပ်ကတော့ တခင်ကို မမုန်းပါဘူး၊ တခင်ကသာ





ချုပ်ကို မုန်းသွားမှာပါ"

"အာ အဲဒါတော့စိတ်ချ၊ တို့ဘဝမှာ မြပချုပ်ဆိုတဲ့ မိန်းကလေးက အချစ်ဦးဖြစ်သလို အချစ်လည်း အချစ်ဆုံးပဲ"

"အခုတော့ အဲဒီလိုပဲ ပြောကြတာပါပဲ၊ နောက်ကြရင်သာ"

"အခုရော နောက်ရော တို့ကတော့ အတူတူပဲ"

"ပချုပ်ကိုချစ်တယ်"

မြပချုပ်ကတော့ တခင်ကို ရယ်စရာကောင်းသူတစ်ယောက်ထက် ပိုမမြင်။ ရင်ထဲမှာ နာကျင်ရသမျှ တခင်မြင်ပြီးခံစားနေရတာကိုကြည့်ပြီး ကျေနပ်သည်။ ဤသည်မှာ မြပချုပ်ရင်ထဲက ခံစားချက်ဖြစ်သော်လည်း တခင်ဘက်က ခံစားချက်ကတော့ မြပချုပ်နှင့်မတူ။

သူ့စိတ်ထဲမှာ မြပချုပ်က သူ့ကို တကယ်ချစ်သည်ဟု ထင်နေ၏။

ထို့ကြောင့်ပင် မြပချုပ်နှင့် ပတ်သက်သမျှ အရာအားလုံးအပေါ်မှာ ကျေကျေနပ်နပ်ကြီး ကြည်ဖြူနှစ်လိုစွာ အပျော်ကြီးပျော်နေသည်။ မြပချုပ်က သူ့ကိုလှည့်စား ဆော့ကစားနေသည်ဟုလည်းမတွေး။

အချစ်ရေးမှာ တခင်က အစိမ်းသက်သက်မျှ ဖြစ်ရာ မြပချုပ်က ဘာပြောပြော၊ ဘာလုပ်လုပ် အဟုတ်ချည်းထင်နေသူ။ မြပချုပ်လို မိန်းမလှလေးတစ်ယောက်၏ ချစ်သူဖြစ်ရခြင်းကို



www.burmeseclassic.com

www.burmeseclassic.com



ကြည်နူးနေ၏။

လှပသော မြပချုပ်ကို ပိုင်ဆိုင်လိုသည်။

ဤသည်က တဒင်္ဂ၏ စိတ်ကူးဖြစ်သည်။ သူ့စိတ်ကူးကို အကောင်အထည်ဖော်ရန် တဒင်္ဂက သူ့မိဘများထံမှာ အပူကပ်သည်။ သူမှာချစ်သူရှိနေပြီဖြစ်ကြောင်း လက်ထပ်ချင်ကြောင်း တွင်တွင်ပြောတော့ မိဘတွေ နားပူလာသည်။

တဒင်္ဂချစ်သူ မိန်းကလေး ဘယ်သူဘယ်ဝါဆိုတာကို သားဖြစ်သူထံမှာ မေးမြန်းစုံစမ်းသည်။ တဒင်္ဂ သူ့ချစ်သူ မြပချုပ် အကြောင်း၊ မိဘအသိုင်းအဝိုင်းအားလုံး ပြောပြတော့ လက်မခံနိုင်စရာမရှိ။ နှစ်ဖက်အသိုင်းအဝိုင်းနှစ်ခုစလုံးက စီးပွားရေးလောကမှာ လူသိများ ထင်ရှားသူတွေချည်း ဖြစ်ရုံမက လူကြီးခြင်းကြပြန်တော့လည်း တရင်းတနှီးကြီး မဟုတ်သည့်တိုင် အကျွမ်းတဝင်ရှိထားသူတွေ။

"ကောင်းပြီလေ ဦးမြဟန်ဆီမှာ သမီးသွားတောင်းကြည့်ကြတာပေါ့၊ ဒါနဲ့ မြပချုပ်ဆိုတဲ့ ကလေးမလေးနဲ့ မင်းနဲ့ ချစ်သူတွေဆိုတာတော့ သေချာပါတယ်နော်"

"ဒက်ဒီကလည်းဗျာ သားဆိုရင် သိပ်အထင်သေးတာပဲ၊ မယုံရင် ဟောဒီမှာ ဓာတ်ပုံတွေကိုကြည့်"

တဒင်္ဂက သူနှင့်မြပချုပ် တွဲရိုက်ထားသည့် ဓာတ်ပုံတွေကို ဖခင်ဖြစ်သူရှေ့မှာ ချပြပြီး သူကိုယ်သူဂုဏ်ယူနေ၏။ ဦးလကျာက သားမျက်နှာကို ကြည့်ပြီး ပြုံးနေသည်။ သူ့သားအစွမ်းအစကို သူသိသည်။

လူအေးလူပျော့။

မြပချုပ်ဆိုသည့် သွက်လက်ထက်မြက်သော မိန်းမလှလေးတစ်ယောက်ကို ရအောင်ပိုးပမ်းနိုင်သူစာရင်းထဲမှာ သားဖြစ်သူ မပါနိုင်ဟု အပိုင်တွက်ထားသည့်တိုင် လက်တွေ့အကောင်အထည်နှင့် သက်သေပြနေသည်ဆိုတော့ လက်ခံလိုက်သည်။

မိန်းကလေးတွေစိတ်ကလည်း အစိုးရတာမဟုတ်။ သူတို့ချင်း ပြေလည်ရင် ပြီးတာပဲဟု သဘောထားလိုက်သည်။

"ဒက်ဒီ့သားနဲ့ ပချုပ် ဘယ်လောက်အတွဲညီလဲဗျာ ကြည့်ပါဦး"

ဦးလကျာလက်ထဲကို တဒင်္ဂက သူနှင့်မြပချုပ် ဓာတ်ပုံတစ်ပုံ ဇွတ်အတင်းထည့်ပေးနေချိန်မှာပင် အိမ်ရှေ့တည့်တည့် ဆင်ဝင်အောက်သို့ ကားတစ်စီးရပ်တန့်လာသည်။

သားအဖနှစ်ယောက် လှမ်းကြည့်လိုက်တော့ ကားပေါ်မှ လှပစွာဆင်းလာသည့် ပက်ထရစ်ရှာကို မြင်လိုက်ရ၏။

"ဟာ…မမတို့လာတယ် ဒက်ဒီ၊ အတော်ပဲဗျာ မမ ယောက်မလောင်းလေး ဘယ်လောက်ချော၊ ဘယ်လောက်လှတယ် ဆိုတာ ကိုကိုနေချိုရှေ့မှာ အပြတ်ကြွားရမယ်"

"ဟိတ်…ကောင်လေး အဖေကြီးနားမှာ ဘာတွေကပ်ပြီး ညာချနေတာလဲ"

"သမီးမောင်က အန်ကယ်ကို မိန်းမတောင်းခိုင်းနေတာ







www.burmeseclassic.com

www.burmeseclassic.com



ပက်ထရစ်ရှာရေ၊ သူ့ရည်းစားက သူ့ကိုသိပ်ချစ်ဆိုပဲ၊ အန်ကယ်တော့ မယုံပါဘူး၊ အန်ကယ့်အမြင်မှာတော့ မြပချုပ်ဆိုတဲ့ ကလေးမလေးကို သည်းသည်းလှုပ်ချစ်နေတာကတော့ ညည်းမောင်ကိုယ်တိုင်ပဲဟေ့"

တိုင်ပင်မထားဘဲ လင်မယားနှစ်ယောက်စလုံး မြပချုပ်ဆိုသည့် အမည်ကို ကြားရခိုက် ကိုယ်စီ ခြေလှမ်းတုံ့နှေးသွားကြရပေမယ့် ပက်ထရစ်ရှာကတော့ ချက်ချင်းလိုပင် ရယ်မောလိုက်ကာ..

"မြပချုပ်တဲ့လား တာဒင်္ဂရဲ့၊ မမတို့နဲ့သိနေတဲ့ မြပချုပ်များ ဖြစ်နေမလားပဲ"

"ကျွန်တော့်ချစ်သူက သိပ်လှတာဗျာ"

တာဒင်္ဂလေသံက ဂုဏ်ယူဝံ့ကြွားဟန်။

"ဒါဆို သေချာပါပြီ၊ မမတို့သိတဲ့ မိန်းကလေးပါပဲ၊ သူကလည်း သိပ်လှတယ်"

"ဒီမှာလေ သူ့ဓာတ်ပုံတွေ ကြည့်ပါဦး မလှဘူးလားဗျာ"

မောင်နှမနှစ်ယောက် ဓာတ်ပုံတွေကို အတူခေါင်းချင်းဆိုင်ကြည့်နေချိန်မှာ နေချိုရင်တွေ တဒုန်းဒုန်းခုန်နေပါသည်။ တာဒင်္ဂရဲ့ချစ်သူဆိုတာ တခြားတစ်ယောက်ဖြစ်ပါစေဟု ဆုတောင်းပေမယ့် နေချို ဆုတောင်းကမပြည့်။

"ချိုရေ ဒီမှာကြည့်ပါဦး၊ တကယ်ပဲ အန်တီဒေါ်ခင်စစ်ရင် သမီး မြပချုပ်ဖြစ်နေတာကိုး"





"ဟုတ်လား"

နေချိုက ဇနီးဖြစ်သူလာထည့်ပေးသော မြပချုပ် ဓာတ်ပုံလေးကို ဣန္ဒြေမပျက် လှမ်းယူလိုက်သည်။ အစိမ်းရောင်ဝတ်စုံဖြင့် မြပချုပ်က နေချိုကို လှပဝိုင်းစက်သော မျက်လုံးကြီးများဖြင့် ချစ်စဖွယ် ရယ်မောလျက် တုံ့ပြန်ကြည့်နေပုံကြောင့် နေချိုရင်ထဲ ဆွေးသွား၏။

"ဝမ်းသာပါတယ် ညီလေး၊ မြပချုပ်က သဘောကောင်းတဲ့ မိန်းကလေးတစ်ယောက်ပါ"

"အစ်ကိုက ပချုပ်ကို သိတယ်လား"

"မြပချုပ်မာမီ ဒေါ်ခင်စစ်ရင်နဲ့ ချို့အဒေါ်က သူငယ်ချင်းတွေလေ၊ ဒေါ်ခင်စစ်ရင်ကို ဆေးသွားကုတိုင်း ချိုကို ခေါ်ခေါ်သွားနေကြဆိုတော့ ရင်းနှီးတဲ့ မိသားစုလို့ပဲပြောရမှာပေါ့"

"ဒါဆို ပျော်စရာကြီးပေါ့၊ ကျွန်တော်က ပချုပ်ကို သိပ်ချစ်တာအစ်ကိုရ၊ သူ့ကို စိတ်လည်းမချဘူး၊ ဒါကြောင့် အမြန်ဆုံးလက်ထပ်မှာ"

"အန်ကယ်တို့ သဘောကရော"

"သူတို့လူငယ်တွေ ကျေနပ်တယ်ဆိုမှတော့ ပြီးပြီပေါ့ကွယ်၊ လူကြီးချင်းတိုင်ပင်ပြီး နေ့ကောင်းရက်သာ ရွေးရုံပေါ့"

"ကောင်းပါတယ် အန်ကယ်၊ ပက်ထရစ်ရှာတို့လည်း မောင်လေးမင်္ဂလာပွဲအတွက် ဝိုင်းကူလို့ရတာပေါ့၊ ယောက်မလေးကို အလှဆုံးအကောင်းဆုံး ဖြစ်စေရမယ်"

www.burmeseclassic.com



"ယေး…ဒါမှ ကျွန်တော့်မမဗျာ"

နေချိုက ပက်ထရစ်ရှာနှင့် တဒင်္ဂတို့ ဆက်ပြောနေသည့် စကားများကို မကြားတော့ပါ။ မြပချုပ်နှင့် တဒင်္ဂတို့ကြားမှာ အကြီးမားဆုံး လွဲမှားမှုကြီး ရှိနေပြီဆိုသောအသိမှာသာ စိတ်လှုပ်ရှားနေမိသည်။

မြပချုပ်ချစ်သူက တဒင်္ဂမဟုတ်။

ဤသည်ကို နေချိုနှင့် မြပချုပ်ပဲသိသည်။ မြပချုပ်လို မိန်းကလေးတစ်ယောက်က တဒင်္ဂလိုလူနှင့် လက်ထပ်မည်ဆိုလျှင် သူမဘဝ၊ သူမအလှကို အကျည်းချသည်နှင့် အတူဖြစ်တော့မည်။ လှပသော မြပချုပ်ကို ထိုသို့မဖြစ်စေချင်။ မြပချုပ်ကို ပျော်နေစေချင်သည်။

မချစ်မနှစ်သက်သူ၏ ရင်ခွင်ထဲကို ခိုဝင်မိသော ခံစားချက်မျိုး နှနယ်ကဲဆတ်သော သူမနှလုံးသားမှာ ဒဏ်ရာအနာတရ မဖြစ်စေချင်။ ဤသည်မှာ မြပချုပ်အပေါ်ထားသည့် နေချိုရင်ထဲက စစ်မှန်သောစေတနာဆိုလျှင်လည်း မမှား။

"ချို"

"ဟင်"

"ငြိမ်လှချည်လား"

"သြော်…ဒီလိုပါပဲ၊ အလုပ်ကိစ္စအကြောင်း တွေးနေမိလို့ပါ၊ ပက်ထရစ်ရှာ ဘာပြောချင်လို့လဲ၊ ပြောလေ"

"ပြောစရာမရှိပါဘူး၊ ငြိမ်နေလို့"





အိမ်အပြန်လမ်းမှာ ကားကို အာရုံစူးစိုက်မောင်းနေသည် မှစာပါး မည်သည့်စကားမှမဆိုသော ခင်ပွန်းသည်၏ အရိပ်အကဲကို မပြတ်အကဲခတ်နေသော ပက်ထရစ်ရှာက ဆိုလိုက်ခြင်းဖြစ်သည်။

မြပချုပ်နှင့် ခင်ပွန်းသည် နေချိုတို့၏ အချစ်ဇာတ်လမ်းကို သိသင့်သလောက် သိထားပေမယ့် ပက်ထရစ်ရှာ ဘာတစ်ခွန်းမှ မပြော။ ပြောစရာလည်းမရှိ။ နေချိုကို ပက်ထရစ်ရှာချစ်သည်။

ကိုယ့်ချစ်သူကို ပိုင်ဆိုင်ခွင့်ရခြင်းကို သူမဘဝမှာ ဘုရားသခင် ပေးအပ်သော လက်ဆောင်အဖြစ် မြတ်နိုးပျော်ရွှင် မဆုံး။ ပြီးဆုံးကျန်ရစ်ခဲ့သော အတိတ်ကအကြောင်းအရာတွေကို ဖော်ထုတ်ပြီး ကိုယ့်ကိုယ်ကိုရော၊ ကိုယ့်ချစ်သူကိုပါ နာကျင်ပင်ပန်းစေမည့် အလုပ်ကို ပက်ထရစ်ရှာမုန်းသည်။

လက်ရှိဘဝ၊ လက်ရှိအခြေအနေမှာပဲ ပက်ထရစ်ရှာ ပျော်သည်။ ကျေနပ်သည်။ နေချိုကို ဘာအတွက်နှင့်မှ စိတ်မညစ်စေချင်။ ထိုအတွေး၊ ထိုအသိစိတ်လေးကပင် ပက်ထရစ်ရှာ စိတ်ကို ပေါ့ပါးသက်သာစေသည်။

မြပချုပ်အပေါ်မှာလည်း သူငယ်ချင်းမိတ်ဆွေတစ်ယောက်လို ပြောဆိုဆက်ဆံနိုင်သည်။ တမင်ဟန်ဆောင်နေခြင်းမဟုတ်။ မိန်းမသားတစ်ယောက်အဖြစ် စာနာမိသော နူးညံ့သိမ်မွေ့သည့် နှလုံးသားကြောင့်ဖြစ်သည်။

အခု နေချိုစိတ်ထဲမှာ မြပချုပ် ရှိချင်ရှိနေမည်။ လှပ၍



www.burmeseclassic.com

www.burmeseclassic.com



ဆွဲဆောင်မှုအပြည့်ရှိသော မြပချုပ်လို မိန်းမလှလေးကို ယောက်ျားတိုင်း စိတ်ဝင်စားကြသည်မှာမဆန်း။ ပက်ထရစ်ရှာကိုယ်တိုင်ပင် မြပချုပ်၏ အလှအပများကို မိန်းမသားချင်းဖြစ်ပေမယ့် နှစ်သက်သဘောကျသည်။

"ဒီပုံအတိုင်းဆို မြပချုပ်က ပက်ထရစ်ရှာတို့ညီမ ဖြစ်တော့မယ်ထင်တယ်နော် ချို"

"အင်း"

"ပက်ထရစ်ရှာတော့ မြပချုပ်ကို သဘောကျတယ်၊ တဒင်္ဂရဲ့ အစ်မနဲ့အစ်ကိုဆိုတာ ပက်ထရစ်ရှာနဲ့ ချို ဖြစ်နေမှန်းသိရင် မြပချုပ်တော့ သိပ်အံ့ဩသွားမှာပဲထင်တယ်"

"အခုရော မသိဘူးလား"

"ဟင့်အင်း...တဒင်္ဂက စကားမစပ်လို့ ဘာမှပြောမထားဘူးတဲ့၊ ပက်ထရစ်ရှာနဲ့ ချိုနဲ့ မြပချုပ်ကို ကြိုသိမှန်းသိရင်တော့ ပြောပြမိမှာပဲတဲ့"

"အခုရော"

"မြပချုပ်ကို ဘာမှမပြောနဲ့လို့ ပက်ထရစ်ရှာမှာခဲ့တယ်၊ ရုတ်တရက် တွေ့လိုက်ရမှ အံ့ဩသွားစေချင်လို့လေ"

ပက်ထရစ်ရှာက သူမအတွေးနဲ့သူမဘာသာ ကျေနပ်သဘောကျနေပေမယ့် နေချိုက မြပချုပ်နှင့် သူတို့ကြားက အနေအထားကို ထိုသို့မဖြစ်စေချင်။

တဒင်္ဂဆိုတာ ပက်ထရစ်ရှာရဲ့ မောင်တစ်ဝမ်းကွဲဆိုတာ





လောက်တော့ မြပချုပ်ကို သိစေလိုသည်။ ဒါမှ သူ့ကိုမုန်းသော မြပချုပ်တစ်ယောက် တဒင်္ဂနှင့် စောစောစီးစီး လမ်းခွဲသွားနိုင်မည်ဟု ယုံကြသည်။

ထိုသို့မဟုတ်ဘဲ မြပချုပ်ခမျာ ဘုမသိဘမသိနှင့် အခြေအနေမှန်ကို မရိပ်စားမိဘဲ ရှေ့ဆက်တိုးလာလို့ကတော့ မရှောင်သာသည့်လမ်းမြောင်ကြားမှာ နေချိုနှင့် မြပချုပ်တို့ ဆုံကိုဆုံကြရပေလိမ့်မည်။

နှာကျင်ခြေကြွပြီးသား နှလုံးသားအစုံကို နောက်ထပ်ဒဏ်ရာ ထပ်မရစေလိုတော့ပါ။ တစ်ယောက်နှလုံးသားကို တစ်ယောက် ထွင်းဖောက်မြင်တွေ့နေပြီးသား ချစ်သူနှစ်ယောက်မှာ ဆိုင်သူကိုယ်စီနှင့် ထပ်မံဆုံတွေ့နေရမည့်အဖြစ်က တွေးကြည့်လေ ရင်နာစရာကောင်းလေဟု ဆိုရမည်လား။

နေချိုက ယောက်ျားမို့ ကိုယ်ရွေးချယ်လိုက်သည့်လမ်းမှာ ကျေကျေနပ်နပ် လျှောက်လှမ်းအသားကျနေနိုင်ပေမယ့် မြပချုပ်လို နုနုငယ်ငယ် မိန်းမသားတစ်ယောက်မှာ နေချိုလို ခံနိုင်ရည်ရှိမည်မထင်။

ပိုဆိုးသည်က မြပချုပ်ကိုယ်တိုင် ဟန်ဆောင်ကောင်းရှာသူမဟုတ်။ ရင်ထဲရှိလျှင် ရှိသည့်အတိုင်း စိတ်ထဲခံစားရလျှင် ခံစားရသည့်အတိုင်း ချစ်ခြင်း၊ မုန်းခြင်း၊ ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်း အားလုံး အရှိကိုအရှိအတိုင်း တစ်ဖက်လူရိပ်မိအောင် ရိုးသားလွန်းသူ။

www.burmeseclassic.com



မြပချုပ်ရင်ထဲမှာ ဘာဖြစ်နေသည်ဆိုတာကို အလွယ်သိမြင်နိုင်ခဲ့လျှက် ဘာကြောင့် နေချိုကိုယ်တိုင် မြပချုပ်ကို ချစ်လျက်မြတ်နိုးလျှက်နှင့် လမ်းခွဲခဲ့မိသည့်အဖြစ်ကို ပြန်တွေးတိုင်း နှလုံးသားမှာ နာကျင်ရပေမယ့် သူနဲ့အတူနေပြီး မြပချုပ် စိတ်ဆင်းရဲမှနေမှာနှင့် နှိုင်းစာလျှင် အခုလို ဝေးနေကြပြီး တစ်ယောက်ကို တစ်ယောက် တမ်းတနေကြရခြင်းက ပို၍ကောင်းသည်ဟုထင်သည်။

မြပချုပ်နှင့် တဒင်္ဂဟု တွေးလိုက်လျှင် နေချိုရင်မှာ မွှန်းကြပ်လာကာ ပက်ထရစ်ရှာ မရိုပ်မိခင်မှာ တိတ်ဆိတ်စွာ ပင့်သက်ရှိုက်လိုက်မိ၏။



## အခန်း (၉)

“အဟာတ်…ဟား…ဟား”

မြပချုပ်သည် မရယ်ချင်ရယ်ချင်နှင့်ပင် ဖျစ်ညှစ်ကျိတ်မှိတ်လျက် ဖွတ်အတင်း ရယ်ပစ်လိုက်၏။ လောကတွင် မြပချုပ်လောက် ရယ်စရာကောင်းသည့် မိန်းမမရှိတော့ဟု တွေးမိလျှင် မြပချုပ်မှာ သူမအဖြစ်ကို ပို၍ပို၍ပင် ရယ်ချင်၏။

သို့ပါသော်လည်း မြပချုပ်၏ရယ်သံက ရယ်သံနှင့်မတူသလို မြပချုပ်၏ အရယ်မျက်နှာမှာလည်း မျက်ရည်စတွေ တွဲခိုနေသည့်အဖြစ်ကို မည်သူစာနာနားလည်နိုင်မည်နည်း။

“ကိုယ်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ဒါထက်ပိုပြီး မရက်စက်ဘဲနေကြပါစို့လား မြပချုပ်”

“မရက်စက်ဘဲ ဟုတ်လား၊ ရှင့်ကို မြပချုပ်က ဘယ်တုန်းကများ ရက်စက်ခဲ့ဘူးလို့ပါလဲ ဦးနေချိုရယ်၊ ရှင်ကသာ ပချုပ်တို့ရော ပချုပ်ရဲ့ နှလုံးသားကိုပါ ရက်ရက်စက်စက် ခွဲခဲ့တဲ့ အချစ်



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲကောင်းကြီးပါနော်''

''ကိုယ့်ကို ပချူပ် ကြိုက်သလို အပြစ်တင်ပါ၊ မကျေနပ်လို့ ထပ်ရိုက်ချင်ရင်လည်း ရိုက်ပါ''

''ရိုက်ရမယ်ဟုတ်လား ရှင့်ကိုရိုက်လိုက်လို့ ခဏပဲ အသားနာမှာပေါ့ရှင့်၊ စိတ်ချ ရှင့်အသားကို ပချူပ် မရိုက်ဘူး၊ ရှင့်နှလုံးသားနဲ့ ရှင့်ဘဝကိုပဲ ပချူပ် နာကျင်ခဲ့သလို ပြန်နာကျင်အောင် လုပ်ပြမယ်''

''ပချူပ်''

မိုက်မဲရူးသွပ်စွာ သူ့ကိုအရွဲ့တိုက်ဖို့ ကြိုးစားနေသော မြပချူပ်၏ သဘောထားကို ရိပ်မိပြီးနောက်မှာ မြပချူပ်၏ အမည်ကို နေချို အကျယ်ကြီး အော်လိုက်မိသည်။

မြပချူပ်က နေချိုမျက်နှာကို တစ်ခါမှ မမြင်ဘူးသူ တစ်ယောက်လို ခပ်စိမ်းစိမ်း စူးစိုက်ကြည့်နေပုံကို မြင်ရတော့ သူမဆီကိုလာမိတာ မှားသွားပြီဟု နေချို တွေးလိုက်သည်။

''ကိုယ့်စေတနာကို မင်းနားမလည်ပါလား မြပချူပ်ရယ်''

''စေတနာဟုတ်လား...ကျေးဇူးတင်ပါတယ်ရှင်၊ မြပချူပ်ဆိုတဲ့ မိန်းကလေးတစ်ယောက်အပေါ်မှာ စေတနာထားတယ်ဆိုလို့ပါ''

ပြောပြီး ခပ်လှောင်လှောင် ရယ်မောလိုက်သည့် မြပချူပ် မျက်နှာလေးပေါ်မှာ ထိမထင်ဟန်မျက်နှာပေးက နေချိုကို တုန်လှုပ်စေပါသည်။ တဒင်္ဂကို ပက်ထရစ်ရှာ၏ မောင်အဖြစ် လာရောက်





အသိပေးမိခြင်းကိုပဲ နောင်တရ ရမည်လား။

ဒါမှမဟုတ် မြပချူပ် နှလုံးသားကို မွမွကြေအောင် နင်းချေခဲ့မိသူအဖြစ် ကိုယ့်ကိုယ်ကို ခွင့်မလွှတ်နိုင်အောင် မုန်းတီးနာကျင်ရမည်လားဆိုသည်ကို နေချိုကိုယ်တိုင် ဝေခွဲမရနိုင်ဘဲ ဖြစ်လာသည်။

''ဒီမယ်...ရှင်သိအောင် တစ်ခါတည်း ပြောလိုက်မယ်၊ တဒင်္ဂဆိုတဲ့ အူကြောင်ကြောင်လူကို ပချူပ် လုံးဝစိတ်မဝင်စားဘူး၊ ချစ်လည်းမချစ်ဘူး၊ ဒါပေမယ့် သူ့ကို ပချူပ်လက်ထပ်မယ်''

''ဟင်''

''ဘာဖြစ်လို့ဆိုတာရော သိချင်သေးလား၊ အဲဒါ ရှင့်ကိုမုန်းလို့၊ သိပ်မုန်းလို့၊ ရှင်က မလုပ်ပါနဲ့ဆိုလေ ပချူပ်က ရှင့်ကိုပိုအရွဲ့တိုက်လေပဲဆိုတာ မြဲမြဲမှတ်ထား''

''တဒင်္ဂက ပက်ထရစ်ရှာမောင်ဖြစ်တော့ ဘာဖြစ်လဲ၊ ရှင်နဲ့ပချူပ် အမျိုးတောင် တော်ကြရသေးတာပဲ၊ ရှင်ဝမ်းမသာနိုင်ပေမယ့် ပချူပ် ဝမ်းသာတယ်''

ပြောရင်း မြပချူပ် ရင်တွေ အတိုင်းအဆမရှိ နာကျင်လာသည်။ ထိန်းမရအောင် မည်းပျက်နေသည့် နေချိုမျက်နှာကို မြင်ရလေ မြပချူပ်ရင်မှာ ထိနိုက်ခံစားရလေဖြစ်ပေမယ့် သူမစိတ်ထဲမှာ နေချိုကို မုန်းသဖြင့် သူက မလုပ်ပါနှင့်ဟု တားမြစ်ပြောဆိုလေ ပိုအရွဲ့တိုက်ဖို့ ဖြစ်လာလေဟုဆိုရမည်။

''အချစ်မပါတဲ့ အိမ်ထောင်ရေးတစ်ခုဟာ ဘယ်လောက်တောင် ဒုက္ခဆင်းရဲကြီးတယ်ဆိုတာ ပချူပ် သိရဲ့လားဟင်''



www.burmeseclassic.com

www.burmeseclassic.com



နေချိုအသံက ချွေးမြေ့သော အသံမျိုးဖြစ်သော်လည်း သူ့အသွင်က တည်ငြိမ်သည်။ မြပချုပ်၏ ခံပြင်းခြင်းဒေါသ၊ အချစ်နှင့်အခုန်း လွန်ဆွဲနေသော ခံစားချက်များဖြင့် ဖြူလိုက်နီလိုက် ဖြစ်ရှာသော မျက်နှာလေးကို ငေးစိုက်ကြည့်နေဟန်က ရိုဝေမှိုင်းသီနေခြင်းကို မြပချုပ် ရင်ထဲမှာ ခါးနေသည်။

ထိုစကားသံ၊ ထိုအမူအရာတွေအားလုံး မြပချုပ် အလိုမရှိ။ ကြားလည်းမကြားချင်။ မြင်လည်းမမြင်ချင်။ သို့ပါသော်လည်း မြပချုပ် စိတ်တစ်နေရာမှာ နေချိုကို မြပချုပ် ခံစားသလို ခံစားနေရတာကို မြင်ရတွေ့ရခြင်းကို ကျေနပ်သည်။ ကြိုက်သည်။

"အပိုတွေပြောမနေပါနဲ့ရှင်၊ ရှင်ကိုယ်တိုင်ရော ပက်ထရစ်ရှာကို ချစ်လို့ လက်ထပ်ခဲ့တာမှမဟုတ်ဘဲ"

"ပချုပ်လည်း ရှင်လုပ်သလို လုပ်နိုင်တယ်"

"မြပချုပ်"

"မင်းသိပ်မှားနေပြီ"

"ကိုယ်က ယောကျ်ားလေးကွ၊ ဘာမဆို ခံနိုင်ရည်ရှိတယ်၊ ကိုယ်ဆုံးဖြတ်ချက်အတွက် အမှားဖြစ်ခဲ့ရင်တောင်မှ ကျိတ်မှိတ်ပြီး သည်းခံနိုင်တယ်"

"မင်းက မိန်းကလေး၊ ကိုယ့်ကိုမုန်းလို့ အရွဲ့တိုက်တယ်ပဲထားဦး ကိုယ်မချစ်တဲ့ ယောကျ်ားတစ်ယောက်ကို လက်ထပ်လိုက်မိလို့ မင်းခံစားရမယ့်ဒုက္ခတွေကိုရော သိရဲ့လား"

"အဲဒါက ပချုပ်အပိုင်းပါ၊ ရှင်နဲ့မဆိုင်ပါဘူး၊ အစထဲက





ပချုပ်အတွက် ဒီလောက်ကြီး စဉ်းစားတွေးပူနေရင် ပက်ထရစ်ရှာကိုတောင် ရှင်လက်ထပ်ခဲ့မှာမဟုတ်ဘူး"

"ရှင့်ကို ပချုပ်မုန်းတယ်၊ ဒါကြောင့်လည်း တခြားကို လက်ထပ် လက်ထပ်ဖို့ ဆုံးဖြတ်လိုက်တာပဲ"

"သိပ်မိုက်မဲတဲ့မိန်းမ"

နေချိုထံမှ မခံမရပ်နိုင်သလို ရေရွတ်သံကိုကြားလျှင် မြပချုပ်ကလည်း အောင်နိုင်သူတစ်ယောက်၏ အပြုံးဖြင့် သူ့ကို တုံ့ပြန်လှောင်ပြောင်ပစ်လိုက်သည်။

"ငရဲပန်းကို နတ်ပန်းထင်ပြီး ကိုယ့်ကိုယ်ကို ဒုက္ခတွင်းထဲ ခုန်မဆင်းပါနဲ့လို့ မင်းကို ကိုယ်နောက်ဆုံး တောင်းပန်နေတာပါ ပချုပ်"

"ဒီလိုမှ မင်းက ကိုယ်တောင်းပန်တာကို လက်မခံဘူးဆိုရင်လည်း ပချုပ် ကြိုက်သလိုသာ ဆုံးဖြတ်ပါ"

"ကိုယ်ပြန်တော့မယ်"

ကျောခိုင်းထွက်ခွာသွားသော နေချိုနောက်ကျောပြင်ကို ကြည့်ပြီး မြပချုပ် ရယ်ပစ်လိုက်သည်။ မြပချုပ်နှင့် ဘာမှမဆိုင်သူ တစ်ယောက်က မြပချုပ်ကို ဟိုဟာမလုပ်နှင့် ဒီဟာမလုပ်နှင့်ဟု လာပြီး အမိန့်တွေပေးနေရအောင် သူ့ကိုယ်သူ ဘာထင်နေသည် မသိ။

အချစ်ကြောင့် ရူးသွပ်ခဲ့သော မြပချုပ်သည် ထိုအချစ်ကို မုန်းသောအမုန်းနှင့် နာကြည်းမှုကြောင့်ပင် နောက်ထပ်ဘယ်သူမှ



www.burmeseclassic.com

www.burmeseclassic.com



လိုက်မမှီသော အလွန်အင်မတန်မိုက်မဲသည့် ဆုံးဖြတ်ချက်တစ်ခုကို လျှင်မြန်စွာ ဆုံးဖြတ်ပစ်လိုက်ပြန်ပါသည်။

ထိုဆုံးဖြတ်ချက်က နောင်တစ်ချိန်မှာ သူမကိုယ်သူမ အကြီးအကျယ် နောင်တရစေမည့် တစ်ခုတည်းသော ဆုံးဖြတ်ချက်ဖြစ်ကြောင်းကို ထိုအချိန်က မြပချုပ်ကိုယ်တိုင် စဉ်းစားဆင်ခြင်တွေးတောပိုခြင်းမရှိခဲ့ပါ။

တဒင်္ဂကို မြပချုပ် လက်ထပ်လိုက်ခြင်းဖြင့် နေချို တစ်ယောက် အဘယ်မျှ အခံရခက်မည်ဆိုတာ တစိမ့်စိမ့်ကြည့်ပြီး တုံ့ပြန်ကလဲ့စားချေမည်ဆိုတာလောက်ကိုသာ တွေးခဲ့မိသူဖြစ်သည်။

သူမကြောင့် နေချို စိတ်ဆင်းရဲနေတာ အနေရခက်နေတာ၊ ဒုက္ခရောက်နေတာကိုသာ အားပါးတရ မြင်လိုက်ကြည့်မည်ဟု မိုက်မဲသောအတွေးနုနုဖြင့် သူမမုန်းသော ယောကျ်ားတစ်ယောက်ကို သူမ အင်မတန်ချစ်ခဲ့မိသော ယောကျ်ားတစ်ယောက်ကြောင့် လက်ထပ်ရန် သဘောတူပါကြောင်း အသည်းနာနာနှင့်ပင် လက်ခံခေါင်းညိတ်လိုက်မိပါတော့သတည်း။

❀ ❀ ❀



## အခန်း (၁၀)

မြပချုပ်သည် သူမကိုယ်သူမ တစ်ချိန်လုံး အိပ်မက်မက်နေသည်ဟု ထင်နေ၏။ တဒင်္ဂ၏ ပျော်ရွှင်နေသောမျက်နှာ ဝက်ထရစ်ရှာ၏ ရယ်သံလွင့်လွင့်များ။ နေချို၏ တည်ကြည်ခန့်ညားသောရုပ်သွင်။ ကြီးကျယ်ခမ်းနားသည့် မင်္ဂလာပွဲကြီး အောင်မြင်စွာပြီးဆုံးသွားသည်အထိ အိပ်မက်ထဲမှာပင် ရှိနေခဲ့သူ။

ဧည့်သည်များ ပြန်သွားပြီးနောက် တိတ်ဆိတ်နေသော ဒက်ဒီလက်ဖွဲ့လိုက်သော နှစ်ထပ်တိုက်ကြီးနှင့် ခန်းဝင်ပစ္စည်းများ ပုံအောနေသည့် လက်ဖွဲ့များကြား တဒင်္ဂနှင့် နှစ်ယောက်အတူရှိနေသည့် အချိန်အထိလည်း အိပ်မက်က မနိုးသေး။

မြပချုပ်၏ ဝိုးတဝါးအိပ်မက်ဆိုးမှ ဖြုန်းခနဲ လန့်နိုးစေပြီးနောက် သူမကို အိပ်မက်ကမ္ဘာထဲမှ လက်တွေ့ဘဝထဲကို ကြမ်းတမ်းရိုင်းပျစွာ ဆွဲယူပို့ဆောင်လိုက်သူက သူမ အသစ်စက်စက် လက်ထပ်ထားသော သတို့သားလောင်း တဒင်္ဂဆိုသည့်



www.burmeseclassic.com

www.burmeseclassic.com



မြပချုပ်၏ ခင်ပွန်းကိုယ်တိုင် ဖြစ်သည်။

မြပချုပ်သည် ရုတ်တရက် သူ့ကိုယ်သူ ဘာဖြစ်လို့ဖြစ်နေမှန်းမသိသေး။ သူမ မှတ်မိလိုက်တာကတော့ ပြင်းပြလှိုက်လှဲခြင်းတွေနှင့် မွတ်သိပ်နေသော တဒင်္ဂကိုယ်ကြီးကို အင်အားရှိသမျှ သူမကိုယ်ပေါ်က တွန်းဖယ်ချလိုက်ခြင်းဖြစ်သည်။

"ဘာဖြစ်လို့လဲဟင် ချစ်၊ ဘာဖြစ်လို့လဲ"

တဒင်္ဂအသံက စိုးရိမ်ခြင်းတွေနှင့် ဓနီးဖြစ်သော မြပချုပ်၏ ထိတ်လန့်တုန်လှုပ်နေသည့် ဖြူဖျော့ဖျော့မျက်နှာကို တအံ့တသြကြည့်နေသလို မြပချုပ်ကိုယ်တိုင်လည်း သူမနှင့် တစ်အိပ်ရာထဲမှာ အတူရှိနေသည့် သူမအင်မတန်မှ ကြည့်မရအောင် မုန်းလှသော တဒင်္ဂနှင့် အတူတူ ရောက်ရှိနေခြင်းကို မယုံကြည်နိုင်ဖြစ်နေပါသည်။

နေချို့ကို မုန်း၍ နေချို့ကို အရွဲ့တိုက်အနိုင်ယူလိုသော မြပချုပ်မှာ ယောကျာ်းတစ်ယောက်ကို လက်ထပ်ဖို့ အလွယ်တကူ လက်ခံခေါင်းညိတ်ခဲ့ပြီးနောက် လင်ရယ်မယားရယ်ဖြစ်လာပြီးနောက် တစ်အိပ်ရာထဲ အတူအိပ်ကြရမည့်အဖြစ်ကို အခုမှ တွေးတောစဉ်းစားမိသူဖြစ်သည်။

မိုက်မဲလှသော သူမ၏ဆုံးဖြတ်ချက်ကပင် သူမကို ဒုက္ခရောက်စေခြင်းဖြစ်သည်။

"ရှင် ပချုပ်နားကို မလာနဲ့နော်၊ လာရင်တော့ အော်မှာပဲ"

"ပချုပ်"





"ရှင်...ပချုပ်နားက အခုထွက်သွားပါ၊ ပချုပ်နားကို မလာနဲ့ဆို မလာနဲ့"

ပြောရင်း အရူးတစ်ယောက်လို အော်ဟစ်လိုက်သော မြပချုပ်၏ ထူးဆန်းသော အပြုအမူကြောင့် တဒင်္ဂကိုယ်တိုင် အံ့သြလန့်ဖြန့်သွားသည်။

"ဘယ်လိုဖြစ်တာလဲ ပချုပ်ရယ်၊ ပချုပ်မကျေနပ်အောင် စိတ်ဆိုးအောင် မောင်ဘာများလုပ်မိလို့လဲဗျာ"

နှစ်သိမ့်ချော့မော့သောလေသံက နူးညံ့ညင်သာသော်လည်း ပချုပ်အသွင်က ခါးခါးသီးသီး။

"အို...ဘာမှမေးမနေနဲ့၊ ပချုပ်နားကို ရှင်မလာနဲ့ဆို မလာနဲ့၊ ဒါပဲ"

"မောင်အိပ်ချင်ပြီချစ်ရဲ့ နာရီကိုလည်းကြည့်ဦး"

"ရှင် ရှေ့တိုးမလာနဲ့နော်၊ ရှင့်ဘာသာ ကြိုက်တဲ့နေရာမှာသွားအိပ်၊ ပချုပ်နားကို ရှင်လာမအိပ်နဲ့"

"မောင်က ပချုပ်နဲ့အိပ်ချင်တာ"

"ရှင့်ဘာသာ ကြိုက်တဲ့လူနဲ့သွားအိပ်၊ ပချုပ်တော့ ရှင်နဲ့အတူ မအိပ်နိုင်ဘူး"

မင်္ဂလာဦးည သတို့သားနှင့် သတို့သမီးတို့အဖြစ်ရယ်လို့ မြပချုပ် စိတ်ထဲမှမထင်။ သူမကို ဒုက္ခပေးမည့်သူ။ သူမဘဝကို ချက်လိုဖျက်စီးလုပ်မည့်သူလို့ပဲ တဒင်္ဂအပေါ်မှာ ထင်နေသည်။

ကျယ်လောင်သော သက်ပြင်းရှိုက်သံက တိတ်ဆိတ်မှုကို



www.burmeseclassic.com

www.burmeseclassic.com



ဖြိုခွင်းသွားသည်။ တဒင်္ဂက ဝင်းစက်စွာ လှပသော ချစ်ဇနီးကို စိုက်ကြည့်နေသည်။ ခါးသီးနေသော အမှုအရာနှင့် လှပသော သတို့သမီးကို သူတစ်သက်တာတွင် တစ်ခါမှမကြားဘူး။

ရင်ထဲက အချစ်စိတ်ကို မျိုသိပ်ပြီး ချစ်ဇနီးအလိုလိုက်ဖို့ ဆုံးဖြတ်ခြင်းမှာ မြပချုပ်ကို သိပ်ချစ်၍ အလျှော့ပေးအလိုလိုက်ခြင်း ဆိုလည်း မမှား။

"ကောင်းပြီလေ ဒီည ပချုပ်က မောင့်ကို အလိုမရှိဘူး ဆိုလည်း ရပါတယ်၊ ဒီမှာ ပချုပ်တစ်ယောက်တည်း အေးအေး ဆေးဆေးအိပ်ပါ၊ မောင် အပြင်ထွက်အိပ်မယ် ဟုတ်လား"

တဒင်္ဂက မင်္ဂလာဦးအခန်းထဲမှာ မြပချုပ့်တစ်ယောက် တည်းထားပြီး ထွက်သွားသည်။ ထိုအခါမှ အခန်းတံခါးကို ပြေးပိတ်ကာ အိပ်ရာထဲမှာ လူးလိမ့်ငိုပစ်လိုက်သည်။

နေချိုက မြပချုပ်ကို ချစ်သည်ဟု ပြောသည်။ ချစ်လျှင် ဘာကြောင့် သူမကို ထားရစ်ခဲ့ရသနည်း။ နေချိုကို တစ်သက်လုံး ဆုံးရှုံးစွန့်လွှတ်လိုက်ရ၍ အသည်းနှလုံးတွေ ကြေမွနေချိန်မှာ ပက်ထရစ်ရှာ၏ မောင်ဝမ်းကွဲဖြစ်သော တဒင်္ဂနှင့် တွဲမိသည်။

ဒါကို နေချိုသိတော့ တဒင်္ဂနှင့် လက်မထပ်ဖို့ လာတားသည်။ မြပချုပ်ရင်ထဲမှာ နေချိုစကားလုံးတွေကိုရော အပြုအမူတွေကိုပါ ဘယ်လိုမှ သည်းမခံနိုင်ဘဲ ပေါက်ကွဲမိသည်။ အရွဲ့တိုက်မိသည်။ ထို့ကြောင့်ပင် သူမအလိုမရှိသော သူမအထင်သေးသော ယောကျ်ားတစ်ယောက်ကို လက်ထပ်ခဲ့မိပြီ။





နောင်တတရားသည် မြပချုပ်ရင်ထဲကို အလုံးအရင်းနှင့် ဝင်ရောက်လာသည်။ ဘာကြောင့် ဤမျှ မိုက်မဲမိသည်ကို စဉ်းစားမရ။ အခုမှ တဒင်္ဂကို မလိုချင်တော့ပါဟု ပြော၍မရ။ လက်ထပ်ပြီးသား မိန်းမတစ်ယောက်ဟု တွေးလိုက်တိုင်း ဆောက်တည်ရာမရ ဖြစ်သွားသည်။

အပျိုစင် မိန်းကလေးတစ်ယောက် ပြန်ဖြစ်လိုသောစိတ်တို့က မြပချုပ်ရင်ထဲတွင် လှိုင်းခတ်နေ၏။ အားလုံးပြီးဆုံးခဲ့ပြီဟု တွေးမိလျှင် မြပချုပ်သည် ကိုယ့်ကိုယ်ကို အပြစ်တင်ရုံမှတစ်ပါး တခြားမရှိ။

နေချိုက တားခဲ့သေးသည်။

သို့ရာတွင် နေချိုစကားကို မြပချုပ် နားမထောင်ခဲ့။ မြပချု[illegible] အသည်းကို အခွဲခံရသလို နေချိုအသည်းကို ခွဲချင်သည်။

အခုတော့ ရှောင်လွှဲမရသည့် အကြောင်းတရားတွေ ရှိ[illegible] ခဲ့လေပြီ။ မြပချုပ် ဘာမှမတတ်နိုင်။ ဒုတိယမြောက်ညတွင် တဒင်္ဂ၏ အလိုဆန္ဒကို အရှုံးပေးခဲ့ရသည်။ တဒင်္ဂက မြပချုပ်ကို အ[illegible] မျိုး ချော့မြူနှစ်သိမ့်သည်။ မြပချုပ်သည် စကားမပြောနိုင်သည့် အထိ အားပါးတရ ငိုပစ်လိုက်သည်။

နောက်ဆုံး တဒင်္ဂရင်ခွင်ထဲမှာ ဘယ်အချိန် အိပ်ပျော်သွားမှန်းပင်မသိ။ တဒင်္ဂ အနမ်းဖွဖွဖြင့် သူမကို လာနှိုးသည့်အချိန်မှာ နေအတော်မြင့်နေပါပြီ။

"သိပ်ဆိုးတဲ့ကောင်မလေးပဲကွာ မောင့်ကို နည်းနည်းမှ



www.burmeseclassic.com

www.burmeseclassic.com



မသနားဘူးပေါ့ ဟုတ်လား"

မြပချုပ်ထံမှာ ဖြေရန်အဖြေမရှိ။

တခင်က သူမကိုယ်လေးကို ကလေးငယ်တစ်ယောက်လို ထွေးချီကာ ရေချိုးခန်းထဲအရောက် ပို့ပေးတာကို အသာငြိမ်ခံနေလိုက်သည်။ တခင်က မြပချုပ်ကို ချစ်သည်မှာ ထားစရာပင်မရှိ။ ဘာခံစားချက်မှမရှိသော မြပချုပ်အတွက် တခင်ကို လူပို တစ်ယောက်ထက် ပိုမမြင်။ သူမဘာလုပ်လုပ် လိုက်ရှုပ်နေသည်ဟု သာထင်သည်။

လက်ထပ်ပြီး နှစ်လအတွင်း ဟန်းနီးမွန်းခရီး ထွက်နေသဖြင့် နေချိုနှင့်လည်း မဆုံဖြစ်။ နှစ်ဖက်ဆွေမျိုးစု ဆုံကြသည့်ပွဲမှာတော့ နေချိုနှင့် ပက်ထရစ်ရှာကို မဖြစ်မနေ ဆုံရသည်။

ပက်ထရစ်ရှာက မြပချုပ် ပါးကိုနမ်းပြီး နှုတ်ဆက်သည်။ တစ်ချိန်လုံးလည်း ဂရုတစိုက်နှင့် မြပချုပ်နားမှာသာနေသည်။

"သိပ်လှတဲ့ မြပချုပ်ကို ပက်ထရစ်ရှာ ယောက်မတော်ခွင့်ရတာ ပက်ထရစ်ရှာဖြင့် သိပ်ပျော်တာပဲကွယ်"

ပက်ထရစ်ရှာအသံက မြူးနေသည်။

မြပချုပ်အတွက် စိန်လက်စွပ်တစ်ကွင်း လက်ဖွဲ့အဖြစ်ပေးသော ပက်ထရစ်ရှာကို ကျေးဇူးမတင်။ နေချိုကို မြပချုပ်ထံမှ လုယူလိုက်သည့်အတွက် လျော်ကြေးအဖြစ်ပေးသော ပစ္စည်းအဖြစ်သာ မြင်သည်။

နေချိုနှင့် ပတ်သက်ခဲ့ဘူးသော မြပချုပ်အပေါ်မှာ ဘာသံသယမှမရှိဘဲ လှိုက်လှိုက်လှဲလှဲ ဝမ်းပမ်းတသာ ကြိုဆိုချစ်ခင်ပြနေသော ပက်ထရစ်ရှာစိတ်ကို မြပချုပ်ရင်ထဲမှာ အမုန်းကြီးမုန်းနေမိသည်။

မြပချုပ်သာ သူမနေရာမှာဆိုလျှင် ထိုမိန်းမလိုစိတ်မျိုး ထားနိုင်မည်မဟုတ်။ နောက်ဘယ်တော့မှ မပတ်သက်ရဲအောင် အပြတ်စိန်ခေါ်အနိုင်ယူမည်ထင်သည်။ အခုတော့ ပက်ထရစ်ရှာဆိုသည့် မိန်းမက မြပချုပ်နှင့် ဆန့်ကျင်ဘက်။

"ချိုရေ ပချုပ်ကိုခေါ်ပြီး ဈေးခဏပြေးလိုက်ပါဦးကွယ်၊ ဒီမှာ လုပ်လက်စအလုပ်တန်းလန်းနဲ့မို့ပါ၊ ပချုပ်ကို ဒီစာရင်းလေးပေးလိုက်မယ်၊ ချိုနဲ့တိုင်ပင်ပြီး ဝယ်လာခဲ့ပေးပါဦး ပချုပ်ရယ်"

"တခင်ရော ပက်ထရစ်ရှာ"

ဈေးစာရင်းစာရွက်က မြပချုပ်လက်ထဲကို ရောက်လာချိန်မှာ နေချိုက တခင်ကို မေးလိုက်ခြင်းဖြစ်သည်။

"တခင် အိမ်အပေါ်ထပ်မှာ ပက်ထရစ်ရှာခိုင်းတာတွေ လုပ်နေတယ်ချို၊ ခဏလေးပါချိုရယ် ပက်ထရစ်ရှာကို ကူညီပေးစမ်းပါနော်"

"ကဲ...ကဲ...သွားတော့ သွားတော့ ဟောဒီမှာ ပိုက်ဆံအိတ်"

"မမရေ"

"ဟော...ခေါ်နေပြီ၊ လာပြီမောင်လေးရေ...လာပြီ"

အပေါ်ထပ်က တခင်အသံ ပေါ်လာသဖြင့် ပက်ထရစ်ရှာ





ငြိမ်းငြိမ်း - တာပေ

www.burmeseclassic.com

www.burmeseclassic.com



က သူမယောက်ျားကို ချော့မော့ပြောဆိုပြီး အပေါ်ထပ်လှေကားအတိုင်း လွှတ်လပ်ပေါ့ပါးစွာ ပြေးတက်သွားပုံက နေချိုရော မြပချုပ် ပါ ပြိုင်တူလို ငေးကြည့်နေမိကြသည်။

တစ်ချိန်က ပတ်သက်ခဲ့ဘူးသူနှစ်ယောက်ကို မည်သည့်အဖော်မှမပါဘဲ နှစ်ယောက်တည်း လွှတ်လိုက်ခြင်းမှာ ပက်ထရစ်ရှာဘက်က သူမယောက်ျားကို အဘယ်ယုံကြည်စိတ်ချထားကြောင်း ဖော်ပြခြင်းဖြစ်သလို မြပချုပ်အပေါ်တွင်လည်း မည်သည့် သံသယမှမထားပါဟု ဆိုလိုပုံရပါသည်။ မြပချုပ်စိတ်ထဲမှာ ပက်ထရစ်ရှာအပေါ် အနည်းငယ်တော့ အံ့ဩမိသည်။

ဘယ်လိုအနေအထားမှာပဲဖြစ်ဖြစ် မြပချုပ်သာ ပက်ထရစ်ရှာနေရာမှာဆိုလျှင် မိမိချစ်လင်ကို ရင်းနှီးပတ်သက်ခဲ့ဘူးသော မိန်းမတစ်ယောက်နှင့် နှစ်ယောက်တည်းအတူ ဘယ်လိုမှ စိတ်ချနိုင်မည်မဟုတ်ပါ။

ထိုထက်ပို၍ စိတ်မချစရာအကြောင်းမှာ မြပချုပ်ကိုယ်တိုင် နေချိုအပေါ်မှာ သံယောဇဉ်မပြတ်နိုင်အောင် စိတ်ဓောင်နေခြင်းဖြစ်သည်။ နေချိုသာ သူမအနားမှာ အတူရှိနေမည်ဆိုလျှင် မြပချုပ်ဆိုသည့် မိန်းမက ငရဲပြည်ကို သွားရမည်ဆိုလျှင်တောင် အတူလိုက်မည့်သူဖြစ်သည်။

''ကိုယ်တို့သွားကြစို့ ပချုပ်''

မြပချုပ်က နေချိုဖွင့်ပေးသော ကားတံခါးမှတစ်ဆင့် ကားထဲကို ခပ်ငြိမ့်ငြိမ့်လေး ဝင်ထိုင်လိုက်သည်။ ကားတံခါးကို နေချို





ကိုယ်တိုင် ပိတ်ပေးပြီး နေရာက ထွက်လာသည့်အထိ တစ်ယောက်ကိုတစ်ယောက် ဘာစကားမှမပြောကြ။

ညက်ညောညင်သာသော ကားစက်သံမှအပ ကားတစ်စင်းလုံး ဆိတ်ငြိမ်နေ၏။

''လမ်းခရီးမှာ အဆင်ပြေကြရဲ့လား''

''ဘာအဆင်မပြေစရာရှိလဲ၊ လင်နဲ့မယားပဲဥစ္စာ၊ ရှင်နဲ့ ပက်ထရစ်ရှာလိုပေါ့''

မြပချုပ်လေသံက ခပ်ငေါ့ငေါ့။ မထိတရိ။ နေချိုက မြပချုပ်မျက်နှာလေး ချောင်ကျသွားတာကို စိတ်မသက်သာသလို တစ်ချက်လှမ်းကြည့်ပြီး သက်ပြင်းရှိုက်လိုက်သည်။

ဤကလေးမ အဘယ်မျှ စိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်နေရှာမည်နည်းဆိုသည်ကိုက နေချိုပဲသိသည်။ အမြဲတမ်း ရွှင်လန်းတက်ကြွမြူးသွက်လှသော မြပချုပ်ကို ဤမျှနာကြည်းဆိုးရွားသော ထုံပေပေ အေးစက်စက်ဖြစ်အောင် အမှတ်တရ ဖြစ်စေခဲ့သူမှာ သူကိုယ်တိုင်ဖြစ်၍ မြပချုပ် စိတ်ဆင်းရဲသည်ထက်ပို၍ အဆပေါင်းရာထောင်မက သူမထက်ပို၍ စိတ်မချမ်းမြေ့နိုင်သူက နေချိုကိုယ်တိုင်ဖြစ်သည်။

ဤသည်ကိုက မြပချုပ် နားလည်ချင်မှနားလည်နိုင်မည်။ ဒါမှမဟုတ် ဂမင်သက်သက် သိနားလည်နိုင်ပါလျက် နေချိုရင်ထဲ တစ်စစီဖြစ်အောင် ခွဲလို၍ အခုလိုဆုံးဖြတ်လိုက်ခြင်းဟုဆိုလျှင် သူမအကြံအစည်မှာ အောင်မြင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အခု…မင်းကျေနပ်သွားပြီမဟုတ်လား"

"ဘာ"

"မင်းဖြစ်စေချင်တဲ့အတိုင်း အခုဖြစ်ခွင့်ရနေပြီဆိုတော့ ငါ့ကိုကြည့်ပြီး မင်းသိပ်ပျော်မှာပေါ့"

မပြောဘူးဟု ပိုင်းဖြတ်ထားသော်လည်း မြပချုပ်နှင့် နှစ်ယောက်တည်း တွေ့သည့်အချိန်မှာ ဘယ်လိုမှ မထိန်းချုပ်နိုင်ဘဲ ပြောလိုက်မိသူက နေချို။ မြပချုပ်က နေချို့စကားအဆုံးမှာ အေးစက်စွာရယ်သည်။

"ဟုတ်တယ်…ရှင့်ကိုကြည့်ပြီး ကျုပ် ပျော်သလို ရှင်ကိုယ်တိုင်လည်း ပချုပ်တို့ကိုကြည့်ပြီး သိပ်ပျော်နေတာပဲမဟုတ်လား"

နေချို့ နှုတ်ဆိတ်သွားသည်။

မြပချုပ်ကို ဘာတစ်ခွန်းမှ သူဆက်မပြောလိုတော့။ ကံတရားအတိုင်း အရာရာကို ကြံ့ကြံ့ခံနိုင်ဖို့ရန်သာ ကြိုးစားရတော့မည်။

"ကျိုး"

ရုပါမတ် တစ်ခုရှေ့မှာ ကားကိုရပ်လိုက်သည်။

မြပချုပ်က နေချို့ကိုမခေါ်ဘဲ ကားပေါ်က လှလှပပ ကြွကြွရွရွလေး ဆင်းသွား၏။ လှပ၍မိုက်မဲသော မြပချုပ်ကို ငေးကြည့်လျက် သက်ပြင်းရှိုက်လိုက်သည်။

မြပချုပ်နှင့် ပတ်သက်ပြီး နေချို့ဘဝမှာ ဘယ်တော့မှ





ငြိမ်းအေးမှုမရနိုင်မှန်း သူသိသည်။ သက်ပြင်းတစ်ချက်ရှိုက်ရင်း ဦးခေါင်းကို လေးပင်စွာ ခါယမ်းလိုက်ချိန်မှာပင် နေချို့ဖုန်းက အသံမြည်လာ၏။

ဖုန်းက ပက်ထရစ်ရှာ၏ဖုန်း။

"ဟဲလို"

"ချို့တို့ အခုဘယ်မှာလဲ"

ချိုလွင်သော ပက်ထရစ်ရှာသံက အပူအပင်ကင်းစင်စွာ အေးချမ်းလှသည်။

"ကိုယ်က ကားထဲမှာ၊ ပချုပ်ကတော့ ဈေးဝယ်ဖို့ ရုပါမတ်ထဲဝင်သွားပြီ"

"ဟင်"

"ချို့က ပချုပ်တစ်ယောက်တည်း လွှတ်လိုက်ရသလား ကွယ်၊ နှစ်ယောက်အတူသွားကြတာ ဒီလိုခွဲခြမ်းပြီး ကျန်ရစ်ခဲ့လို့ မကောင်းပါဘူးချို့ရယ်၊ လိုက်သွားလိုက်မှပေါ့"

"ကိုယ့်ကို ပက်ထရစ်ရှာဖုန်းဆက်တာ အဲဒါပြောဖို့လား"

ကျီစြိမ်းတို့စွာ သူဆိုတော့ ပက်ထရစ်ရှာက ရယ်သည်။ ဒီတော့မှ နေချို့လည်း သူ့အမှားသူ ပြန်သတိရကာ စိတ်လျှော့လိုက်၏။

"ချို့ကို ပက်ထရစ်ရှာက ဆရာလုပ်တာမဟုတ်ပါဘူး၊ ဝိုင်နီတစ်ပုလင်းလောက် ထည့်ဝယ်ခဲ့ပေးဖို့ ပချုပ်ကိုမှာချင်လို့ပါ၊ ပချုပ်ဖုန်းက စက်ပိတ်ထားတယ်ဆိုလို့ ချို့ဖုန်းကိုဆက်လိုက်တာ၊



www.burmeseclassic.com

www.burmeseclassic.com



ချိုပဲဝယ်လာခဲ့လိုက်တော့နော်၊ ပက်ထရစ်ရှာ ဖုန်းချလိုက်ပြီသိလား"

ပက်ထရစ်ရှာကို သူသဘောကျသည့်အချက်တွေထဲမှာ သူမ စိတ်သဘောထားပြည့်တာ၊ သွေးအေးအေးနှင့် သူမဖြစ်ချင်တာကို စီစဉ်ညွှန်ကြားနိုင်တာကို သဘောကျတာလည်းပါသည်။ ပက်ထရစ်ရှာက အရာရာကို အကောင်းမြင်ဝါဒရှိသူတစ်ယောက်ဖြစ်ပြီး သူ့ရင်ထဲကဆန္ဒထက် တစ်ဖက်သား၏ အလိုဆန္ဒကိုသာ ဖြည့်ဆည်းပေးလိုသူဖြစ်သည်။

ကားသော့ကိုခတ်ပြီး မြပချုပ် ဝင်သွားသည့် ရှုပ်ါမတ်ထဲကို နေချို ဝင်ခဲ့သည်။ ရုံးပိတ်ရက်မို့ လူစည်ကားသဖြင့် မြပချုပ်ကို လူများကြားမှာ ချက်ချင်းရှာမတွေ့။

သူမမှာ ပက်ထရစ်ရှာရေးပေးလိုက်သည့် စာရွက်ပါသွားသည်ဆိုပေမယ့် ပက်ထရစ်ရှာက ဘာတွေရေးပေးလိုက်လို့ မြပချုပ်က ဘာတွေဝယ်မည်ဆိုတာ မသိသဖြင့် မြပချုပ်ကို ဘယ်နေရာကိုလိုက်ရှာရမှန်းမသိ ဖြစ်နေစဉ်မှာပင် မြပချုပ်တစ်ယောက်တည်း ပက်ထရစ်ရှာရေးပေးသည့် စာရင်းနှင့်ကိုက်၍ တစ်နေရာမှ တစ်နေရာသို့ ကူးပြောင်းကာ ဈေးဝယ်လျက်ရှိနေပါသည်။

❀ ❀ ❀



## အခန်း (၁၁)

လက်တွန်းလှည်းလေးထဲသို့ ဝယ်ရမည့်ပစ္စည်းတွေကို တစ်ခုချင်းထည့်နေသော်လည်း မြပချုပ်၏ အတွေးအာရုံက သူမကိုယ်ပေါ်မှာမရှိ။ နေချိုနှင့် မြပချုပ် နှစ်ယောက်တည်းကို တမင်ရွေးပြီး ဈေးဝယ်ခိုင်းသော ပက်ထရစ်ရှာဆိုသည့် မိန်းမ၏ အကြံအစည်ကိုသာ စဉ်းစားအဖြေရှာနေမိသည်။

ထိုမိန်းမကို သူမတစ်ခါမှ လျှော့တွက်မထားပါ။ ရုပ်ကသာ မြပချုပ်တို့လိုမလှပေမယ့် ပက်ထရစ်ရှာခေါင်းထဲမှာ မြပချုပ်မကြံတတ်သော အကြံအစည် စိတ်ကူးများစွာရှိသူဖြစ်သည်။ ယောကျ်ားတွေအပေါ်မှာလည်း ချိုချိုသာသာနှင့် တိုးတိုးညက်ညက်ပြောကာ သူမဘက်ပါအောင် စည်းရုံးသိမ်းသွင်းရာမှာလည်း ပက်ထရစ်ရှာလောက် မည်သူမှ မကျွမ်းကျင်။

စိတ်ရင်းသဘောထား ရိုးသားဖြူစင်သော်လည်း မြပချုပ်က လူတွေကို စကားအပိုမဆိုတတ်။ မချစ်ဘဲနှင့် ချစ်ဟန်မဆောင်



www.burmeseclassic.com

www.burmeseclassic.com



သည့် [illegible]လျက်နှင့် မမုန်းသလိုမနေနိုင်။ ပြောစရာရှိတာကို [illegible] ပြောတတ်သူမျိုးဖြစ်ပြီး ရင်ထဲရှိသမျှ စိတ်ရင်းနှင့်သာ သည်းခံတတ်သူဖြစ်သည်။

ပက်ထရစ်ရှာက. စကားပြောကောင်းသလို စီးပွားရေးလောကမှာလည်း နှစ်ပ်ကျွမ်းကျင်သည်။ စီးပွားရေးမှာ လာဘ်မြင်သလို အိမ်ထောင်ရေးမှာလည်း သူလိုချင်တာကို ရအောင်စွမ်းဆောင်နိုင်သော အရည်အချင်းရှိသူအဖြစ် သူမလုပ်ရပ်တွေက သက်သေထူနေ၏။

နေချိုကြိုက်သည့် မိန်းမကလည်း ပက်ထရစ်ရှာလိုမိန်းမမျိုးဖြစ်သဖြင့် မြပချူပ်ကို ချစ်လျက်နှင့် ပက်ထရစ်ရှာကို လက်ထပ်ခဲ့သူ။ မြပချူပ်ကို နေချိုက အင်မတန်မိုက်မဲ၍ ကလေးဆန်သူဟု ပြောခဲ့တာမမေ့။ တကယ်လည်း မြပချူပ်က ပက်ထရစ်ရှာလို လူကြီးဆန်ဆန် မရင့်ကျက်။

အားလုံးက အလိုလိုက် အကြိုက်ဆောင်ထားခြင်း ခံနေရသူအဖြစ် သူမဘဝက နေသားကျနေသူဖြစ်သည်။ ဘယ်အရာကိုမှ ရင့်ကျက်စွာ မတွေးနိုင်ဘဲ သူမဖြစ်ချင်၊ လိုချင်တာလောက်ကိုသာ တွေးသူ။ ဒါကြောင့်လည်း မြပချူပ်တစ်ယောက် နေချိုအချစ်ကို ဆုံးရှုံးခဲ့ရတာများလားတွေးရင်း ရပ်နေသော လူတစ်ယောက်ကို အရှိန်ဖြင့် ဝင်တိုးပစ်လိုက်သည်။

"ဘုတ်…အမေ့"

လက်ထဲက အထုတ်တွေ ပြုတ်ကျကုန်သဖြင့် မြပချူပ်





စိတ်ညစ်သွားသည်။ ဝင်တိုက်မိသူက မြပချူပ်ပစ္စည်းတွေ ကောက်ပေး၏။

"ဆောရီးပါဗျာ ကျုပ်ကလည်း မြပချူပ်ကို တောင်းပန်ပါတယ်"

ကြည်လင်သြရှသော အသံက မြပချူပ်နားထဲမှာ ရင်းနှီးနေသလိုလို ကြားဖူးသလိုလိုထင်၍ မော့ကြည့်လိုက်တော့ မြပချူပ်၏ လှပသောမျက်နှာလေးကို အရောင်တဖိတ်ဖိတ်လက်နေသော မျက်လုံးနက်နက်များဖြင့် စိုက်ကြည့်နေသည့် မျက်နှာညိုညိုကို နီးကပ်စွာ မြင်တွေ့လိုက်ရသဖြင့် မြပချူပ်မျက်နှာလေး ပျက်သွားသည်။

နီရဲသောနှုတ်ခမ်းအစုံက ပြုံးနေပေမယ့် ထိုအပြုံးကို မြပချူပ်မုန်းသဖြင့် ဆတ်ခနဲ အကြည့်လွှဲလိုက်တော့ သူက ခပ်တိုးတိုးရယ်သည်။ ထိုသူက တခြားသူမဟုတ်။

စောနက်ကြယ်ဆိုသည့်လူ။

"ဘယ်နှယ့် ကျုပ်ကိုတွေ့ရလို့ သိပ်ပျော်သွားတယ်ထင်ရဲ့နော်"

မြပချူပ်နားကပ်ပြီး ခပ်ရိရိလှောင်ပြောင်သလို ပြောလိုက်ဟန်က လူကြီးလူကောင်းဟန် တစ်စက်မှမပါ။ ဒီလူကိုတွေ့တိုင်း မြပချူပ်မှာ အမြဲစိတ်အနှောင့်အယှက်ဖြစ်စွာ ဒေါသထွက်ရသဖြင့် ထိုလူကို မြပချူပ် မဆုံချင်။

"မတွေ့တာကြာတဲ့ မိတ်ဆွေအချင်းချင်း ဝမ်းသာစကား



www.burmeseclassic.com

www.burmeseclassic.com



လေဘာလေး ပြောပြီး မနှုတ်ဆက်တော့ဘူးလားဗျာ၊ ကျုပ်ကတော့ မြပချုပ်နဲ့ မမျှော်လင့်ဘဲ ပြန်ဆုံရတာ သိပ်ဝမ်းသာတာပဲ''

''ဘယ်လိုလုပ်ပြီး ရှင်ဒီကိုပြန်ရောက်နေရပြန်တာလဲ''

''ဗျာ...ဘယ်လို''

''ရှင်နေတာက နိုင်ငံခြားမှာမဟုတ်လား၊ ဘာဖြစ်လို့ ဒီကို ပြန်ရောက်နေရတာလဲလို့ မေးတာရှင့်''

''မင်းဆိုလိုတာက ဒီနိုင်ငံကို ကျုပ်ပြန်မလာသင့်ဘူးပေါ့''

''ဖြစ်နိုင်ရင် ပချုပ်မျက်စိရှေ့ကို ဘယ်တော့မှ ပြန် ရောက်မလာပါစေနဲ့လို့ ဆုတောင်းထားတာ''

''တယ်လည်း ရက်စက်တဲ့စကားပါလား၊ ကျုပ်ကတော့ မြပချုပ်နဲ့ တွေ့ချင်လို့ ဟိုးအဝေးကြီးက အပြေးလာခဲ့ရတဲ့သူပါဗျာ''

သူ့မျက်နှာက ပြုံးစိစိ။

မြပချုပ် တစ်ကိုယ်လုံးကို ကြည့်ပုံကလည်း ရူးရူးရဲရဲ ခပ်ရိုင်းရိုင်း။

''လက်ထပ်ထားတဲ့ မိန်းမတစ်ယောက်ကို ပြစ်မှားလို့က တော့ ရှင်ပဲ ငရဲအိုးထဲ ခေါက်ထိုးဆင်းရမယ်မှတ်ပါ''

''အလို...စကားကြီးက ကြောက်စရာကြီးပါလားဗျာ၊ ဒါနဲ့ လက်ထပ်ထားတဲ့ မိန်းမဆိုတာ မြပချုပ်လား''

''ဟုတ်ကယ်ရှင့် ဟုတ်တယ်၊ ကျွန်မမှာ အိမ်ထောင် နဲ့''

မြပချုပ် စကားအဆုံးမှာ ရုတ်တရက် ငြိမ်ကျသွားပြီး





မျက်လုံးနက်နက်များဖြင့် စူးစိုက်ကြည့်ပြီး ဖြူဖွေးညီညာသော သွား များ ပေါ်သည့်အထိ အမျိုးအမည်ခွဲခြားရခက်သော ရယ်နည်း တစ်မျိုး ရယ်လိုက်၏။

''မင်းဟာ တယ်လည်းထူးဆန်းတဲ့ မိန်းမတစ်ယောက် ပါလား မြပချုပ်၊ အချိန်တိုတိုလေးအတွင်းမှာပဲ မင်းဟာ မင်းသိပ် ချစ်တဲ့ လူတစ်ယောက်ကို ဆုံးရှုံးခဲ့တယ်၊ တစ်ပြိုင်နက်ထဲမှာပဲ မင်းက မင်းမချစ်တဲ့ ယောက်ျားတစ်ယောက်ကို လက်ထပ်ခဲ့ပြန်ပြီ''

''မင်းဟာ သိပ်မိုက်မဲတဲ့မိန်းမပဲ မြပချုပ်''

စောနက်ကြယ်၏ စကားက မြပချုပ်ကို ကျားနာမလေး တစ်ယောက်လို ဆတ်ဆတ်ခါသွားရသည့်အတွက် မီးဝင်းဝင်း တောက်နေသော မျက်လုံးများဖြင့် စောနက်ကြယ်ဆိုသည့်လူကို ရွံမုန်းစွာ စူးစိုက်ကြည့်ပစ်လိုက်သည်။

သူမနှင့် ဘာတစ်ခုမှ မသက်ဆိုင်သည့် လူစိမ်းသူစိမ်း တစ်ယောက်က သူမ မိုက်မဲမှုကို ဝေဖန်နိုင်ရန် သူ့တွင် ဘာအခွင့် အရေးမှ မရှိပါ။

''ကျွန်မဘာသာ မိုက်မဲသည်ဖြစ်စေ လိမ္မာသည်ဖြစ်စေ ရှင်နဲ့ ဘာတစ်ခုမှ မဆိုင်ပါဘူး၊ နောက်ဘယ်နေရာမှာပဲတွေ့တွေ့ ကျွန်မကို နှုတ်မဆက်ပါနဲ့''

ပြောပြီး နေရာက ချာခနဲ လှည့်အထွက်မှာ ခပ်လှမ်းလှမ်း မှ မားမတ်စွာ မြပချုပ်ရှိရာသို့ လျှောက်လာသည့် နေချိုကို မြင်လိုက် ရချိန်မှာ စောနက်ကြယ်၏ ထူထဲသော မျက်ခုံးအစုံမှာ အထက်သို့



www.burmeseclassic.com

www.burmeseclassic.com



သိသာစွာပင် မြင့်တက်သွား၏။

"ပက်ထရစ်ရှာက ပချုပ်ဝယ်လာမယ့်ပစ္စည်းတွေကို သွားသယ်ပါဆိုလို့ ကိုယ်လိုက်လာတာ၊ ပစ္စည်းတွေ ကိုယ့်ကိုပေး ပချုပ်"

မြပချုပ်ရှိရာကို သူ့သဘော သူ့ဆန္ဒနှင့် လိုက်လာခြင်း မဟုတ်ကြောင်း ဖြေရှင်းချက်ထုတ်နေသည့် နေချိုမျက်နှာကို စိုက်ကြည့်ပြီး လူကြားထဲမှာ မြပချုပ် ငိုမချမိအောင် ဝမ်းနည်းနာကျင်စိတ်ကို ဖွတ်မိုတ်မျိုသိပ်ရသည်။

အထူးသဖြင့် သူမတို့နှစ်ယောက်နှင့် ခပ်လှမ်းလှမ်းတစ်နေရာမှာ စောနက်ကြယ်ဆိုသည့်လူ ရှိနေသည်။ ထိုလူကို နေချို မသိပေမယ့် ထိုလူကတော့ နေချိုနှင့် မြပချုပ်တို့နှစ်ယောက် အကြောင်းကို အတွင်းကျကျသိထားသူတစ်ယောက်အဖြစ် မြပချုပ်နှင့် နေချိုတို့ လှုပ်ရှားပြောဆိုသမျှ စိတ်ဝင်စားနေမည်မှာ မလွဲပါ။

ထို့ကြောင့်ပင် တစ်စုံတစ်ရာ ပြန်လည်ပြောဆိုနေခြင်း မပြုတော့ဘဲ ကမ်းပေးလာသည့် နေချိုလက်ထဲကို သူမဝယ်ယူလာသည့် ပစ္စည်းတွေကို အလွယ်တကူ ကမ်းပေးလိုက်သည်။

"ကိုယ်တို့ တစ်နေရာသွားပြီး တစ်ခုခုစားကြဦးမလား ပချုပ်"

"ဟင့်အင်း...ပချုပ်ကို အိမ်ပဲပြန်ပို့ပါ၊ ပချုပ် အိမ်ကိုပဲ ပြန်ချင်ပြီ"

"ကောင်းပြီ"





မြပချုပ်ရှေ့မှ ဦးဆောင်ထွက်သွားသော နေချို ခြေလှမ်းကျဲကြီးများကို မှီအောင်လိုက်ရင်း သူမတို့နှစ်ယောက်နားက တည်ငြိမ်စွာ ကပ်ဖြတ်သွားသော စောနက်ကြယ်ဆိုသည့်လူကို မြပချုပ် မျက်ဝန်းထောင့်မှာ လှမ်းမြင်တွေ့လိုက်ရသည်။

နေချိုနှင့် မြပချုပ်ကို ကားတစ်စီးထဲ အတူယှဉ်တွဲစီးသွားတာမြင်လျှင် စောနက်ကြယ်ဆိုသည့်လူ သူမကို ဘယ်လိုလျှောင်ပြောင်ဦးမည်မသိပါ။ သူမတို့နှစ်ယောက်ကြားက ဆက်ဆံရေးကို စောနက်ကြယ်ဆိုသည့်လူ အထူးစိတ်ဝင်စားစွာ စုံစမ်းမည့်အဖြစ်ကို မြပချုပ် သေချာပေါက် သိလိုက်ပေမယ့် ဘာမှမတတ်နိုင်။

အမှန်တရားဆိုသည်က ဖုံးကွယ်၍ရနိုင်ကောင်းသော အရာကမဟုတ်။ နေချို၏ဇနီး ပက်ထရစ်ရှာ၏ ဝမ်းကွဲမောင်ဖြစ်သူ တာဒင်နှင့် မြပချုပ် မိုက်မဲစွာ လက်ထပ်လိုက်သည့် သတင်းစကားကို စောနက်ကြယ်ဆိုသည့်လူ မလွဲမသွေ စုံစမ်းရရှိပေတော့မည်။

အိမ်အပြန်ခရီးမှာ မြပချုပ်သည် ပထမဆုံးအကြိမ် နေချိုကို မုန်းချင်လာ၏။ သူမ အခုလိုဖြစ်ရခြင်း၏ အဓိကတရားခံမှာ တခြားသူမဟုတ်။ နေချိုဆိုသည့်လူကြောင့်ဖြစ်သည်။ သူ့ကိုချစ်မိ၍ သူ့ကို အရွဲ့တိုက်လို၍ အမှားများစွာကို မိုက်မဲစွာ ကျူးလွန်ခဲ့ရခြင်းပါလား ဟု တွေးမိတော့ မြပချုပ် မျက်ဝန်းအစုံမှာ မျက်ရည်ကြည်တွေ ဖြည့်လာ၏။

"တူ...တူ...တူ"

မျက်ရည်တို့ ပါးပြင်ပေါ် စီးကျလာခြင်းမရှိအောင် မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ကို တစ်ဖက်လှည့်ပြီး ကြိုးစားနေချိန်မှာ နေချိုဖုန်းက အသံမြည်လာခြင်းဖြစ်သည်။

"ဟဲလို"

နွေးထွေးသော နေချို၏ ဖုန်းထူးသံက မြပချုပ်ရင်ထဲက အမုန်းစိတ်ကို ချေဖျက်ပစ်လိုက်၏။

"ဘာ…ဘယ်လို ပက်ထရစ်ရှာ"

မြပချုပ်သည် ဘယ်လိုမှ နေချိုကို မမုန်းနိုင်အောင် ချစ်မိသူဖြစ်ကြောင်း တွေးနေစဉ် နေချိုထံမှ အလန့်တကြားအော်သံကြောင့် ကားမောင်းနေရင်း ဖုန်းပြောနေသူရှိရာဘက်ကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။

"ကောင်းပြီ…ကိုယ်တို့ အခုပဲပြန်လာခဲ့မယ်"

နေချိုက တစ်ဖက်က ပြောသမျှ စူးစိုက်နားထောင်ပြီး ဖုန်းနားကြပ်လေးကို ဆွဲဖြုတ်ပစ်လိုက်သည်။ ထို့နောက် အရှိန်ပြင်းစွာ ကားကို တိတ်ဆိတ်စွာ မောင်းနှင်နေရာမှ လူရှင်းသည့် လမ်းဘေးတစ်နေရာမှာ ရုတ်တရက် ထိုးရပ်ပစ်လိုက်၏။

သူ့မျက်နှာက မှိုင်းမှုန်နေ၏။ ရီဝေသော မျက်ဝန်းအကြည့်တွေနှင့် မြပချုပ်မျက်နှာကို စူးစိုက်ကြည့်နေပုံက စိတ်မချမ်းမြေ့စရာ။

မှုပျက်နေသော နေချို့မျက်နှာကိုကြည့်ပြီး မြပချုပ်စိတ်မှာ ထင့်ခနဲဖြစ်သွားကာ စိတ်လှုပ်ရှားလာ၏။

"ဘာဖြစ်လို့လဲ နေချို၊ စောစောကဖုန်းဆက်တာ





ပက်ထရစ်ရှာမဟုတ်လား"

"ပချုပ်"

"ပြောပါ…ပချုပ် နားထောင်နေပါတယ်"

အပြစ်ကင်းစင်လှသော မြပချုပ်မျက်နှာလေးကိုကြည့်ကာ နေချိုမှာ စကားအစရခက်သလို ငြိမ်ကျသွားသဖြင့် သိချင်စိတ်ကြောင့် မြပချုပ်ကိုယ်တိုင် မချင့်မရဲဖြစ်လာ၏။

"ဘယ်သူ့ဘာဖြစ်လို့လဲ နေချို၊ ပချုပ်ကို ပြောစမ်းပါ"

"တဒင်္ဂ"

"သူဘာဖြစ်လဲ"

"ကားအက်စီးဒင့်ဖြစ်ပြီး နေရာမှာတင်ပဲ"

"ဟင်"

"တဒင်္ဂဆုံးသွားပြီတဲ့ ပချုပ်၊ တဒင်္ဂမရှိတော့ဘူး"

"အို"

မြပချုပ်သည် နေချိုစကားကို မယုံနိုင်သလို ဖြူဖျော့သော မျက်နှာဖြင့် နေချိုကို ကြောင်ကြောင်ကြီး ပြန်ကြည့်နေမိသည်။ တဒင်္ဂ မရှိတော့ဘူးဆိုသည့် စကားကို မြပချုပ် မယုံ။ တဒင်္ဂကို မြပချုပ် မုန်းသည်မှန်သော်လည်း သေစေလိုသည့်အထိတော့ ဆန္ဒမရှိ။

"ပချုပ်…သတိထားလေ၊ ငိုချင်ရင်ငိုချလိုက် ငိုပစ်လိုက်"

"ပချုပ်"



www.burmeseclassic.com

www.burmeseclassic.com



နေချို့က မြပချုပ်၏ ကြောင်တောင်တောင်ကိုယ်လေးကို စိုးရိမ်စွာ ပခုံးနှစ်ဖက်မှ လှုပ်ရမ်းဆွဲခါလိုက်မှ မြပချုပ် မျက်လုံးတွေ ပြန်လည်လှုပ်ရှားသက်ဝင်လာ၏။

"တာဒင်္ဂ သေပြီလို့ပြောတာလား နေချို့"

"ဟုတ်တယ် တာဒင်္ဂ လူ့ပြည်မှာမရှိတော့ဘူး"

"ဟင့်အင်း...ပချုပ်မယုံဘူး"

"ဟင်"

"သူ့ကို ပချုပ် မချစ်တာမှန်ပေမယ့် သူသေသွားတဲ့ အထိတော့ ပချုပ် မကြည့်ရက်နိုင်ဘူး၊ ပချုပ်ကို တာဒင်္ဂဆီပို့ပေးပါ"

"ပချုပ်ရယ်"

မြပချုပ် ပါးပြင်ပေါ်သို့ မျက်ရည်တို့ စီးကျလာသည့်အဖြစ်ကို မြင်လျှင် နေချို့ ဘယ်လိုမှ ငြိမ်နေလို့မရတော့ဘဲ သူမကိုယ်လေးကို ရင်ခွင်ထဲ တင်းကျပ်စွာ ဆွဲယူပွေ့ဖက်ထားလိုက်မိသည်။

နေချို့ရင်ဘတ်မှာ မြပချုပ်၏ မျက်ရည်တို့ စိုရွှဲသွား၏။ ငယ်ရွယ်လှပသော မြပချုပ်မှာ လက်ထပ်ပြီး မကြာခင်မှာ မုဆိုးမ လေးဘဝသို့ ရောက်ရှိစေသော ကံကြမ္မာကို ကျေနပ်ရမည်လား၊ နာကျင်ကြေကွဲရမည်လားဆိုသည်ကိုက သူမကိုယ်တိုင် ဝေခွဲမရ ချေ။ တာဒင်္ဂ ရှာပနပြီးသည့်အထိ ပက်ထရစ်ရှာမှာ မြပချုပ်နားက မခွာ တစ်ချိန်လုံး အရိပ်တကြည့်ကြည့်နှင့် မြပချုပ်ကို သနားမဆုံး။ နေချို့ကိုယ်တိုင်လည်း သူ့ဇနီးသဘောထားကို ဘာတစ်ခုမှ မလွန်





ဆန်။ အားလုံး ပက်ထရစ် ရှာသဘောအတိုင်း လိုက်နာဆောင်ရွက်သဖြင့် မြပချုပ်စိတ်ထဲမှာ ပက်ထရစ်ရှာ၏ စိုးမိုးချုပ်ကိုင်နိုင်စွမ်း အပေါ်မှာ မနာလိုဖြစ်လာမိသည့်အထိပင်။

ကံဆိုးလှသော တာဒင်္ဂမှာ သူ့သူငယ်ချင်းတစ်ယောက်ထံမှ အရေးကြီးသည့်ဖုန်း ဝင်လာပြီးနောက် သူငယ်ချင်းဖြစ်သူထံ ကားကို အပြင်းမောင်းသွားရာမှ တစ်ဖက်ကလာသော ကုန်တင် ကားကြီးနှင့် အရှိန်ပြင်းစွာ ဝင်တိုက်မိရာမှ နေရာတွင်ပင် ကွယ်လွန် အနိစ္စ ရောက်ခဲ့ရရှာသူဖြစ်သည်။

လူသားတစ်ယောက်အနေနှင့် သနားမိသော်လည်း ခင်ပွန်း သည်တစ်ယောက်အဖြစ် ဆုံးရှုံးရခြင်းအပေါ်မှာတော့ ပြင်းထန်သော ခံစားချက်မရှိသည့်တိုင် ပက်ထရစ်ရှာကြောင့် မိသားစုဝင်တွေရှေ့မှာ မုဆိုးမပုပုန္နေးန္နေးပီသစွာ တတ်နိုင်သမျှ စိတ်ကို လျှော့ထားလိုက်ရ သည်။

မြပချုပ် အားငယ်နေမည်ဟုဆိုကာ ပက်ထရစ်ရှာက မြပချုပ်အိမ်မှာ အတူလာနေပေးသဖြင့် နေချို့ကို အမြဲမြင်တွေ့နေရ၏။ ဖြစ်နိုင်လျှင် မြပချုပ်နားမှာ မည်သူမှ အတူရှိမနေစေချင်။

အထူးသဖြင့် တာဒင်္ဂ၏အစ်မဖြစ်သော ပက်ထရစ်ရှာဆို သော မိန်းမကို ပို၍ပင်အလိုမရှိ။ သူရှိနေသဖြင့် မြပချုပ်မှာ စိတ်လွတ်ကိုယ်လွတ် နေချင်တိုင်းနေ၍မဖြစ်။ ပက်ထရစ်ရှာကို သူမအိမ်ကိုပြန်ဖို့ တိုက်တွန်းတော့လည်း ပက်ထရစ်ရှာက လက်မခံ

"ပချုပ်တစ်ယောက်တည်း ထားခဲ့ရမှာ စိတ်မချပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ပချုပ်ရယ်၊ အခုမှ တခေါက်ဆုံးပြီး ရက်လည်ရုံရှိသေးတာ ပက်ထရစ်ရှာကို အားမနာပါနဲ့"

"မြပချုပ်ကို စိတ်ချရတဲ့အထိ ပက်ထရစ်ရှာတို့ လင်မယား နေပေးပါ့မယ်"

ရှင်တို့နှစ်ယောက်ကို မြင်နေတွေ့နေရလို့ ပချုပ်ရင်ထဲမှာ ပိုပြီးနာကျင်နေရတာဆိုသည့် စကားကို မြပချုပ်ရင်ထဲမှာ အော်ဟစ်နေခြင်းကို မည်သူမှမကြားပါ။

"ပချုပ်ရေ…အောက်မှာ ဧည့်သည်ရောက်နေတယ်၊ ခဏဆင်းတွေ့လိုက်ပါဦးကွယ်"

"ဘယ်သူလဲ ပက်ထရစ်ရှာ"

"လူကြီးလူကောင်းတစ်ယောက်ပါပဲ၊ ဦးစောနက်ကြွယ်လို့ ပြောပေးပါတဲ့"

"ဟင်"

"ဆင်းတွေ့လိုက်ဦးနော်…ပက်ထရစ်ရှာ ဟင်းအိုးတန်းလန်းကြီးနဲ့ ဖြစ်နေလို့ပါ"

"ပချုပ် အခုပဲ ဆင်းတွေ့လိုက်ပါ့မယ် ပက်ထရစ်ရှာ"

စောနက်ကြွယ်ဆိုသည့်လူ သူမအိမ်အထိ ရောက်လာသည့်အတွက် မြပချုပ်ရင်တွေ တဒိတ်ဒိတ်မြည်နေသည်။ သူ့ကို ဘယ်သူမှ အိမ်ကိုလာဖို့ ဖိတ်ခေါ်ထားခြင်းမရှိပါ။

ဒီလူ ဘာအတွက်နှင့် အိမ်ရှင်ဖိတ်ခေါ်ထားခြင်းမရှိသော အိမ်ကို လာရသနည်း။ စောနက်ကြွယ်ဆိုသည့်လူက မြပချုပ်ကို





အချိန့်အခါ နေရာမရွေး စိတ်အနှောင့်အယှက် ပေးနိုင်သူဖြစ်သည်။ သူနှင့် နောက်ထပ်မဆုံချင်ပါဟု ပြောလည်းမရ။ မြပချုပ်က ပြောချင်ရာပြော၍ သူက လုပ်ချင်ရာလုပ်နေ၏။

ပြီးလျှင် သူမစိတ်ကို သိနေသူပီပီ မြပချုပ် အင်မတန်မုန်းသော အပြုအမူ စကားလုံးတွေနှင့် သူမဒေါသကို နှိုးဆွရန် စဦးမည်။

မြပချုပ်၏ စိတ်ဆန္ဒအတိုင်းဆိုလျှင် စောနက်ကြွယ်ဆိုသည့်လူကို မြပချုပ် ဆင်းတွေ့မည်မဟုတ်ပါ။ သူမအိမ်မှာ နေရှုနှင့် ပက်ထရစ်ရှာရှိနေ၍ ဣန္ဒြေမပျက် ဆင်းတွေ့ရန်သာရှိသည်။

မှန်တင်ခုံရှေ့မှာ မြပချုပ် ရပ်လိုက်သည်။

ဆယ်ရက်လုံးလုံး မည်သည့်အလှပြင်ပစ္စည်းမှ လိမ်းကြံခြယ်သခြင်းမရှိသော သူမမျက်နှာလေးကို မှန်ထဲမှာ စေ့စေ့ကြည့်လိုက်သည်။

အနည်းငယ် ပင်ပန်းနွမ်းနယ်ဟန် ပေါက်နေသည်မှတစ်ပါး မြပချုပ်၏ နုနယ်ပျိုမြစ်သော အလှအပ အစိတ်အပိုင်းများက သစ်လွင်ပြည့်ဖြိုး လတ်ဆတ်နေမြဲ။ အနက်ရောင်ဝတ်စုံကို ဆင်မြန်းထားသဖြင့် မြပချုပ်တစ်ကိုယ်လုံး ရွှေအဆင်းလို ပို၍ဝါဝင်းကာ အပုသည် မုဆိုးမလေးနှင့်ပင်မတူ။ ဖက်ရှင်ကျကျ ဝတ်ဆင်ထားသော မော်ဒယ်မလေးနှင့်ပင် တူပေသည်။ ဣန္ဒြေရရတစ်မျိုး ဟန်ဆောင်တယ်လှပနေသော အလှပိုင်ရှင်အဖြစ် မှန်ထဲမှ တွေ့မြင်နေသော ပုံရိပ်ကို ငေးကြည့်ပြီးမှ စိတ်မသက်သာစွာ ကျောခိုင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

အပေါ်ထပ် လှေကားမှ တစ်ထစ်ချင်း ကြွရွှေ့ရွှာ ဆင်းလာနေသော မြပချူပ်ရှိရာသို့ ညည်ခန်းတွင်အတူရှိနေသော ယောကျ်ားနှစ်ယောက်၏ အကြည့်များက ပြိုင်တူလို ရောက်ရှိသွား ကြသည်။

မြပချူပ်ဆိုသည့် မိန်းကလေးက ဘယ်လိုပဲနေနေ မျက်စိ မလွှဲချင်စရာ လှပဆွဲဆောင်မှုရှိနေခြင်းကိုက ဘယ်သူမှ မငြင်းပယ် နိုင်ကြချေ။ မုဆိုးမ ပူပူနွေးနွေး၏အလှက ယောကျ်ားနှစ်ယောက် စလုံး၏ စိတ်ဝိဉာဉ်ကို သူ့အလိုလို ညှို့ငင်ဖမ်းစားလျက်ရှိရာ အိမ်ထောင်လက်ရှိ ယောကျ်ားတစ်ယောက်အဖြစ် ပထမဆုံး သူ၏ အကြည့်ကို လွှဲဖယ်ရုပ်သိမ်းလိုက်သူက နေချိုဖြစ်သည်။

မြပချူပ်၏ လှခြင်း၊ မလှခြင်းမှာ သူနှင့်မသက်ဆိုင်။ သူနှင့်သက်ဆိုင်သူက ပက်ထရစ်ရှာဆိုသည့် သူ၏ဇနီးမှတစ်ပါး တခြားမရှိ။ မကောင်းတတ်၍ မြပချူပ်၏ ညည့်သည်ကို သူမကိုယ်





စား ညည့်ခံပေးထားပြီးနောက် သူတာဝန်ကုန်ဆုံးပြီဟု တွေးလိုက် သည့်တိုင် စောနက်ကြွယ်ဆိုသည့်လူရှိရာကိုတော့ ဖျတ်ခနဲ အကြည့် ရောက်သွားလိုက်မိပါသေးသည်။

ထိုသူက နေချို သူ့ကိုလှမ်းကြည့်အကဲခတ်နေတာကို မသိ။ သိသည့်တိုင်အောင်လည်း ဂရုစိုက်မည့်လူစားမျိုးထဲမှာ မပါ ဝင်။ နေချိုတို့ အထက်တန်းစား သူဌေးအသိုင်းအဝိုင်းထဲမှာ စောနက် ကြွယ်ဆိုသည့်လူက လူတိုင်းပါးစပ်ဖျားမှာ နာမည်ကြီး ရေပန်း အစားဆုံး လူပြောအများဆုံးနှင့် စိတ်အဝင်စားအခံရဆုံးလူဖြစ်သည်။

ဆွေကြီးမျိုးကြီး အသိုင်းအဝိုင်းမှ ပေါက်ဖွား၍ နိုင်ငံရပ် ခြားတိုင်းတစ်ပါးမှာသာ နေထိုင်ကြီးပြင်းခဲ့သော စောနက်ကြွယ်က ကမ္ဘာအနှံ့ ခြေဆန့်သွားလာနေသူဖြစ်သည်။

ငွေကို ရေလိုသုံးနိုင်သူအဖြစ် နာမည်ကြီးသလို စီးပွားရေး လောကမှာလည်း နာမည်ဝင်လုံးနှင့် ရင်တည်နိုင်သော ကိုယ်ပိုင် အရည်အချင်းရှိသူဖြစ်သည်။ ချောမောသောရုပ်ရည်၊ ငွေကြေး ချမ်းသာကြွယ်ဝမှု အရှိန်အဝါများကြောင့် စောနက်ကြွယ်အနားမှာ မိန်းမလှလေးတွေ ဝိုင်းဝိုင်းလည်နေသလို လူမှုရေး အရှုပ်အထွေး ပြဿနာတွေကလည်း ဟိုနေရာ ဒီနေရာအနှံ့ ပျံ့လွင့်ချင်တိုင်း ပျံ့လွင့်နေသူ။

ကောင်းသော ပျံ့လွင့်ခြင်းကမဟုတ်။

သတင်းဆိုးများ၊ မကောင်းသတင်းများနှင့် စောနက်ကြွယ် ဆိုလျှင်လည်း မမှားပါ။



www.burmeseclassic.com

www.burmeseclassic.com



အခုပဲ မိန်းကလေးတစ်ယောက်နှင့် လက်ထပ်တော့မလို့လို့ သတင်းမျိုး ကြားရတတ်သလို သူဖျက်ဆီး၍ ဘဝပျက်ခဲ့သူ၊ ကျန်ရစ်ခဲ့သူ၊ ကိုယ့်ကိုယ်ကို သတ်သေဖို့ကြိုးစားပြီး မအောင်မြင်လိုက်ဘဲ အချိန်မီ တားဆီးထိန်းသိမ်းလိုက်သည်ဆိုသော သတင်းစကားတွေက နေချိုတို့ အထက်တန်းစားလောက၏ သတင်းပုလင်းအတင်းအဖျင်းများ ပြောရာမှာ စောနက်ကြွယ်၏ အမည်က ထိပ်ဆုံးမှဖြစ်သည်။

သို့တိုင် စောနက်ကြွယ်ဟော့ဆိုလျှင် ဘာကြောင့် မိန်းကလေးတိုင်းက လိုလိုလားလား ပတ်သက်ချင်နေမြဲ ဆိုသည်ကိုက နေချိုလည်းမသိချေ။

စောနက်ကြွယ်လိုလူတစ်ယောက်ကို တစ်နေရာထဲမှာ ကြာရှည်ဖမ်းမမိ။ တော်ရုံနှင့်လည်း သူလိုလူတစ်ယောက်ကို သွားပတ်သက်ချင်မရ။ စောနက်ကြွယ်ကိုယ်တိုင် စိတ်ဝင်တစားရှိသူမှသာလျှင် သူလိုလူနှင့် အကျွမ်းတဝင် ခင်မင်ရင်းနှီးပတ်သက်ခွင့်ရနိုင်သူအဖြစ် အားလုံးသိထားကြသည်။

စောနက်ကြွယ် စိတ်ဝင်စားသူတွေထဲမှာ မြပချုပ်တစ်ယောက်လည်း အပါအဝင်ဖြစ်ကြောင်း သူမအိမ်ကို ရောက်လာသော စောနက်ကြွယ်က ဖော်ပြသက်သေခံနေပေပြီ။

မြပချုပ်ကို ကြည့်နေသည့် စောနက်ကြွယ်၏ မျက်လုံးတွေက အရောင်တဖိတ်ဖိတ်လက်နေသလို ကြည့်ရှုနေပုံကလည်း ရွှန်းရွှန်းစားစား။ အနားမှာ နေချိုရှိနေသည့်လို့ပင် ထင်ပုံမရ။ ကမ္ဘာလောကတစ်ခုလုံး သူနှင့် မြပချုပ်နှစ်ယောက်ထဲ ရှိလေဟန်။





မြပချုပ် သူတို့နားရောက်လာသည်နှင့် စောနက်ကြွယ်က ယဉ်ကျေးဖွယ်ရာ အမူအရာနှင့် နေရာမှ ထရပ်ကာ ဦးခေါင်းကို ညွတ်၍ နှုတ်ဆက်လိုက်ပုံက သူ့ခန္ဓာကိုယ်ကြီးနှင့် မလိုက်ဖက်အောင် ဝင် နူးညံ့သိမ်မွေ့လှပေသည်။

"စောင့်နေတာကြာပြီ ထင်ပါတယ်၊ ထိုင်ပါ"

စောနက်ကြွယ်က မြပချုပ် ထိုင်ပြီးမှ အသာအယာ ဝင်ထိုင်သည်။

"ကြားရတဲ့ သတင်းစကားတွေအတွက် ကျုပ်ကိုယ်တိုင်လည်း မြပချုပ်နဲ့ ထပ်တူထပ်မျှ ခံစားကြေကွဲရပါတယ်ဗျာ၊ ကွယ်လွန်သွားတဲ့ မြပချုပ် ခင်ပွန်းအတွက် ကာယကံရှင်ဖြစ်တဲ့ မြပချုပ်ရင်ထဲမှာ ဘယ်လောက် မချိမဆန့် ခံစားနေရမယ်ဆိုတာ ကျုပ်သိပါတယ်"

"ဘယ်လိုပဲဖြစ်ဖြစ် လူဆိုတာ သေမျိုးချည်းဖြစ်လေတော့ ကိုယ့်ကိုယ်ကို ဖြေသာအောင် ဖြေတာဟာ ကျန်ရစ်သူအတွက်ရော သွားလေသူအတွက်ရော အကောင်းဆုံးပါ"

"ဟုတ်ကဲ့...အခုလို တကူးတကလာပြီး နှစ်သိမ့်အားပေးတဲ့ ဦးစောနက်ကြွယ်ကို ကျေးဇူးတင်ပါတယ်ရှင်"

"ကျွန်မစိတ်ကို ဖြေသိမ့်နိုင်ပါတယ်"

"ယုံပါတယ်ဗျာ...ယုံပါတယ်၊ မြပချုပ်မှာ ဘယ်လိုသတ္တိအင်အားတွေရှိတယ်ဆိုတာ ကျုပ်သိပြီးသားပါ"

www.burmeseclassic.com



လူကြီးလူကောင်းဟန် အပေါ်ယံယဉ်ကျေးနေသလောက် မြပချုပ်၏မျက်နှာကို ကြည့်လာသည့် စူးရှနက်မှောင်သော မျက်လုံးတောက်တောက်တွေထဲမှာ ရယ်ရွှင်မြူးကြွဟန်နှင့် ပြုံးမယောင်နှုတ်ခမ်းအနှံ့ မထိတရိရှိနေပုံကို ကြည့်ကာ မြပချုပ်ကို ဒီလူစိတ်ထဲမှာ အဘယ်မျှ ရယ်မောလှောင်ပြောင်နေကြောင်းကို ချက်ချင်းလို ရိပ်မိကာ ဒေါသမျက်လုံးများဖြင့် သူ့မျက်နှာ ညှိုလှဲ့လှဲ့ကို ဖျတ်ခနဲ စူးစိုက်မော့ကြည့်ပစ်လိုက်သည်။

ထိုအကြည့်ကို စောနက်ကြယ်သိသလို သူ့ဘာကိုဆိုလိုရင်း ထိုစကားပြောခြင်းကိုလည်း မြပချုပ် ကောင်းစွာသိပြီး ဖြစ်ပေသည်။ မွေ့မွေ့ချင်း ခြေမြင်ဆိုသည့်စကားအတိုင်း တစ်ယောက်စိတ်ကို တစ်ယောက် ထွင်းဖောက်သိမြင်ပြီးဖြစ်ရာ သေဆုံးသွားသော တဒင်္ဂအတွက် မည်သည့်ခံစားချက် တစ်စုံတစ်ရာမှမရှိသော မြပချုပ်မှ စိတ်ထိခိုက်ကြေကွဲနေပုံ ဟန်ဆောင်နေခြင်းကို စကားလုံး အပြုအမူဖြင့် ရယ်မောလှောင်ပြောင်ခြင်း သက်သက်မျှဖြစ်သည်။

မင်းမချစ်တဲ့ ယောကျ်ားတစ်ယောက် သေဆုံးသွားလို့ မင်းစိတ်တွေ ဘယ်လောက် လွတ်လပ်ပေါ့ပါးနေတယ်ဆိုတာ မင်းပုံကြည့်တာနဲ့ သိပါတယ်လို့ သူ့အကြည့်နက်နက်တွေက ပြောနေသည်။

"ဒါနဲ့ ဒီကမောင်ရင်က မြပချုပ်ရဲ့အစ်ကိုဆို"

စောနက်ကြယ်ပုံစံက ခပ်တည်တည်။

နေရှိုး ဘယ်သူဘယ်ဝါဆိုတာ သိပြီးဖြစ်ပါလျက် မြပချုပ်





နှင့် နေရှိုးအကြောင်းကို မသိသလို ဟန်ဆောင်မေးနေပုံက အသည်းယားစရာ။

"ဟုတ်ကဲ့ နေရှိုးက ကျွန်မအစ်ကိုပဲ"

"ဪ...ဪ"

သူက စကားအကောင်းမပြောတော့ မြပချုပ်ကလည်း တမင်ရှုံ့သည်။

"ကော်ဖီ သုံးဆောင်ပါဦးရှင်"

"ကောင်းပါပြီဗျာ"

ကော်ဖီလင်ဗန်းနှင့် ပက်ထရစ်ရှာ ရောက်လာပြီး စောနက်ကြယ်လက်ထဲကို သူ့မကိုယ်တိုင် ကော်ဖီခွက်ကို ထည့်ပေးပုံက ယဉ်ကျေးသိမ်မွေ့သည်။

"ပချုပ်ရဲ့ယောက်မ ပက်ထရစ်ရှာပါ၊ သူက ပက်ထရစ်ရှာရဲ့ခင်ပွန်း ဦးနေရှိုးပါ"

"တွေ့ရတာဝမ်းသာပါတယ် ပက်ထရစ်ရှာ၊ ကျုပ်က စောနက်ကြယ်ပါ"

"ဟုတ်ကဲ့"

ပက်ထရစ်ရှာက အစထဲက လူမှုဆက်ဆံရေးအပိုင်းမှာ ကျွမ်းကျင်ပြေပြစ်ပိုင်နိုင်သူ ဖြစ်သည့်အတိုင်း စောနက်ကြယ်ဆိုသူနှင့် တစ်ခဏအတွင်း စကားလက်ဆုံကျသွားသည်။ သူတို့စကားဝိုင်းထဲကို မဝင်နိုင်သူနှစ်ယောက်က နေရှိုးနှင့် မြပချုပ်တို့ ဖြစ်သည့်အတိုင်း တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းမကြည့်မိအောင်

www.burmeseclassic.com



မနည်းသတိထားနေရကြရသည်။

မြပချုပ်က မိန်းကလေးမို့ ဘာမှမဖြစ်သော်လည်း ယောကျ်ားဖြစ်သော နေချိုက အနေခက်နေမှန်းသိသည်။ စောနက်ကြယ်ဆိုသည့်လူကလည်း နေချိုကို အရေးစင်မလုပ်။ အားနာပါးနာပင် စကားတစ်ခွန်း ဆိုဖော်မရ။

နေချိုကိုယ်တိုင်လည်း စကားဝိုင်းထဲက ထထွက်ရအခက်၊ ဆက်ထိုင်နေရအခက်နှင့် ဖြစ်နေ၏။

"ကိုင်း...စကားပြောလည်း ကောင်းပါရဲ့၊ နောက်များမှ ကျုပ်တို့ ထပ်ဆုံကြဦးစို့လား ပက်ထရစ်ရှာ၊ အခုတော့ ကျုပ်မှာ တခြားကိစ္စလေးတွေရှိလို့ ခွင့်ပြုပါဦးဗျာ"

"ကောင်းပါပြီရှင်...ပချုပ်ရေ ဦးစောနက်ကြယ်ကို လိုက်ပို့ပေးလိုက်ပါဦးကွယ်"

ပက်ထရစ်ရှာက ဦးဆောင်တိုက်တွန်းနေပြီမို့ မြပချုပ် ငြိမ်ငြိမ်ထိုင်နေလို့မရတော့။ သူမရှေ့မှ ဦးဆောင်သွားနေပြီဖြစ်သော စောနက်ကြယ်နောက်ကို အတူလိုက်ခဲ့သည်။

မြပချုပ်တို့အိမ်ရှေ့ ဆင်ဝင်မှာ သူမတို့ကားနှစ်စီးကို ရှေ့ဆင့်နောက်ဆင့် ရပ်ထားသဖြင့် စောနက်ကြယ်၏ကားကို အမှောင်ရိပ်ကျသော ခပ်လှမ်းလှမ်းတစ်နေရာတွင် ရပ်တန့်ထားတာ မြင်လိုက်ရသည်။

စောနက်ကြယ်က မြပချုပ်ရှေ့မှ ခြေလှမ်းကျဲကြီးတွေနှင့် ဦးဆောင်သွားနေမှ သူ့ခန္ဓာကိုယ်ကြီးကြီးကို ဖြုန်းခနဲ လှည့်ရပ်လိုက်





သဖြင့် မြပချုပ်မှာ သူ့ရင်ခွင်ထဲ တိုးဝင်လုမတတ် ဖြစ်သွားရာ မြပချုပ်မှာ ဘိတ်လန့်သွားရသလောက် သူက ပြုံးစစနဲ့ မျက်လုံး များဖြင့် သူမမျက်နှာကိုကြည့်ကာ ဟက်ခနဲ ရယ်လိုက်၏။

"ဘယ်နှယ့်လဲအမိ၊ မင်းရင်ထဲမှာ ဖြစ်ချင်တာတွေ ဖြစ်ခွင့်ရလိုက်လို့ သိပ်ကျေနပ်နေမယ်ထင်တယ်"

သူ့လေသံက တိုးဟိုးသက်သာ နှစ်ကိုယ်ကြားပေမယ့် ညစ်ကျယ်ကျယ်ရှိလှသည်ဖြစ်ရာ မြပချုပ်မှာ အမှောင်ထဲမှာပင် အရောင်တောက်နေသော စောနက်ကြယ် မျက်လုံးတွေကို ဆက်သည့်ရှည်များနှင့် ဆွဲကုတ်ပစ်ချင်လာ၏။

ဒီလူကတော့ တစ်ဖက်သားရင်ထဲ ခံစားချက်တွေကို ဒါပဲ သိနိုင်မြင်နိုင်လွန်းသည်။ သူ့ရှေ့ရောက်လျှင် မြပချုပ် ဘာမှဟန် ဆောင်လိမ်ညာ၍မရ။ ဒါကြောင့်ပဲ စောနက်ကြယ်ဆိုသည့်လူကို မြပချုပ် မုန်းခြင်းဖြစ်သည်။

"ရှင်ဘာစကားပြောတာလဲ"

"ကျွန်မ ဒီထက်စိတ်ဆိုးဒေါသဖြစ်မလာခင် ဒီနေရာက အမြန်ဆုံးထွက်သွားရင်ကောင်းမယ်"

"အင်း...မင်းမုန်းတဲ့လူလည်း သူ့စရိတ်နဲ့သူသွားပြီ၊ မင်းချစ်တဲ့လူကိုလည်း အမြဲမြင်နိုင်တွေ့နိုင်ပြီဆိုတော့ ဆိုးတော့ ဆိုးဘူးလို့ဆိုရမှာပေါ့၊ ဒါပေမယ့် မင်းဟာ လူတစ်ယောက်ကို ချစ်မိတာလေးနဲ့ အင်မတန် ငရဲကြီးမှာပဲ"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်…ရှင်"

"ကဲ…ကျုပ်သွားပြီနော် မြပချုပ်"

"အဟွန်း…ဟွန်း…ဟွန်း"

စောနက်ကြယ်ကို စိတ်ဆိုးဒေါသဖြစ်ရလွန်း၍ မြပချုပ် ဇွေ့ဇွေ့ခုန်ကျန်ရစ်သည့် အချိန်မှာပင် စောနက်ကြယ်၏ ကားနက်ကြီးက သူမမျက်စိရှေ့မှ အမှောင်ထုအတွင်းသို့ ပြေးဝင်သွားပြီဖြစ်ရာ ကားပြတင်းမှတစ်ဆင့် လက်တစ်ဖက်မြှောက်ပြသွားနိုင်သေးသော စောနက်ကြယ်ဆိုသည့်လူကို မြပချုပ်ကိုယ်တိုင် သတ်ပစ်ချင် လောက်အောင်ပင် ထပ်ဆင့်တိုး၍ မုန်းမိရလေသည်။

ဤလူလောက် မျက်နှာပြောင်တိုက်၍ ဤလူလောက် မြပချုပ်၏ အမုန်းကို ဖွဲ့ခြွေယူနိုင်သူမျိုး သူမတစ်သက် တစ်ခါမှ မတွေ့ဘူးချေ။

မြပချုပ်သည် စောနက်ကြယ်ပါးစပ်ကို ပိတ်သွားအောင် လုပ်ချင်သည်။ ဒါမှ ဒီလူနှုတ်ဖျားမှာ မြပချုပ်ဆိုသည့်အမည်ကို မကြားနိုင်ဘဲရှိလိမ့်မည်။ ထိုသို့မဟုတ်လျှင် မြပချုပ်မှာ သူ့ရှေ့ မှောက်ရောက်တိုင်း အမြဲရှုံးနိမ့်နေရပေတော့မည်။

မြပချုပ်သည် မုန်းစရာကောင်းသောလူကို အနိုင်ယူလို သည် မှန်သော်လည်း လက်တွေ့မှာ ဘာတစ်ခုမှ မတတ်နိုင်။

"ပြန်သွားပြီလား ပချုပ်"

"အင်း"

ဧည့်ခန်းတွင် နေချိုကို မတွေ့ရတော့ချေ။





မြပချုပ်သည် ပက်ထရစ်ရှာနှင့် ဆက်ပြီး ရင်ဆိုင်လိုစိတ် မရှိသဖြင့် တစ်ခါတည်း နှုတ်ဆက်ပြီး အပေါ်ထပ်ရှိ သူမအခန်းသို့ တက်ခဲ့သည်။

"ညစာမစားတော့ဘူးလား ပချုပ်"

"ရင်ထဲပြည့်နေလို့ မစားတော့ဘူး ပက်ထရစ်ရှာ၊ ပက်ထရစ်ရှာတို့ပဲ စားလိုက်ပါနော်"

လှေကားအလယ်လောက်မှာ ပက်ထရစ်ရှာက မြပချုပ်ကို လှမ်းမေးခြင်းဖြစ်သည်။

"ပချုပ်အတွက် ဘာမှလုပ်မပေးပါနဲ့၊ တစ်ယောက်တည်း အေးအေးဆေးဆေး နားလိုက်ချင်လို့ပါ"

"ကောင်းပါပြီ"

မြပချုပ်က ပက်ထရစ်ရှာ ဘာမှဆက်မမေးခင် တစ်ခါ ထဲ အပြတ်ပိတ်ပြောပြီး သူမအိပ်ခန်းထဲဝင်ကာ တံခါးချက်ကို အသေပိတ်လိုက်သည်။ တဒင်္ဂနှင့် အတူအိပ်ခဲ့သော နှစ်ယောက် အိပ်အခန်းကြီးကိုက မြပချုပ်သဘောဖြင့် သော့ပိတ်ထားလိုက်ပြီ ဖြစ်ရာ သူမ အခုနေသည့်အခန်းကို ပက်ထရစ်ရှာကိုယ်တိုင် စိတ် ရှည်လက်ရှည် ခင်းကျင်းပြင်ဆင်ပေးထားခြင်းဖြစ်သည်။

အဖြူရောင်မှား ခြုံလွှမ်းထားသော အိပ်ရာပေါ်သို့ မြပချုပ် ကိုယ်လေးကို လှဲချလိုက်ချိန်မှာ စောနက်ကြယ်၏ ခပ်တိုးတိုး တိုးတိတ်၍ရယ်သံက သူမကို လှောင်ပြောင်လျက်ရှိသည်။

စောနက်ကြယ်မှာ အလွန်မုန်းစရာကောင်းသူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတွေ တွေးသည့်အတွေး၊ မိန်းမတွေပြောသည့်စကားကို နိုက်နိုက်ချွတ်ချွတ်သိသော ယောကျ်ားလောက် ကြောက်စရာကောင်းသောယောကျ်ား မရှိချေ။

မြပချူပ်သည် သူ့စိတ်ကို စောနက်ကြယ်သိနေသဖြင့် ဒေါသထွက်နေသည်။ ယောကျ်ားတို့အလယ်တွင် သူမသည် လျှို့ဝှက်နက်နဲသူတစ်ယောက် ဖြစ်ချင်သည်။ သို့ရာတွင် စောနက်ကြယ်အတွက်မူ မြပချူပ်၏စိတ်ကို ထွင်းဖောက်သိမြင်ပြီးသည့်နှယ် သူမစိတ်ကို မသိချင်မှအဆုံး ဖြစ်နေ၏။

တစ်ခုသော့ ရယ်စရာကောင်းသည်ဟု ဆိုရမည်။ မြပချူပ်မှာ စောနက်ကြယ်ကို ဤမျှ သူမစိတ်ကို သိရပါမည်လားဟု စိတ်ဆိုးဒေါသဖြင့် မုန်းတီးနေသော်လည်း စောနက်ကြယ်ပြောလိုက်သည့် စကားလုံးတိုင်းမှာ မြပချူပ် စိတ်ထဲရှိသမျှနှင့် တစ်ထပ်တည်းကျလျက်ရှိရာ မြပချူပ်မှာ စောနက်ကြယ်ကို မုန်းတီးသည့်ကြားမှပင် ကျိတ်ပြုံးလိုက်မိ၏။

ဒီလူလောက် မြပချူပ်စိတ်ကို သိနိုင်သော ယောကျ်ား ဤကမ္ဘာတွင် မရှိတော့ဟုထင်သည်။ မည်သူမျှ မြပချူပ်၏စိတ်ကို နားမလည်နိုင်။ မြပချူပ်၏ ဒက်ဒီလည်းမသိ။ သူမ အင်မတန်ချစ်သော နေချိုသည်လည်း သူမစိတ်ကို နားမလည်။

ထို့ကြောင့်ပင် ဤမျှဆိုးရွားသော အခြေအနေကို ရောက်ခဲ့ရခြင်းဖြစ်သည်။ နေချိုကို ခွင့်မလွှတ်နိုင်အောင် မုန်းချင်သည့်ကိုင် မမုန်းနိုင်သဖြင့် သူမ သက်ပြင်းရှိုက်လိုက်သည်။ နေချိုကို အရွဲ့





တိုက်ပြီး တဒင်္ဂနှင့် လက်ထပ်ပြီးနောက်ပိုင်း မြပချူပ်နှင့်ပတ်သက်ပြီး နေချို အဘယ်မျှ စိတ်ထိခိုက်ကြေကွဲရသည်ကိုက သူမကိုယ်တိုင် ခံစားမြင်တွေ့ပြီးဖြစ်သည်။

သူမကြောင့် နေချို စိတ်ဆင်းရဲလျှင် မြပချူပ် ကျေကျေနပ်နပ်ကြီး ပျော်ရွှင်နိုင်လိမ့်မည်ဟု ထင်ခဲ့သော်လည်း လက်တွေ့နှင့် စိတ်ကူးမှာ တခြားစီဖြစ်သည်။ နေချို၏ ပျော်ရွှင်ခြင်းသည် သူမ၏ပျော်ရွှင်ခြင်းဖြစ်ပြီး နေချို၏ စိတ်မချမ်းမြေ့ခြင်းမှာလည်း မြပချူပ်၏ နာကျင်ခြင်းဖြစ်နေတာကို သိပြီးနောက် မြပချူပ်သည် နောက်ထပ် နေချို စိတ်မချမ်းမြေ့အောင် ဘယ်တော့မှမလုပ်တော့ဟု စိတ်ကို ပိုင်းဖြတ်လိုက်၏။

အပြန်အလှန် ကလဲ့စားချေခြင်းကို ဤနေ့ဤနေရာမှာပင် ရပ်တန့်အဆုံးသတ်ပြီဟု တွေးရင်း မနက်လင်းသည်နှင့် ပက်ထရစ်ရှာတို့နှစ်ယောက်ကို ကိုယ့်အိမ်ကိုယ် ပြန်ခိုင်းတော့မည်ဟု ဆုံးဖြတ်လိုက်၏။

တစ်ယောက်နှလုံးသားကို တစ်ယောက်မြင်တွေ့ပြီးနောက် တစ်ယောက်ကိုတစ်ယောက် နာကျင်ပင်ပန်းစေမည့် အလုပ်မျိုးလည်း မလုပ်လိုတော့ချေ။

ဤသည်မှာ နေချိုကို ချစ်ခြင်းဖြစ်သလို နေချိုရင်တွင်းက ခံစားချက်ကို ငဲ့ညှာစာနာသနားမိခြင်းမှ ခွင့်လွှတ်ပေးနိုင်သော မေတ္တာတရား၏ နက်ရှိုင်းမှုဆိုလျှင်လည်း မမှားပါ။

တကယ်ချစ်လျှင် ထိုချစ်မိသူကသာ ကိုယ့်ချစ်သူအပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှာ အနစ်နာခံပေးဆပ်ခြင်းသည်သာလျှင် စစ်မှန်သောမေတ္တာဟု ခံစားနားလည်ခြင်းဖြင့် ရင်တွင်းသောကအပူများကို အေးငြိမ်းစေမည်ဟု စိတ်ကို ဒုန်းဒုန်းချလိုက်၏။



## အခန်း (၁၃)

"ကိုယ့်ကိုယ်ကို ဂရုစိုက်နော်ပချုပ်၊ ကိစ္စရှိရင် ချက်ချင်း ဖုန်းဆက်ဖို့လည်း မမေ့နဲ့"

"စိတ်ချပါ"

"ပချုပ် ဖုန်းဆက်တဲ့အချိန် ပက်ထရစ်ရှာ မလာနိုင်တောင်မှ ချို့ကို ချက်ချင်း ပချုပ်ဆီလွှတ်လိုက်မှာပါ၊ တစ်ယောက်တည်း ဆိုပြီး ဘာမှအားမငယ်နဲ့ ဟုတ်လား"

"ကောင်းပါပြီ ပက်ထရစ်ရှာ"

"ဒါဖြင့် ကိုယ်တို့သွားတော့မယ်"

"သွားပြီနော် ပချုပ်"

"အင်း"

နေချို့နှင့် ပက်ထရစ်ရှာတို့ စီးနင်းလိုက်ပါသွားသည့်ကားလေးကို မြပချုပ် မျက်စိတစ်ဆုံး လိုက်ကြည့်ပြီးမှ အိမ်ထဲသို့ ပြန်ဝင်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီက မြပချုပ်ကို သူတို့ဇနီးမောင်နှံနှင့်အတူ လာနေဖို့ ခေါ်စေမယ့် မြပချုပ်က လက်မခံ။ ယောက္ခမတွေက ခေါ်တာကို လည်း ငြင်းဆန်လိုက်ပြီးနောက်ပိုင်းမှာ သူမဘဝကို သူမဘာသာ လွတ်လပ်စွာ ထူထောင်ရန် ပိုင်းဖြတ်ထားပြီးဖြစ်သည်။

အချစ်တစ်ခုထဲဖြင့် မြပချုပ်၏ စိတ်ကူးတည့်ရာ ဖွတ်နှစ် မိုက်မဲမှုကို ဤနေရာမှာပင် ပြည်ဖုံးကားချ၍ နိဂုံးချုပ် အဆုံးသတ် ရန်မှတစ်ပါး တခြားမရှိချေ။

သူမချစ်သော ယောက်ျားကို အကြောင်းပြု၍ သူမမုန်း သော ယောက်ျားတစ်ယောက်ကို အရွဲ့တိုက် လက်ထပ်ခဲ့ပြီးပါပြီ။ ရင်ဆိုင်ကြုံတွေ့ရသည့် ရလဒ်အကျိုးဆက်က ဘာတစ်ခုမှ မကောင်း။ အပျိုစင်ဘဝတစ်ခု ဆုံးရှုံးရုံနှင့်မပြီး နုနယ်လှပငယ်ရွယ် သူလေးဘဝမှာပင် မုဆိုးမဆိုသည့် အကျည်းတန်အရုပ်ဆိုးသည့် နာမည်ဆိုးတစ်ခုကို ပိုင်ဆိုင်ခဲ့ရသူဖြစ်ခဲ့သည်။

လောကတွင် ကိုယ်ကချစ်တိုင်း မညားနိုင်သောအဖြစ်ကို မြပချုပ် အခုတော့ နားလည်ခဲ့ရပါပြီ။ ထို့အတူပင် အချစ်ဆိုသည့် အရာ မြူတစ်မှုန်စာမျှပင် မပါဝင်ဘဲနှင့် လက်ထပ်ခဲ့ရသူ တစ်ယောက် ဝေဒနာအတိမ်အနက်ကိုလည်း ချိန်စက်၍သိနိုင်သူ ဖြစ်လာခဲ့သည်။

အပေါ်ထပ်ဝရန်တာ လက်ရန်းတံတိုင်းကို မှီနွဲ့လျက် ကျယ်လွင့်သော မိုးကောင်းကင်ကြီးရှိရာသို့ ကြည်လင်ဝိုင်းစက်လှပ သော မျက်လုံးရွဲကြီးများဖြင့် မော့ကြည့်မိသည်။





ညှို့မှိုင်းနေသော အပြောကျယ်လှသော မိုးကောင်းကင်ကြီး က အေးငြိမ်းမှုတွေနှင့် တည်ငြိမ်ချမ်းမြေ့မှုကို သူမ ပိုင်ဆိုင်ရယူချင် သည်။ အချစ်ဆိုသည့်အရာကြောင့် ပူလောင်ခါးသီးမှုတွေကို ပြန်မ တွေးချင်။

သူလည်း သူ့ဘဝနှင့်သူ။

ကိုယ်လည်း ကိုယ့်ဘဝနှင့်ကိုယ်။

ပြီးဆုံးခဲ့သော အကြောင်းအရာတွေကို ပြန်လှည့်မကြည့် ဘဲ ကိုယ့်အနာဂါတ်ကို သာယာလှပအောင် ဖန်တီးခွင့်ရှိလျှင် မြပချုပ် ဘဝမှာ အဘယ်မျှ ပျော်စရာကောင်းမည်နည်း။

ငြီးငွေ့မိသော သံယောဇဉ်ကြိုးကို ရက်စက်စွာ ဖြတ် တောက်လိုပါလျက်နှင့် ဖြတ်ရခက်ခြင်းကိုက မတတ်နိုင်။

ကိုယ့်ကိုယ်ကို ငရဲကျအောင်မမိုက်။

ဆန္ဒကို သတိနှင့်သာ ထိန်းချုပ်ရန်သာရှိကြောင်း တွေး လျက် ရှေ့က မိုက်မဲမိခဲ့သမျှအပေါ်မှာ နောင်တတရားလေးတွေ တဝေဝေနှင့် သက်ပြင်းကျိတ်ချနေမိသည်။

ဒီတစ်သက်တော့ နောက်ထပ် ဘယ်တော့မှ အိမ်ထောင် မပြုတော့ဟု ဆုံးဖြတ်လိုက်သည်။ နေချိန်နှင့် ပက်ထရစ်ရှာအပေါ် မှာ တကယ့်အစ်ကိုနှင့်အစ်မ တစ်ယောက်လို စိတ်သဘောထား သည်။ နောင်မှာ ရရှိဖြစ်တည်လာမည့် သူတို့ရင်သွေးလေးတွေကို ထိန်းသိမ်းမောင့်ရှောက်ရင်း မြပချုပ် အချိန်တွေကို ကုန်ဆုံးစေမည် ဟု စိတ်ကူးရှိသမျှ အမျှင်မပြတ် လျှောက်စဉ်းစားကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"တူ…တူ…တူ"

တိတ်ဆိတ်သောဝန်းကျင်မှာ အော်မြည်လာသော ဖုန်းသံက မြပချုပ် အတွေးစိတ်ကူးများက ဖြတ်တောက် ဖြုန်ခွဲလိုက်၏။

"ဟဲလို"

"ပချုပ် ကိုယ်ပါ"

ဖုန်းက နေချိုဖုန်း။

"ပြောပါ နေချို"

ချစ်မိသူတစ်ယောက်အပေါ် အလွယ်နှင့် သံယောဇဉ် ဖြတ်တောက်ရန် မလွယ်မှန်း ချစ်သူချင်းမှသာ စာနာနိုင်မည်ဖြစ်သည်။

"ဒီမှာ မိုးတွေတစ်အားရွာနေတယ်၊ တံခါးတွေ လုံလုံခြုံခြုံပိတ်ပြီး ပချုပ်ကိုယ်တိုင်လည်း နွေးနွေးထွေးထွေးနေပါ"

"ကောင်းပါပြီ"

"ပချုပ်တို့ဘက်မှာရော မိုးတွေရွာနေလား"

"ဟင့်အင်း··အခုတော့ မရွာသေးပါဘူး"

"သြော်"

နှစ်ယောက်စလုံး စကားပြောစရာမရှိသလို ငြိမ်သွားကြသည်။ ရင်ထဲမှာ ကိုယ်စီသံယောဇဉ်တွေနှင့် ဆိုသည့်အတွေးက ဘာကြောင့်များ မြပချုပ် နှလုံးသားကို နာကျင်ပင်ပန်းစေရတာပါလိမ့် နေချိုရယ်။

ဘာဖြစ်လို့ ပချုပ်တို့နှစ်ယောက် အခုလို လွဲမှားခဲ့ကြရ





တာလဲ။

အခုလို အခြေအနေရောက်မှ…။ မိုးက တစ်ဖွဲဖွဲရွာလာ၏။

"ပချုပ် ဖုန်းချလိုက်တော့မယ်နော် နေချို"

"ကောင်းပါပြီ ပချုပ်ရယ်"

မိုးကဖွဲရာမှ သည်းလာသည်။

မြပချုပ် ငေးကြည့်နေဆဲမှာပင် ပတ်ဝန်းကျင်တစ်ခုလုံး မိုးရေတို့ဖြင့် ရွှဲရွှဲစိုသွား၏။ အေးမြသော မိုးရေစက်တွေက မြပချုပ်၏ လှပသော မျက်နှာလေးနှင့် ရီဝေချွေးမြေ့သောအကြည့်များကို ကြည့်ငေးသွားကြသည်။

မြပချုပ်ကို မုဆိုးမပူပူနွေးနွေးလေးအဖြစ် အားလုံးက ဝိုင်းပြီး သနားနေကြသည်။ ဂရုစိုက်နေကြသည်။ သူမတစ်ယောက်တည်း အားလုံး၏ အသနားခံဘဝနှင့် အချိန်မည်မျှကြာအောင် နေရဦးမည်မသိ။

တခဏ်ကို ဖျတ်ခနဲ မျက်ဝန်းမှာ မြင်ယောင်လာ၏။ လူသားတစ်ယောက်အနေနှင့် သနားစရာကောင်းသော်လည်း ဘာမှ တတ်နိုင်။ ယောကျ္ာမတွေက မြပချုပ်နှင့် သူတို့သားလေး ၏အကြောင်းမလှပုံကို လာသည့်လူတိုင်းကို ပြောချင်ချင်မဆုံး။ သူတို့ ကိုယ်စား ပက်ထရစ်ရှာတို့ လင်မယားကို အစွမ်းကုန် ဂရုစိုက်ပေးပါရန် အကူအညီတောင်းထားကြသည်။

မြပချုပ်မှာ သုံးလဆိုသည့်အချိန်ကို မနည်းအောင့်အီး



www.burmeseclassic.com

www.burmeseclassic.com



သည်းခံ၍ ဖြတ်သန်းကုန်ဆုံးလိုက်ရသည်။ ထို့နောက် စိတ်တည်ငြိမ်အောင် အလုပ်တစ်ခုခုမှာ အာရုံရှုးစိုက်မည်ဖြစ်ကြောင်း အားလုံးသိအောင် ပထမဆုံး ကြေညာလိုက်၏။ ဘယ်သူကမှ မြပချုပ် အလုပ်လုပ်မည်ဆိုသည့်စကားကို ထောက်ခံခြင်းမပြု။

ငယ်ရွယ်လှပသော မုဆိုးမလှလှလေးအဖြစ် သူမကို အေးအေးငြိမ်ငြိမ် နေစေလိုဟန်ဖြင့် ယောက္ခမများက စတင်ကန့်ကွက်မှု ပြုကြသည်။

"အလုပ်ဆိုတာ တစ်သက်လုံး လုပ်လည်းရပါတယ်ကွယ်၊ အခုချိန်မှာ သားစိတ်နဲ့ သမီးလည်း ခံစားနာကျင်နေရဦးမှာဆိုတော့ ကိုယ့်ကိုယ်ကိုပဲ ဂရုစိုက်ပါ၊ ခရီးလေးဘာလေးထွက်ပေါ့၊ ဘန်ကောက်တို့ စင်ကာပူတို့ တစ်နေရာရာကို Shopping(ရှော့ပင်း) လေးဘာလေးထွက်ပေါ့၊ သမီးအတွက် လိုသလောက်ငွေကို မာမီတို့ ထုတ်ပေးမယ်"

"ပချုပ် ဘယ်ကိုမှ မသွားချင်ပါဘူးမာမီ"

ယောက္ခမဖြစ်သူ၏ ကမ်းလှမ်းချက်ကို မြပချုပ်ဘက်က တစ်ခါတည်း အပြတ်ငြင်းပယ်ပစ်လိုက်သည်။ ထိုခရီးများကို သူမ မကြာခဏသွားနေကျ ဖြစ်ပေမယ့် ယောက္ခမထုတ်ပေးသည့်ငွေနှင့် သွားရန်အကြောင်းမရှိ။

တဒင်္ဂမရှိသည့်နောက်မှာ သူနှင့်ပတ်သက်သည့် မိသားစုနှင့်လည်း ဘာအနှောင်အဖွဲ့မှ မရှိဘဲ ကင်းကင်းရှင်းရှင်း နေချင်သည်။ တစ်ချိန်ချိန်မှာ မလိုလားအပ်ဘဲ ပြဿနာတွေ ဖြစ်လာမှာ





မျိုး အခုထဲက လက်မခံနိုင်။

မြပချုပ်၏ ဒက်ဒီကတော့ မြပချုပ် ဘာလုပ်လုပ် အမြဲထောက်ခံအားပေးလေ့ရှိသူ ဖြစ်သည့်အတိုင်း အခုကိစ္စမှာလည်း ဘာတစ်ခုမှ မြပချုပ်၏ သဘောဆန္ဒကို တားဆီးကန့်ကွက်ခြင်းမပြု။

"အိမ်ထဲမှာချည်း ဘယ်အမြဲနေချင်ပါ့မလဲကွယ်၊ သမီးစိတ်ချမ်းသာမယ်ဆိုရင် ဘာပဲလုပ်လုပ်ပါ၊ ဒက်ဒီဘက်ကတော့ သမီးလုပ်သမျှအားလုံး လက်ခံသဘောတူပြီးသားပဲ"

"ဒီတော့က ဒက်ဒီသမီးလည်း အပြောင်းအလဲလေးဖြစ်သွားအောင် ဒက်ဒီတို့ အခုအသစ်ဖွင့်မယ့် ရှော့ပင်းစင်တာကို ဦးစီးပြီး သမီးဖြစ်ချင်တာလေးတွေ၊ သမီးရဲ့စိတ်ကူးလေးတွေကို အကောင်အထည်ဖော် လက်တွေ့အသုံးချကြည့်ပါလား"

"ကောင်းသားပဲဒက်ဒီ"

"လိုအပ်ရင် သမီးကြိုက်တဲ့နေရာကို ရှယ်ယာမန်းနဲ့ တိုင်ပင်ပြီး ခရီးထွက်ကြပေါ့"

"နတ်ပန်းချီရှော့ပင်းစင်တာက ဒက်ဒီတစ်ဦးတည်းပိုင် မဟုတ်ဘူးလား"

"အစုအစပ်လေးတွေဆိုတော့ တစ်ယောက်အမြင်တစ်မျိုးနဲ့ စုပေါင်းတိုင်ပင်ပြီး လုပ်လို့ရတာပေါ့ သမီးရဲ့၊ မောင်စောနက်ကြယ်က နိုင်ငံတကာ အတွေ့အကြုံပိုင်းမှာ ဘယ်သူနဲ့မှမတူတဲ့ အမြင်ရှိတဲ့လူပဲ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ...ဒက်ဒီ"

"မောင်စောနက်ကြယ်လေသမီး ဟိုတစ်ခါတုန်းက သမီးနဲ့ တစ်ခါ မိတ်ဆက်ပေးဘူးတဲ့ သူငယ်ပေါ့၊ ကြည့်ရတာ သူ့ကို သမီး မမှတ်မိဘူးထင်တယ်၊ လိုအပ်ရင် သမီးနဲ့ နောက်ထပ် မိတ်ဆက်ပေးရတာပေါ့ကွယ်"

စောနက်ကြယ်ဆိုသည့် အမည်ကြောင့် မြပချုပ် ဘာပြောရမှန်းမသိဘဲ နှုတ်ဆွံ့အစွာပင် ဒက်ဒီ့မျက်နှာကို ငေးကြည့်နေမိသည်။ ထိုအမည်ကို တစ်ခါတစ်ရံ သတိရတတ်သော်လည်း မေ့နေသည့်အချိန်တွေက များပါသည်။

သူနှင့်တွေ့တိုင်း သူမကို စိတ်အနှောင့်အယှက်ဖြစ်စေသော အပြုအမူတွေကြောင့် စောနက်ကြယ်ဆိုသူနှင့် မဆုံမတွေ့လိုပါမှ လုပ်ငန်းတစ်ခုကို အတူလုပ်ဖို့ ဖြစ်လာရသည်ဆိုတော့ စိတ်ညစ်မိသည်။

"သမီး ဘယ်နေ့ နတ်ပန်းချီကို သွားချင်လဲ၊ ဒက်ဒီ မောင်စောနက်ကြယ်ကို ဖုန်းဆက်ထားလိုက်မယ်၊ ဒါမှမဟုတ် သမီး ကိုယ်တိုင်ပဲ မောင်စောနက်ကြယ်နဲ့ တိုက်ရိုက်ပြောလိုက်လည်းဖြစ်တယ်"

"ပချုပ်ပဲ ပြောလိုက်ပါ့မယ် ဒက်ဒီ"

"အိုကေ...အိမ်မှာ တစ်ယောက်တည်း အချိန်ကုန်နေမှာ ထက်စာရင် အခုလို လှုပ်လှုပ်ရှားရှား အလုပ်လုပ်နေရတာ သမီး စိတ်ကိုလည်း အလုပ်ပေးပြီးသား ဖြစ်သွားတာပေါ့"





နတ်ပန်းချီ ရှောပင်းစင်တာကို အုပ်ချုပ်မှုဒါရိုက်တာအဖြစ် စောနက်ကြယ်ဆိုသည့်လူနှင့်အတူ အုပ်ချုပ်ရန် ဒက်ဒီထံမှာ သဘောတူမှုရယူပြီးနောက် စောနက်ကြယ်ထံ ဖုန်းဆက်ရန် တာဝန်မှာ သူမတာဝန်ဖြစ်လာသည်။

ဖြစ်နိုင်လျှင် စောနက်ကြယ်ဆိုသည့် လူထံ မြပချုပ်ကစပြီး ဖုန်းမဆက်ချင်။ သူပြောလာမည့် မထီတရိစကားများနှင့် မြပချုပ်ကို ရယ်မောလှောင်ပြောင်နေသော စောနက်ကြယ်၏ မျက်လုံးနက်နက်များနှင့် နှုတ်ခမ်းအစုံကို မုန်းမိသည်။

သို့ပါသော်လည်း အခြေအနေအရ မြပချုပ် သူ့ဆီကို ဖုန်းဆက်ရမည်။ တဒင်္ဂ၏ နှာရေးတွင် တစ်ခါဆုံပြီးနောက် စောနက်ကြယ်ဆိုသည့်လူ မြပချုပ်ရှေ့က ပျောက်သွားသည်။ အခုချိန်ထိ နောက်ထပ်မဆုံဖြစ်သေး။ ဘယ်နေရာသွားပြီး ဘာတွေလုပ်နေသည် မသိ။ သိလည်းမသိချင်ပါ။ သူ့မျက်နှာကို မမြင်ရမတွေ့ရလေ မြပချုပ်အတွက် ပို၍အသက်ရှည်နိုင်လေဟု ဆိုရမည်။

"တူ...တူ...တူ"

ကိုယ့်အတွေးနှင့်ကိုယ် ကားမောင်းနေတုန်း မြပချုပ် ဖုန်းလေး အသံမြည်လာသည်။ ဖုန်းနားကြပ်ကိုဆွဲပြီး နားထောင်လိုက်၏။

"ဟဲလို"

"မင်္ဂလာပါ မြပချုပ်"

"ဦးစောနက်ကြယ်"



www.burmeseclassic.com

www.burmeseclassic.com



"အသံကိုကြားလိုက်တာနဲ့ ကျုပ်မှန်း ချက်ချင်းသိနေတယ်ဆိုတော့ မြပချုပ်အတွက် ကျုပ်အသံက တစ်ခါကြားလိုက်ရုံနဲ့ တစ်သက်မမေ့နိုင်စရာ ကောင်းလောက်အောင် ဆွဲဆောင်မှုအပြည့်ရှိပုံပဲ၊ ဘယ့်နှယ်လည်း မြပချုပ် ကျုပ်ပြောတာ မှန်ပါတယ်နော်"

"တော်ရုံလည်း ဘဝင်မြင့်ပါရှင်၊ ကျွန်မက ခွေးသံ၊ ကြောင်သံ၊ ဝံပုလွေသံ ဘာသံပဲဖြစ်ဖြစ် တစ်ခါကြားရုံနဲ့ မှတ်မိတဲ့ လူမျိုးရှင့်"

"အဟွန်း…ဟွန်း…ဟွန်း"

မြပချုပ်စကားအဆုံးမှာ စောနက်ကြယ်ထံမှ နှစ်နှစ်မြိုက်မြိုက် ခပ်မြူးမြူးရယ်သံကို ကြားလိုက်ရသည်။ နှလုံးသား ကင်းမဲ့လှသော စောနက်ကြယ်ဆိုသည့် လူအတွက်တော့ အချစ်ဆိုသည့် စကားအဓိပ္ပါယ်ကိုပင် နားလည်ရကောင်းမှန်း မသိသူပီပီ အရာရာတိုင်းတွင် ခံစားချက်မဲ့ လွတ်လပ်ပေါ့ပါးလွန်းလှသည်။

"မင်းက ကျုပ်ကို ဝံပုလွေလို့ ပြောလိုက်တာပေါ့လေ"

"ဒါကတော့ ယူသော်ရ၏ပေါ့ရှင်၊ ကျွန်မက ဘယ်သူ့ကိုရယ်လို့ ရည်ရွယ်ပြီးပြောတာမျိုး မဟုတ်ပါဘူး၊ ကျွန်မ မှတ်ဉာဏ်ကောင်းတာကို ရှင်သိအောင်ပြောတာပါ"

"ထားပါလေ…ကျုပ်ကလည်း ကျုပ်ကိုယ်ကျုပ် ဝံပုလွေတစ်ကောင်လို့ မဆိုလိုပါဘူး၊ ဖြစ်ချင်းဖြစ်ရင် ကေသရာဇာခြင်္သေ့မင်းပဲဖြစ်မယ်"

"အဟွန့်"





စောနက်ကြယ်၏ စကားအဆုံးမှာ မြပချုပ်တစ်ယောက် မရယ်ချင်ရယ်ချင်နှင့် တစ်ချက်ရယ်လိုက်သည်။ သူ့ကိုယ်သူ တော်တော်လည်း အထင်ကြီးတဲ့လူပါလား။

"ဒါနဲ့ မင်းက ကျုပ်နဲ့အတူ လက်တွဲပြီး အလုပ်လုပ်ချင်တယ်လို့ မင်းဒက်ဒီကိုပြောဘယ်ဆို"

စီးညွှန့်လှသော စကားပြောပုံကို မုန်းမုန်းနှင့် နှာခေါင်းရှုံ့လိုက်မိ၏။ ဒီလူနှင့် ရေရှည်ပြောဆိုဆက်ဆံဖို့ လွယ်မှလွယ်ပါ့မလားမသိ။ သူ့စကားလုံး အပြုအမူတွေက မြပချုပ်ကို စိတ်ဆိုးဒေါသဖြစ်အောင် တမင်နှိုးဆွနေလေတော့ မြပချုပ်ဘက်က ဘယ်လိုပဲ စိတ်မဆိုးအောင် နေချင်ပေမယ့်မရ။

ဖြစ်ချင်တော့ မြပချုပ်နှင့်အတူ လက်တွဲလုပ်ရမည့်လူက တခြားသူမဟုတ်ဘဲ စောနက်ကြယ်ဆိုသည့်လူ ဖြစ်နေတော့ သူမမှာ တခြားရွေးစရာလမ်းမရှိ။

"ကျွန်မ ဒက်ဒီကို ပြောတဲ့အထဲမှာ ရှင်နဲ့အတူ လက်တွဲပြီး အလုပ်လုပ်ချင်ပါတယ်လို့ တစ်ခွန်းမှမပါဘူး၊ ကိုယ့်အလုပ်ကိုယ် လုပ်မယ်ဆိုတာပဲပါတယ်"

"ကိုယ့်အလုပ် သူ့အလုပ်လို့ ကျုပ်တို့နှစ်ယောက်ကြားမှာ ခွဲခြားလို့မရဘူးလေ မြပချုပ်၊ ကျုပ်အလုပ်ဟာ မင်းအလုပ်ဖြစ်သလို မင်းရဲ့အလုပ်ဟာလည်း ကျုပ်ရဲ့အလုပ်ပဲပေါ့၊ ဒါမှလည်း ကျုပ်တို့နှစ်ယောက်ရဲ့ စီးပွားရေးလုပ်ငန်းကြီးကို အောင်မြင်အောင် တည်ထောင်နိုင်မယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါ သူပြောသည့်စကားတွေက မှန်နေတာမို့ မြပချုပ် ဘာမှမပြောဘဲ ငြိမ်နေလိုက်သည်။

"ဒီတော့ ကျုပ်နဲ့မင်း တွေ့မှဖြစ်မယ်၊ ကျုပ်က မင်းဆီကို လာရမလား၊ မင်းကပဲ ကျုပ်ဆီလာမလား၊ ကြိုက်တာပြောပါ"

"အခုလောလောဆယ် ရှင့်ဆီကိုလည်း ကျွန်မ မလာနိုင်ဘူး၊ ကျွန်မဆီကို ရှင်မလာပါနဲ့"

"ဘာပြုလို့တုန်း"

"မလာနဲ့ဆို မလာနဲ့ပေါ့ရှင်"

"ဒီမယ် မြပချုပ် မင်းဥစ္စာက လုပ်ငန်းပိုင်းကို တကယ် သိချင်တတ်ချင်တာလား၊ အပျော်သဘောနဲ့ ကျုပ်တို့ချင်း တွေ့ကြရုံ သက်သက်လား"

"ဘာရှင့်၊ ရှင့်ကိုတွေ့ချင်တယ်လို့ ဘယ်သူကများ ပြောနေလို့လဲ"

"ဒါတော့ မပြောနိုင်ဘူးလေ၊ လူတွေရဲ့စိတ်ထဲကို ဝင်ကြည့်လို့ရတာမှမဟုတ်ဘဲ၊ တချို့မိန်းမတွေဆို ကျုပ်မျက်နှာကို မြင်ချင်တွေ့ချင်လွန်းလို့ အကြောင်းမရှိ အကြောင်းရှာပြီး ကျုပ်ဆီ ရောက်လာကြသေးတာပဲ"

"သိပ်ဖြစ်နိုင်တာပေါ့ရှင့်၊ ရှင့်ရုပ်က ပင်လယ်ဓားပြရုပ် ဆိုတော့ မမြင်ဘူးလို့ တမင်တကာ အကြောင်းမရှိအကြောင်းရှာ လာကြည့်ကြတာနေမှာပေါ့"

"အဟက်...ဟား...ဟား"





မြပချုပ်က သူ့ကိုယ်သူ အထင်ကြီးဘဝင်မြင့်လှသော စောနက်ကြယ်ဆိုသည့်လူကို သာသာနှင့်နာနာ နက်လိုက်ရာ တစ်ဖက်မှ အူလှိုက်သည်းလှိုက် ရယ်မောသံကို ကြားလိုက်ခြင်းဖြင့် သူမစကားကို လွန်စွာသဘောကျသွားမှန်း သိလိုက်သည်။

"မြပချုပ်...မြပချုပ် ဒါကြောင့်လည်း မင်းကို ကျုပ် သဘောကျမိတာထင်တယ်"

"ကျွန်မကတော့ ရှင့်ကို နည်းနည်းမှ သဘောမကျဘူး ရှင့်"

"ဖြစ်နိုင်ပါတယ်...ဖြစ်နိုင်ပါတယ်၊ ကျုပ်ကိုယ်တိုင်က လည်း မိန်းမတိုင်းကို သဘောကျတတ်တဲ့သူမှ မဟုတ်ပဲကိုး၊ မင်းဟာ ကျုပ်နဲ့တော်တော်တူတာပဲ"

တယ်လာတဲ့လူပါလား။

မြပချုပ်ကတောင် သူလိုလူနဲ့ တူလိုက်သေးသည်တဲ့။ သူ့အကြောင်းကို မြပချုပ် မသိဘူးအထင်နှင့် ပြောနေသည်။ မြဖချုပ် မှာဖြင့် စောနက်ကြယ်ဆိုသည့် လူအကြောင်း မကောင်းသတင်းမှန် သမျှ မသိချင်မှအဆုံးဖြစ်သည်။

"ကျွန်မအတွက်တော့ ရှင်နဲ့တူတဲ့ မိန်းမလို့ အပြောခံရ တာ အဆဲခံရတာထက်တောင် ပိုနာစရာကောင်းတယ်ရှင့်"

"အလို...ဘာကြောင့်များပါလိမ့်"

"ကျွန်မကိုများ ရှင့်အကြောင်း မသိဘူးထင်နေလား၊ မိန်းကလေးတွေကို ကစားစရာအရုပ်လို သဘောထားပြီး ဒိုက်

www.burmeseclassic.com

www.burmeseclassic.com



ဖျက်ဆီးနေတဲ့လူ၊ ရှင့်ကြောင့် ဘဝပျက်ခဲ့တဲ့ မိန်းကလေးတွေ လက်ချိုးရေတွက်လို့မှ ရနိုင်ပါဦးမလားပဲ''

''မင်းသိတဲ့ ကျုပ်အကြောင်းက ဒါပဲလား''

''ဟုတ်တယ်ရှင့်…ဟုတ်တယ်၊ အခုမှမဟုတ်ဘူး မသိပါဘူးဆိုပြီး လာမုန်လာဥ လုပ်မနေနဲ့၊ ရှင့်အကြောင်း ရသမျှသတင်းက ဘာတစ်ခုမှ ကောင်းတာမရှိဘူး''

''အဲဒါခက်တာပေါ့ မြပချုပ်ရဲ့''

မြပချုပ် စကားများက သူ့ကို ဆတ်ဆတ်ခါနာကျင်သွားလိမ့်မည်ဟု ထင်ခဲ့သော်လည်း စောနက်ကြယ်ဆိုသည့်လူက မြပချုပ် ပြောသမျှစကားတွေကို ကြားရဖန်များလို့ ရိုးအီနေဟန်ဖြင့် ဘာမှမဖြစ်သလို ခပ်အေးအေး တုံ့ပြန်လာလျှင် ထိုလူ၏သွေးအေးမှုကို ပို၍မခံနိုင်ဖြစ်မိသူမှာ မြပချုပ်ကိုယ်တိုင် ဖြစ်လေသည်။

''မင်းတို့လို မိန်းမတွေဟာ ဘယ်အကြောင်းအရာပဲဖြစ်ဖြစ် တဆိတ်ကို တစ်အိတ်လုပ်ပြီး ပုံကြီးချဲ့ အတင်းအဖျင်းပြောချင်ကြတဲ့သူတွေချည်းပဲ''

''ဟုတ်လို့ကြော် ပုပ်လို့ပေါ်ဆိုတဲ့ စကားလည်းရှိတာပဲ ရှင့်၊ မီးကြိုးပစ်မှ ထန်းလျက်နဲ့ကာလို့ လုံမယ်မထင်လိုက်ပါနဲ့''

''ဘယ်ထန်းလျက်နဲ့မှလည်း မကာပါဘူး ကလေးမရယ် မင်းကို အခုလို ကျုပ်အကြောင်းမကောင်းပြောကြတဲ့ မိန်းမတွေ အကုန်လုံး ကျုပ်ဆီက သူတို့လိုချင်တာ မရကြလို့ပါဗျာ''

''ဩော်…ရှင့်အချစ်ကိုမှမရရှင် သေကြရမယ့်မိန်းမတွေ





ပေါ့''

''မင်းရဲ့ခန့်မှန်းချက်တွေ သိပ်တော်ပါလား မြပချုပ်၊ အခု မင်းပြောတဲ့အတိုင်းပါပဲတဲ့ဗျာ''

မြပချုပ်က သူ့စကားကို တမင်ငေါ့ပြောမှန်းသိလျက်နှင့် တစ်ဖက်က အတည်ပေါက်နှင့် တကယ်ကြီးလုပ်ချလိုက်တော့ မြပချုပ်မှာ စောနက်ကြယ်ဆိုသည့်လူကို စကားအနိုင်ပြောဖို့ ခက်သွား၏။

''တော်တော်ဘဝင်မြင့်တဲ့လူ''

''ထင်လို့ပါဗျာ''

''ဒီမယ်…ကျွန်မ ဖုန်းမဆက်ဘဲနဲ့ ရှင်ကစပြီး အဆက်အသွယ်မလုပ်ပါနဲ့၊ ဒါပါပဲ''

ဖုန်းနားကြပ်ကို ဆွဲဖြုတ်ပြီး ကားဒက်ဘုတ်ပေါ် ပစ်တင်ထားလိုက်သည်။

စောနက်ကြယ်ဆိုသည့်လူနှင့်တော့ မလွယ်။

ဒီလိုလူမျိုးနှင့်အတူ ရေရှည်လက်တွဲ အလုပ်လုပ်လို့ အဆင်မှပြေနိုင်ပါမည်လားဟု တွေးရင်း ဟင်းခနဲ သက်ပြင်းရှိုက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

စောနက်ကြယ်သည် စိမ်းဖြွှန်းစိုနေသည့် မြစိမ်းရောင် ဂါဝန်လေးကို ဝတ်၍ လေဒီရှူးနက်နက်ချွန်ချွန်လေးကို စီးထားပြီး စိန်နားဆွဲလေး တလှုပ်လှုပ်ဖြင့် နှုတ်ခမ်းနီနီရဲရဲလေးကို အဖွင့်အပိတ်မနားတမ်း ပြောဆိုစီစဉ် ညွှန်ကြားလျက်ရှိသော မြပချုပ်ကို အရောင်ဖိတ်ဖိတ်လက်နေသော မျက်လုံးတောက်တောက်များဖြင့် တစိမ့်စိမ့် အရသာခံကြည့်လျက်ရှိသည်။

ပခုံးကျော်သည် ဆိုရုံလေးမျှသာရှိသော ရွှေညိုဖျော့ဖျော့ ဆံပင်များကို မြစိမ်းရောင်နှင့် ရွှေရောင် ရောယှက်ထားသည့် လိပ်ပြာပုံ ဖန်ကလစ်လှလှဖြင့် ကပိုကရို ခေါက်သိမ်းထုံးဖွဲ့ထားခြင်းဖြင့် ဖြူနုဝင်းဝါနေသော လည်တိုင်ဖွေးဖွေးနုနုပေါ် ဆံယဉ်နုနုလေးများ ဟိုတစ်စဒီတစ်စ ဝေ့ဝဲကျနေပုံက အသည်းယားစရာ။

လှပသော မျက်နှာလှလှလေးမှာ အရောင်ဖျော့ဖျော့ နှုတ်ခမ်းဆိုးဆေးနှင့် မိတ်ကပ်ခပ်ပါးပါးလူးထားရုံမျှသာ ရှိသော်





လည်း မုဆိုးမ ပူပူနွေးနွေးဖြစ်သော မြပချုပ်ဆိုသည့် မိန်းမချောလေး၏အလှကို တော်ရုံအပျိုစင် မိန်းကလေးပင် လိုက်မမှီနိုင်အောင် သူမ၏အလှက ထင်းထင်းရှင်းရှင်း ဝင်းဝင်းပပနှင့် မြင်သူတိုင်းအတွက် နှစ်သက်မြတ်နိုးဖွယ်ဖြစ်သည်။

မြပချုပ်က သူမပုံစံလေးအတိုင်းပင် ပတ်ဝန်းကျင်ကို ဘာတစ်ခုမှ စိတ်မဝင်စား။ သူမတာဝန်နှင့် အလုပ်ပေါ်မှာသာ အာရုံစူးနှစ်လျက် စိတ်လိုက်မာန်ပါလေး ကြိုးစားနေပုံက ချစ်စရာ။

ဤကလေးမနှင့် စောနက်ကြယ်တို့ တွေ့ဆုံပုံကလည်း ခပ်ဆန်းဆန်း။ လှပ၍ ချစ်စရာကောင်းသော သူမလို မိန်းမလှလေးအပါးမှာ ဝိုင်းဝိုင်းလည်နေသော ယောကျ်ားများကို ဘယ်သူမှ စိတ်မဝင်စား။ အပျင်းပြေ သူမဆော့ကစားစရာအဖြစ် သဘောထားသူအဖြစ် နာမည်ကြီးသူတစ်ယောက် ဖြစ်သော်လည်း နေချိုဆိုသည့် ယောကျ်ားတစ်ယောက် အပေါ်မှာတော့ မြပချုပ်ဆိုသည့် ကလေးမ ထွင် ရှိရှိသမျှသော အလှမာန်၊ မာနမာန်တွေအားလုံး ဝပ်ဆင်းမြေခခဲ့ရသည့်အဖြစ်။

ဖြစ်ချင်တော့ ထိုမြင်ကွင်းကို စောနက်ကြယ်က အစအဆုံး မြင်တွေ့လိုက်ရသည်။ တခြားသူတွေရှေ့မှာ ဟန်လုပ် မာန်ထုတ်နေနိုင်ပေမယ့် စောနက်ကြယ်ရှေ့မှာ သူမအရှက်အိုးလေး ချအခွဲခံလိုက်ရသည့်အဖြစ်ကို လူအမိခံရပြီးထဲက သူမ၏အမုန်းက သူ့အပေါ်မှာ ပြင်းထန်စွာ ကျရောက်ခဲ့သည်။

ရင်ကွဲပက်လက် ဒဏ်ရာတွေနဲ့ နှလုံးသားတစ်ခုလုံး မွမွ

www.burmeseclassic.com



ကြေလုမတတ် ခံစားနေရသော မြပချုပ်ကို စောနက်ကြယ်၏ မထိတရိစကား၊ လှောင်ပြောင်ရယ်မောသည့် အမူအရာ၊ စိတ်ဝင်စားသည့် အကြည့်ရူးရူးတွေနှင့် အနှောင့်အယှက်ပေးလိုက်တော့ မြပချုပ်မှာ နေချိုကို တသသလွမ်းနေချိန်၊ တမ်းတနေချိန်ပင်မရ။

စောနက်ကြယ်ကို ဒေါသဖြစ်ရ စိတ်ဆိုးရနှင့် နေချိုနှင့် ခံစားပတ်သက်ရသော ဝေဒနာဆိုးတွေကို မေ့သွားသည့်အထိ သူ့အပေါ်မှာသာ အာရုံတွေ စူးနစ်ခဲ့သည်။ စောနက်ကြယ်က တစ်ချိန်လုံး သူမကို မထိတရိပြောလေ သူမက သူ့ကို အနိုင်အပိုင်ပြောဆိုလက်တုံ့ပြန်ဖို့ ကြိုးစားလေ။ ပိုပြီးစိတ်ဆိုးဒေါသဖြစ်လေနှင့် နေချိုဆိုသည့် လူတစ်ယောက်အပေါ်မှာ ခံစားချက်တို့ ပြင်းထန်ခဲ့ရသမျှ လျော့ပါးသက်သာလေဟု ဆိုရမည့်အဖြစ်ပါ။

စောနက်ကြယ် ဘဝမှာ မိန်းမချော မိန်းမလှပေါင်း မြောက်မြားစွာ တွေ့ကြုံဆက်ဆံဖူးပါသည်။ ဘယ်သူမှ မြပချုပ်ဆိုသည့် မိန်းမလှလေးလောက် စိတ်ဝင်စားဖို့ မကောင်းခဲ့။

မြပချုပ်နှင့် ဆုံတွေ့ပြီးနောက် ဂျပန်ကို အလုပ်ကိစ္စနှင့် ရောက်သွားသည်။ ထိုမှတစ်ဖန် အနောက်ဥရောပခရီးစဉ်တွေအထိ စောနက်ကြယ် ခရီးဆန့်ခဲ့သည်။ နိုင်ငံတကာ အချောအလှတွေနှင့် ဆုံသည်။ ဖြူဖြူနက်နက် ညိုညိုအားလုံး ဘယ်သူမှ စောနက်ကြယ်ကို တစ်နေရာထဲမှာ မြဲနေအောင် မဆွဲဆောင်နိုင်။ ခဏတွေ့ ခဏမေ့တွေချည်း။

ပြန်လည်တမ်းတ အောက်မေ့ချင်စရာ ဘာတစ်ခုမှမရှိ။





ထူးထူးခြားခြားဟု ဆိုရမည်က စောနက်ကြယ် ဘယ်နေရာရောက်ရောက် တစ်ယောက်သောသူကိုသာ မကြာခဏ သတိရနေမိသူရှိသည်။ ထိုသူက တခြားသူမဟုတ်။

မြပချုပ်ဆိုသည့် မိန်းမလှလေးဖြစ်သည်။ ဘယ်လိုအချိန်မှာပဲဖြစ်ဖြစ် လှပသည့် သူမက စောနက်ကြယ် အတွေးအာရုံထဲကို လှစ်ခနဲ ဖြုန်းခနဲ ဒိုင်းခနဲ ဝင်ရောက်လာတတ်တော့ ခက်သည်။

ဒီတော့ မကြုံသဖူး ထူးကဲသည့် သူ့အဖြစ်ကို ပထမတော့ အံ့ဩသည်။ နောက်တော့ မယုံနိုင်အောင်ဖြစ်လာသည်။ အဆုံးမှာတော့ ကိုယ့်အဖြစ်ကိုယ် သဘောကျစွာ ဟက်ဟက်ပက်ပက်ကြီး ရယ်မောပစ်လိုက်သည်။

သူ့အဖြစ်လောက် ရယ်စရာကောင်းသော အဖြစ်မျိုး မရှိဟု ထင်သည်။

စောနက်ကြယ်လို လူတစ်ယောက်က ဘာမဟုတ်တဲ့ မြပချုပ်ဆိုသည့် မိန်းမလှလေးတစ်ယောက်၏ မာယာစက်ကွင်းအတွင်းမှာ ညှတ်နှင်းသက်ဆင်းလို့ နေခဲ့ရပါပြီတောဟုလည်း တစ်ဆက်တည်း တွေးဖြစ်အောင် တွေးလိုက်မိပါသေးသည်။

မြပချုပ်ကက် ချောမောလှပသော မိန်းမတွေ ဝိုင်းဝိုင်းလည်နေပေမယ့် ဘယ်နေရာမှ သူကြာရှည်မနေနိုင်။ အားလုံးကိုလည်း ညည်းငွေ့စိတ်ပျက်နေမိ၏။ မြပချုပ်ကိုသာ မြင်လိုတွေ့လိုနေသည့် သူ့စိတ်ကိုလည်း နားမလည်။

သူ မြပချုပ်ရှိရာကို ပြန်ရောက်လာချိန်မှာ မြပချုပ်ဆိုသည့်



www.burmeseclassic.com

www.burmeseclassic.com



မိန်းမလှလေးမှာ လက်ထပ်ပြီးသား အိမ်ထောင်နှင့်ဖြစ်နေ၏။ ပထမတော့ အချိန်တိုတိုအတွင်းမှာ အပြောင်းအလဲမြန်တတ်သော မိန်းမတွေ သဘောအတိုင်း သူမကို စိတ်မတည်ငြိမ်သော မိန်းမတစ်ယောက်ဟု ထင်ခဲ့မိသေးသည်။

နောက်မှ မြပချုပ် လက်ထပ်လိုက်သူက နေချို့မိန်းမပက်ထရစ်ရှာ၏မောင်ဖြစ်ကြောင်း သိပိုက်ရမှ သူမ ဘာအတွက်နှင့် လက်ထပ်လိုက်ရခြင်းကို သဘောပေါက်လိုက်မိသည်။

မြပချုပ် နေချို့ကို လက်တုံ့ကလဲ့စားချေပုံလေးကလှသည်။ ဒါပေမယ့် ပေးဆပ်လိုက်ရသော အရင်းအနှီးတွေကသိပ်ကိုများသည်။ အချစ်ဆုံးယောကျ်ားအတွက် အမုန်းဆုံးယောကျ်ားတစ်ယောက်ကို လက်ထပ်ခြင်းဖြင့် သူမအသည်းနှလုံးကိုရော သူမဘဝကို ထပ်ဆင့်နာကျင်ပျက်စီးစေသည်။ ဒါက စောနက်ကြယ်၏အတွေးဖြစ်၍ . . .

မြပချုပ်ဆိုသည့် မိန်းကလေးကတော့ ဤမျှလောက်ပင်တွေးကြည့်ခဲ့ပုံမရပါ။ သူမချစ်သူကို အနိုင်ယူချင်ဇော တစ်ခုတည်းနှင့် သူမဘဝလှလှလေးကို သူမ မချစ်သောသူ လက်ထဲမှာ ရက်ရက်စက်စက် ထိုးအပ်ပစ်လိုက်သည်။

တဖွတ်ထိုးစိတ် . . .

ထိုစိတ်ကြောင့်ပဲ သူမမှာ အများတွေ ဆက်တိုက်ကျူးလွန်သူ ဖြစ်လာခဲ့သည်။ အခုတော့ ခင်ပွန်းသည် ရုတ်တရက် ကွယ်လွန်ပြီး မုဆိုးမလက်သစ် ပူပူနွေးနွေးလေး ဖြစ်နေရပြီ။





အခုချိန်ထိ သူမ မာန်ကိုမလျှော့။

ပို၍ပင် မာနကြီးလာသည်။

စောနက်ကြယ်အပေါ် ပို၍စွာလာသည်။ နှုတ်လှန်ထိုး၍တိုက်ခိုက်ရာမှာ ပိုပြီးချစ်စရာကောင်းလာသည်။ ပြီးတော့ ပိုလှလာသည်။

သူမအလှက စောနက်ကြယ်၏စိတ်ကို လှုပ်ရှားစေကြောင်းကိုက အခုချိန်ထိ သူမ ရိပ်မိပုံမရ။ ရိပ်မိသည့်တိုင်လည်း အရေးစိုက်မည့်သူမျိုးမဟုတ်။

စောနက်ကြယ်ဝန်းကျင်က မိန်းမတိုင်းက စောနက်ကြယ်ကို စိတ်ဝင်စား အရေးပေးကြသလောက် မြပချုပ်ဆိုသည့် သူမကစောနက်ကြယ်ဆိုသည့်သူကို ဖုတ်လေသည့်ငပိ ရှိသည်လို့တောင်ထင်သည်မဟုတ်။

မြပချုပ် မျက်လုံးထဲမှာ စောနက်ကြယ်ဆိုသည့် သူ့ရုပ်သွင်က ကန့်လန့်ကြီးခံနေသည်။ သူပြောမည့်စကားတွေကလည်း သူမအတွက် သံရည်ပူလောင်းသည့်နှယ်ရှိသည်။

လောကကြီးတစ်ခုလုံးမှာ မြပချုပ်အတွက် ယောကျ်ားကနေချို့တစ်ယောက်တည်းရှိသည်ဟု ထင်နေပုံရသည်။ ဒါကိုပဲစောနက်ကြယ်စိတ်ထဲမှာ နည်းနည်းမှ မကျေနပ်။ နေချို့ကို စောနက်ကြယ်သိသည်။

မြင်ဖူး၊ တွေ့ဖူး စကားပြောဖူးသည်။

ပညာတတ်၊ မျိုးရိုးကောင်း၊ သူဌေးသားတစ်ယောက်ဆို



www.burmeseclassic.com

www.burmeseclassic.com



သည့် အရှိန်အဝါ အစဉ်အလာတွေကြားမှာ ပိတ်မိနေသူ လူပျော့လူညံ့တစ်ယောက်ထက်မပို။

နောက်ဆုံး ကိုယ်ကိုယ်တိုင် ချစ်မြတ်နိုးသည့် မြပချူပ်လို မိန်းကလေးတစ်ယောက်ကိုထားကာ အစဉ်အလာအတိုင်း မိဘဆွေမျိုးအသိုင်းအဝိုင်းအလိုကျ သူတို့ကြိုးဆွဲရာ ကနိုင်မည့် ပက်ထရစ်ရှာလို မိန်းမတစ်ယောက်ကို လက်ထပ်ခဲ့သူ။

ယောကျ်ားဖြစ်ပြီး ဘာတစ်ခုမှ အထင်ကြီးစရာမရှိ။ စောနက်ကြယ်သာ မြပချူပ်နှင့် ဆွေမျိုးနီးစပ်တော်မိသည် ဆိုလျှင်ပင် နေချိုတစ်ယောက် သူ့လက်သီးအစွမ်းဖြင့် ဒဏ်ရာ ပြင်းပြင်းထန်ထန် ရနေလောက်သည်။

အခုတော့ မြပချူပ်နှင့် စောနက်ကြယ်ဆိုတာ ဘာမှမတော်။ သွေးသားမစပ်။ မြပချူပ်ကို ချစ်မိသူတစ်ယောက် အနေနှင့်တော့ ကိုယ့်ချစ်သူမိန်းကလေး၏ နှလုံးသားကို ဒဏ်ရာနက်နက်ရစေသူအဖြစ် သူကိုယ်တိုင် နေချိုကို လက်တုံ့ပြန်ပညာပေးလိုက်ချင်သည်။

နေချိုဆိုသည့် အသုံးမကျလှသည့် ယောကျ်ားတစ်ယောက်ကြောင့် မြပချူပ်၏ လှပသောဘဝလေး ညှိုးနွမ်းအကျည်းတန်အရုပ်ဆိုးသွားရခြင်း ဆိုလည်းမမှား။

နေချိုနေရာမှာ သူဆိုလျှင်တော့ မြပချူပ်ကို သူ့ရင်ခွင်ထဲမှာ အပိုင်သိမ်းပွေ့ထားမှာ သေချာသည်။ ကိုယ့်ချစ်သူ ဒုက္ခရောက်မည့်ကိစ္စ ဘာတစ်ခုမှ လုပ်မည်မဟုတ်။

သူကြည့်နေဆဲမှာပင် မြပချူပ်က ရှုပါမားကက်ထဲကို





ဝင်လိုက်တာနှင့် သူမတို့ နတ်ပန်းချီစင်တာက တင်ရောင်းမည့် အသားပေးထားသည့် ပစ္စည်းများကို ဝယ်သူ၏မျက်လုံးနှင့် တိုက်ရိုက်မျက်နှာချင်းဆိုင် တည့်တည့်တွေ့အောင် လုပ်ထားသည့် ဘရောင်းစင်းအဖက် (Browsing effect) ခြယ်ထားသည့်အရောင်တွေကို သူမစိတ်ကြိုက် ညွှန်ကြားနေ၏။

ရှုပါမားကက်ထဲမှာပင် အစားအသောက်အစုံအလင်ရသည့် (food court)နှင့် ကော်ဖီဆိုင်တွေကိုပါ လှပဆန်းသစ်အပြင်အဆင်တွေ ထူးခြားပြီး ဆွဲဆောင်မှုရှိအောင် ပြင်ဆင်ထားပုံက စိတ်မီလှပသည်။

"ဒုန်း"

"ဟာ"

"ဝုန်း"

"အမလေး"

"မြပချူပ်"

အဖြစ်အပျက်တွေက မြန်ဆန်လှသည်။ ဘယ်လိုကနေဘယ်လိုဖြစ်သည်မသိ။ သူကြည့်နေဆဲမှာပင် ဆေးသုတ်သမားထားသည့် ငြမ်းစင် ပြုတ်ကျလာရာ အနားရှိလူများထံမှ ထိတ်လန့်တကြားအော်သံကို ကြားလိုက်ရပြီးနောက် စောနက်ကြယ်သည့် ကိုယ်ကြီးနှင့် မြပချူပ်ရှိရာကို အပြေးဝင်ရောက်သွားကာ သူမပေါ် ပြုတ်ကျလာမည့် သစ်သားတန်းကြီးကို ကြားမှ ကိုယ်စားဝင်ခံလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖျောင်း"

"ဝုန်း"

"အား"

"ဦးစောနက်ကြယ်"

ညာဘက်လက်မောင်းမှာ ပူခနဲ စီးနာကျင်သွားတာကို သိလိုက်ပေမယ့် သူတွန်းလိုက်၍ မြပချုပ်တစ်ယောက် ကြုံတွေ့ရင်ဆိုင်ရမည့် အသက်အန္တရာယ်ဘေးက ကင်းလွတ်သွားတာကို ကျေနပ်သွားသည်။

နာကျင်သည့် ဝေဒနာနှင့် ဟန်ချက်ပျက်သွားအောင် မြပချုပ်ကို တွန်းထုတ်လိုက်ရသည့်အရှိန်နှင့် ပေါင်းကာ သူ့လက်မောင်းတစ်ဖက်ကိုင်ရင်း စောနက်ကြယ်တစ်ယောက် ဒူးညွှတ်ချွေကျသွားသည်။

"အမလေး လုပ်ကြပါဦး၊ ဦးစောနက်ကြယ် ဘာဖြစ်သွားမှန်းမသိဘူး"

မြပချုပ်အသံက တုန်တုန်လှုပ်လှုပ်။

လှကိုယ်တိုင်ကလည်း စောနက်ကြယ်နားကို အပြေးရောက်လာပြီး သူနှင့် မျက်နှာချင်းဆိုင် နေရာမှာ နီးကပ်စွာ အတူထိုင်ပြီး ဒဏ်ရာကြောင့် နာကျင်နေသော စောနက်ကြယ်မျက်နှာကို ကြည့်ကာ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိအောင် မျက်နှာပျက်လျက်ရှိ၏။

"ဦးစောနက်ကြယ် သိပ်နာနေလားဟင်၊ ထနိုင်ရဲ့လား





ဟင်၊ ပချုပ်လက်ကိုတွဲပါ၊ ပချုပ် တွဲထူပါရစေနော်"

စိုးရိမ်ပူပင်ခြင်းတွေနှင့် ပျာယာခတ်နေသည့် မြပချုပ်တစ်ယောက် စောနက်ကြယ်၏ ကြီးမားကြံ့ခိုင်သော ကိုယ်ကြီးကို နုနွဲ့လှသော အင်အားလေးဖြင့် ဆွဲယူတွဲထူဖို့ ကြိုးစားနေမိသည့် အဖြစ်က သေချာတွေးကြည့်ရင် ရယ်စရာဖြစ်နေမည်ထင်ပါသည်။

ဒါပေမယ့် ဘယ်သူမှမရယ်ကြ။

သူမကြောင့် စောနက်ကြယ် ဒဏ်ရာပြင်းပြင်းထန်ထန်ရသွားတာကို သူမမျက်စိနှင့် တပ်အပ်မြင်ခဲ့သည့်အဖြစ်က ရင်တုန်စရာ။ စောနက်ကြယ်သာ သူမနေရာမှ ဝင်မခံခဲ့ရင် အခုချိန်ထိ မြပချုပ် ဘာဖြစ်နေမည်ကို သူမကိုယ်တိုင်လည်း မတွေးရဲသည့်အဖြစ်ပါ။

"အား…ကျွတ်…ကျွတ်"

"အို"

မထိတရိ အမြဲလိုပြုံးရယ်နေသည့် စောနက်ကြယ်မျက်နှာ ရှုံ့တွခနဲ ပျက်သွားတာကိုကြည့်ပြီး မြပချုပ်ရင်မှာ ထိတ်ခနဲဖြစ်သွားသည်။ ဒီလောက်ဆို စောနက်ကြယ်၏ အခြေအနေကို နားလည်လိုက်ပြီဟု ဆိုရမည်။

"ဒုက္ခပါပဲရှင်…ဆေးရုံပို့မှဖြစ်မယ်၊ ဒီမှာ ဦးစောနက်ကြယ် ကျွန်မကို တွဲပါနော်"

ဇွတ်အတင်း စောနက်ကြယ်ကိုယ်ကြီးကို တွဲယူထူမဖို့ ကြိုးစားနေသော မြပချုပ်ကိုကြည့်ပြီး နာကျင်သည့်ကြားက စောနက်

www.burmeseclassic.com

www.burmeseclassic.com



ကြယ် တစ်ချက်ပြုံးလိုက်မိသည်။

"ဘယ်လိုလဲအမိ ကျုပ် ဒဏ်ရာရနေတာကို အခွင့်ကောင်းယူပြီး ကျုပ်လက်ကို တမင်အသားယူပြီး ကိုင်ချင်တိုင်းကိုင်နေတာတော့ မဟုတ်ပါဘူးနော်"

"ဟင်"

အခုမှ စောနက်ကြယ် လက်ဖဝါးနွေးနွေးပြည့်ပြည့် ညိုညိုကြီးကို ဖယောင်းသွယ်လို ဖြူနုဝင်းဝါသော လက်ကလေးများဖြင့် တင်းကြပ်စွာ ဆွဲယူဆုပ်ကိုင်ထားမိသည့် သူမအဖြစ်ကို သတိထားမိသွားကာ စောနက်ကြယ်ဆိုသည့်လူကို ရန်တွေ့စကားဆိုရန် ဖျတ်ခနဲ မော့ကြည့်ခိုက်မှာ…

စောနက်ကြယ်ဆိုသည့်လူကပင် သူ့အနားမှာ စိုးရိမ်တကြီး မျက်စိမျက် မျက်နှာပျက်နှင့် အတူရှိနေသော မြပချူပ်၏ ကိုယ်လေးကို ပေါ့ပါးသက်သာစွာ အလွယ်တကူ ထူမခြင်းခံလိုက်ရ၏။

"ကိုင်း…ကျုပ်တို့ အခုပဲ ဆေးရုံကိုသွားကြရလိမ့်မယ်၊ ရော့…ဟောဒီမှာ ကားသော့ ကျုပ်ကားကို မင်းပဲမောင်းပြီး ကျုပ်ပြောတဲ့ဆေးရုံကို မောင်းပို့ပေတော့"

"အင်"

စောနက်ကြယ်၏ လင့်ခရုဆာကားဖြူကြီး၏ ကားသော့က မြပချူပ်လက်ထဲကို ရောက်လာ၏။ ရိုးရိုးရောက်လာရခြင်းတော့ မဟုတ်။

စောနက်ကြယ်က မြပချူပ်၏ လက်ကလေးတစ်ဖက်ကို





သူ့လက်ကြီးများဖြင့် ပိုင်ပိုင်နိုင်နိုင်ဆွဲယူပြီး သူ့ကားသော့ကို ဘောင်းဘီအိတ်ထဲက နှိုက်ယူကာ မြပချူပ် လက်အတွင်းသို့ ထည့်ပေးလာခြင်းဖြစ်သည်။

မြပချူပ်မှာ စောနက်ကြယ်၏ ပိုင်စိုးပိုင်နင်း အမူအရာကို စိတ်မှာ ထောင်းခနဲ ဒေါသဖြစ်သွားရသော်လည်း သူမကို ကာကွယ်ပေးရာမှ ရလာခဲ့သည့် ဒဏ်ရာကို အကြောင်းပြု၍ ဖြစ်လာရသောကိစ္စတွင် တာဝန်အရှိဆုံးလူမှာ မြပချူပ်ဆိုသည့် သူမကိုယ်တိုင်ဖြစ်နေ၍ ဒဏ်ရာရထားသည့်သူအဖြစ် စောနက်ကြယ်၏ အပြုအမူကို မကြိုက်လှသော်လည်း အသာမြဲနေလိုက်သည်။

"ဒီမှာအမိ…မင်းလက် ကျုပ်ကို ခဏပေးစမ်း"

အတူယှဉ်လျှောက်နေရာမှ စောနက်ကြယ်က မြပချူပ်ဘက်ကို ရုတ်တရက်လှည့်ပြီး သူ့လက်တစ်ဖက်ကို သူမရှိရာသို့ ဆန့်တန်းရင်း ပြောလိုက်ဖြစ်ရာ မြပချူပ်မှာ အံ့ဩလျက်နှင့်ပင် ယောင်နနဖြစ်ကာ သူမလက်ကလေးတစ်ဖက်ကို စောနက်ကြယ်၏ ကမ်းပေးထားသော လက်ထဲသို့ ညင်သာစွာ ထည့်ပေးလိုက်မိသည်နှင့်…

စောနက်ကြယ်ဆိုသည့်လူက ဘာစကားတစ်ခွန်းမှ မဆိုဘဲ မြပချူပ်လက်ကလေး ပိုင်နိုင်စွာ ခပ်တင်းတင်းဆုပ်ကိုင်ပြီး ခြေလှမ်းကျဲကြီးများဖြင့် သူမရှေ့မှ ဦးဆောင်လျှောက်သွားရာ မြပချူပ်မှာ သူဆွဲခေါ်ရာသို့ အတူပါလာရ၏။

ခန့်ညားချ ကျက်သရေရှိလှသော လူညိုထွားကြီးနှင့်

www.burmeseclassic.com



ဖြူဖြူနုနုနှင့် လှပ၍ ချစ်စဖွယ်ကောင်းလှသော မိန်းမလှလေးတို့၏ လနှင့်နေလို လိုက်ဖက်ညီလှသော စုံတွဲကို မြင်ရသူအပေါင်းမှာ စိတ်ဝင်တစား တအံ့တသြ ကြည့်သွားကြသည်။

မြပချုပ်မှာ ရုတ်တရက်မို့ သူမကို စောနက်ကြယ်ဆိုသည့် သူက တစ်ပတ်ရိုက်၍ လှလည်ကျနေသည့် အဖြစ်ကို ရုတ်တရက် မရိပ်မိသေး။

နောက်မှ တဖြည်းဖြည်းချင်း သဘောပေါက်လာရကာ သူမလက်ကလေးကို စောနက်ကြယ်လက်ထဲက ရုန်းဖယ်လိုက်သည်။

"ဒါဘာလုပ်တာလဲရှင့်၊ ခဏဆိုပြီး ကိုင်ထားလိုက်တာ ကျွန်မလက်ကို လွှတ်ပါ"

"ကျုပ်လက်ကဒဏ်ရာ ဘယ်လောက်နာနေတယ်ဆိုတာ မင်းသိရဲ့လား"

"ရှင့်ဒဏ်ရာက နာတာနဲ့ ကျွန်မလက်ကို ကိုင်ထားတာနဲ့ ဘာဆိုင်လို့လဲရှင့်"

"ဘယ့်နှယ့်မေးလိုက်တာလဲ ကလေးမရယ်၊ အခု ကျုပ်ရခဲ့တဲ့ဒဏ်ရာဟာ မင်းကြောင့်ရတာပဲ၊ ဒီတော့ ကျုပ်ဒဏ်ရာ သိပ်နာနေချိန်မှာ အနည်းဆုံး မင်းလက်တစ်ဖက်လောက်ကို ကျုပ် ကိုင်ထားသင့်ပါတယ်"

"ရှင်...ရှင်"

မြပချုပ်သည် စောနက်ကြယ်ကို ဘယ်လိုရန်တွေ့စကား





ဆိုရမှန်းမသိတော့ဘဲ တရှင်ရှင်နှင့် စကားရှေ့မဆက်နိုင်ဘဲ ဖြစ်နေချိန်မှာ စောနက်ကြယ်က မြပချုပ်၏လက်ကို ပိုင်ပိုင်ဆွဲကိုင်လျက် လူအများကြားမှာ ခပ်တည်တည် မျက်နှာနှင့်ပင် သူမလက်ကို ဆွဲခေါ်သွားရာ မြပချုပ်မှာ သူမတို့ကို ဝိုင်းကြည့်နေသည့် လူအများရှေ့မှာ ဣန္ဒြေမပျက်လိုစွာ အသာတကြည်လိုက်ပါခဲ့ရပါတော့သတည်း။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

မြပချုပ်သည် စောနက်ကြယ်၏ ညွှန်ကြားအမိန့်ပေးသည့်အတိုင်း စောနက်ကြယ်၏ ကားကြီးကို ဒရိုင်ဘာအဖြစ် အပြင်းမောင်းနေလျက်က သူမဘေးခုံတွင် အခန့်သားအမူအရာနှင့် လိုက်ပါလာသော စောနက်ကြယ်၏ ပုံစံကိုကြည့်ကာ သူမစိတ်မှာ အတော်ကို မအီမသာနှင့် အောင့်သီးအောင့်သက် ဖြစ်နေပါသည်။

သူမအပေါ် ကျရောက်လာမည့် အသက်အန္တရာယ်ကို ဝင်ရောက်ကာကွယ်ပေး၍ ရရှိလာခဲ့သော ဒဏ်ရာနှင့် လူနာသာ ဖြစ်မနေခဲ့လျှင် ဤမျှလောက် စိတ်ရှည်သည်းခံနိုင်မည်မဟုတ်ခြင်းကိုက မေးနေစရာပင် မလိုပါချေ။

တခြားတစ်နေရာမှာသာ အခုလိုပုံစံမျိုးနှင့် အခုလိုအချိုးမျိုးသာ ချိုးလို့ကတော့ စောနက်ကြယ်တွင် ဒဏ်ရာရှိရှိမရှိရှိ မြပချုပ်ဘက်က ဂရုစိုက်ထည့်တွက်နေမည်မဟုတ်။

သူမအပေါ် လူလည်ကျသမျှ ထိုလူ့ကို တစ်ခုခုတော့





လက်တုံ့ပြန်မိမည်က အသေအချာဖြစ်၏။ အခုတော့ မြပချုပ်မှာ စောနက်ကြယ် လူလည်ကျသမျှ ခေါင်းလေးတညိတ်ညိတ်နှင့် အခံရခက်နေ၏။

"ကျွန်မကြောင့် ဒဏ်ရာရလာတယ်ဆိုပြီး ရှင့်ကို ဒီလောက်သည်းခံခွင့်လွှတ်နေတာကို ရှင့်ကိုယ်ရှင် သိပ်ဟုတ်နေပြီလို့ မထင်လိုက်ပါနဲ့၊ နောက်ကို ကျွန်မ မကြိုက်တဲ့ အပြုအမူမျိုး ထပ်မလုပ်မိဖို့ အခုထဲက ဆင်ခြင်ပါ"

"ကျုပ်ကိုပြောတာလား"

"ရှင့်ကိုမပြောလို့ ကျွန်မက ဘယ်သူ့ကိုပြောရမှာလဲ"

ကားထဲမှာ နှစ်ယောက်အတူ ကပ်ထိုင်နေပါလျက် သူ့ကိုပြောတာလားဟု မေးလာသော စောနက်ကြယ်ကို မြပချုပ် စိတ်ဆိုးဆိုးနှင့် မျက်စောင်းတစ်ချက်ရွယ်လိုက်မိသည်။

"စကားပြောရင် နာမည်လေးဘာလေး ထည့်ပြောမှပေါ့ အမိရဲ့"

"ရှင့်နာမည်ကို မခေါ်ချင်လို့"

"ကျုပ်နာမည်ကို မခေါ်ချင်ဘူးဆိုရင်လည်း တခြားနာမစားတစ်ခုခု ပြောင်းခေါ်ပေါ့၊ ဦးတို့ ကိုကြီးတို့ ခေါ်တာမျိုးတော့ ကျုပ်မကြိုက်ဘူး၊ မင်းခေါ်ချင်သပဆိုရင်တော့ ကိုကိုလို့ ခေါ်ချင်ခေါ်၊ ဖြဲသလိုမှ မခေါ်ချင်ဘူး မောင်တို့ ကိုတို့ ခေါ်ချင်ပါတယ်ဆိုတာမျိုးတော့ ခွင့်မပြုဘူး၊ နားရှက်တယ်"

"အံမယ်…စကားပြောပုံက စီးစီးပေ ျာကျော ရှင်လိုလူ



www.burmeseclassic.com

www.burmeseclassic.com



ကို ဘယ်သူကများ မောင်တို့ ကိုတို့ ခေါ်မှာလဲ''

''ပြောပြီးပြီလေ မင်းခေါ်ချင်လှပါချည်ရဲ့လို့ ပူဆာနေရင်တောင် ကျုပ်က ခွင့်မပြုပါဘူးဆို''

''စိတ်ပျက်စရာကောင်းတဲ့လူပဲ''

မြပချုပ်မှာ စောနက်ကြွယ်ဆိုသည့် လူအပေါ် ဒေါသဖြစ်ရလွန်းလို့ ဘာဆက်ပြောရမှန်းမသိဖြစ်ကာ မခံချိမခံသာ ညည်းညူလိုက်မိသည်။

''ရှေ့မှာ ရောက်ပြီအမိ၊ ညာဘက်ကို ကားချိုးကွေ့ပြီး ဝင်လိုက်''

''ကျိုး''

''အဲ...ဟုတ်ပြီ၊ ဟောဟိုရှေ့နားမှာ ကားကိုရပ်ပါ''

သိပါတယ်၊ အဲဒီလောက်အထိ ကျွန်မကို ဆရာမလုပ်ပါနဲ့ဟု ပြောချင်ပေမယ့် ထိုစကားလုံးကို မြပချုပ်ရင်ထဲမှာပဲ အသာမျိုသိပ်ထားလိုက်ပါသည်။ သူပြောသည့်အတိုင်း သူညွှန်ပြသည့် ဆရာဝန်များသာဟု ညွှန်ကြားထားသည့် နေရာမှာ သူမမောင်းလာသည့် စောနက်ကြွယ်ကားကြီးကို ရပ်တန့်လိုက်သည်။

ထို့နောက် ကားပေါ်မှာ နှစ်ယောက်အတူ ဆင်းပြီး ဆေးရုံထဲ လှမ်းအဝင် စောနက်ကြွယ်က ရုတ်တရက် သူမလက်ဖြူဖြူလေးတစ်ဖက်ကို သူ့လက်ကြီးဖြင့် ဖျတ်ခနဲ ဆွဲယူဖမ်းဆုပ်လိုက်ရာ မြပချုပ်၏ ဖြူသောမျက်နှာလေးမှာ ရဲခနဲဖြစ်သွားရသည်။

''ဘယ်လိုလုပ်တာလဲရှင်''





''ဖယ်ပါ''

မြပချုပ်မှာ သူမလက်ကလေးကို စောနက်ကြွယ်လက်ထဲက ကျိတ်ရုန်းပေမယ့် သူကမလွှတ်။ ပို၍တင်းကြပ်စွာ ဆုပ်ကိုင်ထားရင်း...

''ကျုပ်ဇာတ်ရာ သိပ်မှာနေပြီကွ၊ ဒီလောက်တော့ မင်းဘက်က သည်းခံနိုင်ရမှာပေါ့''

''ဟင်''

''ရှုန်းလားကန်လား သိပ်လုပ်မနေနဲ့၊ ဟိုမှာ မင်းနဲ့ကျုပ်ကို ငေးကြည့်နေတဲ့လူတွေ မြင်လား တော်ကြာ လင်မယားနှစ်ယောက် ...တ်ဆိုးပြီး ရန်ဖြစ်တယ်ထင်နေမယ်''

''မင်းအတွက်တော့ မပြောတတ်ဘူး၊ ကျုပ်ကတော့ ...ုပ်နဲ့ ဘာမှမဆိုင်တဲ့ သူစိမ်းမိန်းမတစ်ယောက်ကို ကျုပ်မိန်းမလို့ ...ထင်ခံရမှာ အကြောက်ဆုံးပဲ''

''အို''

မြပချုပ်မှာ လူတွေကြားဖြစ်နေ၍သာပါ။ ထိုသို့သာ ...ုတ်လို့ပါက စောနက်ကြွယ်ဆိုသည့် လူ၏မျက်နှာကို တစ်သက် ... မမေ့နိုင်အောင် ခပ်ပြင်းပြင်းလေး ရိုက်နှက်ဆုံးမပစ်လိုက်မိမှာ ...ချာပါသည်။

သူလိုလူကများ မြပချုပ်လို မိန်းကလေးတစ်ယောက်နှင့် ...ူ တွဲသွားမိလို့ သူမကို သူ့မိန်းလို့ ထင်သွားမှာကို အကြောက် ...ဆိုပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်…ကျွန်မလက်ကို အခုလွှတ်လိုက်စမ်း စောနက်ကြယ်"

ဆတ်ဆတ်ခါနာသွားသော လေသံနှင့် မြပချုပ်က သူ့နားကိုကပ်ပြီး ခပ်တိုးတိုး ကျိတ်ပြောလိုက်သလို သူမလက်ကိုလည်း ခပ်ဆောင့်ဆောင့်လေး ရုန်းဖယ်လိုက်၏။ သို့သော် မြပချုပ်မှာ စောနက်ကြယ် လက်က လွှတ်မသွား။ အသက်ငါးဆယ်ကျော် လူတစ်ယောက် သူမတို့နားရောက်လာပြီး စောနက်ကြယ်ကို လာနှုတ်ဆက်သဖြင့် မြပချုပ်မှာ ဘာမှဆက်ပြောခွင့်မသာဘဲ ငြိမ်နေလိုက်ရ၏။

"ရောက်လာပြီလား မောင်စောနက်ကြယ်၊ လာ…လာ အန်ကယ်နောက် တစ်ခါထဲလိုက်ခဲ့"

"ဟုတ်ကဲ့ အန်ကယ်"

စောနက်ကြယ်က မြပချုပ်၏ လက်ကိုမလွှတ်ဘဲ အရိုးအကြောအထူးကုဆရာဝန်ကြီး ဦးမြဖူးဆိုသည့် ဆိုင်းဘုတ်ပြာလေး ချိတ်ဆွဲထားသော အခန်းထဲဝင်သွားသော လူကြီးနောက် တောက်လျှောက်ဝင်လိုက်သွားရာ ထိုအခါမှ စောနက်ကြယ်ဆိုသည့် လူကို ကိုယ်တိုင်လာကြိုဆိုသူမှာ အထူးကုဆရာဝန်ကြီးကိုယ်တိုင် ဖြစ်ကြောင်း သိလိုက်ရပေသည်။

"ကဲ…မင်းအင်္ကျီတွေ ချွတ်ပါဦးကွာ၊ ဒဏ်ရာအခြေအနေ ကြည့်ရအောင်"

"ကျုပ်…အင်္ကျီကို ချွတ်ပေးပါဦး မြပချုပ်"





မြပချုပ်မှာ စောနက်ကြယ်ကို တစ်စုံတစ်ရာ ပြန်ပြောလိုလှပါသော်လည်း လူနာလည်းဖြစ်နေ၊ အနားမှာလည်း အထူးကုဆရာဝန်ကြီးကလည်း ရှိနေတာမို့ ရေငုံနှုတ်ဆိတ်နေလိုက်ကာ စောနက်ကြယ်၏ ရှပ်အင်္ကျီကြယ်သီးများကို ဖြူနုသော ဖယောင်းသွယ်လက်ကလေးများဖြင့် အသာအယာ ဖြုတ်ပေးနေလိုက်ရပါသည်။

"မင်းဇနီးလား"

"မဟုတ်ပါဘူးရှင်"

"လက်ထပ်မယ့်သူပါ အန်ကယ်၊ ကျွန်တော်တို့ မင်္ဂလာဆွဲကြရင် အန်ကယ်ဖူးကိုယ်တိုင် မင်္ဂလာလက်စွပ် ချီးမြှင့်ပေးပါ"

"သိပ်ဖြစ်တာပေါ့…မင်္ဂလာရက်ကို သာပြောပါ အန်ကယ်ဖူးက မင်းကို မင်္ဂလာလက်ဖွဲ့ ကောင်းကောင်းချီးမြှင့်မယ်"

"သင့်ခ်ယူ…အန်ကယ်"

"သိပ်မကြာပါဘူးအန်ကယ်၊ မင်္ဂလာဖိတ်စာလာပို့တော့မှာပါ"

"အိုကေ…အိုကေ လက်ကဒဏ်ရာကို အရင်စစ်ကြရအောင်"

"ကောင်းပါပြီ အန်ကယ်"

နှစ်ယောက်တည်း ရေပက်မဝင်နိုင်အောင် ပြောသွားသည့် စကားတွေထဲ မြပချုပ် ဘာတစ်ခုမှ ဝင်မပါနိုင်ဘဲ ဒဏ်ရာကို ဦးတည်စစ်ဆေးနေတာမို့ ဘေးကနေ အသာရပ်ကြည့်နေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလူနှင့်တော့မလွယ်။

သူစိတ်ထင်ရာတွေ လျှောက်ပြော လျှောက်လုပ်နှင့် စိတ်မှ မှန်ရဲ့လားမသိ။ အပေါ်ပိုင်းအင်္ကျီမပါ ဗလာကျင်းထားသဖြင့် ကျယ်ပြန့်မြင့်မောက်သော ရင်အုပ်အပေါ်ပိုင်းရှိ မာကျောကျစ်လစ်သော ရင်ပြင်တစ်လျှောက် စိမ်းမြသော မွေးညှင်းများရှိရာသို့ မကြည့်မိအောင် အကြည့်ကို လွှဲထားလိုက်မိသည်။

လွတ်လပ်ကျယ်ပြန့်သော ရင်ခွင်ထဲကို မိန်းမတွေ ဘယ်နှစ်ယောက်လောက်များ တွေးသိပ်အိပ်စက်စေခဲ့ပြီးပြီလည်းဆိုသည့် အတွေးက မြပချစ် ဦးခေါင်းထဲ ဘယ်နေရာက ဝင်ရောက်လာခဲ့သည်မသိပါ။

"မင်းတော်တော်ကံကောင်းသွားတယ်၊ အရိုးကိုထိသွားတယ်ဆိုပေမယ့် သိပ်ဆိုးဆိုးရွားရွားကြီးတော့ မဟုတ်ဘူး၊ ဆေးပတ်တီးစီးပြီး တစ်ပတ်ဆယ်ရက်လောက် ဘာတစ်ခုမှ မလှုပ်ရှားဘဲ လက်ကို ငြိမ်နိုင်သမျှငြိမ်နေပေါ့ ဟုတ်လား"

"ကဲ…ဆရာမရေ လူနာအတွက် လိုအပ်တာလေးတွေ လုပ်ရအောင် ဆရာ့ကိုကူပါဦးဗျာ"

အပြာဝတ်ဆရာမရောက်လာပြီး ဆရာကို ဝင်ကူပေးပါသည်။

"အကြာကြီးပါလား အန်ကယ်၊ အဲဒီလောက် အချိန်အထိ အိမ်မှာ ကျွန်တော်တစ်ယောက်တည်း ငြိမ်နေနိုင်မယ်မထင်ဘူးဗျာ"

"မင်းဇနီးလောင်းကို ခေါ်ထားပြီး ပြုစုခိုင်းပေါ့ကွ၊ အနည်း





ဆုံးတော့ မင်္ဂလာဆောင်ပြီး ဘယ်ကိုဟန်နီးမွန်းထွက်ရင် အဆင်ပြေမလဲဆိုတာမျိုးတော့ တိုင်ပင်ရတာပေါ့၊ မဟုတ်ဘူးလား ကလေးမရယ်"

"သူ့နာမည်က မြပချစ် အန်ကယ်"

"မင်းလိုကောင်မျိုးကို ပချစ်ထဲ ထည့်ထားသင့်တာ ကြာပြီပဲကွ၊ ဒီကောင်ကို ယောင်လို့တောင် နည်းနည်းမှအလိုမလိုက်နဲ့နော် မြပချစ်၊ စောနက်ကြယ်ဆိုတဲ့လူဟာ မြွေသတ္တဝါတစ်ကောင်နဲ့ ဘာမှမထူးဘူး"

"ကျွန်မ ပြောပါရစေဦးရှင်"

"ကျွန်တော့်ကို အရပ်အဆိုးဆုံးသတ္တဝါနဲ့တော့ မနှိုင်းပါနဲ့ဗျာ၊ မြွေသတ္တဝါဆိုတာ မိန်းမတွေရဲ့ အခိုင်းအနှိုင်းခံ သတ္တဝါတစ်မျိုးပါ၊ ဥပမာ လျှာနှစ်ခွနဲ့မိန်းမ ဘာညာပေါ့ဗျာ"

"မိန်းမချည်းမဟုတ်ပါဘူးရှင်၊ ယောကျ်ားတွေမှာလည်း လျှာနှစ်ခွတင် ဘယ်ကပါ့မလဲ လျှာသုံးလေးခွတောင် ရှိကြသေးတယ်"

မြပချစ်မှာ ဆရာဝန်နှင့်လူနာ ဆေးပတ်တီးစည်းရင်း ရောက်တတ်ရာရာ ပေါက်ကရပြောသမျှ စကားများကို သည်းမခံနိုင်သည့်အဆုံးမှာ သူမပါဝင်ပြောလိုက်တော့ စောနက်ကြယ်က တင်းနှိန့်လုံး စုပုပ်နေသော မြပချစ်မျက်နှာကိုကြည့်ကာ သဘောကျသလို ရယ်မောလိုက်သည်။

"အဟွန်း…ဟွန်း…ဟွန်း"



www.burmeseclassic.com

www.burmeseclassic.com



"မြပချုပ်ကိုကြည့်ရတာ အဲဒီယောက်ျားမျိုးကို မင်းကိုယ်တိုင် တွေ့ဘူးပုံပဲ"

အနားက လုံးဝပတ်တီးစီးပြီးသွားပြီမို့ ဆရာဝန်ကြီးနှင့် ဆရာမတို့ လက်ဆေးနေချိန်မှာ နှစ်ယောက်တည်းအတူရှိနေတုန်း ကျိတ်စကားဆိုနေကြခြင်းဖြစ်သည်။

"သိပ်မြင်ဘူးတာပေါ့ရှင်…တခြားဝေးဝေးမှာတောင် မဟုတ်ဘူး အခု ကျွန်မ မျက်စိရှေ့ရှေ့မှာ ရှိနေတဲ့လူပဲ"

"သေချာမှပြောနော် မြပချုပ်၊ ဒီလိုမှမဟုတ်ရင် ကျုပ် မြပချုပ်ကို စိတ်ဆိုးမိမယ်"

"ဘာတွေသေချာနေတာလဲ မောင်စောနက်ကြယ်၊ မင်း အဝတ်တွေ ပြန်ဝတ်လိုက်ဦး၊ ဆေးခန်းကိုတော့ နောက်တစ်ပတ်မှာလာခဲ့၊ အခုဆေးထိုးမယ်၊ သောက်ဆေးလည်း ပေးလိုက်မယ်"

"ဟုတ်ကဲ့ပါ အန်ကယ်ဖူး"

"ကိုင်း…မြပချုပ် ကျုပ်အင်္ကျီဝတ်ဖို့ တဆိတ်ကူစမ်းပါဦးဗျာ"

မြပချုပ်မှာ အနားမှာ ဆရာဝန်ကြီးရှိနေသဖြင့် ဆူအောင့်အောင့်နှင့်ပင် စောနက်ကြယ်အဝတ်များကို ကူဝတ်ပေးလိုက်ရသည်။ ဆရာဝန်ကြီးရှေ့မှာ အဖြစ်မှန်ကို ရှင်းပြချိန်မရ။ သူမပြောမည့် စကားကို ကြိုသိနေသော စောနက်ကြယ်ကလည်း မြပချုပ်ကို သူတို့နှစ်ဦးကြား ဘာတစ်ခုမှ ဝင်ပြောရန် အခွင့်မပေး။

"ကျွန်တော်တို့ကို ခွင့်ပြုပါဦး အန်ကယ်"





"ကောင်းပြီ…ကောင်းပြီ နောက်မှပြန်ဆုံကြတာပေါ့ ဟုတ်လား"

"ခွင့်ပြုပါဦးရှင်"

"ကောင်းပြီ"

မြပချုပ်လည်း ဆရာဝန်ကြီးကို သူနည်းတူ လိုက်နှုတ်ဆက်ပြီး စောနက်ကြယ်နှင့်အတူ လိုက်ပါလာခဲ့သည်။ ဒီတစ်ခါတော့ မြပချုပ်ကိုယ်တိုင် ပါးသွားပြီဖြစ်သည်။ စောနက်ကြယ်နားမှာ အတူကပ်ပြီး မလျှောက်ဘဲ တမင်ခပ်ခွာခွာကလျှောက်တော့ စောနက်ကြယ်က ဘောင်းဘီအိတ်ထဲ လက်တစ်ဖက်ကို နှိုက်ထားရင်း သူမဘက်ကို လှည့်ကြည့်၏။

"လာလေ…မြပချုပ် ဘာဖြစ်လို့ ကျုပ်နဲ့အတူလိုက်မလာ ထဲ၊ နောက်ချန်နေရစ်ခဲ့ရတာလဲ"

"ရှင်နဲ့အတူ မသွားချင်လို့ပေါ့ရှင့်"

"ဆေးရုံကိုတောင် အတူလက်ချင်းချိတ်တွဲပြီး ရောက်လာခဲ့ပြီးမှ ဘယ်နှယ့် အခုမှ အတူမသွားချင်ဘူးဖြစ်ရတာလဲဗျာ"

သူက မြပချုပ်ကို ရပ်စောင့်ပြီး ခေါ်နေတာမို့ မြပချုပ်မှာ သူနှင့်အတူ ဖြစ်သွားရခိုက် စောနက်ကြယ်က သူမမျက်နှာလှလှလေးကို ငုံ့ကြည့်ရင်း ပြောလိုက်ခြင်းဖြစ်ရာ မြပချုပ်မှာ လှမ်းလက်စခြေအစုံကို ရပ်ပစ်လိုက်၏။

"ရှင် ဘာစကားပြောတာလဲ၊ ဘယ်တုန်းက လက်ချင်းတွဲပြီး အတူလာခဲ့လို့လဲ၊ ရှင်သာ ကျွန်မလက်ကို ဇွတ်အတင်းဆွဲပြီး



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လာတာမဟုတ်လား''

''ဒါပေမယ့်''

''အို…တော်ပြီ…တော်ပြီ ရှင်နဲ့လည်း အတူဆက်မသွားနိုင်တော့ဘူး၊ ရှင့်ကားကိုလည်း ကျွန်မ မောင်းမပေးနိုင်ဘူး။ ရှင့်ဘာသာ ကြိုက်သလိုပြန်တော့ ဒါပဲ''

''ဟိတ်…ဒီလိုလုပ်လို့မရဘူးလေ''

''ဘာလို့မရရမှာလဲ၊ ရှင် ကားမမောင်းနိုင်ရင် ကားဒရိုင်ဘာတစ်ယောက် လွှတ်ပေးလိုက်မယ်''

''မြပချူပ်''

''အိုး…ရှင်ဘယ်လိုလုပ်တာလဲ''

''လာပါ…ကျုပ်နဲ့လိုက်ခဲ့၊ ကျုပ်ကားကို မင်းကလွဲပြီး တခြားဘယ်သူမောင်းတာကိုမှ မကြိုက်ဘူး၊ မင်းပဲ ကျုပ်ကို ဒီအထိ ခေါ်လာတာ၊ အခုလည်း မင်းကိုယ်တိုင်ပဲ ကျုပ်ကားကို မောင်းပြီး ကျုပ်အိမ်ကိုလိုက်ပို့''

''ရှင်နော်…ဖယ်ဆို''

''အို''

မြပချူပ်မှာ သူ့လက်တစ်ဖက်ကို ပိုင်ပိုင်ဆွဲကိုင်ပြီး သူ့အားကြီးနှင့် အနိုင်ကျင့်ခေါ်ရာသို့ မလှုပ်သာမလူးသာ အတူပါလာရာမှ စောနက်ကြယ်လုပ်ပုံတွေကို ဒေါသအလိပ်လိုက် ထွက်နေပါသည်။

လူတွေကြားထဲမှာ အားလုံး၏အကြည့်တွေအောက်မှာ





စောနက်ကြယ်ဆိုသည့်လူနှင့် မြပချူပ်ဘက်က အပြိုင်မမိုက်ရဲပါ။

ကိုယ်က မိန်းမသားမို့ ယောကျ်ားတစ်ယောက်နှင့် ဖက်ပြိုင်နေဖို့လည်း သတ္တိမရှိ။ ဒီတော့ စိတ်ကို အတတ်နိုင်ဆုံး လျှော့ချပြီး သူခွဲခေါ်ရာသို့ အတူပါအလာ…

''သမီးနဲ့ မောင်စောနက်ကြယ်ပါလား''

''ဒက်ဒီ''

''အန်ကယ်တစ်ယောက်တည်းလား ခင်ဗျာ''

မြပချူပ်မှာ ဒက်ဒီကို ဖြန်းစားကြီး တွေ့လိုက်ရ၍ ထိတ်လန့်တုန်လှုပ် ချောက်ချားသွားရသလောက် စောနက်ကြယ်ဆိုသည့်လူကတော့ မြပချူပ် လက်ကလေးတစ်ဖက်ကို ဒက်ဒီ့ရှေ့မှာပင် ဆုပ်ကိုင်မပျက်။ ပြုံးရွှင်ရယ်မောလျက် ဘာမှမဖြစ်သလိုပင် နှုတ်ဆက်ရယ်မောနိုင်ပေသေးသည်။

''ဟိုမှာလေ မင်းအန်တီလည်းပါတယ်၊ သမီးနဲ့ မောင်စောနက်ကြယ်ကိုလည်း မင်းတို့အန်တီကပဲ တွေ့တာလေ''

''နေကောင်းတယ်နော် အန်တီ''

''ကောင်းကောင်းမမာဘူးကွဲ့ မောင်စောနက်ကြယ်ရဲ့၊ အဲကြောင့် ဆေးရုံကို ရောက်လာရတာပေါ့''

''ဒါနဲ့ မောင်စောနက်ကြယ်လက်က ဘာဖြစ်တာလဲ၊ သမီးနဲ့ရော ဘယ်လိုလုပ်တွေ့ကြတာလဲ''

ပထမဆုံး ဒက်ဒီ့ထံမှ စူးစမ်းမေးမြန်းသော စကားများပြီး စူးရှထက်မြက်သော ဒက်ဒီ့မျက်ဝန်းအစုံကလည်း စောနက်ကြယ်



www.burmeseclassic.com

www.burmeseclassic.com



နှင့် မြပချုပ်တို့နှစ်ယောက်၏ ရင်းနှီးကျွမ်းဝင်လှသော ဆက်ဆံရေး အပေါ်မှာ အမြော်ရှာပြီးဖြစ်ကြောင်း စောနက်ကြယ် ဆုပ်ကိုင်ထားဆဲ ဖြစ်သော မြပချုပ်၏ လက်ကလေးကို လှမ်းကြည့်လိုက်ခြင်းဖြင့် အဓိပ္ပါယ်များစွာ သက်ရောက်စေပါသည်။

အထူးသဖြင့် ဒေါ်ခင်စစ်ရင်၏ မျက်လုံးအကြည့်တွေက စောနက်ကြယ်နှင့်အတူ လက်ချင်းတွဲဆုပ်ထားသော မြပချုပ် ၀ာစ်ကိုယ်လုံးမှာ စူးစူးရှရှကြီး ကျရောက်နေခြင်းက မြပချုပ်ရင်ကို ပို၍ အခံရခက်စေပါသည်။

အထင်မြင်သေးသည့်အကြည့်။

မုန်းတီးရွံရှာ စက်စုပ်သောအကြည့်။

မုဆိုးမပုပ္ပန္ဒေးနွေးတစ်ယောက်က လင်ယောက်ျားသေပြီး လပိုင်းအတွင်းမှာပဲ တခြားယောက်ျားတစ်ယောက်နဲ့ တစ်ယောက် လက်တစ်ယောက်တွဲပြီး လူအများကြားမှာ ပြောင်ကျကျ ခပ်တည်တည်သွားလာနေပုံကို မနှစ်မြို့ဟန်က အထင်အရှား။

"ဒီကိစ္စကို ရှင်းပြဖို့ တော်တော်ရှုပ်မယ်ထင်တယ် အန်ကယ်၊ အဖြစ်က ဒီလိုခင်ဗျာ"

စောနက်ကြယ်က မြပချုပ်ပေါ် ကျရောက်မည့် အသက်အန္တရာယ်ကို လူခံထိုးဝင်ရောက် ကယ်တင်ဖယ်ရှားပေးပုံနှင့် သူ့ကားကို မြပချုပ်ကိုယ်တိုင်မောင်းပြီး ဆေးရုံကိုလိုက်ပို့ပြီး အပြန်မှာ စကားပြောအခန့်မသင့်ဖြစ်ရာမှ မြပချုပ်က သူ့ကားကို မောင်းမပေးတော့ဘဲ သူ့ကို ဒီအတိုင်း ပစ်ထားခဲ့မည်အလုပ်မှာ သူက သူ့





လက်လေးတစ်ဖက်ကို ထွက်ပြေးမသွားနိုင်စေရန် အခုလို ဖမ်းဆွဲထားရပုံများကို ရယ်ရယ်မောမော လွတ်လပ်ပေါ့ပါးစွာ ပြောဆိုနေပါသည်။

သူ့စကားအဆုံးမှာ မြပချုပ်က သူ့မလက်ကလေးကို စိတ်ဆိုးဒေါသဖြင့် တအားဆောင့်ရုန်းလိုက်ရာ သူက ရယ်မောရင်း…

"တွေ့လားအန်ကယ်၊ အန်ကယ့်သမီးကတော့ နည်းနည်းမှ မလွယ်ဘူးခင်ဗျာ၊ သူ့အသက်ကို ကယ်ပေးမိလို့ ဒဏ်ရာရသွားတဲ့ လူကိုတောင် ကျေးဇူးတင်ရကောင်းမှန်း သိတာမဟုတ်ဘူး"

"သူ့လက်ကို လူတွေကြားမှာ ဆွဲထားမိတာလေးနဲ့တင် ကျွန်တော့်ကို သတ်ပစ်ချင်နေလောက်ပြီ"

လူကြီးတွေရှေ့မှာ တိုင်တည်သလိုပြောကာ သူ့လက်ထဲက ရှုတ်ရုန်းနေသော မြပချုပ်လက်ကလေးကို အသာအယာဖြေလွှတ်ပေးလိုက်ပါသည်။

"ပချုပ် ပြန်တော့မယ် ဒက်ဒီ"

"မဟုတ်တာ သမီးရယ်၊ မောင်စောနက်ကြယ်မှာလည်း သမီးကို ဝင်ကယ်လိုက်လို့ လက်မှာလည်း ဒဏ်ရာကြီးနဲ့မဟုတ်လားကွဲ့၊ စိတ်ဆိုးတာတွေ၊ ဒေါသဖြစ်တာတွေ လျှော့လိုက်တော့၊ ကိုယ့်အသက်သခင် ကျေးဇူးရှင်ကို အိမ်အထိ သမီးကိုယ်တိုင် ကားမောင်းပြီး လိုက်ပို့ပေးလိုက်"

"ဒက်ဒီ"



www.burmeseclassic.com

www.burmeseclassic.com



"သွား…သွား ဒက်ဒီပြောတာပဲ နားထောင်၊ မောင်စောနက်ကြယ်ကိုလည်း အန်ကယ် သိပ်ကျေးဇူးတင်ပါတယ်ကွာ၊ အစုမင်းအန်တီကို ဆရာဝန်ကြီးနဲ့ပြဖို့ ချိန်းထားလို့ နောက်မှ မင်းနဲ့ ထပ်ဆုံကြတာပေါ့ ဟုတ်လား"

"ကဲ…သမီးလည်း သွားတော့၊ နေရာတကာ စိတ်လိုက်မာန်ပါ မလုပ်စမ်းပါနဲ့ကွယ်၊ သမီးက လိမ္မာပါတယ်"

"ကဲ…ကဲ သွားကြ…သွားကြ"

"ခွင့်ပြုကြပါဦးခင်ဗျာ"

"ကောင်းပြီ"

မြပချုပ်က ဒက်ဒီကိုယ်တိုင် အတင်းအကြပ် တိုက်တွန်းမှုဖြင့် အားလုံးရှေ့က ထွက်လာခဲ့ရသော်လည်း တစ်ချိန်လုံး ဘာစကားတစ်ခွန်းမှမဆိုဘဲ စောနက်ကြယ်နှင့် သူမတို့ လှုပ်ရှားမှုကို မျက်တောင်တစ်ချက်မခတ် ခပ်ပြုံးပြုံး မျက်နှာပေးနှင့် ခပ်လှောင်လှောင် ခပ်ရိရိ ကြည့်နေသော မိတ္ထွေးဖြစ်သူ ဒေါ်ခင်စစ်ရင်ကိုသာ ပို၍မုန်းနေမိသည်။

ဖြစ်ချင်တော့ ဒီနေ့ကြမှ တိုက်တိုက်ဆိုင်ဆိုင် မြပချုပ်နှင့် ဒီမိန်းမ လာဆုံနေရသည်။ ပြီးတော့ သူမနားမှာ စောနက်ကြယ်ဆိုသည့်လူကလည်း ရှိနေလိုက်သေးသည်။ ရှိတာတောင်မှ ရိုးရိုးရှိနေတာမဟုတ်။ မြပချုပ်လက်တစ်ဖက်ကို စောနက်ကြယ်ဆိုသည့်လူက ဖိုင်ဖိုင်ကြီး ကိုင်ဆွဲထားပြီး မြပချုပ်တို့နှစ်ယောက် အနေအထားကလည်း တစ်ယောက်နဲ့တစ်ယောက် နီးနီးစပ်စပ် ပူးပူးကပ်ကပ်။





ဒီမိန်းမအတွေးထဲမှာ မြပချုပ်ကို ဘယ်လိုတွေးနေမလဲဆိုတာ သူမ သိပ်သိတာပေါ့။ အိမ်ပြန်ရောက်ရင်လည်း ဒက်ဒီ့ကို သူမအကြောင်း ဘာတွေမကောင်းပြောဦးမည် မသိ။

ဒါတွေအားလုံးရဲ့ အဓိကတရားခံက တခြားသူမဟုတ်။ ဆိုလူ စောနက်ကြယ်ဆိုသည့်လူ အနေအထိုင်မတတ်လို့။ မြပချုပ်ကို ဒေါ်ခင်စစ်ရင်ဘက်က ပြောစရာဖြစ်စေခဲ့ရခြင်းဟု တွေးမိတော့ မြပချုပ်တစ်ကိုယ်လုံး ခါးသီးပူလောင်သွားသည်။

သူမ ကားပေါ်ကို စောနက်ကြယ်ရောက်ပြီဆိုတာနဲ့ လီဗာကို တစ်အားဖိနင်းပြီး နေရာက ဆောင့်ထွက်ပြစ်လိုက်တော့ စောနက်ကြယ်၏ ကားဖြူကြီးက နေရာမှ ဝေါခနဲ အရှိန်ပြင်းပြင်းထွက်သွားပုံက နတ်မြင်းပျံကြီးလို မြူးမြူးကြွကြွ။

ဖြစ်ချင်တော့ ရှေ့မှာ ကားတစ်စီးက မြပချုပ်ကားရှေ့ကို ဖြတ်တိုးဝင်လာတော့ ဘရိတ်ကို တအားဖိနင်းလိုက်ရ၏။

"ကျွိး"

ကားလမ်းနှင့် ဘရိတ်ဖိနင်းသည့် အရှိန်တို့ ပေါင်းစပ်ကာ အှယ်လောင်သော အော်မြည်သံတစ်ခု ပတ်ဝန်းကျင်ကို ဖုံးလွှမ်းသွားသည်။

"ဖြည်းဖြည်းသက်သာလုပ်ပါ အမိရယ်၊ မင်းသေချင်ပေမယ့် ကျုပ်က မသေချင်သေးဘူး၊ ပျော်စရာကောင်းတဲ့ ဟောဒီကမ္ဘာလောကကြီးထဲမှာ နောက်ထပ် အနှစ်ခြောက်ဆယ်လောက် ပျော်ပျော်ကြီးနေသွားစမ်းပါရစေဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဝေါ"

"ဝရော"

မြပချုပ်က သူနှင့်စကား အနိုင်ကျဲပြီး ပြောမနေတော့။ သူမတာဝန်ပြီးလျှင် နားအေးရောဆိုသည့် ပုံစံနှင့် ကားကို ဂရုစိုက်မောင်းနေလိုက်သည်။

ဒီလိုလူမျိုးနှင့် ကြာကြာနေလျှင် မြပချုပ်ပဲ မြန်မြန်အသက်တိုမှာ သေချာသည်။ ထို့ကြောင့် သူဘာပြောပြော ကားလီဗာကို ဖိနင်းလိုက်ရာ ပတ်ဝန်းကျင်ရှိ ရှုမျှော်ခင်းအားလုံး ကားနောက်မှာ တရိပ်ရိပ်ဖြစ်လျက် ကျန်ရစ်၏။



## အခန်း (၁၆)

"ခဏလောက်ပဲဖြစ်ဖြစ် ကျုပ်အိမ်ထဲကိုဝင်ထိုင်ပြီး ကော်ဖီလေးတစ်ခွက်လောက် သောက်သွားပါဦးလား မြပချုပ်ရယ်"

"မဝင်တော့ဘူးရှင့်၊ နောက်ပိုင်းမှာလည်း အလုပ်တွေ ဒီအတိုင်းပစ်ထားခဲ့ရတာ အိမ်အထိတောင် လိုက်ပို့ပေးပြီးပြီဆိုတော့ ကျွန်မတာဝန်ကုန်ပြီ"

"ဟောဒီမှာ...သော့၊ ကျုပ်အိမ်တံခါးကိုဖွင့်ဖို့ မင်းပဲ ကျုပ်ကို ကူညီလက်စနဲ့ ကူပါဦးဗျာ"

စောနက်ကြယ် လက်ထဲက သော့တွဲကိုကြည့်ပြီး မြပချုပ် စိတ်ညစ်သွားသည်။ ဒီလူနဲ့ မြပချုပ် ပတ်သက်မှုက ပြီးပဲမပြီးနိုင်ပါလား။ အိမ်ကြီးက အကြီးကြီး။ သစ်ပင်ဥယျာဉ်တွေကလည်း လှလှပပ။ ဒီလိုအိမ်ကြီးထဲမှာ စောနက်ကြယ်နှင့် အတူနေမည့် မိသားစု မရှိသည့်တိုင် အလုပ်သမားလောက်တော့ ရှိသင့်သည်။

အခုတော့ တံခါးပိတ်ပြီး တိတ်ဆိတ်နေသည့် အိမ်ကြီးက

www.burmeseclassic.com



ခြောက်သွေ့ခြင်းတွေနှင့် အထီးကျန်ဆန်ဆန် မြပချူပ်ကို ငုံ့ကြည့်နေသလိုထင်ရသည်။

"သော့ကိုယူဦးလေ မြပချူပ်"

"ရှင့်အိမ်က အလုပ်သမားတွေရော"

"ဘာအလုပ်သမားမှ မထားဘူး၊ ကျုပ်တစ်ယောက်တည်းနေတာ၊ ရော့ သော့"

သူကမ်းပေးလာသည့် သော့ကို မြပချူပ် မယူချင်ဘဲ လှမ်းယူလိုက်ရသည်။ ပြီးတော့ တံခါးမကြီးသော့ကို ဖွင့်သည်။ ပြီးတော့ အတွင်းတံခါးသော့။ တစ်ခုပြီးတစ်ခု ဖွင့်အပြီးမှာ မြပချူပ်လည်း သူ့အလိုလို စောနက်ကြယ် အိမ်ကြီးထဲကို ရောက်မှန်းမသိရောက်သွား၏။

"ဒီလောက်ဆို ရပြီမဟုတ်လား၊ ကျွန်မသွားတော့မယ်"

"နေပါဦး မြပချူပ်ရယ်၊ ရောက်လက်စနဲ့ မထူးတော့ပါဘူး၊ ကျုပ်နဲ့အတူ ကော်ဖီတစ်ခွက်လောက် သောက်သွားပါဦးဗျာ"

"မသောက်တော့ဘူးရှင့်"

"ဒီတစ်ခါတော့ မြပချူပ်ကို ကော်ဖီအဖျော်မခိုင်းပါဘူးဗျာ၊ ကျုပ်ကိုယ်တိုင်ပဲ ဖျော်မှာပါ"

"ဘယ်သူဖျော်ဖျော်ပါ အဲဒါကို ကျွန်မစိတ်မဝင်စားဘူး"

"ကျုပ်ကတော့ ရခဲတဲ့အခွင့်အရေးတစ်ခုအနေနဲ့ မြပချူပ်နဲ့အတူ ကော်ဖီသောက်ရမှာကို အထူးစိတ်ဝင်စားမိပါတယ်ဗျာ"

"ထိုင်စမ်းပါဦး ကလေးမရဲ့၊ အိမ်ရှင်က ဒီလောက်





တောင်းပန်နေမှပဲ ကော်ဖီတစ်ခွက်သောက်တာလောက်တော့ ခွင့်ပြုနိုင်ရမှာပေါ့"

"ဒီမှာခဏထိုင် ဟုတ်လား၊ ကျုပ် အခုပဲ ကော်ဖီနှပ်လိုက်မယ်"

မြပချူပ်မှာ သူ့နှင့်ပြိုင်ပြီး ငြင်းစရာစကား မရှိတော့သည့်အဆုံး နီးရာခုံတစ်လုံးမှာ အသာဝင်ထိုင်လိုက်ရပါသည်။

စောနက်ကြယ်က နောက်ဘက်မီးဖိုချောင်သို့ လျှောက်သွားရာ မြပချူပ်လည်း ဘာရယ်မဟုတ် စောနက်ကြယ် အိမ်ကြီးအနှံ့ မျက်လုံးလေးဝင့်ကာ ဟိုဒီလျှောက်ကြည့်နေမိ၏။

ယောကျာ်းလေးတစ်ယောက်တည်း နေသည့်အိမ် ဆိုပေမယ့် တစ်အိမ်လုံး သန့်ရှင်းတောက်ပြောင်ကာ ပစ္စည်းအသုံးအဆောင်တွေအားလုံးက သူ့နေရာနှင့်သူ သပ်သပ်ရပ်ရပ် ဖြစ်သလို ထားသိုကြပြန်တော့လည်း လှလှပပ။

ဘယ်နေရာကိုပဲကြည့်ကြည့် အားလုံး အဖိုးတန် အသုံးအဆောင်ပစ္စည်းတွေချည်းဖြစ်ကာ မြပချူပ် စိတ်အဝင်စားဆုံးကြီးမားကျယ်ဝန်းသော စာအုပ်စင်ကြီးဖြစ်သည်။ စာအုပ်တွေအများကြီး။ အားလုံး ကဒ်ထူဖုံးတွေနှင့်ဖြစ်ပြီး စာအုပ်တစ်အုပ်ကိုဆောက်ယူလှန်လှောကြည့်လိုက်တော့ ရှေ့မျက်နှာစာအဖွင့်မှာစောနက်ကြယ်ဆိုသည့်အမည်ကို အနက်ရောင်မှင်ဖြင့် သေသပ်လှပစွာ ရေးထိုးထားတာကို တွေ့လိုက်ရသည်။

"စာဖတ်ဝါသနာပါရင် ကျုပ်စာအုပ်တွေ ငှားမယ်လေ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် စာအုပ်ပျောက်တာတို့ အဖုံးစုတ်တာတို့ အကိုင်အကွယ်ကြမ်းတာမျိုးတော့ ခွင့်မပြုဘူး"

"ဘယ်သူမှလည်း ရှင့်စာအုပ်ကို ငှားမယ်လို့ မပြောပါဘူး"

"ဩော်…ငှားခဲ့သည်ရှိသော်ပေါ့ဗျာ၊ ကျုပ်ကလည်း မင်းမို့လို့ငှားမှာပါ၊ တခြားဘယ်သူကိုမှ ကျုပ်စာအုပ်တွေကို ထိတာကိုင်တာတောင် မကြိုက်ဘူး၊ မြပချုပ်တစ်ယောက်ပဲ ကျုပ်အပေါ အဝင် ဟောဒီအိမ်ကြီးကိုရော၊ ပစ္စည်းတွေရော ကြိုက်သလို စီမံအုပ်ချုပ်နိုင်တယ်"

"ဘာရှင့်"

"ရှင့်စကားက ဘာအဓိပ္ပါယ်လဲ၊ ကျွန်မကို မုဆိုးမဆိုပြီး အထင်သေးအမြင်သေး စော်ကားချင်တိုင်း စော်ကားနေတာပေါ့ ဟုတ်လား"

"တန်ဖိုးထားနေတာ"

"ဘာ"

"မင်းကို ကျုပ် လက်ထပ်ပါရစေ"

"ဟင်"

"မုဆိုးမ ပူပူနွေးနွေးမို့ စော်ကားချင်လို့ မဟုတ်ဘူး၊ တခြားလူလက်မဦးခင် ကျုပ်က မင်းကို အပိုင်သိမ်းထားမလို့၊ ကျုပ်ကိုလက်ထပ်ပါ မြပုချုပ်"

"မင်းကို ကျုပ်ချစ်တယ်"





မြပချုပ်သည် စောနက်ကြယ်၏ တည်ကြည်လေးနက်လှသော အသွင်ကို တစ်ခါမှ မမြင်ဘူးသဖြင့် ခပ်ကြောင်ကြောင်လေး ပြန်ကြည့်နေ၏။

စောနက်ကြယ်ဆိုသည့်လူက မြပချုပ်ကို လက်ထပ်လိုပါသည်။ ချစ်ပါသည်တဲ့။ ပြောသမျှစကားတွေက မယုံနိုင်စရာ။ သူလိုလူနားမှာ မိန်းမတွေ ဝိုင်းဝိုင်းလည်နေတာကို မြပချုပ် မသိဘူးလို့ထင်နေသည်လား မပြောတတ်ပါ။

"မြပချုပ်"

"ကျွန်မပြန်တော့မယ်"

"မင်း ကျုပ်ကိုစိတ်ဆိုးသွားလား"

မျက်နှာချင်းဆိုင်နေရာမှ တည့်မတ်စွာ ရပ်လာသည့် စောနက်ကြယ်မျက်နှာကို မြပချုပ် မော့ကြည့်လိုက်သည်။

"စိတ်မဆိုးလို့ ကျွန်မက ဝမ်းသာပြနေရဦးမှာလား"

"မြပချုပ်"

"ကျွန်မကို နောက်ထပ် စိတ်အနှောင့်အယှက် မပေးပါနဲ့တော့ ဦးစောနက်ကြယ်"

"မင်းကို ကျုပ်ချစ်တယ် မြပချုပ်"

"ရှင့်ကို ကျွန်မ နည်းနည်းမှမချစ်ဘူး ဦးစောနက်ကြယ်၊ အခုရော နောင်ရော ဘယ်တော့မှ တစ်သက်လုံး ဘယ်တော့မှ ချစ်ငိုင်ပါ့ယ်မထင်နဲ့"

"အဲဒါ မင်းအဖြေပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"ကျုပ်ကိုမချစ်လို့ လက်မထပ်နိုင်ဘူး အဲဒီလိုလား"

"ကျွန်မ ပြောပြီးပြီပဲ"

"အဟွန်း…ဟွန်း…ဟွန်း"

မြပချုပ်စကားအဆုံးမှာ သူက နှစ်မြိုက်စွာရယ်သည်။

"ကျုပ်ကိုမချစ်လို့ဖြင့် လက်မထပ်ဘဲ မနေလိုက်ပါနဲ့ မြပချုပ်ရယ်၊ တဒင်္ဂလို ယောကျ်ားမျိုးကိုတောင် မင်းမချစ်ဘဲနဲ့ လက်ထပ်နိုင်ခဲ့သေးတာပဲ မဟုတ်လား၊ ကျုပ်ကိုလည်း အဲဒီလိုပဲ သဘောထားလိုက်ရင်ဖြစ်ပါတယ်"

"ရှင်…ရှင် ဘာစကားပြောတာလဲ တဒင်္ဂကို…"

"မင်း သူ့ကို ဘယ်တုန်းကမှ မချစ်ခဲ့ဘူးဆိုတာ သူမသိပေမယ့် ကျုပ်သိတယ် မြပချုပ်၊ မင်း ကျုပ်ကိုလက်ထပ်ပါ၊ ဒီလိုမှ မဟုတ်ရင်တော့ မင်းရဲ့မေတ္တာကို တောင်းခံဖို့ ကျုပ်ဘက်က ဘာမဆိုလုပ်ရတော့မှာပဲ"

စောနက်ကြယ်၏မျက်နှာကို မြပချုပ် အလန့်တကြား မော့ကြည့်လိုက်သည်။ ဒီလူ မြပချုပ်ကို လူတွေရဲ့အမြင်မှာ အထင်လွဲအောင် ဘာတွေများ လျှောက်လုပ်ဦးမှာလဲဟု တွေးကာ ထိတ်လန့်နေတုန်း စောနက်ကြယ်၏ ဖုန်းက အသံမြည်လာ၏။

"ဟဲလို"

"ဩော်…အန်ကယ် ဟုတ်ကဲ့ ကျွန်တော်တို့အိမ်မှာပါ၊ ဒဏ်ရာအတွက် စိတ်မပူပါနဲ့ခင်ဗျာ မြပချုပ်က တာဝန်ယူမယ်လို့





ပြောပါတယ်၊ သူ့ကြောင့် ဖြစ်ရတာဆိုတော့ မြပချုပ် ကိုယ်တိုင်လည်း သိပ်စိတ်မကောင်းဖြစ်နေပုံပါပဲ"

"ဟုတ်ကဲ့ခင်ဗျာ…ခဏလေးကိုင်ထားပါ အန်ကယ်"

"ရော့…မြပချုပ်၊ မင်းဒက်ဒီက မင်းနဲ့ဖုန်းပြောမယ်တဲ့"

မြပချုပ်လက်ထဲကို စောနက်ကြယ် ဖုန်းမည်းမည်းလေး ရောက်လာသည်။ ဒက်ဒီကို မဟုတ်တရုပ်တွေ လျှောက်ပြောနေတာကို ကြားနေပါရက်နှင့် သူမ ဘာတစ်ခွန်းမှ ဝင်မပြောနိုင်ခဲ့။ အခု ဖုန်းက သူမလက်ထဲ ရောက်လာသည်။

"ဟဲလို"

"သမီးဒက်ဒီပါ…အပြန်ကြရင် ဒက်ဒီဆီကို ခဏဝင်ခဲ့ဦး"

"ဟုတ်ကဲ့"

"အေး…မောင်စောနက်ကြယ်ရဲ့ ဒဏ်ရာကို သမီးကိုယ်တိုင် တာဝန်ယူတယ်ဆိုလို့ စိတ်အေးသွားပြီ၊ သူသာ ဝင်မကယ်ရင် အခုသူရထားတဲ့ ဒဏ်ရာဟာ သမီးရမယ့်ဒဏ်ရာပဲ၊ သူ့ကို ကောင်းကောင်းဂရုစိုက်လိုက်ပါ ဟုတ်လား"

"ဟုတ်"

"အေး…အေး…ဒါပဲ"

"ရော့…ရှင့်ဖုန်း"

"အန်ကယ်က ဘာတဲ့လဲ"

"အမြန်ဆုံးပြန်လာခဲ့ပါတဲ့…သူ့သမီးကို ရှင့်လိုလူနဲ့မှာ



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းမှ ရှိစေချင်ပုံမရဘူး''

မြပချုပ် ဖုန်းပြောနေတာကို တစ်ချိန်လုံး စိုက်ကြည့်နေသော စောနက်ကြယ်ကို မှန်းမှန်းနှင့် တမင်ရွဲ့ပြောလိုက်တော့ သူက ပြုံးနေသည်။ ပြီးမှ…

''မိဘတစ်ယောက်အနေနဲ့တော့ ဒီလိုဖြစ်သင့်တာ အမှန်ပဲ၊ ကျုပ်ဆိုရင် ကျုပ်သမီးကို မဖြစ်သင့်တာမဖြစ်ရအောင် သွန်သင်ဆုံးမရလိမ့်မယ်၊ မင်းသာ သဘောတူခဲ့မယ်ဆိုရင်ပေါ့လေ''

''ကျွန်မက ဘာသဘောမတူစရာရှိလဲ၊ ရှင့်သမီးရှင် ဆုံးမတာပဲ၊ ကြိုက်သလိုဆုံးမပေါ့''

''သေချာတယ်နော်၊ ပြီးမှ ကျွန်မက အမေပါဆိုပြီး ကျုပ်သမီးကို လာမထိနဲ့''

''အို''

မြပချုပ် ပါးလေးနွေးခနဲ ဖြစ်သွားသည့်အထိ စောနက်ကြယ်ဆိုသည့်လူက အကြည့်ရဲ အပြောရဲလှသူဖြစ်သည်။ ဆန်းကြယ်သော သူ့စိတ်ကူး သူ့အတွေးများထဲတွင် မြပချုပ်မှာ သူနှင့်သမီးတစ်ယောက်ပင် ရထားပြီးခဲ့လေပြီ။

''သိပ်ချစ်တာပဲ မြပချုပ်ရယ်၊ မင်းဟာ ကျုပ်လိုလူတစ်ယောက်ကို နေရာမှာ အလဲထိုးနိုင်လောက်အောင် ဘယ်လိုစွမ်းရည်မျိုး ရှိနေခဲ့လို့လဲ''

''ကျုပ်ဘဝထဲမှာ မင်းရှိမှဖြစ်မယ်''

''လျှာရိုးမရှိတိုင်း အပိုစကားတွေကို လျှောက်ပြောမနေ





စမ်းနဲ့ရှင်၊ ကြားရတာ နားခါးတယ်၊ ရှင့်နားမှာ ပုံသဏ္ဌာန်မျိုးစုံနဲ့ ဝိုင်းဝိုင်းလည်နေတဲ့ မိန်းမတွေအကြောင်း ကျွန်မ မသိဘူးထင်နေလား''

''အဲဒီအတွက် မင်းစိတ်ကို ထိခိုက်စေမှန်း ကျုပ်မသိခဲ့ဘူး၊ နောက်ကို မင်းမကြိုက်ရင် ဆင်ခြင်ရုံပေါ့''

လွယ်ကူပေါ့ပါးစွာ သက်သောင့်သက်သာ ပြောလိုက်ဟန်ကို မြပချုပ်စိတ်ထဲမှာ အထူးပင်မနှစ်မြို့ပါ။ စောနက်ကြယ်အတွက် ထိုကိစ္စလောက်ကို ထမင်းစားရေသောက်မျှသာ သဘောထားသည်ကို မြပချုပ်သာ အသိဆုံးဖြစ်သည်။

ထိုသို့ဖြစ်နေနိုင်အောင်လည်း စောနက်ကြယ်မှာ မိန်းမသားအများစု စိတ်ဝင်စားစရာ ကောင်းသောအချက်အလက်များနှင့် ပြည့်စုံ သူဖြစ်သည်။ ငွေကြေးပြည့်စုံချမ်းသာလွန်းခြင်း၊ ဥပဓိရုပ်ရည်သည်ကြည်ခန့်ညားချောမောရုံမက စကားပြောသည့် လေယူလေသိမ်းကအစ ခန္ဓာကိုယ်ကြီးကြီးမားသလောက် လှုပ်ရှားမှု နူးညံ့သိမ်မွေ့ခြင်း အကြားအမြင်ဗဟုသုတနှင့် ပြည့်စုံသူဖြစ်ခြင်း စသည့်ချက်အလက်များက စောနက်ကြယ်ဟုဆိုလျှင် မိန်းမတိုင်း ပစ်ကျလောက်အောင် ဖြစ်ခဲ့ရသူဖြစ်သည်။

မိန်းမကျွမ်းကြေ၍ အပေးအကမ်းရက်ရော၍ သဘောကောင်းသော စောနက်ကြယ်ကို ဘယ်မိန်းမမဆို အလိုရှိကြသူတွေချည်းဖြစ်သည်။

ထိုအထဲမှာ မပါသူဆို၍ မြပချုပ်တစ်ယောက်သာ ရှိမည်



www.burmeseclassic.com

www.burmeseclassic.com



ထင်သည်။ မြပချုပ်တစ်ယောက်သာ စောနက်ကြယ်ကို ကြည့်၍မရ။ မှန်းတီးအထင်သေးသူ။ ဘာတစ်ခုမှ အထင်ကြီးစရာမရှိဟု မြင်သူ။ သူဘာပြောပြော ဘာလုပ်လုပ် မြပချုပ်အတွက် ချစ်စရာတစ်ခုမှ ဖြစ်မလာ။

အားလုံးမုန်းစရာ စိတ်ပျက်စိတ်ကုန်စရာတွေနှင့်ချည်း အဆုံးသတ်လျက်ရှိရာ အခုလည်း မြပချုပ်မှာ စောနက်ကြယ်၏ အထင်ကြီး ဘဝင်မြင့်လွန်းသော အပြုအမူစကားလုံးများအား မနည်းချုပ်တီးသည်းခံနားထောင်နေရပေသည်။

မြပချုပ် စိတ်အရှိအတိုင်းသာ လွှတ်ပေးလိုက်ရမည်ဆိုပါက အခုချိန်ဆို စောနက်ကြယ်၏ ပါးနှစ်ဖက်မှာ သူမလက်ချက်နှင့် သွက်သွက်ခါ နားကျင်နေရပေလိမ့်မည်။

အခုတော့ မြပချုပ်မှာ စိတ်သွားတိုင်းကိုယ်ပါ၍ မဖြစ်။ ဘယ်လောက်ပဲ ခံပြင်းဒေါသဖြစ်နေပါစေ လောလောဆယ် သူ့မှာက ဒဏ်ရာနှင့်။ ထိုဒဏ်ရာကလည်း သူမကြောင့် ရခဲ့သည့် ဒဏ်ရာ။

မြပချုပ်နှင့်သူ တစ်ယောက်မျက်နှာကို တစ်ယောက် ရှုးစိုက်ကြည့်နေတုန်း စောနက်ကြယ်၏ ကားဖြူကြီးနားကို အနီရောင်ကားလေးတစ်စီး ထိုးဆိုက်ရပ်တန့်လာကာ ကားပေါ်မှ အဝါရောင်ဝတ်စုံနှင့် စောနက်ကြယ်၏ အသက်နှင့် မတိမ်းမယိမ်း မိန်းမတစ်ယောက် ဆင်းလာတာ မြင်လိုက်ရသည်။

"ဟေး...စော..အို လက်မှာလည်း ဒဏ်ရာကြီးနဲ့ပါလား





ကွယ်၊ ဘာဖြစ်တာလဲ၊ ဂျူလိုင်ကို ပြောပါဦးစောရယ်"

"ဂျူလိုင်"

စောနက်ကြယ်အနားမှာ အတူရှိနေသည့် မြပချုပ်ကို စိတ်ဝင်စားဟန် တစ်ချက်မပြုသလို အရေးစိုက်ပြီးတော့တောင်မကြည့်။ အကြည့်အပြော အပြုအမူအားလုံးကို စောနက်ကြယ်ထံမှာ တမင်နှစ်ထားပြီး ကမ္ဘာကြီးတစ်ခုလုံးပေါ်မှာ ဂျူလိုင်ဆိုသည့် မိန်းမကသူမနှင့် စောနက်ကြယ် နှစ်ယောက်တည်းရှိလေဟန်ဖြင့် စောနက်ကြယ်လက်က ဒဏ်ရာကိုသာ အရေးတကြီး ဖျာဖျာသလဲ ကြည့်ရှုအေးမြှန်းနေပုံက မုန်းစရာ။

မြပချုပ်ကို ရှေ့ထားပြီး သူ့ကိုယ်သူ အလှူရှင်မှန်းသိအောင် မဏ္ဍပ်တိုင်တက်ပြနေပုံက တဆိတ်လွန်လွန်းလှချည်ရဲ့လို့ တောက်မေ့နေခိုက်မှာ စောနက်ကြယ်၏ မျက်လုံးလက်လက်တွေက မြပချုပ်ထံ ဖျတ်ခနဲ ရောက်လာတာ မြင်လိုက်ရ၏။

မြပချုပ်က စောနက်ကြယ်၏ အကြည့်တွေကို ရင်မဆိုင်ဘဲ ရှောင်လွှဲပစ်လိုက်သည်။

"ဒဏ်ရာက မနည်းပါလား စောရယ်"

"လုပ်ငန်းခွင်မှာရတဲ့ ဒဏ်ရာပါ ဂျူလိုင်"

စောနက်ကြယ်ကို မြပချုပ် နှုတ်ဆက်လိုက်၏။

"ကျွန်မကို ခွင့်ပြုပါ"

"မြပချုပ်"

မြပချုပ်က လှည့်မကြည့်တော့။



www.burmeseclassic.com

www.burmeseclassic.com



စောနက်ကြယ်က ခြေလှမ်းကျဲကြီးတွေနှင့် သူမနောက်ကို လိုက်ဖို့ ကြိုးစားပေမယ့် ဂျူလိုင်ဆိုသည့် မိန်းမက စောနက်ကြယ်၏ လက်မောင်းတစ်ဖက်ကို ပိုင်ပိုင်ကြီး ဆွဲကိုင်ဖမ်းဆုပ်ထားရာ မြပချုပ်၏စိတ်ကို သိထားသော စောနက်ကြယ်လည်း စိတ်ကိုလျှော့ လိုက်ကာ ဦးခေါင်းကို ဖြည်းလေးညင်သာစွာ တစ်ချက်မျှ ခါယမ်း လိုက်လေသည်။



## အခန်း ( ၁၇ )

မြပချုပ်သည် အိပ်ရာထက်မှာ ဘယ်ညာလူးလိမ့်နေသော်လည်း ဘယ်လိုမှ အိပ်၍မပျော်နိုင်သည့်အဆုံး ဖြန်းခနဲ အိပ်ရာထက်မှထ၍ ထိုင်လိုက်လေသည်။

နေချို အသည်းကင်ဆာနှင့် ဆေးရုံမှာဆိုသည့် သတင်းစကားက မြပချုပ်ကို ဆောက်တည်ရာမဲ့စေခြင်း၏ တရားခံဖြစ်သည်။ ရောဂါကို သိလိုက်ရချိန်မှာ နှောင်းခဲ့ပြီမို့ လူ့လောကကြီးမှာ ဆက်လက်နေထိုင်ရှင်သန်ခွင့် သုံးလတာဟု ဆရာဝန်ကြီးနှုတ်စကားက မြပချုပ်ကို သွေးပျက်စေ၏။

နေချိုရယ်…။

မြပချုပ်သည် နေချိုရှိနေသည့် ဆေးရုံကို တိတ်တဆိတ်သွားကြည့်လာခဲ့ခြင်းဖြစ်သည်။ ပါးလှပ်သော နေချိုအသွင်သဏ္ဍာန်နှင့် နေချိုကို ပြာယာခတ်နေအောင် ပြုစုယုယနေသည့် ပက်ထရစ်ရှာတို့ မြင်ကွင်းကို အဝေးကကြည့်ပြီး ပြန်လာခဲ့ရသူ၏ ရင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကြေကွဲဝမ်းနည်းခြင်းတွေနှင့် ထိထိရှရှ။

အပြန်လမ်းတစ်လျှောက် မြပချူပ်ရင်ထဲမှာ ထုံပေနေမိသည်မှာ အိမ်ကိုပင် ဘယ်လိုဘယ်ပုံ ပြန်ရောက်လာမှန်း မသိရလေသည့်အဖြစ်ပါ။ အိပ်ရာထက်မှာ အင်အားမဲ့စွာ လဲလျောင်းငြိမ်သက်ရင်း ပါးပြင်ပေါ် စီးကျလာသည့် မျက်ရည်တွေကို မတားမြစ်မိ။

သူ့မရင်ထဲတောင် ဒီလောက် ခံစားကြေကွဲနေရရင် ပက်ထရစ်ရှာဆိုသည့် နေချို့ ဖနီးမယားဆိုလျှင် ဆိုဖွယ်ရာပင်ရှိအံ့မထင်။ ချစ်သူ၏ နောက်ဆုံးအချိန်တွေကို ပက်ထရစ်ရှာနေရာမှာ မြပချူပ်ကိုယ်တိုင် ဝင်ပြီး ယုယပြုစုချင်လိုစိတ်တွေကလည်း ဟိုနေရာ ဒီနေရာက တစ်ဖွားဖွား ဖြစ်ပေါ်၍နေပါသည်။

ပျော်စရာကောင်းတဲ့ လူ့လောကကြီးထဲက ထွက်ခွာသွားဖို့ဆိုတာ နေချို့အတွက် သိပ်ကို စောလွန်းလှပါတယ်ကွယ်။

နေချို့ကို ပချူပ် သိပ်သနားတယ်။

ကျေးဇူးပြုပြီး ပချူပ်ကိုထားပြီး ထွက်မသွားပါနဲ့လား နေချိုရယ်။

မြပချူပ်သည် နေချို့အပေါ်ထားရှိသော မကုန်ခမ်းနိုင်သည့် သံယောဇဉ်များဖြင့် စကားတွေ တတွတ်တွတ် ဆိုနေပေမယ့် နေချိုက မကြား။ ကြားသည့်တိုင်အောင်လည်း ဂရုစိုက်မည်မဟုတ်။ သူဂရုစိုက်သည့်သူက ပက်ထရစ်ရှာက နေချို့ဇနီးမယား။ ပက်ထရစ်ရှာသည်သာလျှင် နေချို့၏ သက်ဆိုင်သူ။

အိမ်သူသက်ထား။





မြပချူပ်ဆိုသည့် မိန်းမက နေချို့အတွက် ဘာမှမဟုတ်သည့် ဘေးလူ။ သူစိမ်းသက်သက်။ အတွေးနှင့် မြပချူပ်ရင်နာ ဘာ မျက်ရည်တို့ လျှံထွက်လာရပြန်သည်။

“ခေါက်…ခေါက်”

“မမ…အောက်မှာ ညွှန့်သည်ရောက်နေပါတယ်”

“ဘယ်သူလဲ”

တသိမ့်သိမ့်ရှိုက်ငင်နေသော မျက်ရည်စီးကြောင်းလေးကို ရပ်တန့်ဖယ်ရှားရင်း ညွှန့်သည်ဆိုသူကို မြပချူပ် မေးလိုက်သည်။

“ဦးစောနက်ကြယ်လို့ ပြောပါတယ် မမ”

“အိပ်နေပြီလို့ ပြောလိုက်”

“အိပ်နေရင် သူကိုယ်တိုင်တက်လာနှိုးမယ်တဲ့ မမ”

“ဟင်”

မျက်ရည်သုတ်နေသော မြပချူပ်၏ လက်ဖြူဖြူလေး ရပ်တန့်သွားပြီး စိတ်လှုပ်ရှားစွာပင် ခုတင်ပေါ်မှ ဆင်းလိုက်သည်။ ဒီလူနှင့်တော့ မလွယ်။

“အေး…အခုပဲဆင်းလာမယ်လို့ ပြောလိုက် အစမ်း”

“ဟုတ်ကဲ့ မမ”

မှန်တင်ခုံရှေ့မှာရပ်ပြီး သူမ၏အငိုမျက်နှာကို ဖုံးဖိဖို့ ကြိုးစားကြည့်ပေမယ့် မရ။ စားပွဲပေါ်က နာရီကို လှမ်းကြည့်လိုက်တော့ အချိန်က ညရှစ်နာရီခွဲနေပြီ။ မိုးစုန်းစုန်းချုပ်သည်ဟု မဆိုနိုင်သလို စောလွန်းသေးသည်ဟူ၍လည်း ပြော၍မရပါ။



www.burmeseclassic.com

www.burmeseclassic.com



ညကြီးဒီအချိန်ကြမှ ဒီလူ သူ့မအိမ်ကို ဘာလာလုပ်ပါ လိမ့်။ လက်ကို ပတ်တီးဖြည်သည့်နေ့က မသွားမဖြစ် သွားလိုက် သည်မှလွဲ၍ စောနက်ကြယ်ဆိုသည့်လူနှင့် မျက်နှာချင်းမဆိုင်လို ထောင်ကြီးဘက်ကို ခဏသွားဦးမည်ဟုဆိုကာ တမင်အကြောင်းပြ ပြီး ရှောင်နေခဲ့ပေမယ့် ဒီနေ့တော့ ပြေးလွတ်တော့မည်မဟုတ်။

သူ့ကို ဆင်းတွေ့ရုံကလွဲလို့ တခြားနည်းလမ်းမရှိ။ အနား ရှိ အနက်ရောင်ဂါဝန်ရှည်တစ်ထည်ကို ဆွဲဝတ်လဲလှယ်လိုက်ပြီး မျက်နှာကိုလည်း တတ်နိုင်သမျှ မိတ်ကပ်၊ နှုတ်ခမ်းနီဖြင့် ငိုထား သမျှ ဖုံးကွယ်လိုက်သည်။

စောနက်ကြယ်ဆိုသည့်လူကို မြပချုပ် လိမ်ညာ၍မရ

သူက မြပချုပ်ရင်ထဲရှိတာကို အရှိအရှိအတိုင်း အမှန် မြင်တတ်သူအဖြစ် သူနှင့်ရင်ဆိုင်ရမှာကိုပင် သူ့မစိတ်မှာ စိုးထိ နေမိသည်။ မြပချုပ်ငိုတာ နေချိုကြောင့်ဆိုတာ သူသိရင် သူ့မ ဘယ်လိုများ လှောင်ပြောင်ဦးမှာပါလိမ့်ဟု တွေးရင်း လှေကားထ များကို တစ်ထစ်ချင်းနင်း၍ ခပ်ဖြည်းဖြည်း ဆင်းလာခဲ့သည်။

လှေကားထောင့်ချိုးနေရာ ခပ်မှောင်မှောင်ကနေ ဧည့်ခ ၏ တစ်စိတ်တစ်ပိုင်းကို လှမ်းကြည့်မြင်တွေ့နေရရာ စောနက်ကြ ကို သားနားခန့်ညား သပ်ရပ်သော အဖြူရောင်ဝတ်စုံဖြင့် ကြ ရုရု လှလှပပတွေ့လိုက်ရသဖြင့် ငေးခနဲ ကြည့်လိုက်မိ၏။

စောနက်ကြယ်ကို ဖြစ်သလိုဝတ်စားဆင်ယင်မှုမျိုး မသပ်မရပ် တစ်ခါမှ မတွေ့ဘူးတာကို မြပချုပ် စိတ်မှ ပထ





သတိထားမိလာသည်။

စောနက်ကြယ်ဆိုသည့် လူတစ်ယောက်ကို တွေ့လိုက် တိုင်း အမြဲလို တက်ကြွလန်းဆန်းကာ အဝတ်အစား အသုံးအဆောင် တွေအားလုံး သစ်လွင်သားနားသပ်ရပ်မှု အပြည့်နှင့်ဖြစ်သည်။

"ဟော"

လှေကားထောင့်ချိုးတွေ့တွင် အားအင်မဲ့သလို ဖြူဖျော့ဖျော့ အမူအရာဖြင့် သူ့ရှိရာကို ငေးကြည့်နေသည့် မြပချုပ်ကို တွေ့မြင် သွားသည်နှင့် စောနက်ကြယ်က သူ့လက်ထဲရှိ ဆောက်လက်စ စီးကရက်ကို ပြာခွက်အတွင်းသို့ ထိုးချေပစ်လိုက်ကာ မြပချုပ် ရှိရာသို့ ခြေလှမ်းကျဲကြီးတွေနှင့် လှားခနဲ နီးနီးကပ်ကပ်ရောက်လာ ပုံက ကြီးမားသည့် ခန္ဓာကိုယ်ကြီးနှင့် မလိုက်အောင်ပင် သွက်လ ပေါ့ပါးလှသည်။

"နေမကောင်းဘူး မြပချုပ်၊ ဘာဖြစ်လို့လဲဟင် မျက်နှာ လေးလည်း ဖြူဖတ်ဖြူရော်နဲ့ပါလား၊ ဘယ်သူ့ဘာဖြစ်လို့ အန်ကယ် နေမကောင်းလို့လား"

"ကျုပ်ကိုပြောစမ်း...မင်းကိုကြည့်ရတာ ကျုပ် အားမရ လိုက်တာ၊ ကျုပ်ကို အသိမပေးဘဲ မင်းတစ်ယောက်တည်း ဘယ်တွေလျှောက်သွားနေတာလဲဟင်"

"ဟင့်အင်း"

"ရှင်ပြန်ပါ"

တုန်ရီတိုးဖျော့သော လေသံကြားက သူ့မကိုယ်သူ့မ



www.burmeseclassic.com

www.burmeseclassic.com



ခင်းနေသောနည်း ငိုမချရလိုက်မိအောင် မနည်းကြိုးစားနေသည့်ကြား ထဲ မြှောင်ကြည်လင်သော မျက်လုံးဝိုင်းကြီးတွေထဲမှာ ပြည့်အိုင်လာသည့် မျက်ရည်တွေကို မြင်လိုက်ရချိန်မှာ စောနက်ကြယ် ဘာကိုမှ ထိန်းချုပ်မနေနိုင်တော့။

မြန်းခနဲ မြပချုပ်ကိုယ်လေးကို သူ့ရင်ခွင်ထဲ အတင်းအကြပ် အလုံခြုံဆုံးဖြစ်အောင် ဖိကပ်ဆွဲယူပိုက်ထွေးထားလိုက်မိသည်။

"ရှင်...လွှတ်"

မြပချုပ်အသံက တိုးတိုးလေး။

ရွှဲရွှဲနစ်နေသည့် ပါးပြင်ပေါ်က မျက်ရည်တွေက အတားအဆီးမရှိ လိမ့်ကျစီးဆင်းလာခြင်းကို မတားမြစ်နိုင်တော့။

"မြပချုပ်...ကလေးရယ်"

"မင်းကို ကျုပ် သိပ်သနားတယ်ကွယ်"

"ဟင့်အင်း"

"အို"

မြပချုပ်သည် သူ့မျက်နှာပေါ် အပ်ကျလာသည့် သူ့မျက်နှာကို ဖယ်ရှားဖို့ ကြိုးစားပေမယ့် မရတော့။ ပူနွေးလှိုက်လှဲသော အနမ်းတွေက မြပချုပ် တစ်ကိုယ်လုံးကို မွှန်းကြပ်တုန်လှုပ်သွားစေရာ မြပချုပ်မှာ ဘာစကားမှ မဆိုနိုင်ဘဲ ဖြစ်နေရှာပါသည်။

ရှောင်ဖယ်ရုန်းကန်ဖို့ ကြိုးစားသော်လည်း အချည်းနှီးပင်။ မြပချုပ်အဖြစ်က ချောင်ပိတ်မိနေသော ကြွက်ကလေးတစ်ကောင်





နှယ် စောနက်ကြယ်ဆိုသည့် ကြောင်ကြီး၏ စိတ်ရှိသလောက် ရမ်းရမ်းမွှေ့မွှေ့ ဆော့ကစားချင်ဖွယ် ချစ်စနိုးဖြစ်နေရှာထင်။

ထူးခြားသော ကိုယ်သင်းရနံ့နှင့် စွဲမက်ဖွယ်ရာ အာရုံများကြားမှာ ယောင်မှားလွင့်မျောရာမှ သတိဝင်လာသည်နှင့် သူ့ကိုယ်ကြီးကို ဖွတ်တွန်းထုတ်ဖို့ ကြိုးစားမိသည်။

"တော်ပါတော့...အိမ်မှာခိုင်းတဲ့ ကောင်မလေး ရှိသေးတယ်ရှင်"

"ဒါဖြင့်လည်း ကောင်မလေးကို မောင်းထုတ်လိုက်ရုံပေါ့ ကလေးမရဲ့"

"အို...ဘယ်လိုလဲရှင့်၊ သူများအိမ်ကိုလာပြီး အိမ်ရှင်ကို စော်ကားနေတာ ညှို့သည်ကောင်းတစ်ယောက်ရဲ့ အလုပ်လား"

မြပချုပ်မှာ စိတ်ဆိုးဆိုး တိုးတိုးကျိတ်ကျိတ် ရုန်းဖယ်တွေ့သော်လည်းမရ။

"ကျုပ်ကို ပင်လယ်ဓားပြတစ်ယောက်နဲ့ တူတယ်လို့ မင်းပဲ ပြောခဲ့တာမဟုတ်လား၊ ပင်လယ်ဓားပြတစ်ယောက်ဟာ ဘယ်လိုလုပ်ပြီး ညှို့သည်ကောင်းတစ်ယောက်ရဲ့ အပြုအမူမျိုးရှိနေနိုင်မှာလဲ၊ ရှိခြင်းရှိရင် ပင်လယ်ဓားပြတစ်ယောက်ရဲ့ အပြုအမူပဲရှိမှာပေါ့၊ ဒီတော့..."

"ရှင်ဟာ ပြောလေဆိုးလေပါလား ဦးစောနက်ကြယ်"

"အဲဒီလိုဖြစ်အောင် ကျုပ်ကို မင်းဂဲလုပ်ခဲ့တာပဲလေ၊ ကျုပ် သိပ်ချစ်နေမှန်းသိလို့ မင်း တမင်ရှောင်ပြေးတာကို ကျုပ်မသိဘူး



www.burmeseclassic.com

www.burmeseclassic.com



ထင်နေလား"

"ကိုင်း…ကျုပ်ကို မင်းလက်ထပ်ယူမှာလား၊ ဒါမှမဟုတ် ကျုပ်ကပဲ မင်းကို ဓားပြတိုက်ယူရမလားဆိုတာ ကြိုက်တာရွေးပေတော့ အမိ"

"ရှင်လိုချင်တာ ကျွန်မခန္ဓာကိုယ်ဆိုရင်တော့ ဓားပြတိုက်ယူပေါ့ရှင်"

"မင်းသိပ်ဆိုးပါလား မြပချုပ်"

"ရှင်ဆိုးတာကို မမီသေးဘူးရှင်"

သူ့ထံမှ တင်းကြပ်စွာ ပွေ့ဖက်ထားသော လက်အစုံ ပြေလျှော့သွားချိန်မှာ မြပချုပ်က သူမကိုယ်ပေါ်ရှိ အဝတ်များကို လျှင်မြန်စွာ ပြင်လိုက်၏။ မြပချုပ်သည် သူမနားက မခွာသေးဘဲ ငုံ့ကြည့်နေဆဲဖြစ်သော စောနက်ကြယ်၏ မျက်နှာကို မော့မကြည့်ရဲတော့ချေ။

"ယောသဟိုမှာ ဣန္ဒြေရရ သွားထိုင်စမ်းပါရှင်၊ ကျွန်မတော့ ရှင့်ကိုတွေ့ရမှာ တစ်နေ့တခြား ပိုပိုကြောက်လာပြီ"

"မင်းကြောက်နေတာကို ကျုပ်က သဘောအကျဆုံးပဲ ဆိုတာရော သိရဲ့လား"

"ဘာဆိုင်လဲရှင်"

"သိပ်ဆိုင်တာပေါ့…မင်းက ယောကျ်ားတွေကို ကြောက်စရာသတ္တဝါတွေလို့ တစ်ခါမှ တွေးမိပုံမရဘူး၊ အဲဒါကိုပဲ ကျုပ်က မင်းအပေါ်မှာ သဘောမကျတာ"





မြပချုပ်နှင့် စောနက်ကြယ်တို့နှစ်ယောက်စလုံး ညွှန်ခန်းထဲ အတူရောက်လာမှ အိမ်ဖော်အစမ်းကို လှစ်ခနဲ ခန်းဆီးလိုက်ကာ အကွယ်မှ ထွက်လာတာကို မြင်လိုက်ရ၏။ ဒီလောက်ဆို စောနက်ကြယ်နှင့် မြပချုပ်တို့ အချစ်စခန်းကို အစမ်းတစ်ယောက် မြင်တွေ့ပြီးဖြစ်ကြောင်း ဖွင့်မေးစရာမလိုဘဲ သိလိုက်ရပြီဖြစ်သည်။

ရမ်းကားလှသော စောနက်ကြယ်ကို သူမအိမ်ထဲက အမြန်ဆုံးထွက်သွားအောင် မောင်းထုတ်ပစ်လိုက်ချင်၏။

"ရှင့်ကို ဘယ်သူကများ သဘောကျခိုင်းနေလို့လဲရှင့်၊ အကောင်းဆုံးက ရှင့်လမ်းရှင်လျှောက်ပါ၊ ကျွန်မဘဝထဲကို ဝင်မနှောင့်ယှက်ပါနဲ့"

မျက်နှာချင်းဆိုင်ခုံမှာ နှစ်ယောက်အတူ ဝင်ထိုင်မိချိန်မှာ မြပချုပ်က စိတ်ဆိုးဒေါသဖြစ်စွာ ပြောလိုက်ခြင်းဖြစ်သည့်တိုင် လှပသော မျက်နှာလေးကမူ စကားလုံးများနှင့် ဆန့်ကျင်ဘက်ဖြစ်အောင်ပင် ချစ်စရာကောင်းလှပေသည်။

စောနက်ကြယ်သည် မြပချုပ်တစ်ကိုယ်လုံးကို တစ်ခါမှ မမြင်ဘူးသလို စူးစူးရဲရဲ သိမ်းကျုံးကြည့်ပစ်လိုက်၏။ သူ့ထံမှ အကြည့်ရိုင်းများကြောင့် လှပသော မြပချုပ်မျက်နှာလေး ရဲရဲနီစွေးသွားကာ သူ့အကြည့်ကို ရင်မဆိုင်လိုဟန် အကြည့်လွှဲ မျက်လွှာချသွားပုံက စောနက်ကြယ်အသည်းမှာ စွဲသွား၏။

ဤမိန်းကလေးကို သူကိုယ်တိုင် အဘယ်ကြောင့် ဤမျှ စွဲလမ်းတမ်းတနေရခြင်း၏ အကြောင်းအရင်းကိုက မိန်းမကျော်ကြေ



www.burmeseclassic.com

www.burmeseclassic.com



လှသူအဖြစ် နာမည်ကြီးသော စောနက်ကြယ်ကိုယ်တိုင်ပင် မသိချေ။

မြပချုပ်ဆိုသည့် မိန်းကလေး သူ့ဘဝအတွင်း ဝင်ရောက်လာပြီးမှ စောနက်ကြယ်၏ ဘဝတွင် ဘယ်နေရာကိုမှ ဖြောင့်ဖြောင့်မသွားနိုင်ဘဲရှိ၏။ တစ်ထောင့်တစ်နေရာတွင် သူ့အား နောက်ဆံငင်စေသော ကြိုးတစ်ချောင်းက ရှေ့ဆက်မသွားနိုင်အောင် ဆွဲထားသလိုမှတ်ထင်ရ၏။

ထိုကြိုးက တခြားမဟုတ်။ မြပချုပ်ဆိုသည့် မိန်းမလှလေးသာဖြစ်၏။ သူသည် ဘယ်မိန်းမကိုမှ မြပချုပ်ကဲ့သို့ တမ်းတမ်းတတ မစွဲလမ်းဘူးချေ။ မြပချုပ်သည် သူ့ဘဝထဲမှာ မရှိမဖြစ်လိုအပ်သော ပစ္စည်းကဲ့သို့တည်း။

သို့သော်လည်း စောနက်ကြယ်ဘဝတွင် ဤမိန်းကလေးလောက် အပိုးရခက်သော မိန်းမမျိုး မတွေ့ဘူးသေးချေ။ သူလိုလူတစ်ယောက်အတွက် မဆွတ်ခင်က ညွတ်ချင်နေကြသူတွေများလွန်း၍ပဲလားမသိ။

သူလိုလူတစ်ယောက်ကို လုံးဝအရေးမစိုက် စိတ်ဝင်စားခြင်းလည်းမရှိ၊ အမြဲလို အထင်အမြင်သေးဟန် ရှုံ့ရှာမုန်းတီးစွာ မနှစ်မြို့နိုင်အောင် ဖြစ်နေတတ်သော သူမကိုမှ စောနက်ကြယ်ဆိုသည့် သူကလည်း အသည်းအသန် လိုချင်နေသည့် အဖြစ်ကလည်း ထူးဆန်းလှပေသည်။

စောနက်ကြယ်ဘဝမှာ ဘယ်မိန်းမကိုမှ အောက်ကျနောက်ကျခံပြီး မပိုးပန်းဘူးချေ။ ဤမှုဆိုးမလှလှလေး သူ့အပေါ်ကျလာအောင် ဘယ်လိုစည်းရုံးရမည်ကိုက ရုတ်တရက် စဉ်းစားမရ။

မကြာခင် စောနက်ကြယ်မှာ ခရီးဝေးသွားစရာ ရှိနေသည်။ မြပချုပ်ကို ဤအတိုင်း မပိုင်မဆိုင်ဘဝနှင့် ထားသွားရမည့်အရေးကို ဘယ်လိုမှ စိတ်ချမရ။ သူမစိတ်ကို ဘယ်လိုမှ ယုံကြည်ထား၍မဖြစ်။

ပထမဆုံးအကြိမ် သူမတွေ့စက မြပချုပ်မှာ အပျိုစင်မလေးဖြစ်ကာ သူ့အလုပ်ကိစ္စနှင့် ခရီးထွက်သွားပြီး နောက်တစ်ခေါက်ပြန်ဆုံတွေ့ချိန်မှာ သူမက အိမ်ထောင်သည်မလေးအဖြစ် ပြောင်းလဲနေခဲ့သည်။

အခုတော့ မုဆိုးမလေးဘဝနှင့်…။

ဒီလိုအချိန်မှာမှ မြပချုပ် အချစ်ကိုရလျှင် သူမကို ပိုင်ဆိုင်ဖို့ရာ ဒီဘဝမှာ လွယ်မည်မထင်။

"ကဲ…မင်းအချစ်ကိုရဖို့ ကျုပ်ဘာလုပ်ရမလဲပြော၊ မင်းရှေ့မှာ ဒူးထောက်ရမှာလား၊ ဒါမှမဟုတ် တခြားကောင်လေးတွေလုပ်သလို မင်းအိမ်ရှေ့ကို ဂစ်တာတစ်လက်နဲ့ ညတိုင်းလာပြီးသီချင်းဆိုရမလား၊ ကြိုက်တာသာပြောတော့ မြပချုပ်"

"ကျွန်မကို လူကဲ့ရဲ့အောင် လုပ်ဦးမလို့လားရှင်"

"ဒါတော့ ကျုပ်လည်းမတတ်နိုင်ဘူး၊ ဒီအသက်အရွယ်အထိ ဘယ်မိန်းမကိုမှလည်း မင်းကို ပိုးသလို ခက်ခက်ခဲခဲ မပိုးဖူးတော့ မိန်းမတွေ ဘာကြိုက်တယ်၊ မကြိုက်ဘူးဆိုတာလည်း မသိ






www.burmeseclassic.com

www.burmeseclassic.com



ဘူး''

''ဒီတော့ ကျုပ်ကို မင်းကြိုက်နှစ်သက်နိုင်မယ့် ပုံစံအနေအထားကိုပဲ ပြောပါ၊ ဒါမှ ကျုပ်လည်း နောက်ဆံမတင်းဘဲ ကျုပ်မိဘတွေဆီ ဖြောင့်ဖြောင့်ပြန်နိုင်လိမ့်မယ်''

''ဒီတစ်ခါ ကျုပ်ပြန်လာလို့ မင်းဇာ တခြားယောကျ်ားတစ်ယောက်နဲ့ လက်ထပ်ထားဦးမယ်ဆိုရင် အဲဒီကောင်ကိုရော၊ မင်းကိုပါ သတ်ပစ်မယ် နားလည်လား''

မြပချုပ်သည် စောနက်ကြယ်ဆိုသည့်လူကို ကြည့်ကာ အစတော့ စိတ်ဆိုးရ ဒေါသဖြစ်ရနှင့် လူသတ်ချင်သည့်အထိ ဖြစ်ခဲ့သော်လည်း အခုတော့ သူမမျက်စိရှေ့က စောနက်ကြယ်ဆိုသည့်လူကိုကြည့်ကာ ရုတ်တရက် ရယ်ချင်လာသည်။

စောနက်ကြယ်ဆိုသည့်လူက အတော့်ကို ရယ်စရာကောင်းသည့်လူဟု တွေးသည်။ ဒီလူနှင့် စကားပြောရတာလည်း ဘာတစ်ခုမှ အဆင်မပြေ။ မြပချုပ်က ပြောချင်ရာပြောသလို သူကလည်း သူပြောချင်တာပြောသူ။

စောစောက နေချို့အကြောင်းတွေးပြီး မြပချုပ်ရင်မှာ နေမထိထိုင်မသာ ပူလောင်ကျွမ်းမြိုက်ခဲ့ရသလောက် စောနက်ကြယ်ဆိုသည့်လူကြောင့် ထိုဝေဒနာတွေပင် သူမရင်ထဲမှာ ပျောက်ကွယ်သွားသလိုလို ဘာလိုလို။

ပြီးတော့ နေချို့နှင့် မြပချုပ်အကြောင်းကို စောနက်ကြယ်ထက် ဘယ်သူမှ ပိုမသိနိုင်သော အခြေအနေ အနည်းဆုံးတော့ စောနက်ကြယ်ဆိုသည့်လူကို ချစ်သူတစ်ယောက်၊ အိမ်ထောင်ဘက်တစ်ယောက်အဖြစ် မတွေးနိုင်သေးသည့်တိုင် မိတ်ဆွေကောင်းတစ်ယောက်အဖြစ် ဆက်ဆံမည်ဆိုလျှင် မဆိုးလှဟု တွေးနေမိသည်။





''ရှင်က ကျွန်မကို တကယ်သတ်ရဲလို့လား''

''သိချင်ရင် စမ်းကြည့်လေ''

မြပချုပ် ပြုံးလိုက်သည်။

''စမ်းစရာမလိုပါဘူးရှင်...ရှင်ကိုယ်တိုင် မြင်ခဲ့တွေ့ခဲ့တာ ။ ကျွန်မချစ်တဲ့ ယောကျ်ားဟာ ဒီကမ္ဘာပေါ်မှာ တစ်ယောက်တည်းရှိတယ်ဆိုတာ ရှင်သိပါတယ်''

''ကျွန်မချစ်တာ နေချို့ပါ ဦးစောနက်ကြယ်''

''ပက်ထရစ်ရှာ ယောကျ်ားကို မင်းက ယူဦးမလို့လား''

သူ့မျက်နှာမှာ ခပ်လှောင်လှောင် အပြုံးတစ်ခု ပေါ်လာပေမယ့် မြပချုပ် ဂရုမစိုက်ပါ။ အရင်လိုလည်း ရွှေ့ရွှေ့ခုန်အောင် ဒေါသထွက်ပြမနေတော့။

''လုယူစရာမလိုပါဘူးလေ၊ ကျွန်မရင်ထဲရှိနေတာကို ပြောတာပါ''

''အခု မင်းလူ ဆေးရုံရောက်နေပြီမဟုတ်လား''

''ရှင် ဘယ်လိုလုပ်သိလဲ''

''မင်းနဲ့ပတ်သက်တာမှန်သမျှ ကျုပ်မသိတာ ဘာမှမရှိဘူး မြပချုပ်၊ အဲဒီလူကို မင်းမေ့ပစ်လိုက်တော့ စိတ်လည်းမဝင်စားနဲ့တော့''



www.burmeseclassic.com

www.burmeseclassic.com



"မင်းစိတ်ဝင်စားရမှာက ကျုပ်ပဲ၊ ကျုပ်ကိုသာ လက်ထပ်လိုက်ဝါ၊ မင်း နောင်တမရစေရဘူးလို့ ကျုပ် အာမခံတယ်"

"ရှင့်ကိုတော့ ကျွန်မ စိတ်မဝင်စားဘူးရှင့်၊ ခေါင်းအလေးခံပြီးတော့လည်း ရှင့်အကြောင်း စဉ်းစားမနေနိုင်တာ ခွင့်လွှတ်ပါ"

"အကြောင်းပြချက်က ဘာလဲ၊ ရှင့်ကိုမချစ်လို့ဆိုတာမျိုး ထပ်မကြားချင်ဘူး၊ ကျုပ်ကို မင်းချစ်လာဖို့က ကျုပ်တာဝန်ယူတယ်"

"ဝမ်းနည်းပါတယ်ရှင်…ကျွန်မ ဒီတစ်သက် နောက်ထပ်ဘယ်တော့မှ အိမ်ထောင်မပြုတော့ဘူးလို့ ဆုံးဖြတ်ပြီးလို့ပါ"

"အမိပွါယ်မရှိလိုက်တာ မြပချုပ်ရယ် မင်းလို အရွယ်ငယ်ငယ်လှလှပပ မိန်းဒလှလေးတစ်ယောက်က အိမ်ထောင်ထပ်မပြုတော့ဘူးလို့ ပြောနေတာကို သူများတွေကြားရင် ယုံနိုင်ပါ့မလားဗျာ"

"ပတ်ဝန်းကျင်ကို ကျွန်မ စိတ်မဝင်စားဘူးရှင့်၊ ကျွန်မရဲ့ဆုံးဖြတ်ချက်ကိုလည်း ပြောင်းလဲမှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲလို့လည်းမမေးနဲ့၊ ကျွန်မအကြောင်း ကျွန်မပဲသိတယ်"

မြပချုပ်အသံက အဆုံးသတ်မှာ အဖျားခပ်တုန်ရီသွား၏။ မက မျက်နှာလေးပါ ဖြူပျော့သွားရာ စောနက်ကြယ်မှာ မြပချုပ် မျက်လုံးအစုံကို ထွင်းဖောက်စူးစိုက်လျက် ခပ်စိမ်းစိမ်းကြည့်ရှုလိုက်၏။

ပြီးတော့ တစ်စုံတစ်ခုကို တွေးမိသလို ခပ်တိုးတိုးရယ်မောလိုက်၏။





"မင်းတို့မိန်းမတွေဟာ တော်တော်လည်း အရူးထကြပါပေရဲ့ မြပချုပ်ရယ်၊ စိတ်ကူးယဉ်ထဲက အချစ်တစ်ခုအတွက် မင်းဘဝကိုရော၊ မင်းနှလုံးသားကိုပါ ဒုက္ခထပ်ပေးဦးမလို့လား"

"ဘာလဲ…ဟိုကောင်က မင်းကို အဲဒီလိုလုပ်ဖို့ တောင်းဆိုထားလား"

"ရှင်…နေချိုကို ဟိုကောင်လို့မပြောပါနဲ့"

"သြော်…ဒီကောင်လက်ချက်ဆိုတာ သေချာသွားပြီပေါ့ဟုတ်လား"

"မဆိုင်တာတွေမပြောနဲ့ရှင့်"

စောနက်ကြယ်နှုတ်ဖျားမှာ နေချိုအမည် ကြားရခြင်းကို မြပချုပ်ရင်မှာ အခံရခက်လှပေသည်။ မြပချုပ် အိမ်ထောင်ပြုခြင်း မပြုခြင်းမှာ အမှန်တကယ်စင်စစ် နေချိုနှင့် ဘာမှမဆိုင်ချေ။

အချစ်မပါဘဲ တဒင်္ဂလို ယောကျ်ားတစ်ယောက်ကို မှားသွပ်မိုက်မဲစွာ လက်ထပ်ပြီးထဲက နောက်ထပ် ဘယ်ယောကျ်ားတို့မှ ကိုယ်ကိုယ်တိုင် နှစ်သက်သဘောကျခြင်းမရှိဘဲ လက်မထပ်တော့ဟု ဆုံးဖြတ်ထားခဲ့သူဖြစ်သည်။

တဒင်္ဂကို လက်ထပ်ဖြစ်ခဲ့ခြင်းကပင် နေချိုကို တမင်ခွဲခြမ်း၍ သူတားမြစ်သည့်ကိစ္စမှန်သမျှ မရရအောင် လုပ်ပြမည်ဟူသော ခံယူချက်ဖြင့် တဒင်္ဂကို လက်ထပ်ပစ်ခဲ့သည်။

ဒါကို နေချိုလည်းသိသည်။

သိ၍ ပိုခံစားရသည်။ ထိုသို့ ပိုခံစားရမှန်းသိလေ မြပချုပ်က နေချိုရှေ့မှာ တဒင်္ဂနှင့် အမျိုးမျိုးနေပြပြီး ပိုအရွဲ့တိုက်လေနှင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အသည်းကို တစ်ယောက်ခွဲနက်ဖို့ ရက်စက်စွာ ကြိုးစားခဲ့ကြသမျှ အခုတော့ မြပချုပ်ရင်မှာ နောင်တလေးတွေ တဝေဝေနှင့်ဟု ဆိုရမည့်အခြေအနေဖြစ်သည်။

"ကောင်းပြီ…မင်းဆုံးဖြတ်ချက်တွေ ပြောင်းလွဲသွားအောင် နေချိုနဲ့ကျုပ် တစ်ပွဲတစ်လမ်း လက်သီးချင်း ယှဉ်ကြရသေးတာပေါ့"

"ရှင် လျှောက်မလုပ်နဲ့နော်၊ အခု နေချို ဘာဖြစ်နေလဲဆိုတာ ရှင်သိလား"

"ဘာဖြစ်နေလို့လဲ"

"သူ…သူ အခုဆေးရုံမှာ"

"အဲဒီတော့ ကျုပ်က ဘာလုပ်ရမှာလဲ"

"ဘာမှမလုပ်နဲ့ ကိုယ့်ဘာသာနေပါ၊ ရှင့်ကြောင့် နေချို တစ်ခုခုထပ်ဖြစ်ရင် ရှင့်ကို ကျွန်မ လုံးဝခွင့်လွှတ်မယ်မထင်နဲ့"

စောနက်ကြယ်က မြပချုပ်၏ လှပသော မျက်နှာလေးကို နက်မှောင်သော မျက်လုံးတောက်တောက်များဖြင့် ခပ်ရဲရဲ စူးစိုက်ကြည့်ပစ်လိုက်သည်။

ယောကျာ်းတစ်ယောက်အပေါ်မှာ ဤမျှ စွဲလမ်းမြတ်နိုး ချစ်တတ်သော ဤမိန်းကလေးကို ချီးကျူးရမည်လား၊ အပြစ်တင်ရမည်လားဆိုသည်ကိုက စောနက်ကြယ်ကိုယ်တိုင်လည်း မသိတော့ချေ။

သေချာသည်က မြပချုပ်၏ အသည်းနှလုံးကို ပိုင်နိုင်စွာ နေရာယူထားနိုင်သူအဖြစ် နေချိုဆိုသည့်လူကို သတ်ပစ်ချင်လောက်





အောင် မနာလိုဝန်တိုမိခြင်းဖြစ်သည်။

စောနက်ကြယ်ကို မြပချုပ်မှ နေချိုကို ချစ်သလို ချစ်မြတ်နိုးမည်။ စွဲလမ်းတမ်းတနေမည်ဆိုလျှင် အဘယ်မျှ ကျေနပ်ကြည်နူးဖွယ်ရာ ကောင်းလိုက်မည်နည်း။ အစွဲအလမ်း ကြီးလှသော မြပချုပ်ထံမှ အချစ်ကို စောနက်ကြယ် နှလုံးသားက လှိုက်လှဲစွာ ရယူပိုင်ဆိုင်ချင်မိသည့်အဖြစ်ကို မည်သူမျှ နားမလည်။

မြပချုပ်ဆိုသည့် မိန်းမတစ်ယောက်၏ နှလုံးသားကိုရောဘဝတစ်ခုလုံးကိုပါ စောနက်ကြယ်ဆိုသည့်လူက သိမ်းပိုက်ယူငင်အပ်စိုးထားချင်သည်။ ဤသည်က စောနက်ကြယ်ဘဝတွင် အဖြစ်ချင် အတောင့်တဆုံးဆန္ဒဆိုလည်း မမှားချေ။

"ဒီတစ်ခါ ကျုပ်ခရီးထွက်ရင် ဘယ်လောက်ကြာမယ်ဆိုတာ မပြောနိုင်ဘူး၊ ကျုပ်အမေက ကျုပ်ကိုသိပ်ချစ်တာ ကျုပ်ချစ်ဆုံးကလည်း ကျုပ်အမေပဲ၊ အခု ကျုပ်အမေ နေမကောင်းဘူးဆိုလို့ ကျုပ်အိမ်ကိုပြန်ရမယ်"

"ဒီတော့…ကျုပ်ကို မင်းလက်ထပ်ပါမယ်လို့ ကတိပေးပါ မြပချုပ်"

"ကျွန်မ ပြောပြီးပြီပဲရှင်၊ ကျွန်မ နောက်ထပ်အိမ်ထောင်မပြုတော့ဘူးဆိုတာ"

"ဒါ မင်းရဲ့ မပြောင်းလွဲတဲ့ ဆုံးဖြတ်ချက်ပေါ့ ဟုတ်လား"

"ဟုတ်တယ်"

မြပချုပ်နှင့် စောနက်ကြယ် တစ်ယောက်မျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ပေါက်ထွက်လုမတတ် အကြည့်များဖြင့် စူးစူးနစ်နစ် စိုက်ကြည့်လိုက်ရာတွင် ဘယ်သူကမှ ဘယ်သူ့ကို အလျှော့မပေးကြချေ။

"ကောင်းပြီလေ မင်းကတောင် မင်းရဲ့ဆုံးဖြတ်ချက်ကို မပြင်နိုင်မှတော့ ကျုပ်ကလည်း ကျုပ်ရဲ့ဆုံးဖြတ်ချက်အတိုင်း လုပ်ရုံပေါ့"

"ဒီညကစပြီး မင်းအိမ်မှာ ကျုပ်နေရလိမ့်မယ်"

"ဟင်"

ပြောပြောဆိုဆို စောနက်ကြယ်က သူ့ကိုယ်ပေါ်မှာ ထပ်ဝတ်လာသည့် ကုတ်အင်္ကျီကိုချွတ်ချပြီး ခုံတစ်လုံးပေါ် လှမ်းပစ်တင်လိုက်ကာ သူမရှေ့က ထထွက်သွားသဖြင့် မြပချုပ် ရင်တုန်သွားသည်။

"ရှင် ဘယ်ကိုသွားမလို့လဲ"

မြပချုပ် လှမ်းမေးပေမယ့် စောနက်ကြယ်က သူမပြောစကားကို ဂရုမစိုက်ဟန်ဖြင့် အပေါ်ထပ်တက်သည့် လှေကားရှိရာသို့ ခြေလှမ်းကျဲကြီးများဖြင့် ခပ်မှန်မှန်လျှောက်သွားရာ မြပချုပ်မှာ ဘယ်လိုမှ ဆက်လက်ငြိမ်မနေနိုင်တော့ဘဲ ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်မိလျက်သား ဖြစ်သွားသည်။

❀ ❀ ❀



## အခန်း (၁၈)

"ရှင်…ရှင် ဒါဘာလုပ်တာလဲဟင်၊ ကျွန်မကို မှဆိုးမဆိုပြီး အထင်အမြင်သေးတာလား"

မြပချုပ်မှာ စောနက်ကြယ်ရှေ့မှ ပိတ်ရပ်ကာဆီးလိုက်ကာ ဒေါသမွှန်စွာ သူ့မျက်နှာကို မော့ကြည့်ရင်း တုန်တုန်ရီရီလေး ဆိုလိုက်မိသည်။

"မင်းကို အထင်ကြီးလို့ တန်ဖိုးထားပြီး လူကြီးလူကောင်းလို လက်ထပ်ပါရစေ ခွင့်ပြုပါ ဘာညာနဲ့ အသနားခံနေလို့မှမရဘဲ"

"ကျုပ်ကလည်း ဘယ်မိန်းမကိုမှ မင်းလောက် စကားရှည်ရှည်ဝေးဝေး ပြောတူးတာမဟုတ်လေတော့ မဖြစ်ရင် ဖြစ်အောင် လုပ်တတ်တဲ့ ကျုပ်ရဲ့ ဗီဇရုပ်လည်း ပေါ်လာရတာပေါ့ အမိရယ်"

"ဘယ်လိုပဲဖြစ်ဖြစ်ပါ ကျုပ် ဒီအိမ်မှာရှိနေတာကို အရှေ့ခုနစ်အိမ်၊ အနောက်ခုနစ်အိမ်သိရင် မင်းနဲ့ကျုပ်ကို ပုဆိုးတန်းတင် အကြင်လင်မယားအဖြစ် အသိအမှတ်ပြုကြမှာပဲ၊ အဲဒီအတွက်



www.burmeseclassic.com

www.burmeseclassic.com



မင်းဆရာကျုပ်ရော စိတ်အေးအေးနေလိုက်ကြရင် ပြီးပြီပေါ့"

စောနက်ကြယ်၏ပုံစံက မခိုးမခန့်။

သူဖြစ်ချင်တာ ဖြစ်ရဖို့အတွက် မြပချုပ်လို ကာယကံရှင်၏ ဆေါသနှင့် စိတ်ခံစားချက်ကိုပင် ထည့်တွက်ပုံမရ။ မဖြစ်နိုင်ပါဟု ပြောသည့်စကားကိုလည်း လက်မခံ။ မြပချုပ်ဘဝတစ်သက်တာတွင် ဤမျှလောက် လက်ပေါက်ကပ်သော လူမျိုးကို မမြင်ဘူးချေ။

"ရှင်…လူရမ်းကားအလုပ် မလုပ်နဲ့နော်၊ ပြောမရရင် လူတွေအားလုံးကြားအောင် အော်ပစ်လိုက်မယ်သိလား"

"ဘယ်လိုအော်မှာလဲ၊ လိုအပ်ရင် ကျုပ်ပါ မင်းနဲ့အတူ လိုက်အော်ရအောင်ပေါ့၊ ဒါမှမဟုတ် မင်းမအော်ခင် ကျုပ်ကအရင် ဟောဒီအိမ်ထဲက မြပချုပ်ဆိုတဲ့မိန်းမကို ချစ်မိလို့ ရူးရပါတော့မယ် ဗျို့လို့ လူတွေအားလုံးကြားအောင် ထွက်အော်ရမလား"

"ရှင်…ရှင်"

"ကဲဟယ်…ကဲ"

"ကဲ"

မြပချုပ်မှာ ဘယ်လိုမှ စိတ်ကို ချုပ်တည်းရန် မတတ်နိုင်တော့ဘဲ စောနက်ကြယ်ရင်ဘတ်နှင့် လက်မောင်းများကို သူမလက်သီးလေးများဖြင့် အဆက်မပြတ် ထုရိုက်ပစ်လိုက်သည်။

"ရှင့်ကိုမုန်းတယ် သိလား"

"မုန်းတယ်"





"ကျုပ် ဘယ်လောက်ချစ်ရကောင်းတယ်ဆိုတာ မင်းမှ မသိဘဲ"

"ရှင်…ကျွန်မအိမ်ထဲက အခုထွက်သွား၊ ထွက်သွားလို့ ပြောနေတယ်"

"မြပချုပ်"

"ကြည့်စမ်း…ရှင်"

"အင့်"

သန်မာတောင့်တင်းသော လက်များကြားမှာ မြပချုပ် တစ်ကိုယ်လုံး နစ်မြုပ်သွားသည်။ စကားဆိုရန် အခွင့်မရှိ။ မြပချုပ် လက်လှမ်းမှီသမျှ သူ့ကိုယ်ကြီးကို ထုရိုက်ကုတ်ဖဲ့ ကြိုးစားသော်လည်း မအောင်မြင်။

စောနက်ကြယ် ရင်ခွင်ထဲမှာ မြပချုပ်ကိုယ်လေးက အရုပ်ကလေးတစ်ရုပ်နှယ်။ သူပြုသမျှ နေရသည့်အဖြစ်သို့ ရောက်နေ၏။ မြွေတစ်ကောင်လို ညှိုင်နိုင်စွမ်းသော ထိုယောကျ်ားကို မြပချုပ် မုန်းမုန်းနှင့် သူ့ပါးကို တစ်အားကုန် လွှဲရိုက်ချလိုက်သံက တိတ်ဆိတ်ခြင်းကို ဖြိုခွင်းသွား၏။

အသားချင်းထိခတ်သံ ပြင်းထန်စွာ ထွက်ပေါ်လာသလို တုန်ရီမောဟိုက်နေသည့် မြပချုပ်မှာ လှေကားလက်ရန်းကိုကိုင်ကာ သူမနှင့်နီးကပ်စွာ ရှိနေဆဲဖြစ်သော စောနက်ကြယ်၏ စူးရဲတောက်ပသော အကြည့်ရိုင်းများအောက်မှာ ဖယ်ခွာရန် နေရာမှ ထွက်သွားမည်အပြု…



www.burmeseclassic.com

www.burmeseclassic.com



ဖြန်းခနဲ စောနက်ကြယ်က သူမကိုယ်လေးကို ကောက်ယူပွေ့ချီလိုက်ရာ မြပချုပ်မှာ အံ့သြလွန်းသဖြင့် ကြောင်တွေသွားရ၏ နိုက် သူက မြပချုပ်ကို ဦးဆောင်ခေါ်ယူသွားခြင်းကို ခံလိုက်ရ၏။

"ဦးစောနက်ကြယ်"

"ရှင်နော်…ရှင်"

"ကျွန်မ မလိုက်ဘူးလို့ပြောနေတယ်"

"မင်းအကြိုက်ကျအောင် ကျုပ်က လိုက်လုပ်နေတာမှ မဟုတ်ဘဲ"

"ကျုပ်အကြိုက်ကို ကျုပ်ဘာသာ လုပ်ယူနေတာ"

"ဘာ"

"ရှင်…ရှင်"

"ကျုပ်ကိုမုန်းတယ်လို့ ပြောမလို့လား၊ မင်းရဲ့အမုန်းစကားက ကျုပ်အတွက်တော့ ပန်းနဲ့ပေါက်သလောက်ပဲရှိမယ် မြပချုပ်"

"ဒီညတော့ မင်းနဲ့ကျုပ်…"

"ရှင့်ကို ကျွန်မပြောစရာရှိတယ်၊ ကျွန်မကို အခုအောက်ချပေးပါ"

"ကျုပ်ကိုလှည့်စားလို့မရဘူးဆိုတာ မင်းသိပါတယ်နော် မြပချုပ်"

"သိတယ်…သိတယ် ရှင်ဟာ တကယ့်ကို ပင်လယ်ဓားပြတစ်ယောက်ပဲဆိုတာ ကျွန်မသိတယ်"

"အဟွန်း…ဟွန်း…ဟွန်း"





"ဒီလိုတော့လည်း မင်းက အမှန်ကို အမှန်အတိုင်းမြင်နိုင်သားပဲ"

စောနက်ကြယ်က သူ့ထံသို့ လှပစွာဝံပျံရောက်ရှိလာသော မြပချုပ်၏ မျက်စောင်းကို ကျေကျေနပ်နပ်ခံယူရင်း ခပ်တိုးတိုး ကျိတ်ရယ်လိုက်ကာ မြပချုပ်၏ ကိုယ်လေးကို အသာအယာ အောက်ချပေးလိုက်၏။

"ရှင်ဟာ ကျွန်မကို သိပ်ဒုက္ခပေးတဲ့လူပဲ၊ မချစ်ပါဘူးဆိုလည်းမရ၊ မကြိုက်ပါဘူးဆိုလည်းမရနဲ့"

"ကျုပ်ကို မင်း ပြောစရာရှိတယ်ဆိုတာ ဒါလား"

မြပချုပ်မှာ တွန့်ကျေနေသော သူမအဝတ်များကို ဖြန့်ပြင်ရင်း လေသာဆောင်ရှိရာကို ဦးဆောင်လျှောက်ခဲ့သည်။ အပြင်မှ လရောင်က ရွှန်းရွှန်းမြမြသာနေ၏။ လ၏အလင်းနှင့် တစ်ယောက်မျက်နှာကို တစ်ယောက် သည်းကွဲစွာ မြင်တွေ့နေကြရသည်ဖြစ်ရာ မြပချုပ်မှာ စောနက်ကြယ် တစ်ကိုယ်လုံးကို ခွေ… ကြည့်ရင်း သူမအပေါ်မှာ ဤမျှ အသည်းအမည်း ဖြစ်နေခြင်း… နားမလည်နိုင်ဘဲ ဖြစ်နေ၏။

"ဘယ်နှယ့်လဲ ကျုပ်ရဲ့ ဥပမိရုပ်က ခန့်ညားရဲ့မဟုတ်လား"

ပြောပြီး ခပ်အုပ်အုပ်ရယ်လိုက်တာမို့ ဖြူသော မြပချုပ်၏ မျက်နှာလေးမှ ဖြန်းခနဲ ပူနွေးသွားသည်။ နီရဲစိုစွတ်သော စောနက်ကြယ်၏ နှုတ်ခမ်းအစုံကို ဖျတ်ခနဲ အကြည့်ရောက်သွားမိနှံမှာ



www.burmeseclassic.com

www.burmeseclassic.com



မြပချူပ်ရင်ထဲ သိမ့်ခနဲဖြစ်သွားကာ ချက်ချင်းလိုပင် ထိုအကြည့်ကို လွှဲဖယ်ပစ်လိုက်၏။

"ဟုတ်တယ်…စိတ်ပျက်စရာကောင်းအောင် ခန့်ညားလွန်းလို့ ထိုင်ငိုပစ်ချင်တဲ့အထိပဲ"

ဟု မြပချူပ်က တမင်ရွဲ့ပြောတော့ သူက မနာကျင်သလို မြပချူပ် မျက်နှာလေးကို ရွှန်းတောက်စွာ ငုံ့မိုးကြည့်သည်။

"ကျုပ်ထင်သားပဲ…ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် မင်းဟာ ကျုပ်ကို အမြတ်တနိုးနဲ့ စွဲလမ်းတမ်းတလာစေလိမ့်မယ်လို့လေ"

"ရှူးပါပေ့ရှင်"

မြပချူပ်၏ ကောင်းချီးသြဘာပေးစကားကို သူက ဂရုမစိုက်။ မြပချူပ်ခါးကို သန်မာနွေးထွေးသော သူ့လက်အစုံဖြင့် တင်းကြပ်စွာ ကိုယ်ချင်းထိကပ်လိုက်ပြီး…

"ကိုင်း…ဒါဖြင့် ကျုပ်တို့ချင်း လက်ထပ်ကြစို့ရဲ့ ဟုတ်လား"

"ရှင့်ကို ဘယ်သူက လက်ထပ်ပါ့မယ်လို့ ပြောနေလို့လဲ ရှင်"

"မင်း ကျုပ်ကို စောစောက လှည့်စားတာပေါ့လေ"

"ဘယ်မှာလှ[illegible]ားလို့လဲ…ရှင့်ကိုမချစ်ဘဲ တခြားယောကျ်ားတစ်ယောက်ကို ချစ်နေတဲ့ မိန်းမတစ်ယောက်ကို ဖွတ်လက်ထပ်ရင် ရှင်ဘယ်လောက် စိတ်ဆင်းရဲမယ်ဆိုတာကိုရော စဉ်းစားမိရဲ့လား"





မြပချူပ်၏ စကားအဆုံးမှာ စောနက်ကြယ်က သူမကို အစိပ္ပါယ်ခွဲခြားရခက်သော အကြည့်တစ်မျိုးနှင့် သူမကိုကြည့်ပြီး ပြုံးလိုက်သည်။

"အဲဒီအတွက်နဲ့တော့ ကျုပ်ကို စိတ်မပူပါနဲ့လေ၊ မင်းသာ ကိုယ်မချစ်တဲ့ ယောကျ်ားကို လက်ထပ်မိလို့ တစ်သက်လုံး နောင်တရနေပေမယ့် ကျုပ်ကတော့ ကျုပ်ချစ်တဲ့မိန်းမကို လက်ထပ်လိုက်ရလို့ ဒီတစ်သက်ဖြင့် နောင်တရစရာမရှိပါဘူး"

"ကျုပ်ပြောတာ မင်းနားလည်တယ်မဟုတ်လား မြပချူပ်"

"ကျွန်မက ဘာကိုနားလည်ရမှာလဲ"

"ဒါကိုပဲ နားလည်ရင်ရပြီလေ"

"အိုး…အမေ့"

ခွေးနွေးပွဲလေးက ညှိနှိုင်းရာမှာပင် အဆုံးသတ်ပြီး ပြတ်သွား၏။ မြပချူပ်တွင် နောက်ထပ်အကြောင်းပြစရာလည်း မရှိ။ စောနက်ကြယ်ကို လက်ထပ်ပါမည့်အကြောင်း ထိုညက ဝန်ခံလိုက်အပြီးမှာ သူမကိုယ်သူမလည်း အိပ်မက်မက်နေသလို ထင်နေမိသေးသည်။

အများအမြင်မှာ မြပချူပ်ကို မျက်နှာများသူ အပြောင်းအလဲမြန်သူအဖြစ် ထင်မြင်ယူဆကြမည်ဟု ထင်ရသော်လည်း လောကရှိလူသားတိုင်းမှာ ကိုယ့်အကြောင်းနှင့်ကိုယ်ဖြစ်ကာ မည်သူ့ကိုမှ ကိုယ်ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲကို ရင်ဖွင့်ပြောပြနိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း မဖြစ်နိုင်ပေ။

ညဉ့်နက်မှ စောနက်ကြယ် ပြန်သွားသည့်အတွက် ပတ်ဝန်းကျင်ကို အားနာမိပေမယ့် မတတ်နိုင်။ အိမ်ရှင်က လက်မခံဟုဆိုသော်လည်း ဧည့်သည်လုပ်သူက ဘယ်လိုမှ နှင်ထုတ်၍မရ။ မြပချူပ်ထံမှ သူလိုချင်သည့် အဖြေရပြီးနောက်မှာ စောနက်ကြယ်၏ မျက်လုံးနက်နက်များတွင် ကျေနပ်နှစ်သိမ့်ခြင်းများကိုက ဖုံးကွယ်မရချေ။

"ကျုပ် အိမ်ထောင်ပြုမယ့်အကြောင်း ကျုပ်အမေကို ဖွင့်ပြောပြလိုက်ရင် မာမီ့ခမျာ သိပ်ဝမ်းသာရှာမှာပဲ"

"ဒါနဲ့များရှင် ရှင့်မာမီ စောစောဝမ်းသာနိုင်အောင် အစောကြီးထဲက အိမ်ထောင်ပြုလိုက်ရင်ပြီးနေတာပဲ"

"ကျုပ်အတွက် သတို့သမီး ရှာမတွေ့လို့ပေါ့ မြပချူပ်ရဲ့၊ မင်းသာ စောစောစီးစီး ကျုပ်ရှေ့ကို ရောက်လာရင် ကျုပ်သားသမီးတွေဟာလည်း အခုချိန်ဆို အတော်ကြီးလှရော့မယ်"

"တစ်ခုတော့ ပြောလိုက်ပါရဲ့နော် မင်းကြောင့်တော့ သူတစ်ဖက်သား အိမ်ထောင်ရေးကို မပြိုကွဲပါစေနဲ့ ဟုတ်လား"

"ကျွန်မကို ရှင့်လိုများထင်နေလား"

"ထားပါ...ထားပါ အဲဒီအကြောင်း အခုချိန်မှာ မင်းနဲ့ မပြောချင်ပါဘူး၊ မင်းနဲ့ကျုပ် အတူတူနေရင် ဘယ်လောက်ပျော်စရာကောင်းမလဲဆိုတာမျိုးပဲ ကျုပ်တွေးနေချင်တယ်"

စောနက်ကြယ်က မြပချူပ်ကို တစ်ချိန်လုံး သူ့ရင်ခွင်ထဲ





ကလေးတစ်ယောက်လို ထွေးပိုက်လျက် ယုယချင်တိုင်း ယုယကြင်နာလျက် မင်္ဂလာဆောင်ပြီးနောက် သူနှင့်အတူသွားရမည့် ဟန်းနီးမွန်းခရီးအကြောင်း သူမကို ဘယ်လိုစိတ်ချမ်းသာအောင် အလိုလိုက်မည့်အကြောင်း စုံစေ့အောင် ပြောသွားသည်မှာ မြပချူပ်နေရာမှာ တခြားသူတစ်ယောက်သာဆိုလျှင် အရည်ပျော်ကျသွားလောက်ပေသည်။

ထိုတစ်ညလုံး မြပချူပ်တစ်ယောက်တည်း အိပ်ရာထဲမှာ လူးလွန့်လူးလှိမ့်ရှားရင်း ကောင်းစွာ အိပ်မပျော်နိုင်ဘဲ ဖြစ်နေ၏။ သူမ၏ အတွေးအာရုံထဲကို ပုံရိပ်အမျိုးမျိုး ဝင်ရောက်လာသမျှ ဘယ်သူ့ကိုမှ ဖယ်ရှားမပြစ်နိုင်ဘဲ အတွေးဝဋ်ဘဲထဲမှာ တစ်ဝဲဝဲလည်လျက်ရှိ၏။

သူမသာ စောနက်ကြယ်ကို လက်ထပ်မည်ဟုဆိုလျှင် မိတွေးတော် ဒေါ်ခင်စစ်ရင်တစ်ယောက် မြပချူပ်ကို ဘယ်လိုရစရာမရှိအောင် ပြောမည်ကို သိချင့်နေသည်။

ပြီးတော့...နေချို။

ပက်ထရစ်ရှာကတော့ မြပချူပ် ဘာလုပ်လုပ် ထောက်ခံအားပေးမည့်သူမျိုးထဲက ဖြစ်သည်။ ယောက္ခမလောင်းတွေကိုလည်း ပက်ထရစ်ရှာပဲ မြပချူပ်ကိုယ်စား တာဝန်ယူဖြေရှင်းနှစ်သိမ့်ပေလိမ့်မည်။ ဒါကိုတော့ ပူပင်စရာမရှိ။

နေချိုကသာ မြပချူပ်ကို စောနက်ကြယ်လို လူမျိုးနှင့် လက်ထပ်ရပါမည်လားဟု ပြစ်တင်ဝေဖန်မည်ထင်သည်။ မြပချူပ်



www.burmeseclassic.com

www.burmeseclassic.com



သည် စောနက်ကြယ်လို လူတစ်ယောက်ကို လက်ထပ်ပါမည်ဟု ကတိပေးလိုက်မိပုံကို ပြန်တွေးမိတိုင်း စိတ်ထဲမှာ လှုပ်ခတ်နေ၏။

သူဟာ တကယ်ပဲ မြပချုပ်ရဲ့ ခင်ပွန်းသည် ဖြစ်ရတော့မှာပါလားဟု စဉ်းစားမိရုံနှင့် ရင်တွေ တဒိတ်ဒိတ်ခုန်လာကာ သူမစိတ်ထဲမှာ ဝေခွဲမရ မွှန်းမွှန်းကြပ်ကြပ်ကြီး ဖြစ်၍သွားတတ်ပြန်သည်။

မြပချုပ်သည် သူမ၏ အပြုအမူကို မှားသလား မှန်သလား မဆုံးဖြတ်နိုင်အောင် ဖြစ်နေချိန်မှာ နေချို ဆေးရုံက ဆင်းလာပြီဆိုသော သတင်းကို ကြားလိုက်ရ၏။

စောနက်ကြယ်က မြပချုပ်ကို နှုတ်ဆက်ပြီး သူ့မိဘများရှိရာ ဩစတေးလျနိုင်ငံသို့ ထွက်သွားပြီးနောက် သူနှင့်ပတ်သက်သော သတင်းစကား ဘာမှမကြားရတော့ချေ။

မြပချုပ်သည် နေချိုကို သွားရောက်တွေ့ဆုံပြီး လူနာသတင်းမေးရင်း နာလန်ထလူမမာစားရန် ဓာတ်စာများကိုပါ နေချိုကြိုက်တတ်သည်များကို ရွေးဝယ်သွားသည်။ ထုံးစံအတိုင်း ပက်ထရစ်ရှာက မြပချုပ်ကိုမြင်သည်နှင့် ပျာပျာသလဲ ဆီးကြိုနှုတ်ဆက်သည်။

"ပချုပ်ကတော့ မမြင်ရတာ ကြာလို့လားမသိဘူး ပိုပြီးလှလာပါလားကွယ်၊ ချိုရေ ကြည့်ပါဦး ပချုပ်ကို မြင်တဲ့သူတိုင်းအမှုဆိုးမလေးတစ်ယောက်လို့ ဘယ်သူထင်ရဲကြမှာလဲနော်"

"အင်း"

နေချိုက သူ့မိန်းမစကားကို မကောင်းတတ်သဖြင့် ခေါင်း





ညိတ်ပြလိုက်ပေမယ့် မြပချုပ်ကို မကြည့်ဘဲ သူ့မျက်နှာကို ခပ်လွှဲလွှဲထားပုံကဖြင့် တဆိတ် ဝမ်းနည်းစရာဖြစ်၏။

ဘာကြောင့် မြပချုပ်ကို ရဲရဲရင်ဆိုင် မကြည့်ဝံ့သနည်းဆိုခြင်းကိုကား သူမလည်းမသိချေ။ နေချိုနှင့် ပတ်သက်ပြီး မြပချုပ်သိတာတွေကလည်း များလှပေသည်။

ထိုယောက်ျားသည် မြပချုပ်ကို ချစ်သည်မှန်သော်လည်း သူချစ်သည့်မိန်းမကို စွန့်ပယ်ပြီး သူမချစ်သည့် မိန်းမကို လက်ထပ်ခဲ့ရသူအဖြစ် သူ့သဘောထားအစစ်အမှန်ကို မသိပေ။

"ခဏထိုင်ဦးနော် ပချုပ်၊ ချို့အတွက် ဆန်ပြုတ်အိုးလေး တစ်ချက်ပြေးကြည့်လိုက်ချင်လို့ပါ၊ ပချုပ်အတွက်ကရော အပူလား အအေးလား"

"ပချုပ်အတွက် ဒုက္ခမရှာပါနဲ့၊ ပက်ထရစ်ရှာရယ် နေချိုကိုသာ ဂရုစိုက်ပါ"

"ချို့ကိုလည်း ဂရုစိုက်တယ်၊ ပချုပ်ကိုလည်း ဂရုစိုက်တယ်ဟုတ်လား၊ ချိုရေ ပချုပ်ကို ဧည့်ခံထားလိုက်ပါဦးကွယ်"

"ကောင်းပါပြီ ပက်ထရစ်ရှာ"

ပေါ့ပါးသွက်လက်သော အမူအရာဖြင့် ပက်ထရစ်ရှာက ဆပ်ရယ်မောမောပင် ထမင်းစားခန်းရှိရာဘက်သို့ လျှောက်သွားရာ အခန်းထဲတွင် နေချိုနှင့် မြပချုပ်တို့ နှစ်ယောက်တည်း ကျန်ရစ်သည်။

ရုတ်တရက် မည်သူမျှ စကားမဆိုဖြစ်ကြ။ အခန်းသည်



www.burmeseclassic.com

www.burmeseclassic.com



ပို၍တိတ်ဆိတ်သွားကာ တစ်ယောက်အသက်ရှူသံကိုပင် တစ်ယောက်ကြားနေရသည့်အထိ ဖြစ်သည်။ တစ်ချိန်က ဓာတ်လမ်းရှိခဲ့ဘူးသူ နှစ်ယောက်ကို အတူတကွ စိတ်ချလက်ချ ထားသွားသော ပက်ထရစ်ရှာကို မြပချုပ် စိတ်ထဲမှာ ထူးဆန်းနေမိသည်။

မြပချုပ်သာ သူမနေရာမှာဆို ဤသို့လုပ်နိုင်မည်မထင်။ ပက်ထရစ်ရှာဆိုသည့် မိန်းမကတော့ ဘာတစ်ခုမှ စိုးရိမ်ပုံမရှိ။ သူမပုံစံကိုကြည့်ရုံပင် အတော်မျှ တည်ငြိမ်အေးဆေးသည်ကို သိနိုင်ပေသည်။

“ပက်ထရစ်ရှာလည်း တော်တော်ကိုယ်ရေစစ်သွားတယ်နော် နေချို”

“လူမှာတစ်ယောက်ကို ပြုစုရတဲ့အလုပ်က လွယ်မှမလွယ်ဘဲ မြပချုပ်၊ လုပ်ငန်းကိုလည်း တစ်ဖက်က ပြေးအုပ်ချုပ်ရ၊ စိမ်ခန့်ခွဲရနဲ့ ဘယ်လောက်ပင်ပန်းပါစေ တစ်ချက်မညည်းဘဲ ပြုံးနေနိုင်တဲ့ မိန်းမဆိုလို့ ပက်ထရစ်ရှာပဲ ရှိမယ်ထင်တယ်”

“ဒါကတော့ ဖြစ်လာတဲ့အခြေအနေမှာ ရှောင်လွှဲလို့မရနိုင်မှတော့ ဒီလိုပဲနေမှ ဖြစ်မှာပေါ့၊ ပက်ထရစ်ရှာမှ မဟုတ်ပါဘူး တခြားမိန်းမတစ်ယောက်ဆိုလည်း သူလိုပဲ လုပ်ကိုင်ပြေးလွှားနိုင်ပါတယ်”

မြပချုပ်ရှေ့မှာ ပက်ထရစ်ရှာကို ချီးမွမ်းခန်းဖွင့်နေတာကို နားမထောင်လိုသဖြင့် နေချို ဘာမှဆက်မပြောနိုင်အောင် တစ်ခါ





တည်း ပိတ်ပစ်လိုက်သည်။

“ပချုပ်လည်း ကိုယ့်ကျန်းမာရေးကိုသ ဂရုစိုက်ပါ”

“ဘယ်သူမှ ကိုယ်ဒုက္ခရောက်မယ့်အလုပ်မျိုး လုပ်ပါ့မလဲရှင်၊ မတတ်သာလို့ ဖြစ်လာရင်လည်း ကံကိုပဲ အပြစ်ပုံချရုံပေါ့”

“တချို့ကံက လူကလုပ်တာပဲ”

“လူကလုပ်တိုင်း ကံဖြစ်နေရင် ကျွန်မကံတရားကို ကျွန်မကိုယ်တိုင်ပဲ အကောင်းဆုံး အလှဆုံးဖြစ်အောင် ဖန်တီးလိုက်ချင်ပါရဲ့၊ ဒါပေမယ့်လည်း ကံတရားက လူသတ္တဝါတွေကို သူတို့ဖြစ်ချင်တိုင်း ဖြစ်ခွင့်မပေးခဲ့ဘူးရှင့်”

မြပချုပ်စကားအဆုံးမှာ နေချိုမျက်နှာ ကွက်ခနဲပျက်သွားတာကို မြင်လိုက်ရသော်လည်း သူမ နှောင်တမရပါ။ နေချိုနှင့် မြပချုပ်ကြားမှာ ရှိနေသည့် အဖုအထစ်အကျိုးအခဲတွေက အခုရော နောင်ရော ဘယ်တော့မှ ပြေပျောက်စရာမရှိ။ ဒါကို မြပချုပ် သိသလို နေချိုလည်း သိမည်ပင်။

“ဟိုတစ်လောက မြပချုပ်ကို ဆေးရုံတစ်ခုမှာ တွေ့လိုက်တယ်”

“ဟုတ်လား”

ဘယ်တုန်းကလဲဟု မြပချုပ် မမေးပါ။

မေးစရာလည်း အကြောင်းမရှိ။ စောနက်ကြွယ်ဆိုသည့်လူနှင့် ဆေးရုံကိုသွားသည့် အချိန်မှတစ်ပါး သူမတစ်ယောက်တည်းသည့်ဆေးရုံကိုမှ သွားဖူးတာမျိုးလည်း မရှိခဲ့ဘူးပါ။



www.burmeseclassic.com

www.burmeseclassic.com



"စာနက်ကြယ်ကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပြီလား"

နေချို့မျက်နှာကို မြပချုပ် စိုက်ကြည့်ပစ်လိုက်သည်။ ထိုစကားကို ဘယ်လိုအဓိပ္ပါယ်နှင့် မေးတာလဲဆိုတာကို မြပချုပ် စိတ်ထဲမှာ ပြင်းထန်စွာ သိချင်နေသည်။ ဗာဒင်တုန်းက မြပချုပ်ကို လက်မထပ်ဖို့ နေချို့ကိုယ်တိုင် တားမြစ်ကန့်ကွက်ခဲ့ဘူးသည်ကို အခုချိန်ထိ မမေ့သေး။

ဘယ်တော့မှလည်း မေ့လို့ရမည်မဟုတ်။ နေချို့ကို အရွဲ့တိုက်လိုစိတ်တစ်ခုထဲနှင့် တဒင်္ဂလိုလူတစ်ယောက်ကို မိုက်မဲစွာ မျက်စိစုံမှိတ်လက်ထပ်ပစ်ခဲ့ပြီးပါပြီ။ ဒီတစ်ခါရော စာနက်ကြယ်ဆိုသည့်လူကို သူ ဘာတွေများ ဝေဖန်ကန့်ကွက်ဦးမည်နည်း။

"အေးလေ…တစ်ပင်လဲမှတစ်ပင်ထူဆိုတာလည်း ရှိနေသားပဲ၊ ပချုပ်လို အရွယ်ငယ်ငယ်လှလှပပ မိန်းကလေးတစ်ယောက်နားမှာ မားမားမတ်မတ်ရပ်နိုင်မယ့် ယောက်ျားမျိုးလည်း ရှိသင့်ပါတယ်"

မြပချုပ်ထံမှ ဘာသံမှထွက်မလာခင် နေချို့က သူ့အမေးစကားကို သူ့ဘာသာ ထင်မြင်ချက်ပေး၍ အဆုံးသတ်လိုက်ခြင်းဖြစ်သည်။

"ဒါပေမယ့် အဲဒီလူအကြောင်း မြပချုပ် သေချာစုံစမ်းကြည့်ပြီးပြီလား"

"နေချို့ သဘောမကျဘူးပေါ့"

နေချို့ မျက်လုံးတွေကို တည့်တည့်စိုက်ကြည့်ပြီး မေးပစ်





လိုက်သည်။ နေချို့က မြပချုပ်အကြည့်တွေကို ကြာရှည်ရင်ဆိုင်ခြင်းမပြုဘဲ အကြည့်ကို လွှဲပစ်လိုက်တော့ မြပချုပ် မရယ်ချင်ရယ်ချင် တစ်ချက်ရယ်လိုက်သည်။ နေချို့က လှပစွာရယ်မောလိုက်သော မြပချုပ်ကို စိုက်ကြည့်နေပြီးမှ…

"ပချုပ်အတွက် ကိုယ်က ရယ်စရာလူဖြစ်နေလား"

"အဲဒါတော့ ပချုပ်မသိဘူး၊ ဒါပေမယ့် နေချို့သိလား လူတွေကိုလည်း ရယ်ချင်တယ်၊ ပချုပ်ကိုယ်ပချုပ်လည်း ရယ်ချင်တယ်"

"ဘာဖြစ်လို့လဲ"

"အဟင်း…ဟင်း လူတွေအားလုံး ဟန်ဆောင်နေကြရလို့လေ၊ လူတွေဟာ တစ်ယောက်ကိုတစ်ယောက် လိမ်ညာဟန်ဆောင် ဆက်ဆံပြီး နေကြတယ်မဟုတ်လား၊ တကယ့်စိတ်ရင်း အစစ်အမှန်အတိုင်းသာ တစ်ယောက်နဲ့တစ်ယောက် ဆက်ဆံကြရင် ဘယ်လိုတွေများ ဖြစ်ကုန်မှာပါလိမ့်လို့ တွေးမိလို့ပါ"

"ပချုပ်ရေ…ဒီမှာ ပချုပ်အတွက် ကော်ဖီပူပူလေးရပြီ၊ ဒါက ချို့အတွက် ဆန်ပြုတ်၊ ပက်ထရစ်ရှာကိုယ်တိုင် တိုက်မယ်နော် ချို့"

အသံလွင်လွင်လေးနှင့် ပေါ့ပါးသွက်လက်စွာ နေချို့နှင့် မြပချုပ်ရှိရာ ရောက်လာသည့် ပက်ထရစ်ရှာကို မြပချုပ် တစ်ချက်လှမ်းကြည့်လိုက်သည်။

ပက်ထရစ်ရှာ မျက်နှာမှာ ဘာအရိပ်အယောင်မှမရှိ။ နေချို့နှင့်



www.burmeseclassic.com

www.burmeseclassic.com



မြပချုပ်တို့၏ ဆက်ဆံရေးပေါ်မှာလည်း ဘာမသက်ဘဲဟန်မပြ။ ပကာတိရိုးသားသောအသွင်။ နေချိုကို သူမကိုယ်တိုင် ဆန်ပြုတ်ပူပူလေး မှုတ်တိုက်နေဟန် တည်ငြိမ်အေးဆေးမှုတွေအပြည့်။

ဒါဟာ ဟန်ဆောင်မှုသက်သက်မဟုတ်ဘူး ဆိုရင် ချီးကျူးစရာဖြစ်သလို ဟန်ဆောင်နေတာဆိုရင်လည်း ပီရိလှသော လိမ်လည်မှုအဖြစ် ထပ်ဆင့်ချီးကျူးရမည်ဖြစ်သည်။



## အခန်း (၁၉)

"သမီးနဲ့ မောင်စောနက်ကြယ် အခြေအနေက ဘယ်လိုလဲဆိုတာ ဒက်ဒီ့ကိုပြောပါဦး"

"ပချုပ်...သူ့ကိုလက်ထပ်မယ် ဒက်ဒီ"

"သမီးဆုံးဖြတ်ပြီးပြီပေါ့ ဟုတ်လား"

"ဟုတ်ကဲ့"

ဒက်ဒီ့ထံမှ စကားသံတိတ်သွားသည်။

"ဒက်ဒီကို ဒီကိစ္စဘယ်သူပြောလဲ"

"မောင်စောနက်ကြယ်ပဲလေ၊ ဒက်ဒီ့ဆီမှာ သမီးကိုလက်ထပ်ခွင့်တောင်းသွားတာ"

"ဪ"

"သမီးစိတ်ချမ်းသာရင် ပြီးတာပါပဲလေ၊ ဒက်ဒီဘက်ကတော့ အထူးအထွေ ပြောစရာမရှိပါဘူး၊ မောင်စောနက်ကြယ်က လူကောင်းတစ်ယောက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



သမီးဖြစ်သူ စိတ်ချမ်းသာအောင် စောနက်ကြယ်ကို လူကောင်းတစ်ယောက်အဖြစ် ပြောနေခြင်းလားဟု ဒက်ဒီ့မျက်နှာကို မြပချူပ် လှမ်းကြည့်လိုက်သည်။ သို့မ ထင်သလိုမဟုတ်။ ဒက်ဒီ့ မျက်နှာမှာ ဘာအရိပ်မှမရှိ။ တဒင်္ဂလို လူတစ်ယောက်ကိုတောင် သမီးကိုချစ်သည့် ဖခင်တစ်ယောက်အနေနှင့် သမက်အဖြစ် လက်ခံခဲ့သော ဒက်ဒီ့အတွက် စောနက်ကြယ်ဆိုသည့်လူကို သမက်တော်ရမှာ ဘာအခက်အခဲမှ ရှိဟန်မတူ။

"သမီးတို့ မင်္ဂလာပွဲကို ဘယ်တော့လောက် မှန်းထားလဲ"

"အတိအကျကြီးတော့ ဘာတစ်ခုမှ သေချာမဆွေးနွေးရသေးပါဘူး ဒက်ဒီ၊ သူကတော့ သူပြန်ရောက်တာနဲ့ မင်္ဂလာကိစ္စ ချက်ချင်းစီစဉ်ချင်တယ်လို့ ပြောပါတယ်"

"အဲဒါလည်းကောင်းပါတယ်၊ ကိုယ့်မိသားစုနဲ့ ကိုယ် သိုက်သိုက်ဝန်းဝန်းလေးဖြစ်အောင် သားသမီးတွေ အများကြီးယူပေါ့၊ ဒီလိုမှမဟုတ်ရင် အခုဒက်ဒီသမီးလို တစ်ယောက်တည်း အဖော်မရှိဘာမရှိနဲ့ အထီးကျန်နေရဦးမယ်၊ အနည်းဆုံး သားတစ်ယောက် သမီးတစ်ယောက်လောက်တော့ ရှိသင့်တယ်"

"ကလေးမယူချင်ပါဘူး ဒက်ဒီရယ်"

"ဘာဖြစ်လို့လဲသမီးရဲ့၊ ဒက်ဒီလည်း အသက်ကြီးပြီဆိုတော့ ချစ်ရာ မြေးလေးတစ်ယောက်တော့ ချီချင်တာပေါ့"

"ပချူပ်လို ခပ်ဆိုးဆိုးသမီးလေး ရနေရင် ဘယ်နှယ့်လုပ်မလဲ"

"ဟား...ဟား...ဟား"

မြပချူပ်စကားအဆုံးမှာ ဒက်ဒီက အသံဝါကြီးနှင့် ကျယ်လောင်သဘောကျစွာ ရယ်သဖြင့် ပချူပ်လည်း ဒက်ဒီနှင့်အတူ ရောယောင်ပြုံးလိုက်သည်။

"ဒက်ဒီ့သမီးလေးက လိမ္မာပါတယ်ဗျာ၊ တစ်ခါတစ်ခါ ဂျစ်တိုက်အရွဲ့တိုက်ပြီး စိတ်နောက်ကိုယ်ပါ တစ္ဆတ်ထိုးလေး လုပ်တတ်လေးကလွဲရင် ဒက်ဒီ့သမီး ဒက်ဒီ့အပေါ်မှာ ဘယ်တုန်းကမှ မဆိုးခဲ့ပါဘူးဗျာ"

"ဒက်ဒီရယ်"

မိဘမေတ္တာဆိုတာ ဒါပဲဟုသိလိုက်သည်။

ကိုယ့်သားသမီး ဘယ်လောက်ပဲဆိုးဆိုး ဆိုးသည်ဟုမမြင်း မေတ္တာဖြင့် အမြဲခွင့်လွှတ်ချစ်ခင်နေတတ်သူ။ မြပချူပ် တဒင်္ဂကို လက်ထပ်မည်ဟု ပြောခဲ့စဉ်က ဒက်ဒီက သူမနှင့် တဒင်္ဂကို လုံးဝ သဘောမတူခဲ့ပါ။

မြပချူပ်ကိုယ်တိုင်လည်း တဒင်္ဂကို လုံးဝမချစ်ပေမယ့် နေချိုကို တမင်အရွဲ့တိုက်ချင်စိတ် တစ်ခုထဲနှင့် ဖွတ်ခေါင်းမာတင်းခံပြီး လက်ထပ်ဖြစ်အောင် လက်ထပ်ခဲ့တာဖြစ်သည်။

အဲဒီတုန်းက မိထွေးဖြစ်သူ ဒေါ်ခင်စစ်ရင်က မြပချူပ်ကို ဖခင်ကြီးကို စိတ်ဆင်းရဲအောင် လုပ်သူအဖြစ် ကဲ့ရဲ့မဆုံး။ ပြစ်တင် ဝေဖန်ရှုံ့ချမှုတွေ လုပ်ခဲ့ပေမယ့် သူမ ဂရုမစိုက်။






www.burmeseclassic.com

www.burmeseclassic.com



အခု စောနက်ကြယ်ဆိုသည့်လူကို မြပချုပ် လက်ထပ်တော့မည်ဆိုတာ ကြားလျှင် သူမကို ဘာပြောဦးမည်မသိပါ။ ပြောလည်း မြပချုပ် ဂရုစိုက်မည်မဟုတ်။ ဒေါ်ခင်စစ်ရင်ဆိုသည့် မိန်းမက သူမအပေါ် ဘယ်တုန်းကမှ အကောင်းမြင်စိတ်ရှိသူမဟုတ်။

မြပချုပ် ဘာလုပ်လုပ် ဘာပြောပြော ကဲ့ရဲ့ပြစ်တင်ရှုံ့ချသော အကြည့်အပြောတွေနှင့်သာ အဆုံးသတ်သည့် မိန်းမပေပဲ။

အတွေးမဆုံးခင် ဒေါ်ခင်စစ်ရင်ကို မြစိမ်းရောင်ဝတ်စုံဖြင့် အပေါ်ထပ်လှေကားက ဆင်းလာတာ မြင်လိုက်ရ၏။

"ကိုရေ"

"ဪ…မြပချုပ်လည်း ရောက်နေတာကိုး၊ မောင်စောနက်ကြယ်နဲ့ လက်ထပ်တော့မယ်ဆိုတာ သေချာသွားပြီလား"

သူမနှင့် မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်ရင်း မုန်းစရာကောင်းသည့် မိထွေးတော်က အပြုံးလှလှတစ်ခု ဖန်တီးကာ ပထမဆုံး မြပချုပ်ကို ထိုးနက်စကား စတင်လိုက်ပြီဟု သိလိုက်သည်။

ဒီမိန်းမမှာ ဘယ်တော့မှ စိတ်ကောင်းမရှိ။ ဒါကို မြပချုပ်သိသည်။ ထို့ကြောင့်ပင် လှပသောမျက်နှာလေးကို တမင်ဝင့်ချီကာ ခပ်ပြုံးပြုံးလေး ခေါင်းညိတ်ပြလိုက်သည်။

"သိပ်သေချာတာပေါ့ အန်တီရယ်၊ စောနက်ကြယ်ဆိုတဲ့လူက ပချုပ်ကိုမှ မရရင် သေရပါတော့မယ်လို့ ဆိုပြီး ပချုပ်ရှေ့မှာ ဒူးထောက်လက်ထပ်ခွင့် တောင်းတော့လည်း ပချုပ်က ခွင့်ပြု





လိုက်ရတာပေါ့ရှင်"

"အဟွန်း"

"ကြီးကျယ်လှချည်လားကွယ်၊ စောနက်ကြယ်ဆိုတဲ့လူ မြပချုပ်အပေါ်မှာ အဲဒီလောက်တောင်ပဲ ဖြစ်ရတယ်တဲ့လား"

"ဒါပေါ့ရှင်..အန်တီ့ကိုကြည့်ရတာ ပချုပ်ရဲ့မင်္ဂလာသတင်းအတွက် သိပ်ဝမ်းသာလွန်းလို့ အံ့သြမယုံနိုင်အောင်ဖြစ်နေပုံပဲ ဒက်ဒီရဲ့"

"အဟင်း…ဟင်း…ဟင်း"

"ဟုတ်လား ရင်၊ သိပ်လှတဲ့ ကိုယ့်တို့သမီးလေးကို လိုချင်သူ ဝိုင်းဝိုင်းလည်နေတဲ့ကြားက မောင်စောနက်ကြယ်ရသွားတာ သူ့ကံကောင်းလို့ပဲလို့ ဆိုရမှာပဲကွ၊ ဟုတ်တယ်မဟုတ်လား သမီး"

"သိပ်ဟုတ်တာပေါ့ ဒက်ဒီ"

သားအဖနှစ်ယောက် အတိုင်အဖောက်ညီစွာ အတူရယ်မောလိုက်ကြသည်။ မျက်နှာပျက်သွားသော ဒေါ်ခင်စစ်ရင်၏ မျက်နှာကို မြပချုပ် မြင်ဖြစ်အောင် မြင်လိုက်ရသည်။

သို့ပါသော်လည်း ဒေါ်ခင်စစ်ရင်ဆိုသည့် မိန်းမက သူ့ရင်ထဲက မနာလိုဝန်တိုမှုကို ချက်ချင်းလို အပြုံးတုဖြင့် ဟန်ဆောင်ဖုံးကွယ်လိုက်ကာ…

"အမလေး…သားအဖနှစ်ယောက်က သိပ်အတိုင်အဖောက်ညီနေလိုက်ကြတာနော်၊ ရင်က ကိုယ့်သမီးကို လွှတ်ပေး



www.burmeseclassic.com

www.burmeseclassic.com



သေတ်ထဲ အလွယ်တကူ ထိုးမအပ်ရက်လို့ မေးနေရတာပါတဲ့ရှင်"

"သိတယ်မဟုတ်လား ဒက်ဒီကြီးရဲ့၊ ဒီလူက ခြေသလုံး အိမ်တိုင် ခြေဦးတည့်ရာ သွားနေတဲ့လူမျိုးဆိုတော့ ပချုပ်နဲ့လက်ထပ် ပြီးမှ ဟိုနေရာ ဒီနေရာ ကျွန်မသာ တရားဝင်မယားကြီးပါ ဘာညာ ဆိုတာမျိုး ပေါ်လာလို့ကတော့ ကျွန်မတို့မိသားစုပဲ အရှက်ကွဲ သိက္ခာကျရမှာနော်၊ ဒါကြောင့် စောနက်ကြွယ်ဆိုတဲ့လူနဲ့ လက်ထပ် တော့မယ်ဆိုတာ သေချာသွားပြီလားလို့ မေးနေရတာ"

ဒီတစ်ခါ မျက်နှာပျက်သွားကြရသူတွေက ပချုပ်တို့ သားအဖဖြစ်သွားပြီး အောင်နိုင်သူအပြုံးနှင့် သူမတို့သားအဖကို မိန့်မိန့်ကြီး ကြည့်နေသူက ဒေါ်ခင်စစ်ရင် ဖြစ်သွားသည်။

"မင်းကွာ...သမီးစိတ်ဆင်းရဲအောင် သမီးရှေ့မှာ ဘာ တွေလျှောက်ပြောနေတာလဲ"

"ဩော်...ဖြစ်တတ်တဲ့သဘောလေးတွေကို ပြောပြနေရ တာရှင့်၊ သမီးကိုချစ်တဲ့စိတ်တစ်ခုထဲနဲ့ ရင့်ကိုချည်း ဒေါသတွေ ဖြစ်မနေနဲ့"

"အန်တီပြောတာလည်း မှန်သင့်သလောက်လည်း မှန်သားပဲ ဒက်ဒီ၊ အန်တီကို စိတ်မဆိုးပါနဲ့၊ အဲဒီလိုဖြစ်လာရင်လည်း ပချုပ်ရဲ့ကုသိုလ်ကံလို့ပဲ သဘောထားလိုက်ရမှာပေါ့လေ၊ ဒါပေမယ့် မိန်းမတော်တော်များများက ဦးစောနက်ကြွယ်ဆိုရင် အသေရ အရှင်ရရ လိုချင်နေတဲ့သူတွေကလည်း အများသားပဲ၊ တချို့ ဦးစောနက်ကြွယ်ကို အပိုင်ကြံချင်လွန်းလို့ ကိုယ့်အရှက်ကိုယ်တောင်





မငဲ့ကွက်နိုင်ဘဲ လုပ်ကြံဖတ်တွေခင်းပြီး အပိုင်ကြံကြတဲ့သူတောင် ရှိကြသေးတာပဲ"

"သူတို့ထက်စာရင် ပချုပ်လို မုဆိုးမလေးကို ချစ်လှပါ ချည်ရဲ့လို့ ဒူးထောက်တောင်းပန်ပြီး လက်ထပ်ခွင့်တောင်းခံခွင့်ရတာ ဟာ တစ်မျိုးတော့လည်း ကျေနပ်စရာ၊ ဘဝင်မြင့်ချင်စရာလို့ ဆိုရ မှာပေါ့ရှင်၊ ပချုပ်ပြောတာ မဟုတ်ဘူးလား အန်တီ"

"အင်း...အေးပေါ့၊ ကိုယ်ထင်ရင် ခုတင်ရှေ့နန်းပဲဥစ္စာ ကိုယ်ကြိုက်သလို တွေးလို့ရသားပဲ"

မြပချုပ်က ဒေါ်ခင်စစ်ရင် အရှိုက်ကို အရှိန်ခပ်ပြင်းပြင်း လေး ရိုက်ချပစ်လိုက်ရာ အဘွားကြီးမှာ မလှုပ်နိုင်အောင်ဖြစ်သွား ပြီးမှ မနိုင်နိုင်ရာ လှမ်းပက်ထည့်လိုက်ပုံကို လှပစွာ လှောင်ပြောင် ရယ်မောပစ်လိုက်မိသည်။

"ဒါနဲ့ အန်တီ့ညီမ ဒေါ်ဒေလီယာကော နေကောင်းပါရဲ့ လား"

"ကောင်းသားပဲ"

ဒေါ်ခင်စစ်ရင် အသံက ခပ်ဆောင့်ဆောင့်။

စောနက်ကြွယ်ဆိုသည့်လူနောက်ကို အသည်းအသန် လိုက်ကြ ကြိုက်ကြသူတွေထဲမှာ ဒေါ်ခင်စစ်ရင်ညီမ ဒေလီယာကိုယ် တိုင်လည်း အပါအဝင်တစ်ယောက်ဆိုတာ ပချုပ် မမျှော်လင့်ဘဲ အခွင့်ရလိုက်ခြင်းက သူမအတွက် ကံကောင်းသွားစေခြင်းဟု ဆိုရ သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ နော်မာနဲ့ဆုံပြီး စကားပြောကြရာမှ စောနက်ကြယ် အကြောင်း ရောက်သွားကာ နော်မာက သူသိထားသမျှ စောနက် ကြယ်အကြောင်းတွေ ပြောပြရာမှ ရှင့်မိထွေးတော်ရဲ့ညီမအရင်း အေလီယာတော့ စောနက်ကြယ်ဆိုတဲ့လူကို အမိဖမ်းဖို့ ကြိုးစားတဲ့ထဲ မှာ ပါသေးသည်ဟုပြောပြီး ဘယ်လိုဘယ်ပုံ ကြံစည်တာတွေ အစပြောပြမှ ပချုပ်လည်း ထွေအံ့တသြ နားယောင်ခဲ့ရသည့်အဖြစ်ပါ။

အခုတော့ ဒေါ်ခင်စစ်ရင်ကို သူ့အတက်နဲ့သူ ဆူးစေပြီဟု သဘောထားလိုက်ကာ ဒက်ဒီကို နှုတ်ဆက်ပြီး အိမ်ပြန်ခဲ့သည်။ ထူးထူးခြားခြားဟုပင် ဆိုရမည်ထင်သည်။ စောနက်ကြယ်ဆိုသည့် လူနှင့် တွေ့တိုင်း တစ်ချိန်လုံး စကားပြော အဆင်မပြေ ဘုဘောက် ကျနေခဲ့ရပြီး သူ့ကိုချည်း စိတ်ဆိုးဒေါသဖြစ်ခဲ့ရသမျှ အခုတော့ မြပချုပ်တစ်ယောက် ဘယ်သူ့ကိုမှ ဒေါသဖြစ်ခွင့်မရ၊ စိတ်ဆိုး စိတ်တိုချိန်မရ၊ ရန်မဖြစ်ရတာကို ဖျင်းခြောက်ခြောက်ကြီး ဖြစ်နေ သလို ထင်မိသည်။

သူသာ မြပချုပ်နားမှာ အတူရှိနေလျှင် တစ်ကြောင်း မဟုတ် တစ်ကြောင်းနှင့် အမြဲလို ဒေါသဖြစ် ရန်လိုစိတ်ဆိုးနေရမည် က အသေအချာဖြစ်သည်။

အခုတော့ ထိုသို့မဟုတ်။

နတ်ပန်းချီ ရှော့ပင်းစင်တာကြီး၏ ဦးဆောင်ဒါရိုက်တာ သူဌေးတစ်ယောက်အဖြစ် သူမအနီးပတ်ဝန်းကျင်ရှိ လူတွေက တလေးတစား ဆက်ဆံပြောဆိုနေရာပေး ကြရုံမှတစ်ပါး ဘယ်သူမှ





မြပချုပ်ကို စိတ်အနှောင့်အယှက် ပေးမည်မရှိချေ။

အချိန်မှန် အလုပ်သွား၊ အလုပ်ပြန်ရပြီး အလုပ်ကိစ္စမှ တစ်ပါး တခြားအကြောင်းအရာ ဖွယ်ဖွယ်ရာရာ ဘာတစ်ခုမှ ပြောစရာမရှိသော မြပချုပ်၏ဘဝမှာ တစ်နေ့တခြား ပို၍အထီးကျန် ဆန်ဆန် ခြောက်သွေ့လာသလို ထင်မိသည်။

တစ်နေ့တစ်နေ့ သူမအဖော်များမှာ စာအုပ်များ၊ စလောင်း ပရိဂရမ်အစီအစဉ်များ၊ ကွန်ပျူတာဆော့ဝဲလ်များ ဖြစ်ရာ ကြာရှည် မှာ ဘာကိုမှ အာရုံမစူးစိုက်နိုင် စိတ်ပျက်ညည်းငွေ့လာချိန်မှာ မြပချုပ် စိတ်ထဲတွင် စောနက်ကြယ်ကို ကျိတ်ပြီး ဒေါသဖြစ် စိတ်ဆိုးလာ၏။

ဒီလူဟာ အပြောနဲ့အလုပ် တခြားစီလုပ်တဲ့သူအဖြစ် သူမ စိတ်မှာ ထင်လာသည်။ ပြောတော့ဖြင့် ပချုပ်အချစ်ကိုမရရင် သေရ ပါတော့မည်ဟု ဆိုခဲ့သူက ခရီးထွက်သွားချိန်ထဲက ဖုန်းလေး တစ်ချက်ပင် ဆက်ဖော်မရ။

မြပချုပ် နေကောင်းပါရဲ့လား၊ ကျန်းမာပါရဲ့လားဟု တစ်ခွန်းမမေး။ ဒီလိုလူမျိုးကိုများ လက်ထပ်မိလို့ကတော့ ခက်ပဲ ခက်ရချည်သေးရဲ့ဟု သူမစိတ်ထဲတွေးကာ စောနက်ကြယ်ကို တစိမ့် စိမ့် မကျေနပ်နိုင်ဘဲ ရှိ၏။

ပြောတော့ဖြင့် လူကို ချစ်လှပါသည်။ မြတ်နိုးရပါသည် ဟုဆိုပြီး ဖုန်းလေးတစ်ချက်ပင် ဆက်ဖော်မရတာကတော့ တဆိတ် သွန်လွန်းသည်။



www.burmeseclassic.com

ဒီအချိန် မြပချုပ် တစ်ခုခုဖြစ်ရင် သူဘာမှသိမှာမဟုတ်။ ထို့အတူ စောနက်ကြယ် တစ်ခုခုဖြစ်လို့လည်း သူမ မသိနိုင်အောင်ပင်။ သူမတို့နှစ်ယောက်ကြားမှာ အဆက်အသွယ်မရှိ ပြတ်တောက်နေသည်မှာ နှစ်လပင်မကတော့ပါ။ ယောက်ျားတွေအားလုံး စိတ်ပျက်စရာ။ နေချိုဆိုသည့် ယောက်ျားရော စောနက်ကြယ်ဆိုသည့် ယောက်ျားရော မိန်းမတွေရင်ထဲက ခံစားချက်ကို ဘာတစ်ခုမှမသိ။

နားလည်းမလည်။ နားမလည်သဖြင့်လည်း ကိုယ်ချင်းစာနာရကောင်းမှန်းမသိဟု ဆိုချင်သည်။ သူတို့ဖြစ်ချင်တာပဲ သိသည်။ သူတို့ပြောချင်ရာပြော၊ လုပ်ချင်ရာလုပ်သွားသမျှ တစ်ဖက်သားရင်ထဲ ဘာတွေဘယ်လို ဖြစ်ကျန်ရစ်ခဲ့မည်ဆိုတာ မစဉ်းစား။

စောနက်ကြယ်ဆိုသည့်လူကို လက်ထပ်ပါမည်ဟု ကတိပေးလိုက်မိခြင်းအပေါ် ပထမဆုံး နောင်တတရားတွေ ရလာသည်။ မြပချုပ်တစ်ယောက်တည်း အိပ်ရာစောစီးစွာ ဝင်ခဲ့သော်လည်း အိပ်မပျော်သဖြင့် လေသာဆောင်မှာ ထွက်ရပ်နေမိသည်။

လရောင်က ရွှန်းရွှန်းမြမြသာနေ၏။

မည်းနက်သော မိုးကောင်းကင်နှင့် လင်းလက်သော ငွေကြယ်ပွင့်များကို ကြည့်ငေးနေခိုက်မှာ အဖြူရောင် လင့်ခရူးဆာကားကြီးကို မြင်လိုက်ရသဖြင့် မြပချုပ်ရင်ထဲမှာ ဒိန်းခနဲဖြစ်သွားသည်။





သူမ ကြည့်နေဆဲမှာပင် ကားတံခါးပွင့်လာပြီး ဖြူစင်တောက်ပသော ဝတ်စုံဖြင့် မြင့်မားထွားကြိုင်းသော သဏ္ဌာန်ရှင်ကို တွေ့လိုက်ရသဖြင့် မြပချုပ် နှုတ်ခမ်းလေးအစုံမှာ အံ့ဩစိတ်ဖြင့် ပွင့်ဟသွား၏။

"ဦးစောနက်ကြယ်"

"မြပချုပ်"

"အို"

မြပချုပ်သည် သူမရှိနေသည့် ဝရန်တာသို့ မော့ကြည့်လျက် သူမကို လက်တစ်ဖက်မြှောက်ကာ ပွေ့ယမ်းနှုတ်ဆက်နေသူ ရှိရာသို့ သူမကိုယ်သူမ သတိမထားမိနိုင်ဘဲ ပေါ့ပါးသွက်လက်သော ခြေလှမ်းအစုံဖြင့် လှေကားထစ်များကို ကျော်နင်းပြေးလွှားသွားနေ၏။

ခွေလိပ်သော မြပချုပ်၏ ရွှေညိုရောင်ဆံပင်လေးများနှင့်အတူ မြပချုပ်၏ အဖြူရောင် ဂါဝန်ရှည်လေးက လရောင်မှာ လွင့်မျောလျက် ခြံတံခါးကို ဆွဲအဖွင့်မှာ အသင့်ကမ်းလင့်ကြိုဆိုနေသော ရင်ခွင်ကျယ်တစ်စုံက သူမကိုယ်လေးကို အားပါးတရ သိမ်းကျုံးပွေ့ယူချီမခြင်း အဖြစ်ကို ရင်ဖိုအသည်းနွေးစွာ ခံယူလိုက်ရလေသည်။

"လွမ်းလိုက်ရတာ မြပချုပ်ရယ်၊ ကျုပ်ရင်ကို စမ်းကြည့်စမ်း၊ အခု ကျုပ်ရင်တွေ ဘယ်လောက်ခုန်နေတယ်ဆိုတာ မင်းသိရဲ့လားဟင်"

www.burmeseclassic.com



စာနက်ကြယ်၏အသံက တိုးဖွဖွပေမယ့် မချင့်မရဲဟန်။ လရောင်အောက်မှ မြင်နေရသည့် မျက်လုံးအစုံ ဖိတ်ဖိတ်လက်နေပုံက အဘယ်မျှ အသည်းနွေးစရာ ကောင်းသည်ကိုက ပြောစရာမရှိ။

ခြေလှမ်းကျဲကြီးတွေရဲ့ ဦးတည်ရာက ခြံထောင့်ရှိ ပိတောက်ပင်ကြီးအောက်က ခုံတန်းပြာလေးရှိရာသို့ ဖြစ်သည်။ မြပချုပ်သည် နီရဲစိုစွတ်သော နှုတ်ခမ်းအစုံကိုကြည့်ကာ လှိုက်ခနဲဝမ်းနည်းနာကျင်သွားသည်။

ပြောတော့ဖြင့် မြပချုပ်ကို လွမ်းသည်တဲ့။ တကယ့်လက်တွေ့မှာ မြပချုပ်ကသာ သူ့ဆီက ဖုန်းဆက်လာနိုးနှင့် စောင့်မျှော်နေရသည့်အဖြစ်။

"ရှင်…ရှင် လူလိမ်လူညာ"

"ကျုပ်ကလား"

"ဟုတ်တယ်…ဟုတ်တယ် အခုမှ လူကိုလာပြီး လွမ်းတယ်လို့ပြောတိုင်း ကျွန်မက ယုံမယ်ထင်နေလား၊ ဒီလောက်အကြာကြီးသွားတာတောင် ဖုန်းလေးတစ်ချက် ဆက်ဖော်မရတဲ့လူက ဟိုမှာလည်း တခြားမိန်းမတွေကို အခုလိုပဲပြောပြီး…"

"မြပချုပ်"

"ရှင်…ကျွန်မနာမည်ကို မခေါ်နဲ့၊ ဖယ်…ရှင့်လို လူလိမ်လူညာတစ်ယောက်ရဲ့ အသားနဲ့ အထိခံရတာလောက် ရွံစရာကောင်းတာမရှိဘူး"





"ရှင့်ကိုမုန်းတယ်ရှင့်…မုန်းတယ်၊ ရှင်နဲ့ လက်ထပ်ပါမယ်ဆိုတဲ့ ကတိကိုလည်း…"

"တော်လောက်ပါပြီကွယ်၊ ဒီလောက်ဆို မင်း ကျုပ်ကို ဘယ်လောက်လွမ်းနေတယ်၊ သတိရနေတယ်ဆိုတာ ကျုပ်သိပါပြီ"

"ဘာသိတာလဲ…ဘာသိတာလဲ"

"ကဲ…ကဲ"

"မင်းဟာ တစ်နေ့တခြားကို ပိုပိုပြီး ချစ်စရာကောင်းနေတာပါပဲလား မြပချုပ်ရယ်၊ ဒါကြောင့် ကျုပ်မှာ မာမိနား မှာတောင် ဖြောင့်ဖြောင့်မှုနေနိုင်ဘဲ ပြန်လာခဲ့ရတာကိုပဲ ကြည့်ပါလား"

"ဘာမှမကြည့်ဘူးရှင့်"

"ကောင်းပြီ…ဒါဖြင့် ကျုပ်ပဲ မြပချုပ်ကို ကြည့်မယ်ဟုတ်လား"

"ရှင်နော်"

"အိုး…အို"

သူက မြပချုပ်၏ ပါးပြင်ကိုငုံ၍ နမ်းလိုက်၏။ သင်းပျံ့သော မွှေးရနံ့တစ်မျိုးမှာ စာနက်ကြယ်ကိုယ်မှ ထွက်ပေါ်နေ၏။ မြပချုပ်သည် သူ့မကိုယ်လေးကို ဆောင့်ရုန်းလိုက်၏။ သို့ရာတွင်ရေ။

စာနက်ကြယ်က ခပ်တိုးတိုးရယ်သည်။ သူ့ရယ်သံက မြူးမြူးကြွကြွ။ လရောင်မှ ခွန်အားများက သူတို့နှစ်ဦးရှိရာသို့ ဘူးစက်ကြဲဖြန့်လိုက်သလို စာနက်ကြယ်ထံမှ ဆွဲငင်အားတပ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည် မြပချုပ်ကိုယ်ထဲသို့ ပျံ့နှံ့ရောက်ရှိလာသလို ထင်လိုက်ရ၏။

မြပချုပ်တစ်ကိုယ်လုံး သိမ့်ခနဲတုန်သွားကာ ကြက်သီးဖြန်းဖြန်းထသွား၏။ စောနက်ကြယ်၏ လက်များက ရွှေညိုရောင်ဆံပင်များကိုဖွ၍ ဆော့ကစားနေ၏။ မြပချုပ်၏ရင်သည် တဒိတ်ဒိတ်ခုန်နေ၏။ စောနက်ကြယ်ဆိုသည့်လူကို တစ်ခုခုနာကျင်အောင်ပြောချင်နေသည့်တိုင် ရုတ်တရက် စကားလုံးရွေးမရ။

အနည်းဆုံးတော့ မြပချုပ်ဆိုတဲ့ မိန်းမဟာ သူဆော့ကစားစရာ အရုပ်မဟုတ်ဘူးဆိုတာမျိုးလောက်တော့ စောနက်ကြယ်ဆိုသည့်လူကို သိစေချင်သည်။

"ရှင်...လွှတ်"

"မကြောက်ပါနဲ့လေ...မင်းကို ကျုပ် ကိုက်မစားပါဘူး"

"ရှင့်ကို ကျွန်မက ဘာလို့ကြောက်ရမှာလဲ"

"ဒါဖြင့် ကျုပ်ကိုချစ်တယ်ပေါ့"

"မချစ်ဘူးရှင့်...မချစ်ဘူး၊ ရှင့်လို လူလိမ်လူညာကို ကျွန်မ ဘယ်တော့မှမချစ်ဘူး"

သူက မြပချုပ်၏ တွန်းထိုးရုန်းကန်နေသည့် ကိုယ်လေးကို တင်းကြပ်စွာ ဖျစ်ညှစ်လိုက်ပြီး လှပသော သူမမျက်နှာလေးကို အပေါ်မှ စီးမိုးကြည့်လျက် ရူးစမ်းအဖြေရှာနေ၏။ ပြီးမှ...

"ကျုပ်ကိုမလိမ်နဲ့နော် ကလေးမ၊ လိမ်ညာတာသိရင်တော့ မင်းကို ကျုပ် ဒဏ်ခတ်ရလိမ့်မယ်"

"ဘယ်လိုဒဏ်ခတ်ခံရမယ်ဆိုတာရော မင်းမသိချင်ဘူး





လား"

"အပိုတွေ ပြောမနေပါနဲ့ရှင်၊ လိမ်ညာတဲ့လူက ရှင်ပဲ၊ ကျွန်မ မဟုတ်ဘူး"

"ကျုပ်က မင်းကို ဘယ်လိုလိမ်ညာခဲ့လို့လဲ ကလေးမရယ်၊ ကျုပ်နားလည်အောင်လည်း ပြောစမ်းပါဦး"

ရုတ်တရက် မြပချုပ် ဘာပြောရမှန်းမသိအောင် နှုတ်ဆွံ့အသွားကာ နှုတ်ခမ်းလေးကို တင်းတင်းစေ့လိုက်မိသည်။ စောနက်ကြယ်က မြပချုပ်၏ လှပသော မျက်နှာလေးကို စိုက်လျက်ကြည့်နေ၏။

"ရှင်ဒီလောက် အကြာကြီးသွားတာ ကျွန်မဆီ ဖုန်းတစ်ချက်ဆက်ဖော်ရလို့လား"

"မြပချုပ်ဆီကို ကျုပ်ဖုန်းဆက်မယ်လို့ တစ်ခါမှ ပြောသွားဘူးထင်တယ်၊ နေပါဦး အဲဒီအတွက် မြပချုပ်က ကျုပ်ကို စိတ်ဆိုးတယ် စိတ်ကောက်တယ်ပေါ့"

"ဘာမှ စိတ်ကောက်စရာမရှိဘူး၊ ရှင့်ရှေ့ကို ထွက်သွားပြီးရင် နောက်ကြောင်း ပြန်သတိမရအောင် မေ့တတ်တဲ့လူမျိုးကို ကျွန်မ လက်မထပ်ချင်ဘူး"

"ဒီလိုဆိုရင်တော့ ဝမ်းနည်းစရာပဲ၊ အခုချိန်ထိ ကျုပ်က ဘယ်မိန်းမဆီကိုမှ လွမ်းဆွတ်ကြောင်း၊ သတိရကြောင်း ဘာဘာညာညာတွေ ဖုန်းနဲ့လည်းဆက်မပြောဖူးဘူး၊ စာလည်းမရေးဖူးဘူး မြပချုပ်"



www.burmeseclassic.com

www.burmeseclassic.com



မြပချုပ် လုံးဝမျှော်လင့်ထားခြင်းမရှိသော စကားကို စောနက်ကြယ်ထံမှ ကြားလိုက်ရသဖြင့် ဒေါသနှင့် သူမကိုယ်လေးကို ရှန်းဖယ်လိုက်သည်။

"ဘာလို့ ဖွတ်ရုန်းနေရတာလဲ ကလေးရဲ့၊ မင်းပဲ ကျုပ်ကို လွမ်းလှချည်ရဲ့ဆို"

"ရှင့်ကို ဘယ်တုန်းကများ လွမ်းလှချည်ရဲ့လို့ ပြောဘူးလို့လား၊ ဒီမယ် ရှင့်အပြုအမူ အပြောအဆိုတွေ မပြောင်းသမျှ ကျွန်မ ရှင့်ကို လက်မထပ်နိုင်ဘူး"

"အဲဒါမှ ခွကျတာပဲကိုး၊ ကျုပ်ကလည်း ကျုပ်အပြုအမူ အပြောအဆိုတွေကို ပြုပြင်ဖို့ တစ်ခါမှ စိတ်မကူးမိဘူး၊ ဒီလိုဖြင့် မင်းက ကျုပ်ကို လက်မထပ်တော့ဘူးပေါ့"

"ကျုပ်လည်း ဒီလိုပြောမယ်လို့ ထင်သားပဲ၊ မင်းဟာ ဟိုကောင့်ကို ချစ်နေတုန်းမဟုတ်လား၊ ပက်ထရစ်ရှာ ယောကျ်ားလေး၊ နေစမ်းပါဦး ပါးစပ်ဖျားလေးတင် နာမည်ကို မေ့နေတယ်"

"ရှင်…ရှင် ကျွန်မခြံထဲက အခုထွက်သွား"

မြပချုပ် အော်လိုက်သည်။

မည်သူကြားကြား ဂရုမစိုက်နိုင်တော့။

သူ့ရင်ခွင်ထဲက ကျားသစ်မလေးတစ်ကောင်လို ကြမ်းတမ်းစွာ ဆောင့်ရုန်းပြီး မတ်တပ်ရပ်လိုက်ချိန်မှာ သူမတစ်ကိုယ်လုံး ရှက်ခြင်း၊ ခံပြင်းခြင်း ဒေါသတို့ဖြင့် တဆတ်ဆတ်တုန်ရီနေ၏။





စောနက်ကြယ်ဆိုသည့်လူက မြပချုပ်ကို ကောင်းကောင်းကြီး စော်ကားနေခြင်းအပေါ်မှာ ဘယ်လိုပြင်းထန်ထိရောက်စွာ အရေးယူရမှန်းမသိ ဖြစ်နေ၏။

"သွား…အခုထွက်သွား၊ ရှင့်လောက်ရိုင်းစိုင်းတဲ့လူမျိုး ကျွန်မ တစ်ခါမှမတွေ့ဖူးဘူး၊ ရှင်က ဒီလိုစကားမျိုးပြောရအောင် ကျွန်မကို ဘာများအောက်မေ့နေသလဲ၊ သွား ရှင့်မျက်နှာကိုလည်း မကြည့်ချင်ဘူး၊ နောက်ဘယ်တော့မှလည်း ကျွန်မဆီကိုမလာနဲ့၊ ဒီတစ်ခါတော့ အပြတ်ပဲ"

"နေပါဦးကွယ် ကျုပ်ပြောချင်တာလေး ပြောပါရစေဦး"

"မပြောနဲ့…မပြောနဲ့၊ ရှင်လိုလူနဲ့ ပတ်သက်ခဲ့မိတာကိုက ကျွန်မအမှားပဲ"

"ကျုပ်လည်း ထင်တော့ထင်ပါတယ်လေ၊ မင်းကိုစတွေ့တဲ့ အချိန်ထဲက ကျုပ်ဟာ အမှားတစ်ခုခုကို ကျူးလွန်မိတော့မယ်လို့"

"ဘာ"

"ဒေါသမဖြစ်ပါနဲ့ဦးလေ…မင်းကို ကျုပ်ရင်ဖွင့်နေတာပါ၊ ကျုပ် ဘယ်မိန်းမကိုမှ မင်းလောက်သဘောမကျခဲ့ဖူးဘူး၊ ဘယ်မိန်းမကိုမှလည်း ဒီလောက်ကြာကြာ မစောင့်ခဲ့ဖူးဘူး၊ ပြီးတော့ ကျုပ် ဒီကထွက်မသွားခင်မှာ မင်းဟဲ ကျုပ်ကို လက်ထပ်ပါ့မယ်လို့ ကတိပေးခဲ့တယ်"

"ဟော…အခု ကျုပ်ပြန်လာချိန်ကြ ပြန်တော့၊ မင်းဟာ



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ [illegible]တသာ ကြိုးဆိုဖော်မရတဲ့အပြင် ကျုပ်စိတ်ညစ်အောင် [illegible]ကြိုက်တဲ့ စကားတွေချည်း ရွေးပြောပြီး လက်မထပ်[illegible] ပြောနေတယ်၊ ဒီတော့ ကျုပ်က ဘာကိုယုံရမှာလဲ [illegible]”

“ဒီတော့ မင်းဟာ ကျုပ်ကိုသိပ်ချစ်လွန်းတဲ့အတွက် ကျုပ်ရဲ့ လစ်လျူရှုသလို ဖြစ်သွားတဲ့ အပြုအမူတွေကြောင့် လွမ်းတဲ့စိတ်နဲ့ ပေါက်ကွဲတာရင်လည်းဖြစ်မယ်၊ ဒီလိုမှမဟုတ်ဘူးဆိုရင် ဟိုကောင်နေချိုကို ချစ်နေတုန်းမို့ ကျုပ်ကိုငြင်းတာရင်လည်း ဖြစ်ရမယ်”

“ကိုင်း…ဘယ်ဟာ အဖြေမှန်လည်းဆိုတာ ဖြေပါဦး”

“အမှန်ဆုံးအဖြေကတော့ ဒီနေရာက ရှင် အမြန်ဆုံးထွက်သွားဖို့ပဲ ဦးစောနက်ကြယ်”

“ကျုပ်ကို မုန်းတယ်ပေါ့”

“ရှင့်ကိုသတ်ပစ်ချင်တာ”

“ကောင်းပြီ…ဒီလောက်ဆို မင်းစိတ်ဓာတ်ကို ကျုပ်သိရပြီပဲ၊ ကျုပ်ပြန်မယ်”

မြပချုပ်သည် သူမကို နှုတ်ဆက်သူ၏ မျက်နှာကို မော့ကြည့်လိုက်ရာ လရောင်အောက်မှာ အမြင်ကတ်စရာကောင်းအောင် ပြုံးနေသည့် စောနက်ကြယ်၏ နှုတ်ခမ်းအစုံကို မြင်ဖြစ်အောင် မြင်လိုက်ရ၏။

မြပချုပ်ကဲ့သို့ လှပသော မိန်းကလေးက သူလိုလူတစ်ယောက်ကို နှင်ထုတ်ခံရခြင်းအပေါ်မှာ နည်းနည်းမှ ရှက်ရွံ့[illegible] သူမပြောသည့် စကားများကိုပင် ပြုံး၍နားထောင်နေလိုက်သေးသည်။ သူက မြပချုပ်ကို အပြုံးမပျက် စိုက်မိုးကြည့်နေ၏။

မုန်းစရာကောင်းတဲ့လူ။

စက်ဆုပ်စရာကောင်းသည့်လူ။

မြပချုပ်သည် ချာခနဲလှည့်ကာ အိမ်ထဲသို့ ပြေးဝင်လာခဲ့သည်။ ထို့နောက် အိမ်ပေါ်သို့ပြေးတက်ကာ တံခါးကို ဂျိမ်းခနဲမြည်အောင် ဆွဲပိတ်လိုက်ခြင်းဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်သွား၏။







www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

မြပချုပ်သည် အိပ်ရာမှနိုးလာသည်နှင့် သူမပါးပြင်ပေါ်ရှိ စိုစွတ်သော အရာများကို စမ်းမိကာ အလန့်တကြားဖြစ်သွားလိုက်မိသေးသည်။ နောက်မှ စောနက်ကြွယ်ဆိုသည့်လူကြောင့် တစ်ညလုံး တလူးလူးတလိမ့်လိမ့်နှင့် အိပ်မပျော်နိုင်ဘဲ ဖြစ်ခဲ့ရပုံနှင့် ဘာကြောင့်မှန်းမသိ ဝမ်းနည်းစွာ ငိုရှိုက်ရင်း အိပ်ပျော်သွားခဲ့ရပုံတွေကို တွေးကာ တိုးတိတ်စွာ သက်ပြင်းရှိုက်လိုက်မိ၏။

တကယ်တော့ ညက အဖြစ်အပျက်များထဲတွင် မြပချုပ် ကိုယ်တိုင် မှားခဲ့သည်လား။ မှန်ခဲ့သည်လားဆိုသည်ကိုက အခုချိန်ထိ ကွဲပြားစွာ ခွဲခြား၍မရသေးချေ။

စောနက်ကြွယ် ပြောဆိုစွပ်စွဲသလို အမှန်ပင် သူ့ကို မြပချုပ် သိပ်ချစ်မိသွား၍ ချစ်ရသူ၏ လစ်လျူရှုနေစိမ့်ခြင်းအပေါ်မှာ ပေါက်ကွဲခံစားနာကျင်ရခြင်းပေလော။ သို့တည်းမဟုတ် နေချိုကို ပင် သူပြောသလို ချစ်နေဆဲမို့ သူ့ကို လက်မထပ်လိုပါဟု ငြင်းပယ်





ခြင်းလေလားဟု အိပ်ရာက မထနိုင်သေးဘဲ တောင်တောင်အီအီ စဉ်းစားတွေးတောကာ သူမကိုယ်သူမ မေးခွန်းအဆင့်ဆင့်ထုတ်လျက် ရှိသည့်တိုင် သူမလိုချင်သော အဖြေက မရချေ။

သို့သော်လည်း စောနက်ကြွယ်ဆိုသည့်လူကြောင့် မြပချုပ် မျက်ရည်ကျခဲ့ရသည်က အမှန်ပင်ဖြစ်သည်။ ငြင်းပယ်၍မရ။

"ဒေါက်...ဒေါက်"

"မမပချုပ်...အစမ်းပါ၊ ဦးလေးကြီးက ပစ္စည်းတွေ ပေးခိုင်းလိုက်လို့ပါ"

"ဘယ်ကဦးလေးကြီးလဲ"

"ဦးစောနက်ကြွယ်လို့ ပြောပါတယ်"

"ဟင်"

စောနက်ကြွယ်ဆိုသည်နှင့် မြပချုပ်၏ အိပ်ချင်စိ ရီဝေနေသော မျက်လုံးအစုံမှာ စိတ်ဝင်စားခြင်းဖြင့် ပြူးက... ကာ လှဲလျောင်းနေရာမှ ထထိုင်လိုက်သည်။

"ယူလာခဲ့"

"ကျိုး"

အခန်းတံခါးပွင့်လာပြီးနောက် အစမ်းကို အိတ်တွေရော အထုပ်တွေပါ မနိုင်မနင်း တပွေ့တစ်ပိုက်ကြီးနှင့် ဝင်လာတာကို တွေ့လိုက်ရ၍ အံ့သြနေမိသည်။

"ဒါတွေ ဘယ်တုန်းက လာပေးသွားတာလဲ အစမ်း"

"မနက်အစောကြီးကပါ မမ"



www.burmeseclassic.com

www.burmeseclassic.com



"သြော်"

"ဘာပြောသွားသေးလဲ"

"မမအိပ်နေတယ်လို့ ပြောလိုက်လို့ ဘာမှတော့ ပြောမသွားပါဘူး မမ"

"အေး…အေး ပစ္စည်းတွေထားခဲ့တော့"

"ဟုတ်"

အခန်းတံခါးကို အစမ်းကိုယ်တိုင် ပြန်ပိတ်ပေးသွားတာမို့ စောနက်ကြယ်ဝယ်လာသည့် လက်ဆောင်ပစ္စည်းတွေကို တစ်ခုပြီး တစ်ခု ကောက်ယူကြည့်နေမိသည်။ ဝယ်လာသည့်ပစ္စည်းတွေက အမျိုးအစားစုံသလို ပစ္စည်းတွေကလည်း စုံနေသည်။ မိန်းကလေး အသုံးအဆောင်ပစ္စည်းတွေချည်း အဝတ်အထည်၊ လက်ကိုင်အိတ်၊ မျက်မှန်၊ ဖိနပ်၊ အလှပြင်ပစ္စည်း၊ ရေမွှေး၊ ပဝါ အားလုံးအပြင် မြပချူပ်အတွက် အတွင်းခံပစ္စည်း၊ ဘောင်းဘီ၊ ဘော်လီများပါ ဝယ်လာခြင်းကို မျက်နှာနီနီနှင့် နှာခေါင်းလေးရှုံ့လိုက်မိသည်။

အတိုင်းအတွာကအစ မြပချူပ်နှင့်ကွက်တိ။

ဒီလူမျက်လုံးတွေကို ဒါကြောင့်လည်း မြပချူပ် ကြောက်မိတာဖြစ်မည်။ ပြီးတော့ မိန်းကလေး အသုံးအဆောင်ပစ္စည်းတွေကို စုံစေ့နေအောင် ပိုင်ပိုင်နိုင်နိုင် ကျွမ်းကျင်စွာ ဝယ်ယူနိုင်ခြင်းမှာလည်း တော်ရုံယောကျ်ားမတတ်နိုင်။

သူလိုမိန်းမကျွမ်းကြေ နေသည့်လူမျိုးတွေသာ လုပ်နိုင်သည့် အလုပ်ဟု စိတ်ထဲက ပြစ်တင်ကဲ့ရဲ့ရင်း ဟိုမှာလည်း မိန်းမ





ဘယ်နှစ်ယောက်နှင့် ရှုပ်ပွေခဲ့မှန်းမသိဟု တွေးကာ လက်ဆောင်ပစ္စည်းတွေကို ပစ်ချလိုက်သည်။

"တူ…တူ…တူ"

စောနက်ကြယ်ကို မကျေမနပ်ဖြစ်နေတုန်း ဖုန်းဝင်လာသဖြင့် အသာကောက်ကိုင်လိုက်တော့ ဒက်ဒီဖုန်းဖြစ်နေ၏။

"ဟဲလို"

"ဒက်ဒီပါ သမီး၊ အလုပ်ကိုမသွားဘူးလား"

"ပချူပ် ဒီနေ့ ခေါင်းကိုက်နေလို့ ဒက်ဒီ"

"သမီးနေမကောင်းရင် ဖယ်မလီဒေါက်တာဆီ ဖုန်းဆက်လိုက်လေ"

"အဲဒီလောက်ကြီးမဟုတ်ပါဘူး ဒက်ဒီ၊ ဆေးသောက်ပြီး အနားယူလိုက်ရင် ကောင်းသွားမှာပါ၊ သမီးဆီ ဖုန်းဆက်တာ ကိစ္စရှိလို့လား ဒက်ဒီ"

"ထူးထူးထွေထွေတော့ မရှိပါဘူး၊ အလုပ်ကိုဖုန်းဆက်တော့ ဒီနေ့ သမီးမလာဘူးဆိုတာနဲ့ စိတ်ပူလို့ပါ၊ ကိုယ့်ကျန်းမာရေး ကိုယ်ဂရုစိုက်ဦးနော် သမီးလေး၊ မင်္ဂလာပွဲအတွက် ပြင်ရဆင်ရရှင် သမီး အများကြီးပင်ပန်းရဦးမှာဆိုတော့ အခုထဲက အားမွေးထားဟုတ်လား"

"ဒါပဲနော် သမီးလေး"

"ဒက်ဒီ"

မြပချူပ် လှမ်းခေါ်ပေမယ့် ဒက်ဒီက မကြားဘဲ

www.burmeseclassic.com



သွားရာ ဖုန်းခွက်လေးကိုကိုင်ရင်း မြပချုပ်တစ်ယောက်တည်း အကြောင်ကြောင်ကျန်ရစ်သည်။ မင်္ဂလာပွဲအတွက် ပြင်ရဆင်ရရင် သမီးအများကြီး ပင်ပန်းရဦးမှာဆိုသည့် ဒက်ဒီစကားက မြပချုပ်နား ထဲမှာ ဆန်းနေသလိုထင်မိသည်။

မိထွေး ဒေါ်ခင်စစ်ရင်ရှေ့မှာ မခံချင်စိတ်လေးနှင့် စောနက် ကြယ်နှင့် လက်ထပ်မည့်အကြောင်း ခပ်ကြွားကြွားလေး ပြောဖြစ်ခဲ့ တာ မှန်ပေမယ့် ညက အခြေအနေတွေကြောင့် သူမဘက်အခြေ အနေတွေက တစ်မျိုးပြောင်းလွဲနေခြင်းကို ဒက်ဒီသိမည်မဟုတ်။

မသိလို့သာ ဒီစကားမျိုး ဒက်ဒီပြောတာဟု သူမစိတ်ထဲ ထင်နေသည့်အချိန်။ စောနက်ကြယ်ကိုယ်တိုင် ယောက္ခမလောင်းထံ မှာ ယဉ်ကျေးသိမ်မွေ့သော အမူအရာ၊ နှစ်လိုဖွယ်အပြုံးများဖြင့် သူ့မာမီပေးလိုက်သော လက်ဆောင်ပစ္စည်းများ မြပချုပ်ကို တင်တောင်းမည့်ပစ္စည်းစာရင်းနှင့်တကွ ပစ္စည်းများကိုပါ သက်ဆိုင် ရာစာရွက်စာတမ်းများနှင့်အတူ ပေးအပ်စကားဆိုလျက်ရှိနေပါသည်။

"မာမီက သူကိုယ်တိုင်လိုက်မလာနိုင်ပေမယ့် အန်ကယ် နဲ့ အန်တီအတွက် စာတစ်စောင်ပါးလိုက်ပါတယ်၊ ဒီမှာပါခင်ဗျာ"

ရေးထားသည့်စာက သမီးတောင်းသည့်စာဖြစ်ပြီး အရေး အသားအသုံးအနှုန်းတွေက အထက်တန်းကျကျ ယဉ်ကျေးသိမ်မွေ့ လှရာ စောနက်ကြယ်၏ မိခင်ဖြစ်သူမှာ နူးညံ့သော စိတ်နေသဘော ထားကို ပြတ်ထင်းစွာ မြင်သာစေပါသည်။ မြပချုပ်၏ ဒက်ဒီမှာ သမီးဖြစ်သူအတွက် ကျေနပ်ပီတိဖြစ်ရသလောက် ဒေါ်ခင်စစ်ရင်မှာ





ကား ဟန်မပျက်အောင် မျက်နှာကို အတတ်နိုင်ဆုံး ချိုမြိန်စွာ ပြုံးထားသည့်တိုင် အခြေပျက် မှုပျက်နေပါသည်။

အထူးသဖြင့် စောနက်ကြယ်လို လူတစ်ယောက်က အဖို့ နုနုထွတ်ထွတ်ကို ခေါင်းခေါက်ယူနိုင်ပါလျက် ပန်တော်ကျမှုဆိုးမ လေး မြပချုပ်လို မိန်းကလေးကိုမှ ဤမျှ အလေးတနက် တန်ဖိုး ထား မြတ်နိုးပြလျက် သည်းနေခြင်းကို မနာလိုမရှုစိမ့်နိုင် ဖြစ်နေ ခြင်းဖြစ်သည်။

ဒါကို စောနက်ကြယ်ကလည်းသိသည်။ မြပချုပ်၏ ဒက်ဒီ နှင့် စကားပြောနေပေမယ့် သူ့အကြည့်တွေက ဒေါ်ခင်စစ်ရင်ထံ လှစ်ခနဲ ရောက်သွားတတ်သည့်အဖြစ်ကို ဒေါ်ခင်စစ်ရင်ကိုယ်တိုင်ပင် သတိမထားမိ။

သူချစ်သော မိန်းကလေးကို မိထွေးဖြစ်သူရှေ့မှာ ဂုဏ်ယူ ဝံ့ကြွားမှုတွေနှင့် ပြုံးပြုံးလေး အနိုင်ယူသွားစေလိုသည်က စောနက် ကြယ်၏ မေတ္တာဆိုလျှင်လည်းမမှားပါ။

တစ်ဦးတည်းသောသား စောနက်ကြယ်ကို မာမီက သိပ်ချစ်သလို နည်းနည်းမှစိတ်မချ။ ခြေဦးတည့်ရာ လျှောက်သွား ပြီး တွေ့ကရာလူနှင့် အိမ်ထောင်ကျသွားမှာကို တထိတ်ထိတ်နှင့် ရင်ထိတ်နေရရှာသော သူ့အဖြစ်မှ အခုလို ကိုယ်နှစ်သက်မြတ်နိုး သော မိန်းကလေးနှင့် လက်ထပ်ပြီး တစ်အိုးတစ်အိမ် တည်ထောင် ကာ ကိုယ့်မိသားစုနဲ့ကိုယ် နေမည်ဆိုတော့ မာမီမှာ ဝမ်းသာလွန်း လို့ မျက်ရည်များပင် ကျရှာသည့်အထိ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့သားကိုချစ်သလို သားရွေးချယ်လာသည့် ချွေးမလေးကိုလည်း သားနှင့်ထပ်တူထားပြီး ချစ်ပါမည့်အကြောင်း၊ စာထဲမှာရော၊ စောနက်ကြွယ်ကိုရော မာမီကိုယ်တိုင် ဖွင့်ပြောခဲ့တာကို သူမမေ့။

လက်ထပ်ပြီးလျှင်လည်း ခွေပြမိုးပြ မြပချုပ်ကို မာမီ့ထံခေါ်သွားရန် ဆုံးဖြတ်ထားသည်။ ဒက်ဒီကတော့ စောနက်ကြွယ်အိမ်ထောင်ရေးကို ကောင်းသည်ဆိုးသည် ဘာတစ်ခွန်းမှ မဝေဖန်။ မာမီကသာ သူ့ချွေးမလောင်းအတွက် သူပိုင်လက်ဝတ်ရတနာတွေကို လိုလားကြည်ဖြူစွာ ထုတ်ပေးလိုက်ခြင်းဖြစ်သည်။

"အေးလေ…အခုလို မင်းမိဘတွေ ကိုယ်တိုင်က လိုလိုလားလား သမီးလေးကို တောင်းရမ်းလာတော့ အန်ကယ်တို့လည်း သမီးအတွက် စိတ်ချမ်းသာရတာပေါ့ကွယ်"

"မင်္ဂလာပွဲကို မင်းတို့စိတ်ကြိုက်စီစဉ်ပါ၊ အန်ကယ်ကတော့ သမီးပျော်နေရင် ကျေနပ်တာပါပဲ မောင်စောနက်ကြွယ်"

"မင်္ဂလာကိစ္စကိုတော့ ကျွန်တော်ပဲ စီစဉ်ပါမယ်ခင်ဗျာ၊ အန်ကယ်တို့လူကြီးတွေ စိတ်အေးချမ်းသာစွာနေပါ"

"ကောင်းပြီ…ကောင်းပြီ"

စောနက်ကြွယ်လူကြီးတွေကို နှုတ်ဆက်ပြီး ပြန်ခဲ့သည်။ မင်္ဂလာကိစ္စကို သူ့ဘာသာတစ်ဦးတည်း စိတ်ကြိုက်စီစဉ်နေချိန်မှာ မြပချုပ်က အလုပ်ကိုလည်းမလာ၊ ဘယ်ကိုမှလည်းမသွား သူမအိပ်ခန်းလေးထဲမှာ တလှုပ်လှုပ်တလွန့်လွန့် အချိန်တွေကုန်နေသည်။





သူမကို တစ်ချိန်လုံး ဝေခွဲမရသည့်အတွေးတွေက စိုးမိုးထားသည်။ စောနက်ကြွယ်ဆီကလည်း နောက်ထပ် ဖုန်းမလာတော့သလို လူကိုလည်း မတွေ့ရတော့။ ဒီလူ မြပချုပ်ကို စိတ်ဆိုးသွားပြီထင်ရဲ့ဟု တွေးသည်။

သုံးလေးရက်အတွင်း ဘာအဆက်အသွယ်မှမရတော့ မြပချုပ်ရင်ထဲ နေမထိထိုင်မသာ ဖြစ်နေသည်။ ထူးထူးခြားခြား စောနက်ကြွယ် အကြောင်းတွေချည်း လျှောက်တွေးရင်း သတိရသည့်အဖြစ်ကို ဒေါသလေးတွေ ဖြစ်လာသည်။

သူလိုလူကတောင်မှ မြပချုပ်ကို ဤမျှ ပြစ်ပြစ်ခါခါထားလျှင် သူမကလည်း ဘာကို အရေးစိုက်နေရမည်နည်း။ စကားပုံထဲကလို သူကြင်မှကိုယ်ကြင်ရုံပေါ့။ သူမကိုယ်သူမ အားပေးသည်။ ပြီးတော့ မြပချုပ်ကို စော်ကားသည့် ထိုယောကျ်ားကို ဒီလောက်ပြောတာ မလွန်ပါဘူးဟု စဉ်းစားသည်။

သူသာ မြပချုပ်ကို စိတ်ဆိုးဒေါသဖြစ်အောင် မလုပ်ခဲ့လျှင် မြပချုပ်ကလည်း သူ့ကို ဒေါသတကြီး အော်ဟစ်နှင်ထုတ်ခဲ့မည်မဟုတ်။ အခုတော့ ဒီလူက ဘယ်နေရာမှပဲဖြစ်ဖြစ် မြပချုပ်ကို အမြဲစိတ်ဆိုးဒေါသဖြစ်အောင် ဆွနေတော့ သူနဲ့မြပချုပ်ကြားမှာ ဘယ်တော့မှ ငြိမ်းငြိမ်းချမ်းချမ်း မရှိ။

တစ်ခုမဟုတ် တစ်ခုတော့ စိတ်ဆိုးရ ဒေါသဖြစ်ရနှင့်သာ အချိန်တွေကုန်ရသည်။ ဘယ်အခါမှ ကြည်ကြည်မွေ့မွေ့ မကြုံဘူး။

အို…ဒီလူကြီး မြပချုပ်ဆီကို ဘယ်တော့မှ မလာလည်း



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးတော့ ကောင်းတာပါပဲ။

လက်ထပ်ပြီးမှ ဒီလိုမျိုးစကားများတိုင်း ထွက်ထွက်သွားလျှင် မြပချုပ်ပဲ ဒုက္ခများရဦးမည်။ ဒီလိုလူနဲ့ လက်မထပ်ဖြစ်တာကလည်း ခပ်ကောင်းကောင်းပဲဟု တွေးကာ စောနက်ကြယ်ဆိုသည့်လူကို သူမအာရုံထဲက ဖယ်ထုတ်ပစ်လိုက်သည်။

စောနက်ကြယ်ဆိုသည့်လူဟာ မြပချုပ်ဆိုသည့် သူမကို ဘယ်တုန်းကမှ ကောင်းကျိုးပေးမည့်သူမျိုး မဟုတ်။ သူမကို တစ်မျိုးမဟုတ်တစ်မျိုး စိတ်အနှောင့်အယှက်ဖြစ်အောင် အမျိုးမျိုးလုပ်နိုင်လွန်းသည်။

ရေချိုးပြီး မှန်တင်ခုံရှေ့မှာ သူမကိုယ်သူမ အလှဆုံးပြင်ဆင်လိုက်သည်။ အနည်းဆုံးတော့ မြပချုပ်ဆိုတဲ့မိန်းကလေးဟာ ဘယ်လောက်နုရွလှပပြီး ချစ်စရာကောင်းသလဲဆိုတာမျိုး လူတွေကို သတိထားမိစေချင်သည်။ စောနက်ကြယ်ဆိုသည့်လူကို ပိုပြီး အသည်းယားအောင် သူမအလှဖြင့် ဖြားယောင်းချင်သည်။ အနည်းဆုံးတော့ မြပချုပ်ကို လက်လွှတ်လိုက်ရသည့်အတွက် စောနက်ကြယ်ကို နောင်တရသွားစေချင်တာမျိုး။

ပြာလွင်သောဝတ်စုံဖြင့် မြပချုပ်အလှတွေက ဖိတ်ဖိတ်လက်သွားသည်။ မှန်ထဲမှာ သူမကိုယ်သူမ လှည့်ပတ်ကြည့်ပြီးမှ ကားသော့ကိုဆွဲပြီး အောက်ထပ်ကို ဆင်းခဲ့သည်။

"ကျွိး"

"ဟင်…ဦးစောနက်ကြယ်"





တိုက်တိုက်ဆိုင်ဆိုင် သူမအိမ်ရှေ့တည့်တည့်သို့ ထိုးဆိုက်ရပ်တန့်လာသည့် စောနက်ကြယ်ကားသံကြောင့် လှမ်းလက်စမြပချုပ် ခြေလှမ်းလေးတွေ ရပ်တန့်သွားကာ ကားပေါ်မှ မားမတ်ခန့်ညားသောအသွင်ဖြင့် ညိုနက်နက်ဝတ်စုံကို ဝတ်ဆင်ထားသည့် စောနက်ကြယ်၏ အသွင်ကို ကျက်သရေရှိစွာ တွေ့လိုက်ရ၏။

"ကျုပ်လာမယ်ဆိုတာသိလို့ အလှဆုံးပြင်ဆင်ပြီး ကျုပ်ကို ကြိုဆိုနေတာလား မြပချုပ်၊ ကျုပ်သိပါတယ်လေ တစ်ချိန်လုံး ကျုပ်ကို မင်းလွမ်းနေခဲ့တာမဟုတ်လား"

လာပြီ။ စကားလုံးတွေက သူမဒေါသကို နှိုးဆွစေပြီး သူ့ကိုယ်သူ အထင်ကြီး ဘဝင်မြင့်နေတာ ရိုက်ချိုးပစ်ချင်ပေမယ့် စောနက်ကြယ်ဆိုသည့်လူက ရှက်တတ်၊ နာတတ်သူမျိုးမဟုတ်တော့ ခက်သည်။

"ရှင့်ကို…ကျွန်မအိမ်ကို မလာနဲ့လို့ ပြောထားတယ် မဟုတ်လား၊ ရှင့်ကြည့်ရတာ အသက်သိပ်မကြီးသေးပေမယ့် သတိမေ့တတ်တယ်ထင်ရဲ့နော်"

"အဟွန်း…ဟွန်း…ဟွန်း"

မြပချုပ်စကားအဆုံးမှာ စောနက်ကြယ်က သဘောကျစွာရယ်သည်။ မျက်လုံးလက်လက်တွေက မြပချုပ်တစ်ကိုယ်လုံးကို သိမ်းကျုံးကြည့်ပုံက အသည်းနွေးချင်စရာ။

"ဟုတ်တယ်…ကျုပ်က သတိမေ့တတ်တယ်၊ ဖြစ်ပြီးတဲ့အကြောင်းအရာတွေကို ကျုပ်ဘာမှမသိတော့ဘူး၊ ဒီတော့ ဟိုနေ့က



www.burmeseclassic.com

www.burmeseclassic.com



မင်း ကျုပ်ကို ဘာပြောခဲ့တယ်ဆိုတာ ကျုပ်မေ့သွားပြီ"

"ဒီနေ့ ဘာလုပ်ရမလဲဆိုတာပဲ ကျုပ်သိတယ်၊ ဒီတော့ ကျုပ်တို့ ဒီနေ့ဘာလုပ်ကြရင် ကောင်းမလဲဆိုတာပဲ ပြောကြရအောင်လား"

"ကျွန်မမှာ ရှင်နဲ့ပတ်သက်ပြီး ဘာမှပြောစရာမရှိဘူးရှင့်"

"ဖြစ်နိုင်ပါတယ်၊ မင်းမှာ ပြောစရာမရှိရင် ကျုပ်ပြောတာကိုပဲ နားထောင်ပေါ့၊ ဟုတ်လား"

"ဒီမှာခဏထိုင်ပါဦး မြပချုပ်"

"အို…ဖယ်ပါ၊ ကျွန်မလက်ကို မကိုင်ပါနဲ့"

"လာစမ်းပါ ကလေးမရယ်၊ မင်းကို ကျုပ် အရေးအကြီးဆုံး စကားပြောစရာရှိတယ်"

"ထိုင်စမ်းပါ"

"အို"

"ရှင်…ရှင် ဒါဘာလုပ်တာလဲရှင့်"

မြပချုပ်ကို ခုံတစ်လုံးမှာထိုင်စေပြီး သူမရှေ့မှာ ဒူးထောက်ထိုင်ချလိုက်သည့် စောနက်ကြယ်ကြောင့် မြပချုပ်မှာ အံ့ဩနေသောစိတ်ဖြင့် မယုံကြည်နိုင်အောင် ဖြစ်နေတုန်း စောနက်ကြယ် သူ့အင်္ကျီအိတ်ထဲက ကတ္တီပါဗူး နက်ပြာရောင်လေးကို ဆွဲထုတ်ကာ အထဲမှ ဖြူစင်တောက်ပြောနေသော စိန်လက်စွပ်တစ်ကွင်းကို ထုတ်ယူပြီး မြပချုပ်၏ ဖြူသောလက်ကလေးမှာ ယုယကြင်နာစွာ ဝတ်ဆင်ပေးလိုက်ပါသည်။





"ကျုပ်ရဲ့ စေ့စပ်လက်စွပ်ပါ၊ ဟောဒီမှာ ကျုပ်အတွက် လက်စွပ်တစ်ကွင်း၊ မင်းကိုယ်တိုင် ကျုပ်လက်မှာဝတ်ပေးပါ မြပချုပ်"

မြပချုပ်လက်ထဲကို စောနက်ကြယ်ကို ဝတ်ဆင်ပေးရန် လက်စွပ်တစ်ကွင်း ရောက်လာသည်။ မြပချုပ်မှာ စိတ်လှုပ်ရှားလွန်းသဖြင့် မျက်နှာတစ်ခုလုံး နီရဲကာ ရင်တွေတစ်ဖျပ်ဖျပ် ခုန်နေလျက် တစ်ကိုယ်လုံးလည်း တုန်လာသလိုထင်မိသည်။ စောနက်ကြယ်၏ ပြည့်တင်းနူးညံ့သော သွေးရောင်လွှမ်းနေသည့် လက်အစုံမှာ မြပချုပ်ရှေ့တွင် ဆန့်တန်းလျက်ရှိရာ မြပချုပ်မှာ ခဏမျှတွေဝေသွားပြီးနောက် တုန်ရီနေသော လက်ကလေးများဖြင့် စောနက်ကြယ်၏ ညှိုးသောလက်ကို ဆွဲယူကာ အသာဝတ်ဆင်ပေးလိုက်မိရပါပြီ။

"မြပချုပ်ရယ်"

စောနက်ကြယ်က မြပချုပ်၏ လက်ကလေးနှစ်ဖက်ကို ဆွဲယူကာ ညင်သာစွာ ရှိုက်နမ်းလိုက်ရာ မြပချုပ်ပါးပြင်နှစ်ဖက်မှာ ရွှေးခနဲဖြစ်သွားသည်။ ထို့နောက် မြပချုပ်လက်ကလေးကို ဆွဲကာ နေရာမှ ထစေလိုက်သည်။

"လာ…ကျုပ်တို့သွားကြမယ်"

"ဘယ်ကိုလဲဟင်"

"ကျုပ်တို့နှစ်ယောက်ရဲ့ အချစ်နိဗ္ဗာန်လေးရှိရာကိုပေါ့၊ မင်းအတွက် ကျုပ် ဘယ်လောက် စိတ်ကူးယဉ်ထားသလဲဆိုတာ လက်တွေ့ကျကျ မင်းကိုပြမလို့"



www.burmeseclassic.com

"ဘာတွေလဲ"

"ဟိုရောက်ရင် တွေ့ရမှာပေါ့၊ ကားပေါ်ကို အရင်တက်လိုက်ပါဦးဗျာ"

စောနက်ကြယ်က မြပချုပ်လက်ကလေးကို တယုတယ ဆွဲယူကာ ကားပေါ်တက်စေပြီး သူကိုယ်တိုင် ကားတံခါးကို ဆောင့်ပိတ်ပေးပါသည်။

ကားမောင်းသူနေရာမှာ သူဝင်ထိုင်ပြီးနောက်မှ မြပချုပ် အိမ်ရှေ့က စောနက်ကြယ်၏ ကားကြီး လျှောခနဲထွက်သွားသည်။ ကမ္ဘာလောကကြီးတစ်ခုလုံး မြပချုပ်အတွက် ထူးခြားဆန်းပြားစွာ ပြောင်းလွဲသွားသလို ထင်မိသည်။

တိုးတိတ်ညင်သာသော အနောက်တိုင်းတေးသီချင်းက တိတ်ဆိတ်သောကားထဲမှာ စီးမျောပျံ့လွင့်နေ၏။ ရုတ်တရက် မြပချုပ် စိတ်ထဲမှာ အိပ်မက်မက်နေသူတစ်ယောက်လို ထင်လာသည်။

မကြာသေးခင်က မြပချုပ်သည် စောနက်ကြယ်ဆိုသည့် လူကို မုန်းတီးနာကျင်စွာ သူမဘဝထဲက ဖယ်ထုတ်ဖို့ ကြိုးစားခဲ့သူဖြစ်သည်။ အခုတစ်ဖန် မြပချုပ်သည် စောနက်ကြယ်၏ သတို့သမီးလောင်းအဖြစ် သူ့ကားကြီးပေါ်မှာ စေ့စပ်လက်စွပ်ကိုယ်စီဖြင့် အတူလိုက်ပါလာသည်ဆိုသည့် အဖြစ်ကလည်း မယုံချင်စရာ။

မြပချုပ်သည် ကားမောင်းနေသူဘက်သို့ ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ တည်ငြိမ်ခန့်ညားသော အသွင်ဖြင့် စောနက်





ကြယ်က ကားကို အာရုံစူးစိုက်မောင်းနေခိုက်မှာ သေးတိုင်အရေးအထား မြင်နေရသော သူ့မျက်နှာကို ငေးခနဲ ကြည့်လိုက်မိသည်။

ဤလူသည် မကြာမီအချိန်ကာလအတွင်းမှာ မြပချုပ်၏ သတို့သား ဖြစ်ရတော့မှာပါလားဟု တွေးမိသည်နှင့် မြပချုပ်ရင်ထဲ ညင်သာစွာ လှုပ်ခတ်တုန်ရီသွားကာ ပါးပြင်နှစ်ဖက်ကို သူမလက်ကလေးများဖြင့် အသာအုပ်ကွယ်လိုက်မိလျှင် မြပချုပ်၏လက်တွင် ဝတ်ဆင်ထားသော စိန်လက်စွပ်မှ အရောင်တစ်ဖျပ်ဖျပ် တောက်ဝလင်းလက်သွားသည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

"အို"

အံ့သြပျော်ရွှင်သွားသော မြပချုပ်၏ ရင်တွင်းခံစားချက်ကြောင့် လှုပ်ခတ်သွားသော သူမအသွင်ကို ကြည့်ကာ စောနက်ကြယ်က ရွှန်းစိုတောက်ပသော မျက်လုံးများဖြင့် စူးစိုက်ကြည့်ရင်း ချစ်စနိုး ရယ်မောလိုက်သည်။

"ဒါက ဘယ်လိုဖြစ်တာလဲဟင်၊ ကျွန်မမသိဘဲ ကျွန်မ ဓာတ်ပုံတွေက ဘယ်လိုလုပ်ပြီး ရှင့်ဆီရောက်နေတာလဲ"

"ကျုပ်လိုချင်တာ ဖြစ်ချင်တာ ဘာမဆိုဖြစ်နိုင်တဲ့ စိတ်တန်ခိုးရှိတယ်လို့ မြပချုပ်စိတ်ထဲမှာ နည်းနည်းမှ မတွေးမိဘူးလား"

ဒီတစ်ခါတော့ မြပချုပ် သူ့ကို ရန်တွေ့စကားဆိုရန် သတိမရနိုင်သေးပါ။ ညှို့ခန်းအနှံ့ လှပသော သူမဓာတ်ပုံများစွာ ပုံသဏ္ဌာန်အနေအထား အမျိုးမျိုးနှင့် ရှိနေခြင်းကိုသာ အံ့သြစွာ





လိုက်ကြည့်နေမိသည်။

အိမ်အဝင် ဧည့်ခန်းမဆီမှသည် အိမ်ကြီးတစ်ခုလုံး အနှစ်တ် ခြယ်မှုန်းထားပုံ ပစ္စည်းအသုံးအဆောင်တွေ ခမ်းနားကြီး ကျယ်ပုံအားလုံး မြင်ရသူတိုင်းကို ရင်သပ်ရှုမောနေနိုင်အောင် စွမ်းဆောင်နိုင်ပါပေသည်။

စောနက်ကြယ်က လက်နှစ်ဖက်ကို ပိုက်ကာ အခန်းနံရံကိုမှီပြီး မြပချုပ် လှုပ်ရှားသွားလာဟန်များကို တစိမ့်စိမ့်စူးစိုက်ကြည့်လျက် ပြုံးနေ၏။ အံ့သြပျော်ရွှင်နေဟန် မြပချုပ်၏ အသွင်လေးက စောနက်ကြယ်၏ စိတ်နှလုံးကို ညှို့ယူအဖမ်းစားနိုင်ဆုံးဖြစ်သည်။

ဤကလေးမလောက် ချစ်စရာကောင်းသော မိန်းကလေးမျိုး စောနက်ကြယ်ဘဝတွင် တစ်ခါမှ မတွေ့ဘူးချေ။ ထို့ကြောင့် သူမကို သူ အရယူဖို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ မြပချုပ်ကို သူ လိုချင်သည်။ သူလိုချင်သည့်အရာကို မရအရယူတတ်သည်က စောနက်ကြယ်၏ အရည်အချင်းဆိုလည်း မမှား။

"ဘယ်နှယ့်လဲ...ကျုပ်ရဲ့စိတ်ကူးတွေကို မင်းသဘောကျရဲ့လား မြပချုပ်၊ ဒီအိမ်ကြီးမှာ ကျုပ်တို့နှစ်ယောက်ရယ်၊ သားတွေသမီးတွေရယ် မိသားစုအားလုံး ပျော်ပျော်ပါးပါး နေကြတာပေါ့ ဟုတ်လား"

မြပချုပ်သည် စောနက်ကြယ်၏ မျက်နှာကို တအံ့သြလေး ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေကို ရှင်ဘယ်တုန်းထဲက ပြင်ဆင်ထားခဲ့တာလဲ ဟင်"

"မင်းကို ကျုပ်ယူမှဖြစ်တော့မယ်လို့ ဆုံးဖြတ်ပြီးထဲကပဲ လေ"

"သေချာလှချည်လားရှင်၊ ရှင့်ကို ကျွန်မ လက်မထပ် ဘူးလို့ အပြတ်ငြင်းလိုက်ရင် ရှင့်ရဲ့ကြိုတင်စိတ်ကူးမှုတွေအားလုံး အလကားဖြစ်ကုန်လိမ့်မယ်လို့ ရှင် မတွေးကြည့်ဘူးလား"

"ကျုပ်ကို မင်းလက်ထပ်မယ်ဆိုတာ သိနေလို့ပေါ့"

"အံမယ်"

စောနက်ကြယ်ထံမှ ပိုင်ပိုင်ကြီး ပြောချလိုက်ပုံကြောင့် မြပချူပ်မှာ သူမစိတ်ကိုပင် အပိုင်တွက်ပြီး သူ့ဘက်သူယက်ပြီး ပြောနေသူအဖြစ် စောနက်ကြယ်ကို မကျေမနပ်လေး မျက်စောင်း ရွယ်လိုက်မိတော့ သူကရယ်သည်။

"ဒီလိုပြောလို့ စိတ်မဆိုးနဲ့လေ၊ မင်းသာ ကျုပ်လို စိတ် သဘောထားမြင့်မြတ်ပြီး ချစ်စရာကောင်းတဲ့လူတစ်ယောက်ကို လက်မထပ်မိရင် မင်းတစ်သက်များ ဘယ်လောက် နောင်တရ စရာ ဖြစ်နေလိုက်မလဲ"

"ကျုပ်က မင်းလိုမိန်းမလှလေးတစ်ယောက်ကို နောင်တ တရားတွေနဲ့ အထီးကျန်နေထိုင်ရှင်သန်သွားရမှာမျိုး ခွင့်မပြုနိုင် လေတော့ ဒီလိုပဲ ကျုပ်ကိုယ်ကျုပ် အနစ်နာခံလိုက်ရတော့တာပဲ"

"အဟွန့်"





"အဟင်း...ဟင်း...ဟင်း"

မြပချူပ်သည် သူမမျက်နှာလှလှလေးကို မျက်လုံးနက် နက်များဖြင့် စူးစိုက်ကြည့်လျက် မရယ်မပြုံး ခပ်တည်တည် အနေ အထား ခပ်ညွှန့်ညွှန့်ခပ်စီးစီးလေး ပြောချင်ရာပြောနေသည့်လူကို နောက်ထပ် စိတ်ဆိုးစရာပင်မရှိဘဲ အသာအယာ ရယ်မောလိုက် သည်။

"ရှင်ဟာလေ တကယ့်ကို ပင်လယ်ဓားပြပဲသိလား၊ လူတစ်ဖက်သားကို မခံချိမခံသာဖြစ်အောင် ပြောတဲ့နေရာမှာ ရှင့်ကို ဘယ်လိုလူမှ လိုက်မှီမယ်မထင်ဘူး"

"မင်းရှိနေသားပဲ"

"ရှင်"

"မင်းဟာ ကျုပ်နဲ့အတူဆုံးမိန်းမပဲ၊ မင်းမှာ ကျုပ် စိတ်ထင်ရာလုပ်တတ်တဲ့ နေရာမှာရော ကိုယ်မှန်တယ်ထင်ရင် ဘယ်သူ့ကိုမှ ဂရုမစိုက်တတ်တဲ့ နေရာရော အတော်တူတာ"

"ဒါပေမယ့် ဒါဟာ ကောင်းတဲ့ အမူအကျင့် မဟုတ်ဘူး၊ အဲဒီ့အတွက် လူတွေက ကျုပ်တို့ကို ဘယ်လိုမှ ချီးကျူးကြမှာတော့ မဟုတ်ဘူး၊ ကဲ့ရဲ့ပြစ်တင်ကြဖို့ပဲရှိတယ်"

"ရှင့်လောက်တော့ ကျွန်မက မဆိုးသေးပါဘူးရှင့်"

"သိပ်တော့လည်း မကွာလှပါဘူးလေ၊ ကိုင်း...တိုင်း ကျုပ်တို့မင်္ဂလာဦးအိပ်ခန်းကို သွားကြည့်ကြဦးစို့၊ မင်းမကြိုက်စရာ ရှိရင်လည်း ပြင်နိုင်ဆင်နိုင်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူက မြပချုပ်လက်ကို ပိုင်နိုင်စွာ ဆွဲကိုင်ပြီး အပေါ်ထပ်ကို တက်ခဲ့သည်။ မွှေးရနံ့တို့ ထုံသင်းလျက် လှပသောပန်းများနှင့် ပန်းချီကားများ နုနယ်ပျော့ပျောင်းပါးလျသော အဖြူရောင်လိုက်ကာများ မျောလွင့်နေပုံမှအစ မြပချုပ်၏ ခြေလှမ်းတိုင်း ဆွဲဆောင်မှုအပြည့် ဖန်တီးစီရင်ထား၏။

"ဒီမှာကြည့်ပါဦး"

"ဒေါက်"

"ကျွီး"

စောနက်ကြွယ်က နံရံမှ ခလုတ်တစ်ခုကို နှိပ်လိုက်ရာ နံရံအတွင်းမှ အံ့ဂှက်တစ်ခု ပွင့်ကျလာပြီး အားပါးတရ ရယ်မောနေသော မြပချုပ်၏ ရွှန်းလဲ့တောက်ပ မျက်ဝန်းများဖြင့် လှပသော သူမမျက်နှာပိုင်းပုံကြီးကို တွေ့လိုက်ရသဖြင့် အံ့သြပြီးရင်း အံ့သြနေရပါသည်။

"ကျုပ်နဲ့လက်ထပ်မယ့် မိန်းကလေးက ဘယ်လောက်ချစ်စရာကောင်းလိုက်သလဲ မြပချုပ်၊ ပြီးတော့ သူဟာ ကျုပ်ကလွဲပြီး တခြား ဘယ်ယောက်ျားကိုမှလည်း စိတ်မဝင်စားဘူး၊ ချစ်လည်း မချစ်ခဲ့ဘူး"

"သူချစ်တာ ဟောဒီက စောနက်ကြွယ်ဆိုတဲ့ ကျုပ်တစ်ယောက်တည်းကိုပဲ"

"ရှင် ကျွန်မကို အရွဲ့မတိုက်ပါနဲ့"

မြပချုပ်အကြောင်းကို အားလုံးသိထားပြီးမှ တမင်စောင်း





မြောင်းပြောနေရပါမည်လားဟု စောနက်ကြွယ်ကို လှည့်ပြီး ရန်တွေ့လိုက်မိသည်။

"ဟိုဓာတ်ပုံထဲက ကျုပ်ချစ်သူမိန်းကလေးဆီက အင်မတန် ချစ်စရာကောင်းတဲ့ အရည်အချင်းကောင်းလေးတွေကို ပြောပြတာပါဗျာ"

"ကောင်းပြီလေ…ဒါဖြင့် ကျွန်မကလည်း ကျွန်မနဲ့ လက်ထပ်ဖို့ ဆုံးဖြတ်ထားတဲ့ သတို့သားလောင်းဆီက ချစ်စရာကောင်းတဲ့ အမူအကျင့်လေးတွေကို ပြောပြရဦးမှာပေါ့"

"ဒါလည်း ဖြစ်သင့်တဲ့ကိစ္စတစ်ခုပဲ၊ စိတ်ထဲမှာ တစ်ယောက်တည်း ကျိတ်မှိတ်မျိုသိပ်ထားရတာနဲ့စာရင် ကိုယ့်ရင်ထဲက ခံစားချက်တွေကို တစ်စုံတစ်ယောက်ဆီမှာ ရင်ဖွင့်လိုက်ရတာဟာလည်း တစ်မျိုးစိတ်ချမ်းသာစရာလို့ ဆိုတယ်မဟုတ်လား"

စောနက်ကြွယ်တို့နှစ်ယောက်သည် တစ်ယောက်မျက်နှာကို တစ်ယောက် စိုက်ကြည့်နေကြသည်။ မြပချုပ်သည် သူ့မျက်နှာစိုက်ကြည့်ရင်း သာသာနှင့်နာနာ နှက်နိုင်မည့် စကားလုံးများကို စဉ်းစားနေ၏။

သူမစိတ်ကို ကသိကအောင့် ဖြစ်အောင် လုပ်သလို သူ့စိတ်ကိုလည်း နေမထိထိုင်မသာ ဖြစ်စေလိုသည့်တိုင် ဘယ်လိုစကားကို သုံးနှုန်းရမည်ဆိုသည်ကိုက ရုတ်တရက် မရွေးနိုင်ဖြစ်နေ၏။ ကြာကြာစဉ်းစားနေဖို့ရန်မှာလည်း အချိန်ကမရှိ။ သူမပြောလာမည့် စကားတွေကို စောင့်စားနေသော စောနက်ကြွယ်၏ မျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



စေ့စေ့ကြည့်ကာ…

"ကျွန်မနဲ့လက်ထပ်မယ့် ယောကျ်ားဆိုတဲ့ သတ္တဝါမှာ သူ့ကိုယ်သူ အထင်ကြီးဘဝင်မြင့်နေတဲ့ ရောဂါဝေဒနာဆိုးတစ်ခု ရှိနေတယ်ရှင့်၊ ပြီးတော့ သူဟာ ဘယ်မိန်းမကိုမှ တကယ် မချစ်ဘဲ ချစ်ဟန်ဆောင်ပြီး သူ့စိတ်ကျေနပ်ပျော်ရွှင်မှုရအောင် လိမ်ညာလှည့်စား အသုံးချတတ်တယ်"

"ဒါပဲလား"

"မဟုတ်ဘူးရှင့်၊ ဒါ့ထက် ပိုဆိုးတာရှိသေးတယ်"

"ဟုတ်လား၊ ဘာများပါလိမ့်ဗျာ"

"အဆိုးဆုံးက သူလိုချင်တဲ့အရာတစ်ခုကို ရယူပိုင်ဆိုင်ချင်လာပြီဆိုရင် အနုနည်းနဲ့ ရရင်ရ မရရင် ဓွတ်အတင်း ဓားပြတိုက်ယူမယ့် လူဆိုးရှင့်"

"အဟွန်း…ဟွန်း…ဟွန်း"

မြပချုပ် စကားအဆုံးမှာ စောနက်ကြယ်က နှစ်ခြိုက်စွာ ရယ်သည်။

"မင်းကို ကျုပ်သဘောကျတဲ့ အချက်က အဲဒါပဲ၊ မင်းဟာ ဘယ်တော့မှ စိတ်ထဲရှိတာကို ဟန်မဆောင်ဘူး၊ ပွင့်ပွင့်လင်းလင်း ပြောစရာရှိတာကို တဲ့တိုးပြောချလိုက်တာပဲ၊ မင်းနေရာမှာ တခြားမိန်းမဆိုရင် ကျုပ်လိုလူတစ်ယောက်ကို ဘယ်ဒီလိုပြောလိမ့်မလဲ"

"ရှင့်နေရာမှာ တခြားယောကျ်ားတစ်ယောက်ဆိုလည်း ကျွန်မလို မိန်းကလေးတစ်ယောက်ကို ရှင်ပြောသလို ဘယ်တော့မှ





ပြောမှာမဟုတ်ဘူး"

"ကျေပြီပေါ့ ဟုတ်လား"

"ဒီအခန်းကို ကြည့်ပါဦး"

စောနက်ကြယ်က ဦးဆောင်ပြီး စေ့ပိတ်ထားသည့် အိပ်ခန်းတံခါးတစ်ခုကို ဆွဲဖွင့်ပြလိုက်သည်။ မဂ်လာဦး အပြင်အဆင်တွေနှင့် ကြွကြွရွရွ အလှပြင်ဆင်ထားသော နှစ်ယောက်အိပ်ခုတင်ကြီးနှင့် မတ်ရပ် ဗီရို၊ မှန်တင်ခုံများကို ပိုးဖဲကတ္တီပါ စာများ ပြည့်လျှမ်းနေသည့် အခန်းကြီးကို စောနက်ကြယ်အနားမှ ရပ်ကာ မျက်လုံးလေးဝေ့ဝဲကာ မြပချုပ် တစ်ချက်မျှ ကြည့်လိုက်သည်။

"မင်းကိုယ်တိုင် ဝင်ကြည့်လေ မြပချုပ်"

"ဟင့်အင်း"

"လာစမ်းပါ"

"အို"

စောနက်ကြယ်က မြပချုပ်လက်ကလေးကိုဆွဲကာ အိပ်ခန်းကျယ်ကြီးထဲကို ဦးဆောင်ဝင်သွားသည်။ မြပချုပ်က ရုန်းဖယ်မပေမယ့်မရ။

"ကြည့်စမ်း မင်းမကြိုက်တာ ဘာရှိလဲ"

"ရှိတယ်"

"ဘာလဲ ပြောစမ်း၊ မင်းမကြိုက်ဘူးဆိုတာ အခုချက်ချင်း ပြင်မယ်"

"တကယ်ပြင်မှာမို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ပြင်မှာပေါ့"

မြပချုပ် သူ့မျက်နှာကို စိုက်ကြည့်လိုက်သည်။ ပြီးမှ…

"ကျွန်မ မကြိုက်တာရှင်ပဲ"

"ဟင်"

"ကဲ…ပြင်မယ်ဆိုပြင်လေ"

"ကောင်းပြီလေ…ကျုပ်ကတိအတိုင်း မင်းစိတ်ကြိုက်ဖြစ်အောင် အခုပဲ ပြုပြင်လိုက်ရမှာပေါ့"

"ရှင်က ဘယ်လိုပြင်မှာလဲ"

"ဒီမှာပြင်မှာလေ"

"အိုး"

စောနက်ကြယ်ထံမှ ညစ်ကျယ်ကျယ်အပြုံးကို မြင်လိုက်ရချိန်မှာ မြပချုပ်တစ်ကိုယ်လုံး သူ့ရင်မှာ မွှန်းနှစ်သွားခဲ့ရပြီဖြစ်သည်။ စောနက်ကြယ်က အမှန်ပင် လူဆိုးတစ်ယောက်ဖြစ်ကြောင်း လက်တွေ့ကျကျ သက်သေပြလျက်ရှိရာ မြပချုပ်မှာ နာကျင်ရှက်လန့်စွာ သူ့မနှုတ်ခမ်းလေးကို ယောင်ရမ်းဆိကိုင်လိုက်မိသည်။

"ရှင်ဟာ တော်တော်ဆိုးတဲ့လူပဲ"

"ဒါတောင် မင်းကိုသနားလို့ လိမ္မာထားရတာ"

"ဘာရယ်"

"ဩော်…ကျုပ်စိတ်ရင်းအတိုင်းသာ မင်းကို ဆက်ဆံရမယ်ဆိုရင် ကျုပ်ကို မင်းဘယ်လိုများ ပြောမလဲလို့ပါ"

"အိုး"





သူ့စကားအဆုံးမှာ မြပချုပ်မျက်နှာလေး ရဲရဲနီတွေသွားရကာ သူ့ကိုယ်ကြီးကို တွန်းဖယ်လိုက်ပေမယ့် သူကမလွှတ်။

"ဖယ်စမ်းပါရှင်"

"ကျုပ်ရင်ခွင်မှာ ငြိမ်ငြိမ်လေးနေစမ်းပါ မြပချုပ်ရယ် ဒီလိုအခွင့်အရေးရဖို့ ကျုပ် ဘယ်လောက် မျှော်လင့်စောင့်စားခဲ့ရတယ်ဆိုတာ မင်း တွေးမိရဲ့လား"

သူက မြပချုပ် မျက်နှာနားကို တိုးဝှေ့လျက် ညင်သာစွာ ဆိုလိုက်ခြင်းသည်။

"ကျွန်မက ဘာကိစ္စ တွေးရမှာလဲရှင့်"

"မင်္ဂလာဦး အကြိုဆိုတာမျိုးလေ"

သူ့စကားကြောင့် မြပချုပ်တစ်ကိုယ်လုံး ကြက်သီးဖြန်းခနဲ ထသွားပြီး စောနက်ကြယ်မျက်နှာကို အလန့်တကြား မော့ကြည့်လိုက်မိသည်။ မြပချုပ်ကတော့ ရိုးရိုးသားသား အတွေးနှင့် သူ့ခေါ်ရာ လိုက်လာခဲ့သည်။ အခုမှ ထိုသို့လိုက်လာမိခြင်းကို နောင်တရနေမိ၏။

"ရှင့်အကြံ ဒါအကုန်ပဲလားဟင်"

"ဟင့်အင်း…ဒါအစပဲရှိသေးတယ်၊ နောက်ထပ် မင်းအပေါ်မှာ အကောက်ကြံစရာတွေ အများကြီးပဲ"

"ရှင်…ရှင်"

"ရှူး"

"ကျုပ်တို့နှစ်ယောက်ထဲ အတူနေခွင့်ရတုန်း ဒေါသမြီ

www.burmeseclassic.com



တော့ စိတ်ဆိုးစရာအကြောင်းတွေ ခဏလောက် မေ့ထားကြရအောင် ပေါ့ကွာ''

''ရှင်နော်''

''ကျွန်မှာ စိတ်ကုန်အောင် မလုပ်နဲ့၊ ပြောမရရင် ရှင့်ကို ကျွန်မ ဘယ်တော့မှ လက်ထပ်မှာမဟုတ်ဘူး''

''လက်ထပ်ချင်လာအောင် လုပ်တဲ့နည်းကိုယ်မှာ ရှိပါတယ်ကွယ်၊ လာစမ်းပါ''

''ဦးစောနက်ကြယ်''

''ရှင်နော်…ကျွန်မကို''

''အို''

စောနက်ကြယ်က မြပချုပ်ကို စကားဆုံးအောင် ပြောခွင့်မပြု။ ပင်လယ်ဓားပြ၏ အပြုအမူမျိုးဖြင့် သူလိုချင်တာကို ရယူပိုင်ဆိုင်အောင် ကြိုးစားသူဖြစ်သည်။

❀❀❀



## အခန်း (၂၂)

ငွေကိုရေလိုသုံး၍ စိတ်ကူးရှိသမျှ အခမ်းနားအကြီးကျယ်ဆုံး ဆင်ယင်ကျင်းပခဲ့သော စောနက်ကြယ်နှင့် မြပချုပ်တို့ မင်္ဂလာပွဲကြီးက လူတကာ အားကျငေးမောရသော မင်္ဂလာပွဲကြီးတစ်ခုအဖြစ် အောင်မြင်စွာ ပြီးဆုံးခဲ့ပြီဖြစ်သည်။

အားလုံးက မြပချုပ်ကို ကံအကောင်းဆုံး မိန်းကလေးအဖြစ် အထင်ကြီးအားကျနေကြသလို စောနက်ကြယ် ကိုယ်တိုင်ကလည်း အရာရာတိုင်းမှာ မြပချုပ် သဘောဆန္ဒတစ်ခုထဲကိုသာ ရှေ့တန်းတင်အလေးထား ပြုခဲ့ခြင်းဖြင့် အများက မနာလို မရှုစိမ့်ဖြစ်ချင်စရာ ကောင်းအောင် မြပချုပ်ကို သည်းသည်းလှုပ်ချစ်ပြခဲ့သူဖြစ်သည်။

နေချို့နှင့် ပတ်သက်ခဲ့မိသည့် အချိန်မှစ၍ ပူလောင်ကျွမ်းမြိုက်ခဲ့ရသော မြပချုပ် နှလုံးသားအစုံမှာ တဒင်္ဂလို ယောကျ်ားမျိုးနှင့် လက်ထပ်ခဲ့ပြီးနောက်မှာ ယောကျ်ားတွေအပေါ်မှာရော အမုံ



www.burmeseclassic.com

www.burmeseclassic.com



အားလုံးအပေါ်မှာပါ စိတ်ကုန်သွားခဲ့သူဖြစ်သည်။

အဆင်မပြေလှသော နှလုံးသားရေးရာကို အခြေပြု၍ မှားယွင်းစွာ တည်ထောင်လိုက်သော အိမ်ထောင်ရေးအောက်မှ မြပချုပ်ဘဝရော နှလုံးသားရော ဘယ်အချိန်တုန်းကမှ မအေးမြခဲ့ဘူးချေ။

နောက်ထပ် အိမ်ရာတည်ထောင်ဖို့ကိုပင် စိတ်မဝင်စားတော့သည့်အထိ ဖြစ်ခဲ့ပေမယ့် စောနက်ကြယ်ဆိုသည့် လူက မြပချုပ်ဘဝကိုရော သူမနှလုံးသားကိုပါ သိမ်းပိုက်ယူငင် ပိုင်စိုးလိုစွာ ဖွတ်အဟင်း ပတ်သက်ဝင်ရောက်လာခဲ့သူ ဖြစ်သည့်အတိုင်း မြပချုပ်မှာ စောနက်ကြယ်၏ အချစ်များအောက်မှာ လက်မြှောက်အရှုံးပေးခဲ့ရသည်။

ထိုအတွက် စောနက်ကြယ့်ကို စိတ်ထဲမှာ မုန်းမိသလိုရှိသော်လည်း တစ်ချိန်လုံး ပူလောင်ကျွမ်းမြိုက်ခဲ့ရသော မြပချုပ်၏ နှလုံးသားအစုံက စောနက်ကြယ်၏ အပြုအမူတိုင်းကို အနာအကျင်မရှိ။ ပကတိအတိုင်း လက်ခံပေးနိုင်ခြင်းမှာလည်း ထူးခြားမှုဟု ဆိုနိုင်သည်။

မြပချုပ်၏ မင်္ဂလာပွဲကို ပက်ထရစ်ရှာရော နေချိုရော တက်ရောက်လာကြချိန်မှာ မြပချုပ်ရင်ထဲ ဟိုတုန်းကလို ပူလောင်ပြင်းပြမှုတွေ မခံစားရတော့သည့်တိုင် ပက်ထရစ်ရှာနှင့် နေချိုတို့ ဆက်ဆံရေးကို စိတ်ဝင်စားဆဲဖြစ်သည်။

ကျန်းမာရေး ပြန်လည်ကောင်းမွန်လာသော နေချိုအသွင်က လန်းလန်းဆန်းဆန်း ရှိပေမယ့် တက်ကြွသော အမူအရာမျိုး





မရှိ။ အဖြူရောင် ဂါဝန်ရှည်ဖြင့် လှပသော သတို့သမီးရနံ့ လှမ်းကြည့်ငေးမောနေသော နေချို့စိတ်ကို မြပချုပ် သိချင်သည်။

အနည်းဆုံးတော့ မြပချုပ်ဆိုတဲ့ မိန်းမတစ်ယောက်ကို လက်မထပ်မိလို့ နောင်တရနေပါပြီဆိုတာမျိုး မြပချုပ် နားနှင့်ဆတ်ဆတ် ကြားလိုက်ချင်ပါသေးသည်။ မြပချုပ်က နေချို မျက်စိရှေ့မှာပင် စိန်ရောင်ရွှေရောင် ဖိတ်လျှံနေသော မင်္ဂလာပွဲကို ကြီးကျယ်ခမ်းနားမှုတွေ တနင့်တပိုးကြီးနှင့် ဆင်ယင်ကျင်းပနိုင်ခဲ့တာကို နေချို တွေ့မြင်နေရတာကိုပဲ သူမစိတ်မှာ ကျေနပ်နေမိသည့် အဖြစ်ကို ရယ်စရာကောင်းသည်ဟု ဆိုရမည်ထင်။

မင်္ဂလာပွဲမှာပင် ပက်ထရစ်ရှာက သူမမှာ ရင်သွေးလေး ရှိနေပြီဖြစ်ကြောင်း ဂုဏ်ယူဝံ့ကြွားစွာ မြပချုပ်နား တိုးတိုးကပ်၍ ပြောသွားခဲ့သေးသည်။

နေချို့ကို ဂုဏ်ယူကြောင်းပြောပြီး လှပစွာ သူမရယ်မောပစ်လိုက်သည်။ အိမ်ထောင်သည်တစ်ယောက်အတွက် ဒါဟာ ဖြစ်သင့်ဖြစ်ထိုက်တဲ့ ကိစ္စတစ်ခုထက်ပို၍ မခံစားမိတော့။

သူတို့လည်း သူတို့ဘဝ သူတို့ပျော်နေသလို မြပချုပ်လည်း သူမဘဝနှင့် သူမပျော်အောင်နေဖို့ ဆုံးဖြတ်ခဲ့ပြီးပါပြီ။ ဒါ့အပြင် တခြားမရှိ။ လက်ရှိအိမ်ထောင်သည်ဘဝကို မြပချုပ်အနေနှင့် အကောင်းဆုံး တည်ဆောက်သွားမည်။

ဤသည်ပင်လျှင် သူမ၏ စစ်မှန်သောဘဝအမြင် ယုံကြည်မျှော်လင့်ထားသည်။ စောနက်ကြယ်ဆိုသည့် လူနှင့် အတူ



www.burmeseclassic.com

www.burmeseclassic.com



နေထိုင်ရခြင်းကာ စိတ်လှုပ်ရှားစရာ ကောင်းသလို ပျော်စရာလည်း တစ်မျိုးတော့ ကောင်းသည်။

တစ်ယောက်တည်း ထီးတည်း အထီးကျန်ဆန်ဆန် နေခဲ့ရသည့် သူ့မဘဝကို မြပချုပ် စိတ်ကုန်လှပြီ။ သူမလို ငယ်ရွယ်နုနယ်လှပသော မိန်းကလေးတစ်ယောက်အတွက် လောကကြီးမှာ နေပျော်စရာတွေ အများကြီးရှိကြောင်း မြပချုပ်ကို စောနက်ကြယ်ကိုယ်တိုင် သင်ကြားပေးခဲ့သည်။

မင်္ဂလာဦး ဟန်နီးမွန်းခရီးက သူတို့ကြိုတင်စီစဉ်ထားသလို ဖြစ်မလာခဲ့။ ရုတ်တရက်ကြီး ဒက်ဒီ့ကို ဆေးရုံတင်လိုက်ရသဖြင့် သွားရမည့်ခရီးစဉ်ကို ဖျက်သိမ်းပြီး ဒက်ဒီ့နားမှာ မြပချုပ်အတူရှိနေသည်။ အေါ်ခင်စစ်ရင်လက်ထဲ ဒက်ဒီကို စိတ်ချလက်ချထားမသွားရဲ။ ဒက်ဒီ မကျန်းမာချိန်မှာ သမီးဖြစ်သူ မြပချုပ်အနေနှင့် ရှိကိုရှိနေရမည်ဖြစ်သည်။

"သမီး သိဝ်ပင်ပန်းနေပြီကွယ်၊ ဒက်ဒီအတွက်နဲ့ ဟန်နီးမွန်းခရီး ပျက်သွားတာကိုလည်း စိတ်မကောင်းဘူး၊ အနားမှာ သမီးအန်တီတစ်ယောက်လုံး ရှိနေတာပဲ၊ ဒက်ဒီ့ကို စိတ်ချလက်ချထားပြီး သွားစရာရှိတာ သွားပါကွယ်"

"သူစိမ်းလက်ထဲ ပချုပ် ဒက်ဒီကို စိတ်ချလက်ချထည့်ပြီး တခြားဘယ်ကိုမှ မသွားနိုင်ပါဘူးဒက်ဒီ၊ တစ်လောကလုံးပြေးကြည့်မှ သွေးသားအရင်းအချာဆိုလို့ ပချုပ်နဲ့ ဒက်ဒီ ဒီသားအဖနှစ်ယောက်တည်းရှိတာပါ"





"ဘယ်အချိန်ပဲ ခရီးထွက်ထွက် ပချုပ်တို့လို လူငယ်တွေအတွက် အခွင့်ပြေပြီးသားပါ၊ ဒက်ဒီသာ ကိုယ့်ကျန်းမာရေးကိုယ်ဂရုစိုက်ပါ၊ ပချုပ်အတွက်လည်း စိတ်မပူပါနဲ့နော် ဒက်ဒီ"

"လိမ္မာလိုက်တဲ့ သမီးလေးရယ်၊ ဒါကြောင့်လည်း ဒက်ဒီက သမီးလေးကို ချစ်ရတာပေါ့ကွယ်"

"ပချုပ်လည်း ဒက်ဒီကို ချစ်တယ်ဒက်ဒီ"

"သမီးရယ်...မငိုပါနဲ့ကွယ်၊ ဒက်ဒီ အမြန်ဆုံးကျန်းမာလာမှာပါ"

ဖခင်ကြီးရှေ့မှာ ကျမိသော မျက်ရည်တွေကို မြပချုပ်ကမန်းကတန်း သုတ်နေချိန်မှာ အထူးခန်းတံခါးကို ခေါက်သံနှင့်အတူ မိထွေးဖြစ်သူ ဒေါ်ခင်စစ်ရင် အခန်းထဲဝင်လာသည်။

သူနှင့်အတူ ပါလာသူက စောနက်ကြယ်။ လန်းဆန်းတက်ကြွသောအသွင်၊ ကျန်းမာကြံ့ခိုင်သည့် ခန္ဓာကိုယ်၊ အမြဲလိုပြုံးရယ်နေသည့် နှုတ်ခမ်းအစုံနှင့် မည်းနက်တောက်ပ မျက်လုံးအစုံက မြပချုပ်ထံ စူးနစ်တည့်မတ်စွာ ရောက်ရှိလာ၏။

ငိုထားသော မြပချုပ်မျက်နှာကို မြင်လိုက်ရသည်နှင့် နူးညံ့ပျော့ပျောင်းသွားသော စောနက်ကြယ်မျက်ဝန်းရိပ်ကို ဖျတ်ခနဲ တွေ့လိုက်ရသည်။

"နေသာရဲ့လား ဒက်ဒီကြီး"

"အင်း"

"ဒက်ဒီမျက်နှာ ဒီနေ့ ပိုလန်းလာတယ်ခင်ဗျာ၊ ဒက်ဒီ့



www.burmeseclassic.com

www.burmeseclassic.com



အတွက် ကျွန်တော် လှမ်းမှာထားတဲ့ အားဆေးတွေ ရောက်လာလို့ တစ်ခါထဲ ယူလာခဲ့တယ်"

"သင့်(ခ်)ယူး"

"သမီးကို ပြန်ခေါ်သွားတော့ မောင်စောနက်ကြယ်၊ မင်း အန်တီရောက်လာပြီဆိုတော့ သမီးကို နားပါစေ"

"သမီးမပြန်ဘူး ဒက်ဒီ"

"လိုက်သွားပါကွယ်...ဒက်ဒီ့အခြေအနေ စိတ်ချရပြီလို့ ဆရာဝန်ကြီးကိုယ်တိုင် ပြောသွားတာ သမီးကြားသားပဲ"

"ခေါ်သွား မောင်စောနက်ကြယ်၊ သမီးလည်း လိုက်သွား ဒက်ဒီ့ကိုချစ်ရင် ဒက်ဒီ့စကားကို နားထောင်မှပေါ့"

စောနက်ကြယ်က မြပချူပ်တို့ သားအဖ အခြေအနေကို အကဲခတ်နေရုံမှတစ်ပါး ဘာတစ်ခုမှ ဝင်မပြော။ မြပချူပ်၏ အဆုံး အဖြတ်နှင့် သဘောဆန္ဒအတိုင်း ပြုလုပ်ရန် ဆုံးဖြတ်ထားသူဖြစ် သည့်အတိုင်း ဓနီးမျက်နှာကိုသာ ကြည့်နေ၏။

မြပချူပ် ဒက်ဒီရောဂါက ကျောက်ကပ်ရောဂါ။ ခွဲစိတ် ပြီးပြီမို့ အေးဆေးစွာ အနားယူရုံ။ စိုးရိမ်ရမည့် အခြေအနေက ကျော်လွန်ခဲ့ပြီမို့ စိတ်ချရပြီဟု ပြောလို့လည်းရသည့် အနေအထား မျိုးဖြစ်သည်။

"မနက်ဖြန်မှ ပချူပ်လာခဲ့မယ်ဒက်ဒီ"

"ကောင်းပြီ"

"ကျွန်တော်တို့ကို ခွင့်ပြုပါဦးခင်ဗျာ"





မြပချူပ်က မိတွေးကို နှုတ်မဆက်။

စောနက်ကြယ်နှင့် လက်ထပ်ပြီးထဲက ဒေါ်ခင်စစ်ရင်က လည်း မြပချူပ်ကို လုံးဝခေါ်ပြောဆက်ဆံခြင်း မပြုတော့။ ဒါက လည်း အကြောင်းရှိသည်။ ဒေါ်ခင်စစ်ရင်ညီမ ဒေလီယာဆိုသည့် မိန်းမက မြပချူပ်နှင့် စောနက်ကြယ် လက်ထပ်လိုက်သည့်နေ့မှာ အိပ်ဆေးတွေ အလွန်အကျွံသောက်ပြီး ဆေးရုံကိုရောက်သွားခဲ့တာ အချိန်မီ၍ အသက်မသေခဲ့ခြင်းဖြစ်သည်။ ဒါကို စောနက်ကြယ် လည်းသိသည်။

ဒေါ်ခင်စစ်ရင်က စောနက်ကြယ်သိအောင် မြပချူပ်ကို ရှေ့မှာထားပြီး သူ့ညီမကို လူမမာသတင်းသွားမေးရင်း အားပေးပါ ဟု ခပ်ပြောင်ပြောင် တိုက်တွန်းပြောဆိုရဲသည့် ထိုမိန်းမကို မြပချူ ရင်ထဲမှာ ပို၍အထင်မြင်သေး ရွံရှာစက်ဆုပ်သွားသည်။

"မြပချူပ်"

စောနက်ကြယ်နှင့်အတူ စင်္ကြံလမ်းအတိုင်း လျှောက်နေစဉ် မှ အခန်းထဲမှ ဒေါ်ခင်စစ်ရင် ထွက်လာပြီး မြပချူပ်နာမည်ဖြင့် ပထမဆုံး ခေါ်လိုက်ခြင်းဖြစ်သည်။

"မြပချူပ်နဲ့ နှစ်ယောက်ချင်း ခဏလောက် စကားပြော ချင်တယ်"

"ကိုယ် တခြားတစ်နေရာက စောင့်နေမယ်"

စောနက်ကြယ်က အလိုက်တသိ နေရာမှထွက်သွားမှ သူမအနီးသို့ ဒေါ်ခင်စစ်ရင် ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီမှာ…မြပချုပ်ကိုပေးပေးပါဆိုပြီး လူတစ်ယောက် လာပေးလို့ ကိုလက်ခံထားလိုက်တဲ့ စာအိတ်တစ်လုံး၊ အထဲမှာ ဘာရှိတယ်ဆိုတာ စိတ်လည်းမဝင်စားဘူး၊ သိလည်းမသိချင်ဘူး"

"သိခွင့်လည်း မရှိပါဘူး၊ ဒါပဲမဟုတ်လား ကျွန်မသွားမယ်"

ဒေါ်ခင်စစ်ရင်လက်ထဲမှ အညိုရောင်စာအိတ်ကို ဆွဲယူကာ နေရာက ချာခနဲလှည့်အထွက်မှာ အောင်နိုင်သူတစ်ယောက်လို ခပ်မှုံမှုံ ပြုံးလိုက်သည့် ဒေါ်ခင်စစ်ရင် မျက်နှာပေါ်က အပြုံးကို မြပချုပ် မမြင်လိုက်ပါ။

"ကိစ္စပြီးခဲ့ပြီလား"

"အင်း"

"ဒါကဘာလဲ"

"ဒေါ်ခင်စစ်ရင် ပေးလိုက်တာ"

"ဪ"

"ပချုပ် ဘယ်သွားချင်သေးလဲ၊ ကိုယ်လိုက်ပို့မယ်"

ပချုပ်နှင့်လက်ထပ်ပြီးနောက် စောနက်ကြယ်က သူ့ကိုယ်သူ ကိုယ်ဟု ပြောင်းလဲသုံးစွဲခဲ့တာဖြစ်သည်။

"ဘယ်မှမသွားချင်ပါဘူး၊ အိမ်ကိုပြန်ချင်တယ်"

"ဒါဆိုလည်း အိမ်ပဲပြန်ကြတာပေါ့"

စောနက်ကြယ် ကားကို ဂရုစိုက်မောင်းနေတုန်း မြပချုပ်က ဒေါ်ခင်စစ်ရင် ပေးလိုက်သည့် စာအိတ်ကို ဖွင့်ကြည့်လိုက်တော့





အထဲက ခပ်မာမာအရာတစ်ခုနှင့် စာတစ်စောင် ထွက်လာသည်။ စာရွက်ကို ဖြန့်အကြည့်မှာ မြင်လိုက်ရသည့် မြင်ကွင်းက မြပချုပ် မျက်လုံးအစုံကို ပြာခနဲ မှုးမိုက်သွားစေသဖြင့် မျက်လုံးအစုံကို ကမန်းကတန်း ပိတ်ပစ်လိုက်ရသည်။

ဘုရား…ဘုရား။

မြပချုပ် အကြည့်မှားတာဖြစ်ပါစေ။

မြပချုပ်ထင်သလို မဖြစ်ပါစေနဲ့။

စာခေါက်ထဲက ဓာတ်ပုံကို မြပချုပ် သေချာကြည့်လိုက်သည်။

"အို"

ပြုံးရွှင်ရယ်မောနေသည့် ချစ်စရာ မင်္ဂလာဓနီးမောင်နှံ မြပချုပ်ကို ရယ်မောလှောင်ပြောင်နေ၏။ မင်္ဂလာသတို့သမီး နိုင်ငံခြားသူတစ်ယောက်ဖြစ်ပေမယ့် မင်္ဂလာသတို့သားက ဘသွား သူမဟုတ်။

စောနက်ကြယ်ဆိုသည့်လူ။

ကမ္ဘာကြီးတစ်ခုလုံး ချာချာလည်သွားသလို ထင်လိုက်မိသည်။ မြပချုပ် အလိမ်အညာခံလိုက်ရပြီ တွေးလိုက်တာနှင့် သူမ တစ်ကိုယ်လုံး တုန်လှုပ်သွားသည်။ စာရွက်ခေါက်ကို ပြန်ကြည့် လိုက်တော့ ဘာစာမှမပါ။

ဓာတ်ပုံကို ကမန်းကတန်း နောက်ဖက်ကို လှန်ကြည့်လိုက် တော့ စောနက်ကြယ်နှင့် ဒေါ်ရသီထ(န့်စစ်တို့ မင်္ဂလာဆောင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



အမှတ်တရ၊ လက်ထပ်သည့် ရက်စွဲ အတိအကျနှင့် မြို့၊ နိုင်ငံအားလုံး အတိအကျ။

စောနက်ကြယ်ကို လှမ်းကြည့်လိုက်တော့ ကားမောင်းမပျက်။ စာရွက်ခေါက်နှင့် ဓာတ်ပုံကို စာအိတ်ထဲ ပြန်ထည့်ရင်း မြပချုပ်တစ်ကိုယ်လုံး ချွေးစေးတွေ ပျံတက်လာ၏။ မျက်လုံးအစုံကို မှိတ်ပြီး ငြိမ်သက်နေချိန်မှာ မြပချုပ်ရင်ထဲမှာ တဒိန်းဒိန်းမြည်နေ၏။

"ကျွီး"

ကားက မြပချုပ်တို့ အိမ်ရှေ့တည့်တည့်မှာ ရပ်လိုက်၏။ မြပချုပ်သည် လက်ထဲက အညိုရောင်စာအိတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လျက် အနေအထားအတိုင်း မျက်စိမဖွင့်သေး။

"ဘာဖြစ်တာလဲ မြပချုပ်၊ မျက်နှာလေးလည်း ဖြူလို့ပါလား၊ နေမကောင်းဘူးလား၊ ကိုယ် ဆရာဝန်ခေါ်လိုက်မယ်နော်"

"လာ…လာ ပချုပ်ကို ကိုယ်ပွေ့ခေါ်ခဲ့မယ်"

"ဟင့်အင်း…ဟင့်အင်း ကျွန်မဘာသာဆင်းမယ်၊ ကျွန်မအသားကို ရှင်မထိနဲ့"

"ဟင်"

"မြပချုပ်"

စောနက်ကြယ်က တအံ့တသြ မြပချုပ်၏ အမည်လေးကို ခေါ်လိုက်ပေမယ့် သူမက လှည့်မကြည့်တော့။ ကမူးရှူးထိုးပုံစံလေးနှင့် အိမ်ထဲပြေးဝင်သွားရာ စောနက်ကြယ်လည်း ထူးခြားစွာ





ပြောင်းလဲသွားသည့် သူမအမူအရာကို နားမလည်နိုင်ဘဲ ခြေလှမ်းကျဲကြီးတွေနှင့် သူမနောက်မှ အပြေးလိုက်ပါလာခဲ့သည့်တိုင် အချိန်ကမမှီတော့။

မြပချုပ်က သူမအခန်းကို သော့ပိတ်ထားလိုက်သည့်အတွက် စောနက်ကြယ် ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။

"ပချုပ်…ဘာဖြစ်တာလဲ၊ ကိုယ့်ကို စိတ်ဆိုးတာလား၊ ပချုပ် စိတ်ဆိုးအောင် ကိုယ်ဘာအမှားလုပ်မိလို့လဲ၊ ဘာကို မကျေနပ်တာလဲဆိုတာ ပြောဦးမှပေါ့ဗျာ"

"ကျွန်မ တစ်ယောက်တည်းနေပါရစေ"

"ဘယ်လို"

"အခုချိန်မှာ ကျွန်မ ဘယ်သူနဲ့မှ စကားမပြောချင်ဘူး၊ ကျွန်မကို နောက်ထပ် စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ပါနဲ့လို့ ရှင့်ကို တောင်းပန်ပါတယ်"

မြပချုပ်အသံက အေးစက်နေရုံမက စိမ်းစိမ်းကားကားနိုင်လှသည်ဟု ထင်သည်။ သူ့အပေါ်မှာ မြပချုပ် ဘာတွေများစိတ်ဆိုးဒေါသဖြစ်စရာရှိလဲလို့ အပြေးအလွှား အဖြေရှာပေမယ့်မရ။

သူမပုံစံက သာမန်စိတ်ဆိုးဒေါသဖြစ်နေပုံမျိုးလည်း မဟုတ်။ အခန်းအပြင်မှာ ဆောက်တည်ရာမဲ့ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေချိန်မှာ မြပချုပ်က အိပ်ရာကြီးထက်မှာ တစ်ယောက်တည်းလူးကာ တလှိမ့်လှိမ့်ရှိနေသည်။

ငိုချင်ပေမယ့် မျက်ရည်မကျ။



www.burmeseclassic.com

www.burmeseclassic.com



ကျစရာမျက်ရည်မရှိတာလည်း ဖြစ်နိုင်သည်။ အကြောင်းမသိသော ယောကျာ်းတစ်ယောက်ကို လက်ထပ်မိခြင်း၏ အကျိုးဆက်ဟု ပြေအောင်ဖြေတွေးသော်လည်း မရ။

လိမ်ညာခံရတာကိုပဲ နာလည်းနာ ရှက်လည်းရှက်နေသည်။ သူမှာ အိမ်ထောင်ရှိလျက်နဲ့ မြပချုပ်ကို လိမ်ညာလက်ထပ်ရဲသော သတ္တိကို ချီးကျူးနေမိသည်။

အို…အားလုံးဟာ မြပချုပ် အမှားတွေပါ။ အစထဲက ဒီလိုလူတစ်ယောက်မှာ ဒီလိုအဖြစ်မျိုး ရှိနေနိုင်တယ်ဆိုတာမျိုး ယောက်တော့ မြပချုပ်ဘက်က တွေးကိုတွေးနိုင်ရမှာပေါ့။

ပင်လယ်ဓားပြလိုလူ ဆိုထဲက ဘယ်လိုလုပ် လူကောင်းတစ်ယောက် အလုပ်ကို လုပ်မည်နည်း။

မြပချုပ်သည် အရူးတစ်ယောက်လို အော်ဟစ်ပေါက်ကွဲပစ်ချင်လျက်နှင့် ကျိတ်မှိတ်မျိုသိပ်နေ၏။ ဒီလူကို အကောင်းအဆိုးလက်တုံ့ပြန်ကလဲ့စားချေချင်လာ၏။ သူမစိတ်ရှင်းအတိုင်းဆိုလျှင် စောနက်ကြယ်ဆိုသည့်လူကို ရစရာမရှိအောင် ပြောပြီး စိတ်ရှိလက်ရှိ ရိုက်နှက်ပြစ်တင်လမ်းခွဲပစ်သည်။

စောနက်ကြယ်ဆိုသည့်လူက ဒီလောက်နှင့် မလုံလောက်။ ဒေါ်ခင်စစ်ရင်လို မိန်းမလက်ထဲကတစ်ဆင့် ဒီစာတ်ပုံကို လက်ခံရရှိတာဟာလည်း မြပချုပ်ကို ရစရာမရှိအောင် ရယ်မောလှောင်ပြောင် ရှုံ့ချခြင်းတစ်မျိုးထက် ဘာမှမပို။

မြပချုပ်တစ်ကိုယ်လုံး ပူလောင်လာ၏။ သူမကိုယ်သူမ





အလျှင်းငြိမ်းဖိးတောက်ထဲ ခုန်ဆင်းရသူလို့ ထင်မြင်လာ၏။

"မြပချုပ်…တံခါးဖွင့်ပါ၊ မင်းတစ်ယောက်တည်း ဒီအတိုင်း လွှတ်မထားနိုင်ဘူး၊ ပြောမရရင် ကိုယ်အခန်းတံခါးကို ဖျက်ပစ်ရလိမ့်မယ်"

"မြပချုပ်"

"ဒုန်း…ဒုန်း"

"မြပချုပ်"

အခန်းအပြင်မှ တဒုန်းဒုန်း ထုရိုက်အော်ဟစ်သံတွေထ တိတ်ဆိတ်နေသော အိမ်ကြီးကို ဆူညံမှုတွေနှင့် ပွက်လောရိုက်သွားစေသည့်အတွက် အိပ်ရာမှ ဝုန်းခနဲ မြပချုပ် ထလိုက်မိသည်။

"မြပချုပ်…ကိုယ့်အကြောင်းကို မင်းသိတယ်နော်၊ မင်းတံခါးမဖွင့်ရင် ဖွင့်အောင် ကိုယ်လုပ်ရလိမ့်မယ်"

သည်းခံနိုင်ခြင်းတို့ ကုန်ဆုံးပြီဟု ဆိုရမည်။ မြပချုပ်ဆိုသည့် မိန်းကလေးက ရင်ထဲရှိတာကို အစထဲက မျိုသိပ်ချုပ်တည်းတတ်တာမျိုးမဟုတ်။ အိပ်ခန်းတံခါးကို ဝုန်းခနဲ ဆွဲအဖွင့်လိုက်မှာ စောနက်ကြယ်၏ စိုးရိမ်နေသော မျက်နှာကို ဘွားခနဲ မြင်လိုက်ရသည်။

"မြပချုပ်"

"ဒါဘာလဲ…ရှင်က ကျွန်မကို လူတကာ ကဲ့ရဲ့လှောင်ပြောင်ရယ်မောတာမျိုး မြင်ချင်တာလား၊ ကျွန်မကို ရှင်အခု ထွက်သွားပေးပါ၊ ရှင့်လိုလူနဲ့ တစ်မိနစ်၊ တစ်စက္ကန့်တောင် အတူမနေနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ထဲ ရောက်လာသည့် ဓာတ်ပုံကို စောနက်ကြယ်က ယူကြည့်ပေမယ့် သူ့မျက်နှာပေါ်မှာ ဘာတစ်ခုမှ ထူးခြားဟန်မပြ။ ထိုဓာတ်ပုံကို မြင်တွေ့လျှင် စောနက်ကြယ်တစ်ယောက် အကြီးအကျယ် မျက်နှာပျက်ပြီး တုန်လှုပ်ချောက်ချားသွားလိမ့်မည်ဟု ထင်ခဲ့သော်လည်း စောနက်ကြယ်ဆိုသည့် လူပုံက အေးဆေးသက်သာစွာ နေစိမ့်တာကို မြပချုပ်ရင်မှာ ပို၍ခံပြင်းဒေါသဖြစ်လာ၏။

"ဒေါ်ခင်စစ်ရင် ပေးလိုက်တာ ဒီဓာတ်ပုံလား"

"ဟုတ်တယ်…ဟုတ်တယ်၊ ရှင် ကျွန်မကို ဘာလိမ်ညာဦးမလို့လဲ၊ ဒီမိန်းမလက်ထဲက ဒီဓာတ်ပုံရထဲက ကျွန်မကို ဘယ်လောက် လှောင်ပြောင်ကဲ့ရဲ့ကြမယ်ဆိုတာ ရှင်တွေးမိရဲ့လားဟင်"

"မြပချုပ်က ကိုယ့်ကို အဲဒီအတွက် စိတ်ဆိုးပြီး ကွာရှင်းချင်တယ်ပေါ့"

ဒေါသဖြစ်နေသော မြပချုပ်နဲ့ ဆန့်ကျင်ဘက် စောနက်ကြယ်၏ အသွင်က တည်တည်ငြိမ်ငြိမ်။

"ဩော်…မကွာရှင်းချင်လို့ ကျွန်မက ရှင့်မယားငယ်အဖြစ် သူများဝမ်းသာအောင် ဆက်နေပြရဦးမှာလား"

"ဘယ်သူက မယားငယ်လဲ၊ ကိုယ့်မှာ မယားကြီးလည်း မရှိဘူး၊ မယားငယ်လည်းမရှိဘူး မြပချုပ်တစ်ယောက်ပဲရှိတယ်"

"ဘာ"

"ဒေါ်ရသီနဲ့ လက်ထပ်တာကို ကိုယ်မငြင်းဘူး၊ ကျုပ်နဲ့





ကွာရှင်းပြီး တခြားယောကျ်ားတစ်ယောက်နဲ့ သားတွေသမီးတွေရပြီး ပျော်နေတာကိုလည်း ကျုပ်မငြင်းဘူး"

"ဟင်"

"အခုထိလည်း သူတို့မိသားစုနဲ့ ခင်မင်နေတုန်းပဲ၊ ဟိုတစ်လောကပဲ သူ့ယောကျ်ားရဲ့သား မင်္ဂလာပွဲကိုတက်ပြီး လက်ဖွဲ့ကောင်းကောင်း ချီးမြှင့်ခဲ့သေးတယ်၊ အဲဒါကို အပြစ်လို့ ကိုယ်မထင်ဘူး"

"မြပချုပ်လည်း ကိုယ့်ကိုယ်ကို အလိမ်အညာခံရတယ်လို့ မထင်ပါနဲ့၊ ဒီကိစ္စတွေအားလုံး မင်းဒက်ဒီကို ကျုပ်ပြောပြထားခဲ့ပြီးပါပြီ"

"ကျွန်မကို ဘာလို့မပြောလဲ"

"ပြောဖို့အချိန်မှ မရဘဲ၊ မင်းက ကိုယ့်ကို ဘယ်တုန်းကများ ကောင်းကောင်းမွန်မွန် ဆက်ဆံဘူးလို့လဲ"

"အဲဒါနဲ့ ဘာဆိုင်လို့လဲရှင့်"

မြပချုပ်အသံက နည်းနည်းတော့ ပျော့သွားကာ ဒေါသဒီဂရီလည်း လျော့ကျစပြုလာသည်။ ဒီကိစ္စတွေ ဒက်ဒီသိတယ်ဆိုတော့ မြပချုပ်ရင်ထဲ ဖြေသာသွားသည်ဟု ဆိုရမည်။ စိတ်ထဲမှာ ဒေါ်ခင်စစ်ရင်ကို ပိုမုန်းသွားသည်။

"မင်းအနားမှာ ကိုယ်ရှိတယ်၊ ကိုယ့်အနားမှာ မင်းရှိတယ်ဆိုရင် လက်ရှိမှာ လုံလောက်ပြီလို့ မင်းမထင်ဘူးလား"

"ရှင်စကားတတ်တိုင်း လျှောက်ပြောမနေပါနဲ့၊ ဆိုနေ



www.burmeseclassic.com

www.burmeseclassic.com



ကို ရှင်ချစ်နေတာနဲ့ပဲ မဟုတ်လား"

"ဟုတ်ပြီ…ကိုယ်ကြားချင်တာ အဲဒီစကားပဲ၊ ဘယ်နေ့သဝန်တိုစကား ပြောမလဲဆိုပြီး စောင့်နေတာ၊ ဒီနေ့ ကြားရတာပဲ"

"ဘယ်သူကမှ သဝန်မတိုဘူး"

စောနက်ကြွယ်က မြပချူပ်၏မျက်နှာကို စေ့စေ့ကြည့်ပြီး ရယ်လျှင် မြပချူပ်မျက်နှာမှာ ပူနွေးလာသလို ထင်မိသည်။ ဒေါ်ခင်စစ်ရင်ကြောင့် ဒေါသဖြစ်ရပေမယ့် မြပချူပ်လည်း အပျိုစင်လေး မဟုတ်သလို သူကိုယ်တိုင်လည်း လူပျိုလေးမဟုတ်ခြင်းကို အပြစ်တင်နေရုံနှင့် ပြီးမည်မဟုတ်ပါ။

စောနက်ကြွယ်ကို လက်ထပ်ဖူးပြီးသား ယောကျ်ားတစ်ယောက်အနေနဲ့ သိလိုက်ရပြီးနောက်မှာ ဟိုမိန်းမကို သူချစ်နေဆဲလားဆိုသည့် အတွေးက မြပချူပ်ရင်ထဲကို တိုးတိတ်စွာ ဝင်ရောက်လာတာဖြစ်သည်။

ဤသည်ကို မြပချူပ်ကိုယ်တိုင် သဝန်တိုခြင်းဟု ဝန်ခံလိုက်ရမည်ကို ဝန်လေးရှက်ရွံ့နေ၏။

"ဒါဖြင့် ချစ်နေတာပေါ့"

"ဘယ်သူ့ကို ချစ်ရမှာလဲ"

"ကိုယ့်ကိုလေ"

"ဝေးသေးတယ်"

"နီးနီးလေးပါ…မယုံရင် ဒီမှာကြည့်"

"အို"





နွေးသွားသော ပါးပြင်လေးကို လက်တစ်ဖက်နှင့် အုပ်ရင်း သူမကိုယ်လေးကို တင်းကြပ်စွာ ပွေ့ဖက်လာသည့် စောနက်ကြွယ် ရင်ဘတ်ကြီးကို လက်သီးဆုပ်လေးများဖြင့် မနာကျင်အောင် ထုရိုက်တော့ သူကရယ်သည်။

"တကယ်တော့ ကိုယ်လည်း မင်းကိုမချစ်ပါဘူးလေ"

"ဟင်"

"မချစ်ဘဲနဲ့ ကျွန်မကို ဘာလို့ လာဖက်နေရသေးလဲ ဖယ်ပါ"

သူများကို ကိုယ်ကပြောလိုက်ရတုန်းကတော့ အရသာရှိရှိလေး ပြောလိုက်ရပေမယ့် ကိုယ့်အလှည့် သူများက ပြန်အပြောခံလိုက်ရတော့ စိတ်ထဲ စပ်ဖျင်းဖျင်းနှင့် အခံရခက်စွာ စောနက်ကြွယ် ကိုယ်ကြီးကို သူမနှင့်ဝေးရာသို့ တွန်းဖယ်မိသည်။

"စကားကို ဆုံးအောင်နားထောင်ဦးလေ၊ ကိုယ်က မင်းကို မချစ်ပေမယ့် သဝန်တော့အတိုသားပဲ မဟုတ်လား၊ မင်းကိုကြည့်ရတာ ကိုယ့်လိုပဲ ဖြစ်နေမယ်ထင်တယ်"

စောနက်ကြွယ်၏ မျက်လုံးနက်နက်တွေက အရောင်ဖိတ်ဖိတ်လက်လျက် မြပချူပ်ကို ချော့မြူကျီစယ်လိုဟန်အပြည့် မြပချူပ်သူကို မျက်စောင်းရှယ်လိုက်သည်။

"ကျွန်မက ဘာလို့ ရှင့်လိုဖြစ်ရမှာလဲရှင့်"

"ဒါဖြင့် မင်းက ကိုယ့်ကို သဝန်မတိုဘူးဆိုတာ တကယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်စကားက ဘာအဓိပ္ပာယ်လဲ၊ ကျွန်မက သဝန်မတို ဘူးဆိုရင် ရှင်က အပြင်မှာ ရှုပ်ဦးမွှေဦးမလို့လား"

"လိုအပ်ရင်ပေါ့"

"ဘာပြောတယ်"

"မင်းသာ ကိုယ့်ကို သဝန်တိုတတ်လာဆိုရင် ဘာပဲ ဖြစ်ဖြစ် လုပ်သင့်လုပ်ထိုက်တာ လုပ်ရမှာပေါ့"

"ရှင့်လိုပဲ ကျွန်မလည်း လိုက်လုပ်မယ်ဆိုတာ မစဉ်းစား တော့ဘူးလား"

အိုးရွဲ့ကို စလောင်းရွဲ့နှင့်ဖုံးတော့ သူက မြပချုပ်ကို စိုက် ကြည့်နေ၏။

"ဖယ်ပါ...ကျွန်မ သွားတော့မယ်"

"ဘယ်ကိုသွားမှာလဲ"

"ဘယ်ဖြစ်ဖြစ်ပေါ့"

"ဟိုကောင့်ဆီလား"

"ရှင်...ရှင် ဒီစကားပြောပြန်ပြီလား"

နေချိုနှင့် စွပ်စွဲပြီး အပြောခံလိုက်ရတာမို့ မြပချုပ်ရင်ထဲ ဆတ်ဆတ်ခါနာသွားသည်။

"ပြောတာမကြိုက်ရင် မင်းဘက်ကလည်း အမှန်အတိုင်း ဝန်ခံပေါ့"

"ကျွန်မက ဘာကိုဝန်ခံရမှာလဲ"

"မင်းရင်ထဲမှာ အခုရှိနေတဲ့လူလေ၊ ဟိုကောင်လား ကိုယ်





လား၊ ဒါမှမဟုတ် တခြားကောင်တစ်ကောင်"

"ဦးစောနက်ကြယ်"

"တိုးတိုးပြောပါ...ကိုယ်နားက အကောင်းကြီးရှိပါသေး တယ်ဗျာ"

"ရှင်...ရှင်"

"ပြောပါ...မင်းရင်ထဲမှာရှိနေတဲ့လူ ဘယ်သူလဲဆိုတာ ကိုယ်အမှန်အတိုင်းသိချင်တယ်"

မြပချုပ်တို့နှစ်ယောက်သည် တစ်ယောက်မျက်နှာကို တစ်ယောက် အဖြေရှာသလို စူးစူးနစ်နစ်စိုက်ကြည့်လျက် ငြိမ်သက် နေကြသည်မှာ မည်သူကမှစပြီး အကြည့်မလွှဲကြတော့ချေ။

မြပချုပ်၏ မျက်ဝန်းထဲမှာ ပုံရိပ်တွေ တစ်ခုပြီးတစ်ခု ရောက်လာ၏။ နေချို၊ တဒင်္ဂ၊ နောက် စောနက်ကြယ်။ သူမ ပတ်သက်ခဲ့ဘူးသည့် ယောကျ်ားတွေ။ အားလုံး တစ်ယောက်တစ်မျိုး စိတ်ပျက်စရာ ကောင်းလှသည်ဆိုပေမယ့် မြပချုပ်ကိုယ်တိုင်လည်း နေချိုဆိုသည့် ယောကျ်ားတစ်ယောက်အပေါ်မှာ ချစ်မိသည်ဟုထင် ပြီး အရူးထခဲ့မိသမျှ ကိုယ့်ဘဝကိုယ် နစ်မွန်းစေခဲ့ရုံမက စိတ်ပျက် စရာတွေပါ ကြုံခဲ့ရသူ။

တဒင်္ဂကို လက်ထပ်တုန်းကလည်း ချစ်၍မဟုတ်။ အရွဲ့ တိုက်ရုံ။ အခု စောနက်ကြယ်ကို လက်ထပ်ခဲ့ပြန်ပြီ။ ဒီတစ်ခါတော့ သူမဘက်က အရွဲ့တိုက်စရာလည်းမရှိတော့။

အသည်းအသန် အပြုအမူတွေနှင့် မြပချုပ်အချစ်ကို အရူးရူး



www.burmeseclassic.com

www.burmeseclassic.com



ဖို့ ရည်စားစားပြလုပ်ခဲ့သူအပေါ်မှာ မြပချုပ်ကိုယ်တိုင် စိတ်လှုပ်ရှား ခဲ့တာကိုတော့ ဝန်ခံရပါမည်။

ဒေါ်ရသီနှင့် လက်ထပ်ထားတာကို သိလိုက်ရတော့ မြပချုပ်ရင်ထဲမှာ ပူလောင်သွားသည်ကလည်း အမှန်ပါ။ ဒါဟာ သဝန်တိုခြင်းဟုဆိုလျှင် မြပချုပ် သူ့ကိုချစ်နေပြီဟု ဆိုရပါတော့ မည်။

စောနက်ကြယ်ဆိုသည့် သူကိုယ်တိုင်ကလည်း မြပချုပ် အပေါ်မှာ နေချိုနှင့်ပတ်သက်ပြီး မနာလိုဝန်တိုမှုတွေနှင့် အခုချိန်ထိ ပူလောင်စိုးရိမ်စိတ်တွေနှင့် စိတ်မချမ်းဖြစ်နေတာကို သူမအသိဖြစ် သည်။

"မင်း...ကိုယ့်ကို ဘယ်တော့မှမချစ်ပါဘူး မြပချုပ်၊ ဒါကို ကိုယ်သိနေခဲ့တာကြာပါပြီ"

"မဟုတ်ဘူး"

ဟု မြပချုပ်စိတ်ထဲက သွက်လက်စွာ ငြင်းပယ်လိုက်ပေ မယ့် အပြင်မှာတော့ မြပချုပ် နှုတ်ဆိတ်၍ ငြိမ်သက်စွာ သူ့ကို ကြည့်နေဆဲဖြစ်ပါသည်။

"မင်းရင်ထဲမှာ ရှိနေတဲ့လူက တခြားတစ်ယောက်ပဲ"

"ရှင်သိလို့လား"

"သိပ်သိတာပေါ့"

"ဒါဖြင့် ဘယ်သူတဲ့လဲ"

"မင်းက နာမည်လေးပဲဖြစ်ဖြစ် ကြားချင်တယ်ပေါ့၊





စိတ်ချ အဲဒီကောင်နာမည်ကို ကျုပ်ပါးစပ်က ထွက်လိမ့်မယ်မထင် နဲ့"

ကိုယ်ဟုပင် သူ့ကိုယ်သူမပြောတော့။ ကျုပ်ဆိုသည့် နာမ်စားကိုသုံးပြီး မြပချုပ်ကို သိမ်းကျုံးကြည့်လိုက်ပုံက အသည်း ယားစရာ။

"ကျွန်မကတော့ ရှင်မကြိုက်လည်း ကျွန်မရင်ထဲရှိနေတဲ့ လူကို ပြောဖြစ်အောင်ပြောရမှာပဲ၊ ဒါမှလည်း ကျွန်မ ကျေနပ်နိုင် မယ်"

"မင်း ပြောချင်ပြောပေါ့၊ ကျုပ်ကတော့ နားထောင်မှာ မဟုတ်ဘူး၊ ဒီနေရာမှာ မင်းတစ်ယောက် စိတ်ကြိုက်ပြောနေရင် ဒါမှမကျေနပ်သေးဘူးဆိုရင် ဟောဒီတစ်လောကလုံး တစ်ကမ္ဘာ လုံး ကြားအောင် အော်ပြောချင်ရင် ပြောလိုက်ဦး"

"ပြောသင့်ရင် ပြောရမှာပဲရှင့်၊ ကျွန်မ သူ့ကိုချစ်တယ်"

သူက မြပချုပ်ကို လှည့်မကြည့်ဘဲ အခန်းပေါက်သို့ ကျောခိုင်းပြီး ဦးတည်လျှောက်သွားရာ သူမပြောစကားကို ဘာတစ်ခုမှ မကြားသလိုပုံစံမျိုးဟု ထင်စရာရှိသော်လည်း စောနက် ကြယ်၏ မျက်နှာပေါ်က အပြောင်းအလဲကိုက မြပချုပ်ကိုယ်တိုင် လည်း မမြင်ရချေ။

ဒေါ်ရသီလို မိန်းမတစ်ယောက်ကို ချစ်၍ လက်ထပ်ခဲ့ ခြင်းမှတစ်ပါး တခြားမရှိနိုင်ဟု တွေးမိလျှင် စောနက်ကြယ်ဆိုသည့် လူကို ခွင့်မလွှတ်ချင်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘဝနှင့်ကိုယ်ဟု ဆိုပေမယ့် အတူဆုံတွေ့ရခိုက်မှာ သူ့ရင်ထဲ ဘာတွေဘယ်လိုရှိနေလဲဆိုတာကို မြပချူပ်ကိုယ်တိုင် ဝင်ကြည့်လို့ရလျှင် ဝင်ကြည့်လိုက်ချင်ပါသေးသည်။

မြပချူပ်ကိုယ်တိုင် စောနက်ကြွယ်အပေါ်မှာ ထိုစိတ်ထိုသဘောဆန္ဒမျိုး တခြားသူတစ်ယောက်နှင့် ပတ်သက်ပြီး ရှိနေနိုင်သေးလျှင် စောနက်ကြွယ်ဆိုသည့်လူကလည်း မြပချူပ်ကို နေရိုနှင့်ပတ်သက်ပြီး သူ့စိတ်ထင်ရာ စွပ်စွဲပြောဆိုနေခြင်းအပေါ်မှာ သူ့မဘက်ကလည်း စာနာနားလည်ခွင့်လွှတ်နိုင်ရမည်ပေါ့။

ဒါဟာ ဘာလို့လဲဆိုရင် မြပချူပ်ရင်ထဲမှာ စောနက်ကြွယ်ဆိုသည့်လူ စူးရှနက်ရှိုင်းစွာ ရောက်ရှိဖြစ်သည်။

ဒါကို အခုတော့ မြပချူပ်ကိုယ်တိုင် ခံစားနားလည်နိုင်ခဲ့ပြီဆိုလျှင် သူ့ဘာပြောနိုင်ဦးမည်နည်း။ အရှင်းဆုံးနှင့် အရိုးဆုံးဝန်ခံရမည်ဆိုလျှင် စိတ်ကူးရှိသမျှ ရှုံးခဲ့သောအရွယ်က လွန်ခဲ့ပြီဟု ဆိုရမည်။

မြပချူပ် သူ့ကိုချစ်မိပြီ။

"သူ့နာမည်ကိုရော ရှင်မသိချင်ဘူးလား၊ သူက"

"ဦးစောနက်ကြွယ်"

သူက လှည့်မကြည့်။

မြပချူပ် သူ့နာမည်ကို အသံမြှင့်၍ ခပ်ကျယ်ကျယ်အော်လိုက်၏။

"ဦးစောနက်ကြွယ်"





"မင်းဘယ်လိုဖြစ်နေတာလဲ မြပချူပ်"

သူက ခြေအစုံကိုရပ်တန့်ပြီး သူမရှိရာဘက်ကိုလှည့်ပြီး မကြည်သလိုဆိုလိုက်တော့ မြပချူပ်ရင်ထဲမှာ ကျိတ်ပြုံးချင်သွားသည်။

"ကျွန်မ သူ့ကိုချစ်တယ်ရှင်"

"အဲဒါ ကျုပ်နာမည်ကို အော်နေရလား"

"ရှင့်နာမည်ကို ကျွန်မ ဘယ်တုန်းက အော်လို့လဲ"

"မြပချူပ်"

"ကျွန်မမှာ ရှင်နဲ့ပတ်သက်စရာ ဘာအကြောင်းမှမရှိ။ ကျွန်မ စောစောက ခေါ်နေတဲ့နာမည်ကလည်း ရှင့်ကိုခေါ်တာမဟုတ်ဘူး"

"ဒါဖြင့် ဘယ်သူ့ကိုခေါ်တာလဲ"

"ကျွန်မ ချစ်သူကိုခေါ်တာရှင့်"

"ဟင်"

"သူ့ကို ကျွန်မချစ်တယ်"

"ဘယ်လို"

"ဦးစောနက်ကြွယ်ကို ကျွန်မချစ်တယ်လို့ ပြောတာ"

"ဟာ"

"မြပချူပ်"

"အိုး...ဒါက ဘယ်လိုလုပ်တာလဲရှင့်၊ ဖယ်စမ်းပါ"

ခြေလှမ်းကျဲကြီးတွေနှင့် မြပချူပ်အနားကို အပြေးရောက်

●



www.burmeseclassic.com

www.burmeseclassic.com



လာပြီး သူ့အရပ်အမြင့်ကြီးကို ငုံ့ကိုင်းကာ မြပချုပ်ရင်ခွင်ထဲကို သူ့ခေါင်းကြီး ဖွတ်တိုးဝင်လာပုံကြောင့် သူမ ထိတ်လန့်ကာ ရုန်းဖယ်ရန်ကြိုးစားပေမယ့် သူကမလွှတ်။

"တဆိတ် ငြိမ်ငြိမ်နေစမ်းပါ ကလေးမရယ်၊ မင်းနှလုံးသားထဲက အော်ခေါ်နေတဲ့ ကျုပ်ရဲ့နာမည်ကို ကြားချင်လွန်းလို့ပါ"

"ရှင့်ကို ကျွန်မ နှလုံးသားထဲက ဘယ်တုန်းကမှ အော်ခေါ်မနေခဲ့ပါဘူးရှင့်၊ ရှင့်အတွေးတွေ မှားနေပြီ"

ပြုံးနေသော မြပချုပ်မျက်နှာကို မော့ကြည့်ပြီး သူက နုထွေးသော မြပချုပ်အသားစိုင်လေးများကို သိမ်းကျုံးနမ်းရှိုက်လိုက်သည်။

"ဒါဖြင့်လည်း အမှန်ကိုပြောစမ်းပါဦးဗျာ၊ ကျုပ်က ဘယ်နေရာမှာလဲ"

"ဒီနေရာမှာ"

မြပချုပ်က သူမနှလုံးသားနေရာကို လက်ကလေး ထောက်ပြလိုက်တော့ သူက နားမလည်သလို မျက်လုံးနက်နက်တွေနှင့် ငုံ့ကြည့်သည်။

"အဲဒီနေရာမှာ ကျုပ်က ဘယ်လိုပုံစံနဲ့ ရှိနေတာလဲ"

"တစ်ထောင့်ငါးရာဆိုတဲ့ မိုင်တိုင်အမှတ်နဲ့"

"ကြည့်စမ်း...မင်းတောင် ဒီလိုစကားမျိုးတွေ ပြောတတ်လာပြီပဲ"

"ရှင်နဲ့တူလို့နေမှာပေါ့"





"ကောင်းပြီ...ကျုပ်နဲ့ပိုတူရုံမကဘဲ တစ်သားထဲဖြစ်သွားအောင် မင်းရဲ့နှလုံးသားမိုင်တိုင်အမှတ် တစ်ထောင့်ငါးရာကို အခုပဲ ရှာဖွေတူးဖော်လိုက်ကြစို့ ဟုတ်လား"

"ဦးစောနက်ကြယ်ရယ်"

နှစ်ဦးသားဆီမှ ချစ်ခြင်းမေတ္တာလှိုင်းများ တဖျပ်ဖျပ်ရိုက်ခတ်သံတို့ ကိုယ်စီနှလုံးသားဖြင့် ကြားနာကြည့်မြင်နိုင်ခဲ့ကြပြီဖြစ်ပါ၍ ကြည်လင်ငြိမ်းချမ်းသော အသွင်၊ အတောက်ပ အချိုမြိန်ဆုံး အပြုံးကိုယ်စီဖြင့် တစ်ယောက်မျက်နှာကို တစ်ယောက် မြတ်နိုးစုံမက်စွာ ရူးရူးစိုက်စိုက်ကြည့်နေမိကြပါတော့သတည်း။

ချစ်သူတိုင်း ပျော်ရွှင်ကြည်နူးနိုင်ကြပါစေ

ချစ်ခြင်းမေတ္တာအားဖြင့်

**ဖြိုးဝေဘွဏ်**



www.burmeseclassic.com